ကျက်ဘွယ်။ ။တ္ထ သိယာ၊ ရှိတုံပါမူ၊ ကြိယာဝိသေသန၊ 'သမ္ပန္နံ' ဟု၊ ကတ္တုသုံးပါး၊ ထည့်ငြားမလဲ၊သမ္ပန်မြဲ။ ။(ဘုရားကြီး နိယံ။ ၅၄။ ဤနိယံ၌ 'တ္ထ သိယာ'ဖြင့် 'တတ္ထ သိယာ' ကိုလည်း ဃဋ္ဋိဟ်အပ်၏)။

ဤနိယံအလို အပြည့်အစုံ ယောဇနာလိုသော်-တတ္ထ ဌာနေ" ၌။ ဌတ္ဝာ၊ ရပ်၍။ စောဒကဿ၊ ၏၊ စောဒနာ၊ သည်။ သိယာ၊ ၏။ ဤသို့ပေါဇနာ။

"ယထာဟ' ဝယ် သိမှာဘွယ်။ ။ယထာဟာတိ ကိံ အာဟ၊ မယာ ဒုတ္တဿ အတ္ထဿ သာဓကံ ကိံ အာဟာတိ ဝုတ္တံ ဟောတိ။ ယထာ ဝါ ယေန ပကာရေန မယာ ဝုတ္တံ၊ တထာ တေန ပကာရေန ပါဠိယာ အာဟာတိ အတ္ထော။ ယထာ ဝါ ယံ ဝစနံ ပါဠိယံ အာဟ၊ တထာ တေန ဝစနေန မယာ ဒုတ္တဝစနံ သံသန္ဒတိ ဧဝံ သမေတိ စ ယထာ တံ ဂဂ်ါဒေ နယမုနောဒကဆ္ဒိပိ ဝတ္တဗ္ဗော။ ပ။ ယထာ ဝါ ယေန ပကာရေန စဗွပိနယသင်္ဂါယနတ္ထံ ဘိက္ခူနံ ဥဿာဟံ ဇနေသိ၊ တထာ တေန ပကာရေန ပါဠိယာ အာဟာတိ အတ္ထော။ ဧဝမိဒမေသသုံ။(သီလက္ခန်ဒီကာသစ်။)ဤဋီကာသစ် ဖွင့်ပြသော အနက်ယောဇနာနည်း ၄-နည်းတို့တွင် အပြည့်ယောဇနာခဲ့သည်ကား ဒုတိယနည်း, စတုတ္ထနည်း အလိုဖြစ်သည်။

ပဌမနည်းအလို ယောဇနာလိုသေ၁- မယာ၊ ငါသည်။ဝုတ္တာသ၊ ဆိုအပ်ပြီးသော။ အတ္ထာသ၊ အနာဂ်ကို။ ဝါ၊ အနက်၏။ သာဓကံ၊ ပြီးစေတတ်သော။ ဝါ။ သက်သေဖြစ်သော။ ယထာ-ကိ ဝစနံ၊ အဘယ်စကားကို။ ကော၊ အဘယ်ပုဂ္ဂိုလ်သည်။ အာဟာ၊ မိန့်တော်မူပြီးသနည်း။ ။ဤသို့ ယောဇနာ။

တတိယနည်းအလို ယောဇနာလိုသေ၁- 'ကာမာနမေတံ နိဿရဏံ ယဒိဒံနေက္ခမ္မံ'နှိ၊'ကာမာနမေတံနိဿရဏံ ယဒိဒံ နေက္ခမ္မံ'ဟူသော။ယထာ-ယံဝစနံ၊ အကြင်စကားကို။ ပါဠိယမျိ၊ပဋိသမ္ဘိဒါမဂ်ပါဠိတော် (၄၁၇)၌လည်း ('ဣတိဝုတ္တံကပါဠိ။ ၂၃၇'၌လည်း တွေ့ရသည်။)။ မဟာထေရော။ မဟာထေရ်သည်။ အာဟာ၊ မိန့်တော်မူပြီ။ တထာ-တေန ဝစနေန၊ ထိုပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ မိန့်တော်မူအပ်ပြီးသော စကားနှင့်။မယာ၊ငါသည်။ ဝုတ္တံ၊ ဆိုအပ်ပြီးသော။ ဝစနံ၊ စကားသည်။ ဂဂ်ါဒကံ၊ ဂဂ်ါမြစ်ရေသည်။ ကမုနောဒကေန၊ ယမုနာမြစ်ရေနှင့်။ သံသန္ဒတိ စဝ ယထာ၊ ရောနှောလည်း ရောနှောသကဲ့သို့၊ သမေတိ စ ယထာ။ ညီညွတ်လည်း ညီညွတ်သကဲ့သို့။ သံသန္ဒတိ စဝ၊ ရောနှောလည်း ရောနှော၏၊ သမေတိ စ၊ ညီညွတ်လည်း ညီညွတ်၏။ ။ဤသို့ ယောဇနာ။

ကျက်ဘွယ်။ ။(၁)'ယထာဟ'သာ၊ တွေ့လေရာဝယ်၊'ယထာ'အနက်၊ 'ကိံ' ဟု ဘက်၍၊ ရှေ့ဆက်ကို ထုတ်၊ မယာ ဝုတ္တာ၊ 'အတ္ထာသ' မှန်၊'သာဓကံ'တည်း။ (၂)တဘန်'ယေန၊ ပကာရေန' ဟု၊ အဖွင့်ပြုကာ၊ မယာ ဝုတ္တံ၊ 'တထာ' ပြန်လျက်၊ ပါဠိယမျိ၊'အာဟ'သိလေ။ (၃)တထေ့ဖွင့်ဟန်၊'ယံ ဝစနံ' ဝယ်၊'ပါဠိယံ'မှာ၊'အာဟ'လာ၍၊ တထာ တေန၊'ဝစနေန'နှင့်၊ မယာ ဝုတ္တံ၊'ဝစနံ'သည်၊ သံသန္ဒတိ၊'သမေတိ'ဟု၊ ထည့်၍'ယထာ'၊ ဥပမာနှာ၊ ဂဂ်ါဒေန၊'ယမုနောဒ'တည်း။ (၄) တာရှေ့လာ၊ ဝါကျတ္ထာကို၊ ထည့်ကာ'ယေန'၊'ပကာရေန'ဟု၊ အဖွင့်ပြုလျက်၊'ယထာ' နှင့်ယူ၊ ထို့တူတဘန်၊'တထာ'ပြန်လျက်၊ ပါဠိယံအာဟ၊ ၄-နည်းပြ၍၊ ခန္ဓသီလက်၊ ဋီသစ် မြွက်သည်၊ အနက်တွေ့ရာ၊ စပးဘို့တည်း။ (ပါရာဇိကဏ် ဘာသာဋီကာ။)

'ယထာဟ' ပါဠိ အနက်ယောဇနာသေနည်းများကို စုံစုံလင်လင် သိလိုမူ-သီလက္ခန်ဒီကာသစ် (၁။ ၅၃), သီလက္ခန်အဋ္ဌကထာနိဿသစ်။ (၁။ ၄၃) ဘုရားကြီးနိယံအဖြေ(၆၉), ပါရာဇိကဏ်ဘာသာဋီကာ (၁။ ၅၂-၃)တို့၌ ကြည့်ပါ။ ။ဤဝါကျ 'ဋ္ဌ။ ၁။ ၁၁၂။ ဋ္ဌ။ သျ။ ၁။ ၃၉၃။ ဋ္ဌ၊ သျ။ သစ်၊ ၂။ ၂၆၂' တို့၌ ရှိသည်။]

၂။ ။(ခ)မှတ်ဝါကျ အာဘောဂပါရှိသော စောဒနာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)မှတ်ဝါကျဖြင့် 'ဝိဝိစွဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ' ပုဒ်တို့၌ စောဒနာကို ပြဆိုတော်မူ၏ (ဋ္ဌပနာ)။ စောဒနာသည် စောဒကာသောဂနှင့် မကင်းကောင်းသည် မဟုတ်ပါလော (အာဘောဂ)။ ယင်းစောဒနာ၏ စောဒကာဘောဂကား အာဘယ်ပါနည်း (စောဒနာ)။ ဤသို့ စောဒနာဘုယ်ရှိ၍ ထိုစောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)မှတ်ဝါကျကို မိန့်။

၃။ ။(ခ)(ဂ)(ဃ)(င)(စ)မှတ်ဝါကျတို့၏ အမည်

(ခ) မှတ်ဝါကျသည် 'စောဒကာဘောဂဝါကျ (အဋ္ဌကထာ, ဋီကာသုံး), (တနည်း) ပက္ခန္တရဝါကျ (ဂန္ထဝဘရဏသုံး)' ဖြစ်ပါသည်။

(ဂ) မှတ်ဝါကျသည် 'ပရိဟာရဝါကျ, (တနည်း) သောဓနာဝါကျ (အဋ္ဌကထာ, ဋီကာသုံး),(တနည်း) ပက္ခန္တရဝါကျ (ဂန္ထဝဘရဏသုံး)' ဖြစ်ပါသည်။

(ဃ) မှတ်ဝါကျသည် 'ယုတ္တိဒဋ္ဌကရဏဝါကျ (ပါရာဇိကဏ်ယောဇနာ), (တနည်း) ကာရဏဝါကျ (အဋ္ဌသာလိနီယောဇနာ)'ဖြစ်ပါသည်။

(င) မှတ်ဝါကျကည် 'ယုတ္တိဒဋ္ဌကရဏဝါကျ(သာရတ္ထ), (တနည်း) ဝိတ္ထာရဝါကျ (နိဿသစ်, ဂဏ္ဌိ), (တနည်း) ဝါကျာရမ္ဘဝါကျ (အဋ္ဌသာလိနီနိဿ)' ဖြစ်ပါသည်။

(စ) မှတ်ဝါကျသည် 'အာဂမဒဋ္ဌိကရဏဝါကျ, (တနည်း) ဉာပကကာရဏဝါကျ' ဖြစ်ပါသည်။

[သိဘွယ်။ ။(ဃ)မှတ်ဝါကျကို ယောဇနာက 'ယုတ္တိဒဋ္ဌိကရဏ' ဟု ဆိုသည်။ အဋ္ဌသာလိနီယောဇနာ, နိဿသစ်, အဋ္ဌသာလိနီနိဿ, ဂဏ္ဌိသစ်ဘို့က 'ကာရဏ'ဟု ဆိုသည်။ နိဿ, ဂဏ္ဌိဘို့က ၂-မျိုးလုံး ဆိုသည်။

(ဂ) မှတ်ဝါကျကို သာရတ္ထ, နိဿ, ဂဏ္ဌိသစ်, အဋ္ဌသာလိနီဂဏ္ဌိဘို့က 'ယုတ္တိဒဋ္ဌိကရဏ'ဟု ဆိုသည်၊ နိဿသစ်က 'ဝိတ္ထာရ'ဟု ဆိုသည်။

ဂဏ္ဌိက ၂-မျိုးလုံး ဆိုသည်။ အဋ္ဌသာလိနီနိသျက‘ယုတ္တိဒဋ္ဌိကရဏ,ဝါကျာရမ္ဘ’ဟု ဆိုသည်။]

၄။ ။ဝိဂ္ဂဟနှင့် ဉာသ်ကောက်

ကိလေသကာမအဘို့၌ ဝိဂ္ဂဟနှင့် ဉာသ်။ ။ကာမေန္တ ီတိကာမာ (သာရတ္ထ၊ ၁။ ၃၅၅။)။ ယေ ကိလေသကာမာ။ အကြင်ကိလေသသာမတို့သည်။ ဝတ္ထုကာမံ၊ ဝတ္ထုကာမကို။ ကာမေန္တိ၊ အလိုရှိတတ်ကုန်၏။ ဣတိ တသ္မာ။ ထိုသို့ ဝတ္ထုကာမကို အလိုရှိတတ်သော သတ္တိကြောင့်။ တေ ကိလေသကာမာ၊ ထိုကိလေသကာမတို့သည်။ ကာမာ၊ ကာမတို့မည်ကုန်၏။

‘ကာမေန္တိတိ’ကား ကတ္တုသာဓနကိတ်ဝိဂ္ဂိုဟိ၊ ‘ကာမာ’ကား ကတ္တုသာဓနကိတ်ပုဒ်။ ‘ကမု’ ဓာတ်, ‘ဏ’ပစ္စည်း၊ ‘ကမု’ ဓာတ်၏ အရကား ဝတ္ထုကာမကို အလိုရှိတတ်သော သတ္တိ ရ၏။ ‘ဏ’ပစ္စည်း၏ အရကား သတ္တိမန္တဖြစ်သော ကိလေသကာမတို့ ရ၏။

(တနည်း) ကာမေန္တိ ဇေတဟိတိ ကာမာ (သာရတ္ထ၊ ၁။ ၃၅၅။)။ ဇေတေဟိ ကိလေသကာမေဟိ၊ ဤကိလေသာမတို့ဖြင့်။ သမ္မယုတ္တဓမ္မာ၊ သမ္မယုတ်တရားတို့သည်။ ဝတ္ထုကာမံ၊ ဝတ္ထုကာမကို။ ကာမေန္တိ၊ အလိုရှိတတ်ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့ သမ္မယုတ်တရားတို့၏ ဝတ္ထုကာမကို အလိုရှိကြောင်းဖြစ်သော သတ္တိကြောင့်။ တေ ကိလေသကာမာ၊ ထိုကိလေသကာမတို့သည်။ ကာမာ၊ ကာမတို့မည်ကုန်၏။

‘ကာမေန္တိ ဇေတေဟိတိ’ကား ကရဏသာဓနကိတ်ဝိဂ္ဂိုဟ်၊‘ကာမာ’ကား ကရဏသာဓနကိတ်ပုဒ်။ ‘ကမု’ ဓာတ်, ‘ဏ’ ပစ္စည်း။ ‘ကမု’ ဓာတ်၏ အရကတ္တုဒ္ဒကြိယာကား ဝတ္ထုကာမ ကို အလိုရှိသော သမ္မယုတ္တဓမ္မတို့သည် မုချအားဖြင့် ရ၏။ ကရဏတ္ထကြိယာကား ကိလေသကာမတို့၏ သဟဇာတာဒိပစ္စယသတ္တိသည် ဖလူပစာအားဖြင့် ရ၏။‘ဏ’ ပစ္စည်း၏ အရကား ထိုမုချ, ဖလူပစာတို့ဖြင့် မှတ်အပ်သော ကိလေသကာမတို့ ရ၏၊

ဝတ္ထုကာမ အဘို့၌ ဝိဂ္ဂဟနှင့် ဉာသ်။ ။ကာမိယန္တ ီတိကာမာ(သာရတ္ထ၊ ၁။ ၃၅၆။) ယေ ဝတ္ထုကာမာ၊ အကြင်ဝတ္ထုကာမတို့ကို။ ကိလေသကာမေန၊ ကိလေသကာမသည်။ ကာမိယန္တိ၊ အလိုရှိအပ်ကုန်၏။ ဣတိ တသ္မာ၊

ထိုသို့ကိလေသကာမသည် အလိုရှိအပ်သော သတ္တိကြောင့်။ တေ ဝတ္ထု ကာမာ၊ထိုဝတ္ထုကာမတို့သည်။ ကာမာ၊ ကာမတို့မည်ကုန်၏

'ကာမိယန္တိ'တိ' ကား ကမ္မသာဓနကိတ်ဝိဂြိဟ်၊ 'ကာမာ'ကား ကမ္မသာဓနကိတ်ပုဒ်။ 'ကမု' ဓာတ်, 'ဏ' ပစ္စည်း။ 'ကမု'ဓာတ်၏ အရ ကတ္တုဋ္ဌကြိယာကား ဝတ္ထုကာမတို့ကို အလိုရှိသော ကိလေသကာမသည် မုချအားဖြင့် ရ၏။ ကမ္မတ္ထကြိယာကား ဝတ္ထုကာမ၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာအားဖြင့် ရ၏။ 'ဏ' ပစ္စည်း၏ အရကား ထိုမှ၍, ဖလူပစာတို့ဖြင့် မှတ်အပ်သော ဝတ္ထုကာမတို့ရ၏။

၅။ ။လိင်္ဂါဒိဝိဘာဂ

'ကသ္မာ'ကား အလို၌, ပဌမာကေဝုစ် 'သိ' ဝိဘတ် ဖြစ်ပါသည်။ 'ဒဋ္ဌဗ္ဗံ ကား 'ဒိသ' ဓာတ်, 'တဗ္ဗ' ပစ္စည်း ဖြစ်ပါသည်။

မှတ်ချက်။။။ ။ဩပ်ကို မဟောဘဲ အမေးအနက်ကိုသာ ဟောရာ၌ 'ကသ္မာ' သည် နိပါတ်။ ထို့ကြောင့် အလိင် ခဲ့သည်။

[**သဗ္ဗနာမ် 'ကသ္မာ'နှင့် နိပါတ်'ကသ္မံ'။** ။'ကသ္မာ' ကိုသဗ္ဗနာမ်ခန်း (နှာ။ ၁၀၈)၌ဂုဏ်း, နိပါတ်ခန်း (နှာ။၁၃၅)၌ဂုဏ်း ရူပသိဒ္ဓိဆရာပြသည်။ 'အသတ္ထဝါစကံ နေပါတိကံ ပဒံ (ရူပသိဒ္ဓိ၊ နှာ။ ၁၃၂)'ကို ထောက်၍ 'ဩပ်ကို ဟောရာ၌ 'ကသ္မာ'ကို သဗ္ဗနာမ်,ဩပ်ကို မဟောဘဲ အမေး(ကသ္မာ ကိုတိ ကာရကပုစ္ဆနေ။ ရူပသိဒ္ဓိ။ နှာ။ ၁၃၅။ ကသ္မံ ကိုတိ ကာရကပုစ္ဆန-ဏ္ဍေ။ သဒ္ဒနီတိ သုတ္တမာလာ။ ၃၀၆)အနက်ကိုဿာ ဟောရာ၌ နိပါတ်'ဟု ခဲ့မှတ်။ ဤ၌ အမေးအနက်ကို ဟောသောကြောင့် သဗ္ဗနာမ် မဟုတ်, နိပါတ်သာ။ ယင်း 'ကသ္မာ'ကို အဝိဘတ္တိယုတ္တနိပါတ်ခန်း၌ ပြသည့်အတွက် 'ကသ္မာ' နောင် ဝိဘတ်သက်စရာ မလို'ဟု မမှတ်သင့်။ ဘာကြောင့်နည်း? 'ဝိဘတ္တာ ၂န္နံ ပဒံ' ဝိဘတ်ဆုံးမှ ပုဒ်အရာဝင်နိုင်သောကြောင့်တည်း။ သို့ဖြစ်၍ 'အဝိဘတ္တိယုတ္တနိပါတ်များနောင် သိဝိဘတ်သက်ရသည်'ဟု မှတ်ပါ။အဝိဘတ္တိယုတ္တဟူရာ၌လည်း ဝိဘတ် မသက်ရသောကြောင့် 'အဝိဘတ္တိယုတ္တ' ဟုဆိုသည် မဟုတ်, ဝိဘတ်နက် မထင်ရှားသောကြောင့်သာ 'အဝိဘတ္တိယုတ္တ' ဟုဆိုသည်။ ဤသို့ အဓိပ္ပါယ်ယူ။ ကိတ်, 'ပုဗ္ဗကာလေကကတ္တု၊ကာနံ တုနတ္ဝာန တ္ဝာဝါ'သုတ်၌ 'ကာတုန'ဟူသော အဝိဘတ္တိယုတ္တနိပါတ်နောင် 'နိပါတတ္တာ သိလောပေါ'ဟု ရူပသိဒ္ဓိ ဖုဋ်ထားသည်ကိုလည်း ထောက်။]

၆။ ။အာဘောဂနှင့် သံဝဏ္ဏနာ

'အာဂစ္ဆ'ဟူသော သံဝဏ္ဏနာပါဠိဖြင့် 'အာယာမ'ဟူသော သံဝဏ္ဏေတပ္ပပုဒ်၌ 'အာ' သဒ္ဒါ၏ 'အာဂစ္ဆ' သဒ္ဒါ၏ ပရိယာယ်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည် (သာရတ္ထ)။ ပရိယာယ် အဘိဓေယျတ္ထ သံဝဏ္ဏနာ။

[ထောက်ဘွယ်။ ။အာယာမော (ဋ္ဌ၊ ၁၊ ၁၆၄) တိတ္ထေ အာ သဒ္ဒေါ 'အာဂစ္ဆာတိ' ဣမိနာ သမာနတ္ထောတိ အာဟ 'အာယာမောတိ အာဂစ္ဆ ယာမော'တိ။ သာရတ္ထ၊ ၁။ ၄၅၆။]

(တနည်း) 'အာဂစ္ဆ'ဟူသော သံဝဏ္ဏနာပါဠိဖြင့် 'အာယာမ'ဟူသော သံဝဏ္ဏေတပ္ပပုဒ်၌ 'အာ' ဥပသဂ်ပုဒ်၏ အာဂစ္ဆအနက်ဟော၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဥပသဂ်လိုက်တွဲသံဝဏ္ဏနာ။

၇။ ။ပါဠိ အဆုံးအဖြတ်

'တတာယံ'ကို 'တတော+အယံ' ဟု ပဒစ္ဆေဒပြု, 'သရာ သရေ လောပံ' ဖြင့် 'သြ'ကို ချေ, 'ဒီဃံ'ဖြင့် 'အ'ကို အာဒီဃပြု၍ 'တတာယံ'ဟု ပြီးသော ကြောင့်ရင်း (ဂဏ္ဌိဆရာ၏ သဒ္ဒယုတ္တိ), တည်ဉ့်လွန်သော ဤမယောမုံ့ကို ထိုအာဒါ၏ အိမ်မှ အရှင်သုဒိန် ရအပ်သော ကြောင့်ရင်း (အတ္ထယုတ္တိ) 'တတာယံ'ဟူသော ပါဠိဆာ သင့်လျော်ပါသည်။

[သိဘွယ်။ ။သာမညမေးသောကြောင့် သဒ္ဒယုတ္တိ, အတ္ထယုတ္တိ ၂-မျိုးလုံး ဖြေသည်။ တမျိုးမျိုးဖြေရင်လဲ ပြီးနိုင်သည်သာ။ ယုတ္တိသည် ၂-မျိုးရှိနေ၍ 'သဒ္ဒယုတ္တိပြ၍, သို့မဟုတ် အတ္ထယုတ္တိပြ၍, သို့မဟုတ် (၁၃၂၅-ခုနှစ် ပုစ္ဆာကဲ့သို့)သဒ္ဒယုတ္တိ, အတ္ထယုတ္တိပြ၍'ဟု မိမိလိုအပ်သလို ဝိသေသန မ,ပြီး မေးရင် ပိုကောင်းသည်။]

၈။ ။နည်း,ဥပစာ

'ဂိဋ္ဌ'ပုဒ်၌ ရသင့်သော နည်း, ဥပစာ။ ။'ဂိဋ္ဌကုဋ္ဌေ ပဗ္ဗတေ'၌'ဂိဋ္ဌ' ဟူသော နည်းသည် အတူဖြစ်သော လင်းတ၏ 'ဂိဋ္ဌ'ဟူသော အမည်ကို အဘူရှိသော (တောင်၏) အထွဋ္ဌ၌ တင်စား၍ အတူရှိသော အထွဋ်ကို 'ဂိဋ္ဌ'ဟု ခေါ်ဝေါ်ခြင်းကြောင့် 'အတင်ရုဉ်းနည်း' မည်၏။

'ဂိဋ္ဌကုဋ္ဌေပဗ္ဗတေ'၌ 'ဂိဋ္ဌ' သဒ္ဒါသည် အတူဖြစ်သော လင်းတ၏ ဂိဋ္ဌ'ဟူသော အမည်ကို အတူရှိသော အထွဋ္ဌ၌ တင်စား၍ အတူရှိသော အထွဋ်ကို 'ဂိဋ္ဌ'ဟု ခေါ်ဝေါ်ခြင်းကြောင့် 'သဒိသူပစာ' မည်၏။

‘ဂိဇ္ဈကူဋ’ပုဒ်၌ ရသင့်သော နည်း။ ။‘ဂိဇ္ဈကူဋေ ပဗ္ဗတေ’၌ ‘ဂိဇ္ဈကူဋ’ ဟူသော နည်းသည် (‘ဂိဇ္ဈသဒိသကူဋ’ဟု ဆိုအပ်လျက်) ‘သဒိသ’ဟူသော အလယ်ပုဒ်ကို ချသောကြောင့် ‘ဝဏ္ဏလောပနိရုတ္တိနည်း’ မည်၏။

‘ပဗ္ဗတ’၌ ရသင့်သော နည်း,ဥပစာ။ ။‘ဂိဇ္ဈကူဋေ ပဗ္ဗတေ’၌ ‘ပဗ္ဗတ’ ဟူသော နည်းသည် ဂိဇ္ဈကူဋ်တောင်, ဝေဘာရတောင်, ဝေပုလ္လတောင်, ဣသိဂိလိတောင်စသည်တို့နှင့် ဆက်ဆံသော်လည်း ဤအရာဝယ် ဝေဘာရတောင်, ဝေပုလ္လတောင်, ဣသိဂိလိတောင်စသည်တို့၌ မထင် ဂိဇ္ဈကူဋ်တောင်၌သာ အထင်အားဖြင့် ဆိုအပ်သောကြောင့် ‘အထင်ရှိနည်း’ မည်၏။

‘ဂိဇ္ဈကူဋေ ပဗ္ဗတေ’၌‘ပဗ္ဗတ’ သဒ္ဒါသည် အပေါင်းဖြစ်သော ဂိဇ္ဈကူဋ်တောင်, ဝေဘာရတောင်, ဝေပုလ္လတောင်, ဣသိဂိလိတောင်စသည်တို့၏ ‘ပဗ္ဗတ’ဟူသော ဤမည်ကို အစိတ်ဖြစ်သော ဂိဇ္ဈကူဋ်တောင်ကို ‘ပဗ္ဗတ’ဟု ခေါ်ဝေါ်ခြင်းကြောင့် ‘ကေဒေသျ။ပစာ=သမုဒါယူပစာ’မည်၏။

[ဥပစာတဒ္ဓိတ် မဆင့်မှ‘သဒိသူပစာ’ရသည်။ ။ဂိဇ္ဈသဒိသာနိ ဝါတသာကူဋာနိ။ ဋ္ဌ၊ ၁။ ၂၄၈။ ဂိဇ္ဈော ဝိယာတိ ဝါ ဂိဇ္ဈံ၊ ကူဋံ။ တံ တေသာတိ ဂိဇ္ဈကူဋော၊ ပဗ္ဗတော။ ဂိဇ္ဈသဒိသကူဋော်ဝတိ ဂိဇ္ဈကူဋော်တိ ဝါ မဇ္ဈေ ပဒလောပီသမာသော။ သာရတ္ထ၊ ၂။ ၁၁၂။ ။အဋ္ဌကထာ၌ ‘သဒိသာနိ’ဖြင့် ‘ဂိဇ္ဈ’၏ ‘သဒိသူပစာ၏ အဖြစ်ကို ပြသည်’ဟု ယူပါ။ သို့မှ ဥပစာ ရသည်။ သာရတ္ထဖွင့်နည်းအတိုင်း ‘သဒိသာနိ’ဖြင့် ‘ဂိဇ္ဈ’၏ ဥပမာတဒ္ဓိတ်၏ အဖြစ်ကို ပြသည်’ဟု ယူသော် ‘ဂိဇ္ဈ’၌ မုချပင်၊ ဥပစာမရ။ ‘ဥပမာဘဒ္ဓိတ် မဆင့်မှ သဒိသူပစာ ရသည်၊ ဆင့်သော် ‘သဒိသူပစာ’ မရ, မုချ’ဟု ဆိုလိုသည်။ ‘သရိကွက, သဒိသ’စသည်တို့ဖြင့် ဖွင့်ရာ၌လည်း နည်းတူ။

‘သဒိသူပစာ, ကေဒေသျ။ပစာ’တို့နှင့် တွဲသင့်သော ‘ရုဠှိ’။ ။‘ဂိဇ္ဈ’၌ ‘အဘင်ရုဠှိ’, ‘ပဗ္ဗတ’၌ ‘အဆင်ရုဠှိ’။ ဤသို့ ရုဠှိခြင်း မတူကြ။ ‘သဒိသူပစာ’ ရရာ၌ ‘အဘင်ရုဠှိ’, ‘ကေဒေသျ။ပစာ=သမုဒါယူပစာ’ ရရာ၌ ‘အထင်ရုဠှိ’ ရသည်၊ ‘သဒိသူပစာ’နှင့် ‘အတင်ရုဠှိ’, ‘ကေဒေသျ။ပစာ=သမုဒါယူပစာ’နှင့် ‘အဆင်ရုဠှိ’ တွဲရသည်’ဟု ဘိုလိုသည်။ထို့ကြောင့် ‘ကေဒေသျ။၊ အဆင်ဟူ၊ ရုဠှိ။ များတတ်စွ။သဒိသူကား၊ တင်ရုဆား၊မပှား

မှတ်ဃေပါ'ဟု မိန့်ကြသည်။ 'အတင်ရုဋ္ဌီ' ဟူသည် ဥပစာ ၁၀-ပါးပင် ဖြစ်၍ ဥပစာ ၁၀-ပါးလုံး၌ 'အတင်ရုဋ္ဌီနည်း' ရသည် ချည်းသာ။ သို့သော်လည်း အခြားသော နည်းများ မရသော ဥပစာများ၌သာ 'အတင်ရုဋ္ဌီနည်း'ကို သုံးရသည်။

ရုဋ္ဌီ ၃-မျိုးနှင့် အထူး။ ။ရုဋ္ဌီသည် 'အထင်ရုဋ္ဌီ, အတ္တင်ရုဋ္ဌီ, အတင်ရုဋ္ဌီ'အားဖြင့် ၃-မျိုး ရှိ၏။ ထိုတွင်—

ဒြပ်တခုတည်း၌ သကတ်အများရှိ၏ ထိုများစွာသော သွကတ်တို့တွင် ထင်သောသကတ်ကို စွဲ၍ ပညတ်ခြင်းသည်၎င်း, တခုတည်းသော သကတ်သည် ဒြပ်အများနှင့် ဆက်ဆံ၏။ ထိုများစွာသော ဒြပ်တို့တွင် ထင်သော ဒြပ်ကို စွဲ၍ ပညတ်ခြင်းသည်၎င်း 'အထင်ရုဋ္ဌီ' မည်၏။ ပြယုဂ်ကား 'ဂစ္ဆတီတိ ဂေါ'တည်း။ ဤပြယုဂ်၌ နွားဒြပ် တခုတည်း၌ စားခြင်းသကတ်, သွားခြင်းသကတ်, အိပ်ခြင်းသကတ်စသောအားဖြင့် သကတ်အများရှိ၏ ထိုများစွာသော သကတ်တို့တွင် ထင်သော သွားခြင်းသကတ်ကို စွဲ၍ 'ဂေါ'ဟု ပညတ်ခြင်းသည်၎င်း, တခုတည်းသော သွားခြင်းသကတ်သည် သွားတတ်သော် သတ္တဝါမှန်သမျှ ဒြပ်အများနှင့် ဆက်ဆံ၏ ထိုများစွာသော ဒြပ်တို့တွင် ထင်သော နွားဒြပ်ကို စွဲ၍ 'ဂေါ'ဟု ပညတ်ခြင်းသည်၎င်း 'အထင်ရုဋ္ဌီ' မည်၏။

တစုံတခုသော ဒြပ်သည် သကတ်ကြောင့် နာမပညတ်ကို ရ၏၊ ထိုသကတ်ကြောင့် ရသော နာမပညတ်သည် သကတ်ပျောက်သော်လည်း နာမပညတ် မပျောက်ခြင်းသည် (၀၊) နာမပညတ် မပျောက်ဘဲ တွင်နေခြင်းသည် 'အတ္တင်ရုဋ္ဌီ'မည်၏။ ပြယုဂ်ကား 'ရူပါဒိသု သတ္တာ ဝိသတ္တာတိ သတ္တာ'တည်း။ ဤပြယုဂ်၌ သဆန္ဒရာဂပုဂ္ဂိုလ်တို့သည် ရူပကွန္ဒာစသည်တို့၌ ငြိကပ်ခြင်းသကတ်ကြောင့် 'သတ္တ'ဟူသော နာမပညတ်ကို ရ၏။ ထို'သတ္တ'ဟူသော နာမပညတ်သည် နိစ္ဆန္ဒရာဂပုဂ္ဂိုလ်တို့၌လည်း ထိုရူပကွန္ဒာစသည်တို့၌ ငြိကပ်ခြင်းသကတ် ပျောက်ငြားသော်လည်း ထိုသကတ်ကြောင့် ရသော'သတ္တ'ဟူသော နာမပညတ် မပျောက်ခြင်းသည် (၀၊) နာမပညတ် မပျောက်ဘဲ 'သတ္တ'ဟူ၍ပင် အမည်တွင်နေခြင်းသည် 'အတ္တင်ရုဋ္ဌီ'မည်၏။

တင်စား၍ ခေါ်ဝေါ်ခြင်းသည် 'အတင်ရုဋ္ဌီ' မည်၏။ ပြယုဂ်ကား 'မဉ္ဇာ ယောသန္တီ'တည်း။ ဤပြယုဂ်၌ ဌာနဖြစ်သော ညောင်စောင်းဒြပ်၏

မဠုဟူသော အာမည်ကို ဌာနီဖြစ်သော လူဒြပ်၌ တင်စား၍ ဌာနီဖြစ်သော လူဒြပ်ကို 'မဠု'ဟု ခေါ်ခေါ်ဆိုသည် 'အတင်ရုဋ္ဌိ'မည်၏။

ကျက်ဘွယ်၊ ။မျှော်ပြားစွာလှ၊ သကတ္ထတ္ဝင်၊ ထင်သည့်သကတ်၊ စွဲပညတ်မူ၊ မှတ်လေ့ အထင်ရှုဋ္ဌိတည်း။ (ဘုရားကြီးနိယံ။ ၁၁၈။)

သကတ်တခု၊ အစုမျှားစွာ၊ ဆက်ဆံပါလျက်၊ ထင်ရာစွဲလည်း၊ အမြဲ ဤရှုဋ္ဌိပင်တည်း။ (ဘုရားကြီးနိယံ။ ၁၁၉။)

သကတ္ထကြောင့်၊ ရသောပညတ်၊ သကတ်ပျောက်လျက်၊ မည်မပျက်သည်၊ သက်သက် အတ္ထဝင်ရှုဋ္ဌိတည်း။ (ဘုရားကြီးနိယံ။ ၁၂၀။)

မှာဘွယ်။ ။ရှုဋ္ဌိ ၃-မျိုးကို ကျမ်းရင်းအနေဖြင့် ဝိသုဒ္ဓိမဂ်မဟာဋီကာ၌ ဖွေ့ရသည်'။ ကြည့်လိုမူ ဝိသုဒ္ဓိမဂ်မဟာဋီကာ ပဌမအုပ် စာမျက်နှာ (၃၆၄),ယင်းနိဿ(မဟာစည်ဆရာတော် ရေး) ဒုတိယအုပ် စာမျက်နှာ (၃၃၁)ကို ကြည့်ပါ။

သတိပြုဘွယ်။ ။ဤမေးခွန်းသည် 'ဂိဠကူဋ္ဌေ ပဗ္ဗတေ၌'ဟု သာမည်ဆိုသော်လည်း 'သဒိသာနိ'ဟူသော အာဇ္ဇင့်ကို ကြည့်ပြီး 'ဂိဠ'ကို ရည်၍ မေးသော မေးခွန်းဖြစ်ဟန် ရှိသည်။ သို့သော်လည်း ရသင့်တိုင်း ဖြေလိုက်သည်။ ၁၃၂၃-ခုနှစ် ပုစ္ဆာကဲ့သို့ လိုအပ်သော် ပုဒ်ကို အတိအကျ ဖေါ်မေးရင် အကောင်းဆုံး ဖြစ်သည်။ ဒီလို မဟုတ်လျှင် အဖြေမျိုးမျိုး ထွက်နေသောကြောင့် ဖြေရာမှာရော စစ်ရာမှာပါ အခြိန်ကုန်လှသည်။ သတိပြုဘွယ်ပင်။]

၉။ ။[ဋီ၊ ၁။ ၁၇၀။]

၁၀။ ။ဒေသနာဟာရ နေတ္တိနည်း

'ဣဒံ စျာနံ ကာမာနမေဝ နိဿရဏံ'ဦ့ကိလေသကာမသည် သာယာတတ်သောကြောင့် အဿာဒ မည်၏။ ဝတ္ထုကာမသည် အာဒီနဝ မည်၏။ ပဌမဈာန်သည် နိဿရဏ မည်၏။ စျာန်ချမ်းသာကို ခံစားခြင်းစသော

ပစ္စုပ္ပန်အကျိုး, ဘဝသမ္ပတ္တိစသော သံသရာအကျိုးသည် ဖလ မည်၏။ စျာန်၏ အာရုံဖြစ်သော ကမ္မဋ္ဌာန်း, ယောနိသောမနသိကာရစသော အင်္ဂကြောင်းသည် ဥပါယ မည်၏။ 'ဆိုအပ်ခဲ့ပြီးသော အကျိုးကို အလိုရှိကုန်သော သူတို့ဿည် စျာန်ကို ရအောင် အားထုတ်ကြကုန်'ဟု မဆိုသော်လည်း အိုသကဲ့သို့ ဖြစ်ခြင်းသည် အာဏတ္တိ မည်၏။ ဤသို့ ဒေသနာဟာရမည်သော သံဝဏ္ဏနာဝိသေသသည် အာဿာဒစသည်ကို ဖွင့်ပြတတ်၏၊ ထိုအဿာဒစသည်တို့တွင် 'အာဒီနဝေါ ဖလဉ္စ ဒုက္ခံ'ဟူသော ပါဠိနှင့် အညီ အာဒီနဝသည်ရင်း, ဖလသည်ရင်း ဒုက္ခသစ္စာ မည်၏။ 'အဿာဒေါ သမုဒယော'ဟူသော ပါဠိနှင့် အညီ အဿာဒသည် သမုဒယသစ္စာ မည်၏၊ 'နိဿရဏံ နိရောဓော'ဟူသော ပါဠိနှင့် အညီ နိဿရဏသည် နိရောဓသစ္စာ မည်၏။ 'ဥပါယော အာဏတ္တိ စ မဂ္ဂေါ' ဟူသော ပါဠိနှင့်အညီ ဥပါယသည်ရင်း, အာဏတ္တိသည်ရင်း မဂ္ဂသစ္စာ ပည်၏၊ ဤသို့ 'ဣဒံ စျာနံ ကာပဓာနမေဝ နိဿရဏ'ံဟူသော သုတ်ပုဒ်ဒေသနာဘော်သည် သစ္စာ ၄-ပါးကို ဟောကြားတော်၏။ ဤသို့လျှင် 'ဣဒံ စျာနံ ကာမဓာနမေဝ နိဿရဏံ'ဟူသော ဒေသနာတော်သည် အာဿာဒစသည်ကို ဖွင့်ပြလျက် သစ္စာ ၄-ပါးကို ဟောကြားတော်သော ကြောင့် 'ဒေသနာဟာဂ' မည်၏-ဟူလိုသော်။

၁၃၂-ခုနှစ် ခမ္မာစရိယတန်း
ပါရာဇိကကဏ္ဍ ပါဠိ, အဋ္ဌကထာ အမှတ်(၁) ဓမ္မဒန်း၊

၁။ ။'အနုပုဗ္ဗေန စာရိကံ စရမာနော ယေန ဝေသာလီ၊ တဒဝသရိ'ဟူသော ပါဠိတော်ကို 'ယေန' ပုဒ်, 'ကံ' ပုဒ်တို့၌ ကရိဏ်းအနက်ကို ယူ၍ ယောဇနာခဲ့ပါ။

၂။ ။'အဒဿနံ ဂေါတမိ အာယသ္မတော သုဒိန္နဿ ဉာတကာ 'သုဒိန္နော ကိရ ကလန္ဒပုတ္တော ဝေသာလိံ အနုပဗ္ဗတ္တော' တိ' ဟူသော ပါဠိတော်ကို အနက်အားဖြင့် အာကာရကို သွင်း၍ ယောဇနာခဲ့ပါ။

၃။ ။'ဘိက္ခု ဘိက္ခုံ အာဏာပေတိ 'ဂစ္ဆာနန္ဒ မမ ပါဝဒ၊ ဂတ္ဆန္တော မေ ဂန္ဒာနန္ဒ မမ ပါဝဒဘု၊ ဂတ္ဆန္တော မေ ဂတ္ဆန္တော မံ ဘဂ္ဂေ အဝဟရတူ' တိ'ဟူသော ပါဠိတော်ကို အနက်အားဖြင့် အာကာရကို ထုတ်၍ ယောဇနာခဲ့ပါ။

၄။ ။'အထ ခေါ ဘဂဝါ သမ္မဟုလေဟိ ဘိက္ခူဟိ သဒ္ဓိံ သေနာသနစာရိကံ အာဟိဏ္ဍန္တော အဒ္ဒသ သန္ဆံ တာနိ တဟံ တဟံ ဥဇ္ဈိတာနိ' ဟူသော ပါဠိတော်ကို ပါဌာနုသာရီအားဖြင့် ယောဇနာခဲ့ပါ။

၅။ ။'သမဏ္ဍာ မယံ မဟာရာဇ၊ ဓမ္မရာဇာဿ သာဝကာ။

တဝေဝ အနုကမ္မာယ၊ ဇမ္ဗုဒီပါ ဣဓာဂတာ'ဟူသော အဋ္ဌကထာပါဌ်ကို ယောဇနာခဲ့ပါ။

၆။ ။'ယထာ အညေပိ ဒေဝါ သုဏန္တိ၊ တထာ နိစ္ဆာရေသုံ'ဟူသော အဋ္ဌကထာပါဌ်ကို 'ယထာ, တထာ' သဒ္ဒါတို့၏ အနက်ကို မှန်ကန်စေလျက် ယောဇနာခဲ့ပါ။

၇။ ။'အထ ခေါ အယမေဝ သမာဓိတိ ဝတ္တုမ္ပတံ အရဟတိ၊ ဝိတက္ကဝိစာရကွာဘာဝိရဟေန အတိဝိယ အစလတ္တာ, သုပ်သန္ဒတ္တာ စ'ဟူသော အဋ္ဌကထာပါဌ်ကို ကြောင်း, ကျိုးပြန်လှန်၍ ယောဇနာခဲ့ပါ။

၈။ ။'တသ္မာတိဟ တေ ကဿပ ဧဝံ သိက္ခိတဗ္ဗံ 'သာတသဟဂတာ စ မေ ကာယဂတာသတိ နော ဝိဇဟိဿတီ'တို့'ဟူသော အဋ္ဌကထာပါဌ်ကို အာကာရသွင်း၍ ယောဇနာခဲ့ပါ။

၉။ ။'ဘူမ္မဒေဝတံ အာဒိံ ကတွာ ယာဝ အကနိဋ္ဌဒေဝတာယ သန္တိကေ ပစ္စက္ခာတာပိ အပ္ပစ္စက္ခာတာဝ ဟောတိ'ဟူသော ပါဌ်ကို 'အပစ္စက္ခာတာ'ဌ် သဒ္ဒတ္ထကို ထင်စေ၍ ယောဇနာခဲ့ပါ။

၁၀။ ။ ယံ ကဒလိနာဠိကေရာဒီနံ တတ္ထဇာတကဖလာနိ အာမသန္တိဿ ဒုက္ကဋံ ဝုတ္တံ၊ ဣဒံ ဒုရုပစိဏ္ဏဒုက္ကဋံ နာမ'ဟူသော ပါဌ်ကို ကတ္တားထည့်၍ ယောဇနာခဲ့ပါ။

၁၃၂၇-ခုနှစ် ဓမ္မာစရိယတန်း
ပါရာဇိကကဏ္ဍ ပါဠိ, အဋ္ဌကထာ အမှတ် (၁) အဖြေ

၁။ ။['သျှ, ရှေ့နည်း' အတိုင်း ယောဇနာ။ ။ပါ။ ၁၂။ ပါ။ သျှ။ ၅၁။]

၂။ ။[‘သျှ’ အတိုင်း ယောင်နာ။ ။ပါ။ ၁၇။ ပါ၊ သျှ။ ၆၁။]

၃။ ။အနက်အားဖြင့် အာကာရထုတ်၍ ယောင်နာ

ဘိက္ခု၊ ရဟန်းသည်။ ဘိက္ခုံ၊ ကို။ အာဏာပေတိ၊ စေခိုင်းအံ့။ ကိ်၊ အာဘယ်သို့။ အာဏာပေတိ၊ စေခိုင်းအံ့နည်း။ ဣတ္ထန္နာမဿ၊ ဤအမည်ရှိသော ရဟန်းအား။ ပါဝဒ၊ အဆင့် ဆိုချေ။ ကိ်၊ သို့။ ပါဝဒ၊ အဆင့်ဟိုချအံ့နည်း။ ဣတ္ထန္နာဒမာ၊ ဤအမည်ရှိသော ရဟန်းသည်။ ဣတ္ထန္နာပဿ။ ဤအမည်ရှိသော ရဟန်းအား။ ပါဝဒတု၊ ဆင့်၍ ဆိုပစေလော။ ကိ်၊ သို့။ ပါဝဒတု၊ ဆင့်၍ ဆိုပစေအံ့နည်း။ ဣတ္ထန္နာဓမာ၊ ဤအမည်ရှိသော ရဟန်းသည်။ ဣတ္ထန္နာဓမ်၊ ဤအမည်ရှိသော။ ဘဏ္ဍ်၊ ကို၊ အဝဟရာဘု။ ခိုးပစေလော။ ဧဝံတိ၊ သို့။ ပါဝဒတု၊ ဆင့်၍ ဆိုပစေအံ့သတည်း။ ဧဝံတိ၊ သို့။ ပါဝဒ၊ အဆင့်ဆိုခြအံ့သတည်း။ ဧဝံတိ၊ သို့။ အာဏာပေတိ၊ စေခိုင်းအံ့သတည်း။ [ပါ။ ၆၆။ ပါ၊ သျှ၊ ၁၄၁။ ။ဌ၊ ၁။ ၃၂၄။ ဌ၊ သျှ၊ သစ်၊ ၃။ ၅၀၅-လည်း ကြည့်။]

၄။ ။[ပါ။ ၃၃၀။ ပါ၊ သျှ။ ၃၂၄။]

၅။ [။ဌ၊ ၁။ ၅၅။ဌ၊ သျှ၊ ၁။ ၁၀၇။ ဌ။ သျှ၊ သစ်၊ ၁၊ ၄၀၆။]

၆။ [(၃)နံပါတ်ရှိ ပါဠိကို ကျော် မေးထား သည်။ ။ဌ၊ ၁။ ၁၈၁။ ဌ၊ သျှ၊ ၂။ ၁၄၆။ ဌ၊ သျှ၊ သစ်၊ ၃။ ၅၂။]

၇။ ‘ဌ၊ သျှ၊ သစ်’ အတိုင်း ယောင်နာ။ ။ဌ၊ ၁။ ၁၁၉။ ဌ၊ သျှ၊ ၁။ ၄၁၅။ ဌ၊ သျှ၊ ၂။ ၃၁၁။ ။၁၃၂၃-ခုနှစ်ကလည်း မေးခဲ့ပြီ။]

၈၊ ။အာကာရသွင်း၍ ယောင်နာ

ကဿပ၊ ကဿပ၊ ဧခါပနှ၊ စင်စစ်၊ ယသွာ၊ အကြင်ကြောင့်။ အဟံ၊ ငါသည်။ ဘာနုညော-ဇာနန္တော ဇော၊ သိသည်သာလျှင်။ ဟုတ္တွာ၊ ဖြစ်၍။ ‘ဇာနာမိ’တိ၊ ‘သိ၏’ဟူ၍။ ဝဒါမိ၊ ဆို၏။ ပဿညော-ပဿန္တော ဇော၊ မြင်သည်သာလျှင်။ ဟုတ္တွာ၊ ဖြစ်၍။ ‘ပဿာမိ’တိ၊ ‘မြင်၏’ဟူ၍။ ဝဒါမိ၊ ဆို၏။ (အနိယမသည့်)။ တဿ၊ ထို့ကြောင့်။ ဣဟ-ဣမသ္မိံ သာသနေ၊ ဤဘုရား၏ သာသနာတော်၌။ ဓေတာ၊ သင်သည်။ မေ။ ငါ့အား။ သာတ

သဟဂတာ၊ အာသုဘ-အာနာပါနဒ္ဓိ ပဌမစျာန်၏ အစွမ်းအားဖြင့် သုခနှင့် တကွဖြစ်သော။ ကာယဂတာသတိ၊ ကိုယ်ကို အာရုံပြု၍ ဖြစ်သော သတိသည်။ နု ဝိဇဟိဿဘိ၊ မစွန့်လတ္တံ့။ ဣတိ ဧဝံ၊ ဤသို့၊ သိက္ခိတဗ္ဗံ၊ ကျင့်ရာ၏။ [သာမည မေးခြင်းဖြစ်၍ ပါဠိအားဖြင့် အာကာရကို သွင်း၍လည်း ယောဇနာနိုင်သည်။ ။ဌ၊ ၁။ ၂၀၇။ ဌ၊ သျှ၊ ၂။ ၂၂၆။ ဌ၊ သျှ၊ သစ်၊ ၃။ ၁၅၁။]

၉။ ။[‘အပ္ပစ္စက္ခာတာဝ၀၊ ပယ်အပ်သည် မဟုတ်သည်သာလျှင်’ ဟု သဒ္ဒတ္ထယောဇနာ။ ကြွင်း ‘သျှ’ အတိုင်း။ ဌ၊ ၁။ ၂၂၀။ ဌ၊သျှ၊ ၂။ ၂၆၅။ ဌ၊ သျှ၊ သစ်၊ ၃။ ၁၉၅၊]

၁၀။ ။[‘ဘဂဝတာ’ဟု ကတ္တားထည့်။ ။ဌ၊ ၁။ ၂၇၁။ ဌ၊ သျှ၊ ၂။ ၄၁၅၊ ဌ၊ သျှ၊ သစ်၊ ၃။ ၃၆၄။]

၁၃၂-ခုနှစ် ဓမ္မာစရိယတန်း
ပါရာဇိကကဏ္ဍ ပါဠိ, အဋ္ဌကထာ အမှတ်(၂) မေးခွန်း

(က) ကဒါနိ ယံ တံ အညဒတ္ထု ဥပ္ပန္နံ၊ တံ ဒယေတို့ ‘တေန ခေါ ပန သမယေန’ တိအာဒိ မာတ။
(ခ) တတြာပိ အယမနုတ္တာနပဒဝဏ္ဏနာ။
(ဂ) ဝေသာလိကာတိ ဝေသာလိဝါသိနော။
(ဃ) ဝဇ္ဇီပုတ္တကာတိ ဝဇ္ဇီရဋ္ဌေ ဝေသာလိယံ ကုလာနံ ပုတ္တာ။
(င) သာသနေ ကိရ ယော ယော ဥပဒ္ဒဝေါ အာဒိနဝေါ အာပဇ္ဇဒမုပ္ပဇ္ဇီ။
(စ) သပ္ပံ တံ ဝဇ္ဇီပုဉ္ဇကေ နိဿာယ။

၁။ ။(က) မှတ်ဝါကျကို ‘အာဟ’၏ ကတ္တားကို ထည့်ပြီးလျှင် အာဓာရနှင့် အာဓာရကြိယာ ညီညွတ်စွာ ယောဇနာခဲ့ပါ။

၂။ ။(က) မှာဘ်ဝါကျမှ (ခ) မှတ်ဝါကျသို့ အဓိပ္ပါယ်ပြန်နှင့် တကွ ဗျတိရေကစဒ္ဒနာ တက်ခဲ့ပါ။

၃။ ။(ဃ)(င)(စ)မှတ်ဝါကျတို့၏ အမည်များကို အကြောင်းနှင့် တကွ ဖေါ်ပြခဲ့ပါ။

၄။ ။'ဝေဿာလိကာ'ဟူသော ပုဒ်ကို ဝိုဂ္ဂိဟ်ပြု၍ ဉာဿနည်းအားဖြင့် အရကောက်ပြခဲ့ပါ။

၅။ ။(ခ) မှတ်ဝါကျဝယ် 'ဝဏ္ဏနာ'၌ လိင်, ဝိဘတ်, ဓာတ်,ပစ္စည်း များကို ပြပြီးလျှင် ထည့်သင့်သော ကြိယာကို ထည့်၍ ပြခဲ့ပါ။

၆။ ။(ဂ) မှတ်ဝါကျ၌ အဋ္ဌကထာဆရာ၏ အာဘော်နှင့် သံဝဏ္ဏ နာများကို ထုတ်ပြခဲ့ပါ။

၇။ ။'သမ္မန္တံ, သမ္မံဘံ' ဟူ၍ ပါဠိနှစ်ထွေရှိခဲ့ရာ မည်သည့်ပါဠိ သင့်သည်ကို အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

၈။ ။'ဝင်္ဂီပုတ္တကာ'ဟူသော ပုဒ်ဝယ် 'ဝင်္ဂီ'ပုဒ်၌ ရသင့်သော နည်း, ဥပစာများကို ထုတ်ပြခဲ့ပါ။

၉။ ။'ဒေဝဒတ်သည်လည်း ဝင်္ဂီတိုင်းသားဖြစ်ကုန်သော အပင်းအသင်း တို့ကို ရ၍ သံဃာကို ခွဲခွဲပြီ၊ သည်သာမက သေး၊ ဝင်္ဂီတိုင်းသားတို့သည် သာလျှင် မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြု၍ အနှစ်တရာရောက်လတ်သော် ဓမ္မမဟုတ်သော ဝိနည်းမဟုတ်သော ['ဥဒ္ဒမ့်, ဥဗ္ဗိနယ့်' ပုဒ်တို့ကို ဝိသေသန ကြံခါ 'သော'ဟု မြန်မာပြန် ပေးထားသည်ကား မကောင်း။] မြတ်စွာ ဘုရား၏ သာသနာတော်ကို ပြုကြကုန်ပြီ' ဟူသော အဋ္ဌကထာလာ အကြောင်းအရာကို စုဏ္ဏိယဗန္ဓ ဖွဲ့ပြခဲ့ပါ။

၁၀။ ။'အဗ္ဘုဒပုပ္ပင်္ဂီ'ဝယ် အဗ္ဘုဒ၏ အရကို သြဂွယောဂွယှအန္ဓယပဒ ဋ္ဌာနဟာဝရ ထုတ်ပြခဲ့ပါ။

၁၃၂၃-ခုနှစ် ဝမ္မာစရိယတန်း
ပါရာဇိကကဏ္ဍ ပါဠိ, အဋ္ဌကထာ အမှတ်(၂၀) အဖြေ

၁။ ။(က) မှတ်ဝါကျ ယောဇနာ

ဣဒါနိ-ဣမသ္မိံ ကာလေ၊ ဤယခုအခါ၌။အည်း၊ မဂ်ဣဝင်္ဂုမှ တပါး သော။ ယန္တံ ဝတ္ထု၊ အကြင် ဝင်္ဂီပုတ္တကဝတ္ထုသည်၊ ဥပပန္နံ၊ ဖြစ်ပြီ။ တမ္မိ

ဝတ္ထုံ၊ ထိုဝဇ္ဇီပုတ္တကဝတ္ထုကိုလည်း။ ဒဿေတုံ။ ပြခြင်းငှါ။ တေန ခေါ ပန သမယေနာတိအာဒိံ၊ 'တေန ခေါ ပန သမယေန' ဤသို့အစရှိသော။ ဝစနံ၊ စကားကို။ အာယသ္မာ ဥပါလိတ္ထေရော၊ အရှင်ဥပါလိမထေရ်သည် (ကတ္တား)။ အာဟ။ လျှောက်၏။ ('အာဟ'ကား ပစ္စုပ်ပွန်)။ ။[ဋ္ဌ၊ ၁၊ ၁၉၄။ ဋ္ဌ၊ သျှ၊ ၂။ ၁၉၂။ ဋ္ဌ၊ သျှ၊ သစ်၊ ၃။ ၁၀၉။]

မှတ်ချက်။ ။'သံဂီတိကာရော'ဟုလည်း ကတ္တား ထည့်နိုင်သည်။

['ဣဒါနိ အာဟ'အနက်ပေးနည်း။ ။'ဣဒါနိ' နောက် 'အာဟ' ဓတ္ထုက ယင်း 'အာဟ'ကို ပစ္စုပ္ပန်ပေး။ 'အာဟ'သာ မဟုတ် အတိတ် ဟော ကြိယာမှန်သမျှ ပစ္စုပ္ပန်ပေး။

ကျက်ဘွယ်။ ။ဣဒါနိ အာဟ၊ ရှိက ဧကန်၊ ပစ္စုပ္ပန်ကို၊အမှန်'အာဟ'၊ ဟောလေမြဲ။ (ဘုရားကြီးနိယံ။ ၂၇။)
'ဣဒါနိ'နောက်၊ တိတ်ဟောရောက်၊ ဟောမြောက် ပစ္စုပ္ပန်။ (ဧရေဆောင်နိယံ။ ၃၆၉)]

၂။ ။(ခ) မှတ်ဝါကျ ဗျတိရေကစောဒနာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က) မှတ်ဝါကျဖြင့် 'မက္ကဋိဝတ္ထုမှ အခြားတမျိုးဖြစ်သော ဝဇ္ဇီပုတ္တကဝတ္ထုကို ပြခြင်းငှါ 'တေန ခေါ ပန သမယေန' အစရှိသော စကားကို အရှင်ဥပါလိမထေရ်သည် လျှောက်၏'ဟု ဆို၏(ဋ္ဌပနာ)။ 'မက္ကဋိဝတ္ထုမှ တခြားတမျိုးဖြစ်သော ဝဇ္ဇီပုတ္တကဝတ္ထုကို ပြခြင်းငှါ' တေန ခေါ ပန သမယေန 'အစရှိသော စကားကို အရှင်ဥပါလိမထေရ်သည် လျှောက်၏'ဟု အကယ်၍ ဆရာ ဆိုသည်ဖြစ်အံ့၊ ယင်းသို့ဖြစ်သည်ရှိသော် ထိုစကားရပ်၌ ပေါ်လွင်ထင်ရှားသော ပုဒ်တို့ကိုလည်း ဖွင့်ခြင်းသည် ဖြစ်ရာ၏ (ဗျတိရေက)။ ဤသို့စောဒနာဘွယ်ရှိ၍ ထိုစောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)မှတ်ဝါကျကို မိန့်။

အဓိပ္ပါယ်ကား။ ။'မက္ကဋိဝတ္ထုမှ အခြားတမျိုးဖြစ်သော ဝဇ္ဇီပုတ္တကဝတ္ထုကို ပြခြင်းငှါ 'တေန ခေါ ပန သမယေန' အစရှိသော စကားကို အရှင်ဥပါလိမထေရ်သည် လျှောက်၏'ဟု ဆိုသော်လည်း ပေါ်လွင်ထင်ရှားသော ပုဒ်တို့ကို မဖွင့် မပေါ်လွင် မထင်ရှားသော ပုဒ်တို့ကိုသာ ဖွင့်ခြင်းဖြစ်၏-ဟူလို။

[ဗျတိရေကစောဒနာ။ ။'ယဒိ, ဧစ, သဧစ' စသော သဒ္ဒါတို့ဖြင့် မှတ်အပ်သော (ဝါ)ယင်းသဒ္ဒါ အမှတ်အသားပါသော စောဒနာသည် ဗျတိရေကစောဒနာ မည်၏၊ ဗျတိရေကာ ယဒျာဒိနာ။ ဂန္ထာဘရဏာ။

'ယဒိ, ဧစ, သဧစ'ဟု ဆိုသော်လည်း ယင်းသဒ္ဒါ သက်သက် မဟုတ် 'ယဒိ,သဧစ၊ တွလရကား၊ ဧဝံသတိ၊ဖေါဘွယ်ရှိ၏'နှင့် အညီ'ယဒိ'စသော သဒ္ဒါတို့ နောက်၌ ယင်းသဒ္ဒါတို့နှင့် တွဲဘက်ဖြစ်သော ('ယဒိ' စသည် နောက်၌ ဆိုအပ်ပြီးသော စကားသည် ကေဝုစ် ဖြစ်အံ့) 'ဧဝံ သတိ',(ဗဟု ဝုစ် ဖြစ်အံ့) 'ဧဝံ သန္တေသု'သဒ္ဒါ ထုတ်ဖေါ်ယှဉ်တွဲအပ်၏။ 'ယဒိ သိယာ၊ ဧဝံ သတိ ('အာပဇ္ဇတိ'စသည်)' ဟုဂျင်း, 'ယဒိ သိယုံ၊ ဧဝံ သန္တေသု ('အာပဇ္ဇတိ'စသည်)'ဟုဂျင်း ထုတ်ဖေါ်ယှဉ်တွဲ၍ စောဒနာအပ်၏-ဟူလို။

မြန်မာလို စောဒနာရာ၌ 'အ်ကယ်၍ ဖြစ်အံ့၊ယင်းသို့ ဖြစ်သည် ရှိသော် ('ဖြစ်ရာ၏'စသည်။)'ဟုဂျင်း, 'အကယ်၍ ဖြစ်ကုန်အံ့၊ ယင်းသို့ ဖြစ်ကုန်သည်ရှိသော်('ဖြစ်ရာ၏'စသည်။)'ဟုဂျင်း စောဒနာရသည်။ ဤသို့ လိုရင်း အကျဉ်းချုပ်ကို မှတ်သားအပ်၏၊

ဗျတိရေကစောဒနာ ပြယုဂ်။ ။ဗျတိရေကစောဒနာပြယုဂ်ကို- 'ယဒိ ယာဝတာ ဣမဿိံ ကာယေ ဥပါဒိန္နကရူပံ နာမ အတ္ထိ၊ သဗ္ဗတ္ထ ကာယာယတနံ ကပ္ပါသပဋ္ဌလေ သေနဟော ဝိယ၊ ဧဝံ သန္တေ လက္ခဏာ သမ္မိဿတာ အာပဇ္ဇတိ'ဟူ၍ဂျင်း, 'ယဒိ ဧဝံ နု သဗ္ဗတ္ထ ကာယာယတနန္တိ' ဟူ၍ဂျင်း ထုတ်။ ။'အင်္ဂသာလိနီအင်္ဂကထာ၊ ၃၄၉။ သျှ၊ ၃။ ၂၀၃' ကြည့်။

ပုစ္ဆာထုတ် စည်းမျဉ်းဥပဒေအဖြစ် ထုတ်ပြသော ဗျတိရေကစောဒနာ၏ ပြယုဂ်သည် ဗျတိရေကစောဒနာ သက်သာက်မဟုတ်, ဗျတိရေကနှင့် အယုတ္တ ရောသော ဗျာဘိရေကာယုတ္တစောဒနာ ဖြစ်သည်(ယင်း၌ရှု။)]

၃။ ။(ဃ)(ငဂ)(စ) မှုဘ်ဝါကျတို့၏ အကြောင်းနှင့် တကွ အမည်

(ဃ) မှတ်ဝါကျသည် 'ဧဝသာလိကာ'ဟူသော သံဝဏ္ဏာတမ္ဗပုဒ်၏ အဖဝ်ဳသံဝဏ္ဏနာမှ တပါး 'ဝဇ္ဇီပုတ္တကာ'ဟူသော သံဝဏ္ဏာတမ္ဗပုဒ်၏ အဖဝ်ဳ သံဝဏ္ဏနာဟု ဆိုအပ်သော အဖို့တပါးကို ပြသောကြောင့် 'ပဉ္စန္နာဒဝါကျ' ဖြစ်ပါသည်။

(ဂ)(စ)မှတ် နှစ်ဝါကျပေါင်းသည် (ဃ) မှာ်ဝါကျကို ခဲ့ျပြသော ကြောင့် 'ဝိတ္ထာရဝါကျ' ဖြစ်ပါသည်။ ထိုဘွင် (ဂ) မှတ်ဝါကျသည် အနိယမကို ပြသောကြောင့် 'အနိယမဝါကျ'ဖြစ်ပါသည်၊ (စ) မှတ်ဝါကျသည် နိယမကို ပြသောကြောင့် 'နိယမဝါကျ'ဖြစ်ပါသည်။

['ကိုရ'အမှာ်အသားနှင့် ဝါကျခဲ့။ ။'ကိရ'ပါက'ခဲ့ျသည်'ဟု မှတ်ပါ။ ယင်း 'ကိရ'ပါသော ဝါကျတွင်'ဥပမဒန, ဥပမေယျ'ပါက ယင်း ဝါကျကို 'တပ္ပါကဋိကရဏ', မပါက 'ဝိတ္ထာရဝါကျ' ခဲ့ရသည်။]

၄။ ။ဝိဂ္ဂဟနှင့် ဥည်ကောက်

ဝေသာလီ နိဝါသော ဗောတသန္တိ ဝေသာလိကာ(သာရတ္ထ။ဂဏ္ဌိ။ဂဏ္ဌိသစ်)။ ဗောတသံ ဘိက္ခူနံ၊ ထိုရဟန်းတို့အား။ဝေသာလီ၊ ဝေသာလီပြည်ဟု ဆိုအပ်သော။ နိဝါသော၊ နေရာသည်။ အတ္ထိ၊ ရှိ၏။ ဣတိ တသ္မာ။ ထို့သို့ ဝေသာလီပြည်ဟု ဆိုအပ်သော နေရာရှိသည်၏ အဖြစ်ကြောင့်။ တေ ဘိက္ခူ၊ ထိုရဟန်းတို့သည်။ ဝေသာလိကာ၊ ဝေသာလိကတို့မည်ကုန်၏။

'ဝေသာလီ နိဝါသော ဗောတသန္တိ'ကား ဗောတသံ နိဝါသ တဒ္ဓိတ် ဝိဂ္ဂိုဟ် 'ဝေသာလိ ာ'ကား ဗောတသံ နိဝါသဘဒ္ဓိတ်ပုဒ်။ 'ဝေသာလီ' ပုဒ်၊ 'ကိက' ပစ္စည်း။ ဤ'ဝေသာဏိကာ'ဟူသော ဗောတသံ နိဝါသ တဒ္ဓိတ်၌ 'ဝေသာလီ'ဟူသော တဒ္ဓိတ်ပုဒ်၏ အရကား ဝေသာလီပြည်ဟု ဆိုအပ်သော နေရာသည် မုချအားဖြင့် ရ၏။ထို့ဝေသာလီပြည်ဟု ဆိုအပ်သော နေရာ၏ ရဟန်းတို့နှင့် ဌာန, ဌာနီအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာအားဖြင့် ရ၏။ 'ကိက' ပစ္စည်း၏ အရကား ထို့မုချ, ဌာနူပစာတို့ဖြင့် မှာ်အပ်သော 'ဝေသာလီပြည်'ဟု ဆိုအပ်သော နေရာရှိသော ရဟန်းတို့သည် အပဓာနအာဖြင့် ရ၏။ ဝိသေသနပုဒ်တို့၏ သဘောသည် ဂုဏ်ကိုသာ ပဓာနအားဖြင့် ဟောမြဲဖြစ်သောကြောင့် ဆိုအပ်ခဲ့ပြီးသော 'သမ္ဗန်သကတ်'ဟု ဆိုအပ်သော ဂုဏ်သည်သာလျှင် ပဓာနအားဖြင့် ရ၏။

(တနည်း) ဝေသာလိယံ ဝသန္တီတိ ဝေသာလိကာ (နိသျသစ်,ဂဏ္ဌိ)။ ယေ ဘိက္ခူ၊ အကြင်ရဟန်းတို့သည်၊ ဝေသာလိယံ၊ ဝေသာလီပြည်၌။ ဝသန္တိ၊ နေကုန်၏။ ဣတိ-တသ္မာ၊ ထို့သို့ဝေသာလီပြည်၌ နေကုန်သည်

တို့၏ အဖြစ်ကြောင့်။ ဓတ ဘိက္ခူ။၊ ထိုရဟန်းတို့သည်။ ဝေဿလိကာ၊ ဝေဿလိကတို့မည်ကုန်၏။

'ဝေဿလိယံ ဝဿန္တိ'တိ'ကား ဝဿန္တိတဒ္ဓိတ်ဝိဂြိုဟ် 'ဝေဿာလိကာ'ကား ဝဿန္တိတဒ္ဓိတ်ပုဒ်, 'ဝေဿလီ'ပုဒ် 'ကိက' ပစ္စည်း။ ဤ'ဝေဿာလိကာ'ဟူသော ဝဿန္တိတဒ္ဓိတ်၌'ဝေဿာလီ'ဟူသော တဒ္ဓိတ်ပုဒ်၏ အရကား ဝေဿာလီပြည်သည် မုချအားဖြင့် ရ၏။ ထိုဝေဿာလီပြည်၏ နေကုန်သော ရဟန်းတို့နှင့် ဌာန, ဌာနီအဖြစ်ဖြင့် စပ်ခြင်းသမ္မန်သည် ဌာနူပစာအားဖြင့် ရ၏။ 'ကိက'ပစ္စည်း၏ အရကား ထိုမုချ, ဌာနူပစာ တို့ဖြင့် မှတ်အပ်သော ဝေဿာလီပြည်၌ နေကုန်သော ရဟန်းတို့သည် အပဓာနအားဖြင့်ဟော မြဲဖြစ်သောကြောင့် ဆိုအပ်ခဲ့ပြီးသော 'သမ္မန်သဏ်'ဟု ဆိုအပ်သော ဂုဏ်သည်သာလျှင် ပဓာနအားဖြင့် ရ၏။

၅။ ။လိင်္ဂါဒိဝိဘာဂ

'ဝဏ္ဏာနာ'ကား ဣတ္ထိလိင်, ပဌမာဧကဝုစ် 'သိ' ဝိဘတ်, 'ဝဏ္ဏ'ဓာတ်, 'ယု' ပစ္စည်း, ဣတ္ထိလိင်ဧာတကာ 'အာ' ပစ္စည်း ဖြစ်ပါသည်။

ထည့်သင့်သော ကြိယာ

(ခ) မှတ်ဝါကျဝယ် ထည့်သင့်သော ကြိယာကား 'ဟောတိ' ဖြစ်ပါသည်။

[ကြိယာထည့်နည်း။ ။ကြိယာ မပါသော ဝါကျများ၌ 'အတ္ထိ', သို့မဟုတ် 'ဘဝတိ' ကြိယာ ထည့်ပါ။

ထောက်ဘုယ်။ ။ယတ္ထ ဟိ ကြိယာပဒံ နု သုယျတိ၊တတ္ထ အတ္ထိ ဘဝတိတိ သမ္မန္ဓော (ရူပသိဒ္ဓိကာ)။

ကျက်ဘုယ်။ ။ခပ်သိမ်းအရာ၊ ကြိယာပဒ၊ မကြားရခဲ့၊ မမြင်လေလျှင်၊ ထိုတွင် 'အတ္ထိ'၊ 'ဘဝတိ' ကြိယာ၊ ယထာရဟ၊ ထည့်သွင်းရ၊ မှတ်ကြ မြဲမြံစွာ။ (သမ္မန္ဓစိန္တာဂဏ္ဌိသစ်)

မှတ်ချက်။ 'ဘဝတိ'နှင့် 'ဟောတိ' အတူတူ အသုံးများ၍ 'ဟောတိ' ထည့်သည်။]

၆။ ။(ဂ) မှတ်ဝါကျ အာဘောဂနှင့် သံဝဏ္ဏနာ

'ဝေသာလိဝါသိနော'ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် 'ဝေသာလိကာ' ဟူသော သံဝဏ္ဏတပ္ပဒီပဋီ 'ကိက'ပစ္စည်း၏ ဝေတသံ နိဝါသအနက်ဟော၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ပစ္စယတ္ထသံဝဏ္ဏနာ။ (တနည်း) 'ဝေသာလိကာ' ဟူသော သံဝဏ္ဏတပ္ပဒီကို 'ဝေသာလိ နိဝါသော ဇေတသန္တိ ဝေသာလိကာ'ဟု ဇေတသံ နိဝါသတဒ္ဓိတ်ဝစနတ္ထ ပြုရမည်၏ တဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ အဘိဓာနတ္ထ သံဝဏ္ဏနာ။

(တနည်း) 'ဝေသလိဝါသိနော'ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် 'ဝေသာလိကာ'ဟူသော သံဝဏ္ဏတပ္ပဒီဋီ 'ကိက'ပစ္စည်း၏ ဝသန္ဆိအနက်ဟော၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ပစ္စယတ္ထသံဝဏ္ဏနာ။(တနည်း) 'ဝေသာလိကာ' ဟူသော သံဝဏ္ဏတပ္ပဒီကို ဝေသာလိယံ ဝသန္တိတိ 'ဝေသာလိကာ'ဟု ဝသန္ဆိတဒ္ဓိတ်ဝစနတ္ထပြုရမည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ အဘိဓာနတ္ထသံဝဏ္ဏနာ။

မှတ်ချက်၊ ။ရှေးနည်းကား သာရတ္ထ, ဂဏ္ဌိသစ်တို့ အလို။ နောက်နည်းကား နီဿယသစ် အလို။ ဂဏ္ဌိဆရာကား ၂-မျိုးလုံးပင် ဆိုသည်။

၇။ ။ပါဌ်၌ အဆုံးအဖြတ်

'ဝဂ္ဂန္တိ ဝါ ဝဂ္ဂေ' သုတ်၌ 'စဝတ္ထိတဝိဘာသတ္ထဝါ' သဒ္ဒါသည် ပြအပ်သော နိဉ္ဇ, အနိစ္ဆ, အသန္တဝိဒိ ၃-ပါးတို့တွင် 'တန္ဆနံ တံ ဓနံ, တန်နိစ္ဆုတံ တံ နိစ္ဆုတံ' တို့ကဲ့သို့ အနိစ္ဆဝိဒိ ဖြစ်သင့်သောကြောင့် 'သဗ္ဗန္တိ', သဗ္ဗံ တံ' 'ပါဌ်၌ ၂-ထွလုံး သင့်ပါသည်။

[ဝါဒန္တရ။ ။စာတို့၌ 'န' အဆင့်မဲ့ 'သဗ္ဗံ တံ' ပါဌ်အရှိများသည်။ 'န'ဆင့်လျက်ရှိသော 'သဗ္ဗန္တိ'ပါဌ်ကို ယောဇနာ၌ ဖော်ရသည်။အလား၊တူ

ဖြစ်သော 'ယန္တ'' ပါဠိကို သဒ္ဒနီတိ ပဒမာလာ (၃၆၂)၌ တွေ့ရသည်။ ဤသို့စသည်ဖြင့် 'န'ဆင့်လျက်ရှိသော ပါဠိလည်း မရှားလှပါ။ အချို့က 'ယတ္ထ သန္နိတော သရော အတ္ထံ ဒူစသတ္တိ။ နာ တတ္ထ သန္နိ (သဒ္ဒနီတိ သုဉ္ဇမာလာ။ ၁၀၆။) ဆောက်၍ 'တ' သဗ္ဗနာမ်ပုဒ်၏ အနက် ပျက် ဘုဿိုင် (အန္တဲ့အနက် ထင်မည်ဖြစ်)သောကြောင့် 'နာ' ဆင့်လျက် 'သဗ္ဗန္တ'' ပါဠိ 'မင်္ဂါသင့်'ဟု ဆို၏။ သို့သော် ဧရေဝါကျ၌ 'ယော ယော'ဟူသော အနိယမ ပါပြီးဖြစ်၍ 'တ' သဗ္ဗနာမ်ပုဒ်၏ အနက် ပျက် (အန္တအနက် ထင်) ဘုဿိုင် မရှိပါ။ ၂-ထွေလုံး သင့်သော်လည်း 'သဗ္ဗံ တံ' ရှိက သုန္ဒရတရဟု မှတ်။ နော တက္ကော ဝိစာရေတွာ ဂဟေတဗ္ဗော။]

၈။ ။နည်း, ဥပစော

'ဝဋ်'ဟူသော နည်းသည် ဝဋ္ဋံတိုင်း ဝေသာလီမြို့တည်းဟူသော မဂ်း ရာကို ဆိုသဖြင့် ဝဋ္ဋံတိုင်း ဝေသာလီမြို့၌ နေသော လူတည်းဟူသော မဂ်းတာ်သည်ကိုလည်း ရသောကြောင့် 'နာနန္တရိကနည်း' မည်၏။

'ဝဇ္ဇိ'သဒ္ဒါသည် ဌာနဖြစ်သော ဝဇ္ဇီတိုင်းဝေသာလီမြို့၏'ဝဇ္ဇိ'ဟူသော အမည်ကို ဌာနီဖြစ်သော ဝဋ္ဋံတိုင်း ဝေသာလီမြို့၌ နေကုန်သော လူတို့၌ တင်စား၍ ဌာနီဖြစ်သော ဝဋ္ဋံတိုင်း ဝေသာမြို့၌ နေကုန်သော လူတို့ကို 'ဂဇ္ဇိ' ဟု ခေါ်ဝေါ်ခြင်းကြောင့် 'ဌာနူပစာ' မည်၏။

(တနည်း။)'ဝဇ္ဇိ'ဟူသော နည်းသည် ဝဇ္ဇိတိုင်း ဝေသာလီပြည်နှင့် ဝဇ္ဇံတိုင်း ဝေသာလီပြည်နေလူကို အပြားမဲ့အားဖြင့် ဆိုအပ်သောကြောင့် 'အဘေဒနည်း'မည်၏။

'ဝဇ္ဇိ' သဒ္ဒါသည် ဝဇ္ဇိတိုင်း ဝေသာလီပြည်နှင့် ဝဇ္ဇံတိုင်း ဝေသလီပြည်နေလူ ပြားသော်လည်း မပြားသကဲ့သို့ ခေါ်ဝေါ်ခြင်းကြောင့် 'အဘေဒူပစာ' မည်၏၊

မှတ်ချက်။ ။'ဂါမဓမ္မော'၌ 'ဂါမ' ကဲ့သို့ပင် ၂-နည်းလုံး သင့်သည်။

[ခရှ.နည်းရှင်းချက်၊ ။'ဝဇ္ဇိ' သဒ္ဒါသည် ဝဇ္ဇိမင်းတို့ကို ဟောရကား ဝဇ္ဇိအရ မှင်းကို ယူခြင်း မူလျပင်၊ တိုင်း(ဇနပုဒ်)ကို ယူသော် ဌာန္ဟု ပစာ, အဝိနာဘာဝနည်း၊ ဝေသာလီမြို့ (ပြည်)ကို ယူသော် သမုဒါ

ယူပစာ, အာထင်ရုဋ္ဌိနည်း။ မြို့(ပြည်)နေလူကို ယူသော် ဌာနူပစာ, နာနန္တရိကနည်း။ ထို့ကြောင့်- 'ဝဇ္ဇီရင်္ဂ'ဟူသော မူလသံဝဏ္ဏနာကိုသာ ထော်က်သော် ဌာန္ဟုပ်စာ, အဝိနာဘာဝနည်း။ 'ဝေသာလိယံ' ဟူသော အနုသံဝဏ္ဏနာကိုပါ ထောက်သော် သမုဒါယူပစ်စာ, အာထင်ရုဋ္ဌိနည်း။ 'ကုလာနံ'ဟူသော အနုအနုသံဝဏ္ဏနာကို ထောက်သော် ဌာနူပစာ, နာနန္တရိကနည်း။ အဆင့်ဆင့် တင်စားသည်။ သို့သော် အစိတ်ကို ယူ၍ မမေးခြင်းကြောင့် တဝါကျလုံး ချုံကြည့်ရမည်ဖြစ်၍ တဝါကျလုံးဖြင့် ဝဇ္ဇီတိုင်း ဝေသာလီမြို့ကို ဆိုလိုရင်း မဟုတ်။ ယင်း၌ နေကုန်သော လူ(ဌာနီ) တို့ကို ဆိုလိုရင်းဖြစ်သောကြောင့် ဤ၌ ဌာနူပစာ, နာနန္တရိကနည်းသာလို့သည်။ဌာန္ဟုပစာ, အဝိနာဘာဝနည်း။ သမုဒါယူပစာ, အာထင်ရုဋ္ဌိ နည်းတို့ မလို။

'ဝဇ္ဇီတိုင်း အတွင်း၌ ရှိသော ဝေသာလီမြို့၌ နေကုန်သော လုံတို့' ဟု ဆိုလိုသည်။ တိုင်းနှင့် ဇနပုဒ်,မြို့နှင့် ပြည် အတူတူ။ ဆိုအပ်ပြီးသော ဌာနူပစာ, နာနန္တရိကနည်းလည်း တဒ္ဓိတ်မဆင့်မှ ရသည်။ သာရတ္ထ, ဝဇ္ဇိရဋီဒ္ဓိဆရာတို့ တဒ္ဓိတ်ဆင့်လို့ကြသည်။ တဒ္ဓိတ်ဆင့်သော် မူချပင်။ တိုင်း(ဇနပုဒ်)ဟောသဒ္ဒါမျှားနှင့် ပတ်သက်၍ ကြည့်လိုမူ သီလက္ခန် (အဋ္ဌသုတ်) အဋ္ဌကထာ, ၎င်း နိဿယသစ်, ဋီကာသစ်နှင့် အာဘိဓာန်ဋီကာ။ ၁၀၄။ မောဂ္ဂလာန် ဏာဒိဂဏ္ဍ နိဿသစ်တို့ ကြည့်။ ။မေးခွန်း၌ ('ဝဇ္ဇီ' ပုဒ်၌) ဟု ဒီဃနှင့် ရှိသင့်သည်။]

၉။ ။[ဋီ၊ ၁။ ၁၉၄။]

၁၀။ ။သြရုယျောရုယျအန္ဒယပဒဋ္ဌာနဟာရ နေတ္တိနည်း

'ဆပ္ပုဒ'၏ အရဖြစ်သော ထေယျစေတနာ၏ ပဒဋ္ဌာန်းကား သာမည်အားဖြင့် အယောနိသောမနသိကာရတည်း။ ထို၏ ပဒဋ္ဌာန်းကား သဒ္ဓမ္မအာသဝနတည်း။ ထို၏ ပဒဋ္ဌာန်ကား အက္ခဏတည်း။ ထို၏ ပဒဋ္ဌာန်ကား အတ္တသမ္မာအပ္ပဏိဓိတည်း။ထို၏ ပဒဋ္ဌာန်ကား ဗာလူပသေဝနတည်း။ ထို၏ ပဒဋ္ဌာန်ကား အပ္ပဋိရူပဒေသဝါသိတည်း။ထို၏ ပဒဋ္ဌာန်းကား ပုဗ္ဗေအကတပုညတာတည်း။ ထိုပုဗ္ဗေအကတပုညတာသည် သခ်ါရတည်း၊ ထို၏ ပဒဋ္ဌာန်ကား အဝိဇ္ဇာတည်း။ ထို၏ ပဒဋ္ဌာန်းကား အာသဝေါတရား

၄-ပါးတည်း။ ထို၏ ပဒဋ္ဌာန်ကား ဇရာ, မရဏ, မုစ္ဆာတည်း။ တို၏ ပဒဋ္ဌာန်ကား ဇာတိတည်း။ ထို၏ ပဒဋ္ဌာန်ကား ဘဝတည်း။ ထို၏ ပဒဋ္ဌာန်ကား ဥပါဒါန်တည်း။ ထို၏ ပဒဋ္ဌာန်ကား တဏှာတည်း။ ထို၏ ပဒဋ္ဌာန်ကား ဝေဒနာတည်း။ ထို၏ ပဒဋ္ဌာန်ကား ဖဿတည်း။ ထို၏ ပဒဋ္ဌာန်ကား သဠာယတနတည်း။ ထို၏ ပဒဋ္ဌာန်ကား နာမ်, ရုပ်တည်း။ ထို၏ ပဒဋ္ဌာန်ကား ဝိညာဏ်တည်း။ ဤသို့ စသည်ဖြင့် သြရုယော့ရုယ့် အနွယအားဖြင့် ပဒဋ္ဌာန်ကို စိစစ်ခြင်းသည် 'သြရုယော့ရုယ့်အနွယ်ပဒဋ္ဌာနဟာရ' မည်၏-ဟူလိုသော်။

['သပ္ပုရိသူပနိဿယ' သည် အကြောင်း, 'အတ္တာသမ္မာပဏိဓိ' သည် အကျိုး။ ။အတ္တာသမ္မာပဏိဓိသည် သပ္ပုရိသူပနိဿယ၏ ပဒဋ္ဌာန်မဟုတ်၊ သပ္ပုရိသူပနိဿယသည်သာ အတ္တာသမ္မာပဏိဓိ၏ ပဒဋ္ဌာန် ဖြစ်သည်။

ဆောက်ဘုယ်။ ။သပ္ပုရိသူပနိဿယော အတ္တာသမ္မာပဏိဓာနဿ ပဒဋ္ဌာနံ။ နေတ္တိပါဠိ။ ၂၆။

သိဘုယ်။ ။ထိုမှ ပြန်၍ ဤဥဒ္ဒါန်းလည်း အတ္တာသမ္မာအပ္ပဏိဓိသည် ဗာလူပါသေဝနာ၏ ပဒဋ္ဌာန် မဟုတ်, ဗာလူပါသေဝနာသည်သာ အတ္တာသမ္မာအပ္ပဏိဓိ၏ ပဒဋ္ဌာန် ဖြစ်သည်။]

၁၃၂၈-ခုနှစ် ဓမ္မာစရိယတန်း
ပါရာဇိကကဏ္ဍ ပါဠိ, အဋ္ဌကထာ အမှတ်(၁) မေးခွန်း

၁။ ။'ယေ ပန တေ မောဂ္ဂလာန ပဌဝိနိဿိတာ ပါဏာ၊ တေ ကထံ ကရိဿဿီဘိ' ဟူသော ပါဠိတော်ကို ကတ္တာ, ကြိယာ အစုံအလင် ထည့်၍ အနက်ပေခဲ့ပါ။

၂။ ။'အထ ခေါ အာယသ္မာ သုဒိန္နော တံ ဉာတိဒါသိံ' တေဒေါစ 'သစေတံ ဘဂိနိ ဆန္နနိယမမ်ိ၊ ဣဓ မေ ပတ္တော အာကိဏ္ဏော' တိ'ဟူသော ပါဠိတော်ကို အနက်အားဖြင့် အာကာရကို သွင်း၍ ယောဇနာခဲ့ပါ။

၃။ ။'နတ္ထိ ဘန္တေ ဇာဒိသာနိ၊ ဒါရူနိ ယာနာဟံ အယျဿ ဒေဒယျံ၊ အတ္ထိ ဘန္တေ ဒေဝဂဟဒါရူနိ နဂရပဋိသံခါရိကာနိ။ အာပဒတ္ထာယ

နိုက္ခိတ္တာနိ၊သစေ တာနိ ဒါ၌နိ ရာဇာ ဒါပေတိ ဟရာဓေပထ ဘန္တေ'ဟူသော ပါဠိတော်ကို အနက်ပေးခဲ့ပါ။

၄။ ။'ဥပသက်မိတ္ဝာ ဘဂဝန္တံ ဧတဒဝေါစ 'သန္နိပတိတော ဘန္တေ ဘိက္ခုသံဃော၊ ယဿ ဒါနိ ဘန္တေ ဘဂဝါ ကာလံ မညတိ'တိ'ဟူသော ပါဠိဘော်ကို အနက်အာဒေးဖြင့် အာကာရကို ထုတ်၍ ယောဇနာခဲ့ပါ။

အောက်ပါ အဋ္ဌကထာပါဌ်တို့ကို အနက်ယောဇနာခဲ့ပါ။

၅။ ။အာရကတ္တံ ဟတ္ထတ္တာစ၊ ကိလေသာရီန ဿ မုနိ။
ဟတသံသာရစက္ကာရော။ ပစ္စယာဒီန စာရဟော။
န ရဟော ကရောတိ ပါပါနိ၊ အရဟံ ဝေန ဝုစ္စတိ။

၆။ ။မုဒ္ဓါပိ တဿ ပဂ္ဂလဿ ရတ္တိပရိယောသာနေ ပရိပါကသိဒ္ဓိ လဗ္ဘနံ ဝဏ္ဏော ပဝုတ္တတာလဖလမိဝ ဂိဝေတာ ပစ္ဆိဇ်တ္တာ သဟသာဝ ဘူမိယံ ဝိပရေတယျ။

၇။ ။ဣဓ ပနာယံ ဝိတက္ကဝိစာရပီတိသုခ အနဘိဘူတတ္တာ ဥက္ခိတ္တ သိရော ဝိယ ဟုတ္ဝာ ပရိဗျတ္တာကိစ္စာ ဇာတာ၊ တသ္မာ ဝုတ္တာ။

၈။ ။ဘဂဝတော ဇေတဝနတ္ထံ အာရောစေသုန္တိ ဘဂဝတော ဇေတံ အာဏတ္ထံ အာစိက္ခိံသု ပဋိဝေဒယိံသု။ အာရောစယမာနာ စ နေဝ ပိယကမျတာယ, န ဘေဒပုရေက္ခာရတာယ၊ န တဿာယသ္မာတေ အဝဏ္ဏပကာသနတ္ထာယ၊ န ကလိသာသနာရောပနတ္ထာယ။

၉။ ။မဟာပစ္စရိယံ တာဝ 'ဧကာဓိန် နိပန္နကာလေယေဝ မုစ္စတိ။ ပါဒေ ပန ဘူမိတော မောစေတ္ဝာ နိပန္နော ယက္ခဂဟိတကော ပိဝ်သညီ ဘူဒတာပိ နု မုစ္စတိ'တိ ဝုတ္တံ။

၁၀။ ။သိမာသမ္မုန္နနေ ပန ဓုဝနာဝါ အန္တော ခဏိတ္ဝာ ဝါ ဖလကေဟိ ဗန္ဓိတ္ဝာ ဝါ ကတာ သဗ္ဗန္တိမေန ပရိစ္ဆေဒေန တိဏ္ဏံ ဝါဟနိကာ ဧဝ ဝဋ္ဋတိ။

၁၃၂၀-ခုနှစ် ဓမ္မာစရိယတန်း
ပါရာဇိကကဏ္ဍ ပါဠိ, အဋ္ဌကထာ အမှတ်(၁) အဖြေ

၁။ ။ကတ္တား,ကြိယာ အစုံအလင် ထည့်၍ အနှတ် မောဂ္ဂလာန၊ မောဂ္ဂလာန်။ ပထဝီနိဿိတာ၊ မြေ၌ မှီကုန်သော၊ ဝါ၊

ဖမြေကို မှီကုန်သော။ ယေ တေ ပါဏာ၊ အကြင်သတ္တဝါတို့သည်။ ဃန္ဓိ၊ ရှိကုန်၏ (ကြီယာ ထည့်)။ တေ ပါဏေ၊ ထိုသတ္တဝါတို့ကို။ ကထံ၊ အဘယ်သို့လျင်။ တံ၊ သင်သည် (ကတ္တားထည့်)။ ကရိဿသိ ပန၊ ပြုလတ္တံ့နည်း။ ဣတိ၊ ဤသို့၊ ဘဂဝါ၊ မြတ်စွာဘုရားသည် (ကတ္တား ထည့်)။ ပုစ္ဆိ၊ မေးတော်မူပြီ (ကြီယာထည့်)။ [ပါ၊ ဂ။ ပါ၊ သျ။ ၃၉။]

၂။ ။အနက်အာဒေးဖြင့် အာကာရသွင်း၍ ယောဇနာ

အထခေါ၊ ထိုအခါ၌။ အာယသ္မာ သုဒိန္နော၊ အရှင်သုဒိန်သည်။ တံ ဉာတိဒါသိံ၊ ထိုဆွမျိုးတို့၏ ကျွန်မကို။ ဘဂိနိ၊ နှမ။ ဧတံ၊ ဤဝတ္ထုသည်။ ဆန္နနိယမံမံ၊ မငဲ့မတွယ် စွန့်ပယ်အပ်သော သဘောရှိသည်။ သစေ ဟောတိ၊ အကယ်၍ ဖြစ်အံ့။ ဧဝံ သတိ၊ ဤသို့ဖြစ်ယည်ရှိသော်(ထည့်)။ မေ၊ ငါ၏။ ဣဓ ပတ္တော၊ ဤသပိတ်၌။ အာကိရ၊ လောင်းလော့။ ဤတိ၊ ဤသို့။ တေ ဝစနံ၊ ဤစကားကို။ အဝေါစ၊ ဆိုပြီ။ [ပါ။ ၁၇။ ပါ၊ သျ။ ၆၁။]

၃။ ။[ပါ။ ၅၂။ ပါ၊ သျ။ ၁၂၀။]

၄။ ။အနက်အာဒေးဖြင့် အာကာရထုတ်၍ ယောဇနာ

ဥပသင်္ကမိတ္ဝာ၊ ကပ်၍။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ ဧတံ ဝစနံ၊ ဤစကားကို။ အဝေါစ၊ လျှောက်ပြီ။ ကိံ၊ အဘယ်သို့။ အဝေါစ၊ လျှောက်ပြီးသနည်း။ ဘဒန္တေ၊ မြတ်စွာဘုရား။ ဘိက္ခုသံဃော၊ ရဟန်းအပေါင်းသည်။ သန္နိပဘိတော၊ အညီအညွတ်စည်းဝေးပြီ။ ဘဒန္တေ၊ မြတ်စွာဘုရား (‘ပယာသ’ကို ‘ယော+အာသ’ဖြတ်)ဒါနိ၊ ယခုအခါ၌။ အာသ၊ ထိုစကားပြောဟော်ခြင်း, အဆုံးအမပေးတော်မူခြင်း၏။ယော ကာလော၊ အကြင်အခါသည်။ အတ္ထိ၊ ရှိ၏။ တံ ကာလံ၊ ထိုအခါကို။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ မညတိ၊ သိတော်မူ၏၊ (တနည်း) ဘဒန္တေ၊ မြတ်စွာဘုရား။ ဘဂဝါ၊ မြတ်စွာဘုရားသည်၊ဒါနိ၊ ယခုအခါ၌။ယဿ၊အကြင်တရားစကား ပြောဟော်ခြင်း, အဆုံးအမပေးတော်မူခြင်း၏၊ ကာလံ၊ အခါကို၊ မညတိ၊ သိတော်မူ၏။ တဒေဝ။ ထိုဘရားစကားပြောဟော်ခြင်း, အဆုံးအမပေးတော်မူခြင်းကိုသာလျှင်။ ဂ ရောဟိ၊ ပြုတော်မူပါလော့။ ဣတိ၊ ဤသို့၊ အဝေါစ၊ လျှောက်ပြီးသတည်း။ ။[ပါ။ ဂဂ။ ပါ၊ သျ။ ၁၆၄။]

၅။ [ဋ္ဌ၊ ၁။ ၇၈။ ဋ္ဌ၊ သျ၊ ၁။ ၂၉၆။ ဋ္ဌ၊ သျ။ သစ်၊ ၂၊ ၇၈။ ၁၃၁၇-ခုနှစ်ကလည်း မေးခဲ့ပြီ။]

၆။ [ဋ္ဌ၊ ၁။ ၁၀၃။ ဋ္ဌ၊ သျ၊ ၁။ ၃၆၄။ ဋ္ဌ။ သျ၊ သစ်၊ ၂။ ၂၀၀။]

၇။ ။[ဋ္ဌ၊ ၁။ ၁၂၁။ ဋ္ဌ၊ သျ၊ ၁။ ၄၂၂။ ဋ္ဌ၊ သျ၊ သစ်၊ ၂။၃၂၄။]

၈။ [ဋ္ဌ၊ ၁။ ၁၀၄။ ဋ္ဌ၊ သျ၊ ၂။ ၁၅၇။ ဋ္ဌ၊ သျ၊ သစ်၊ ၃။ ၆၈။]

၉။ ။[ဋ္ဌ၊ ၁။ ၂၄၆။ ဋ္ဌ၊ သျ၊ ၂။ ၃၃၆။ ဋ္ဌ၊ သျ၊ သစ်၊ ၃။ ၂၇၇။]

၁၀။ ။[ဋ္ဌ၊ ၄။ ၂၀၉။ ဋ္ဌ။ သျ၊ ၂။ ၃၆၆။ ဋ္ဌ၊ သျ၊ သစ်၊ ၃။ ၄၁၃။]

၁၃၂၀-ခုနှစ် ဓမ္မာစရိယတန်း
ပါရာဇိကကဏ္ဍ ပါဠိ, အဋ္ဌကထာ အမှတ်(၂) မေးခွန်း

(က) အနာဒိနဝဒဿာတိ ယံ ဘဂဝါ ဣဒါနိ သိက္ခာပဒံ ပညပေန္တော အာဒိနဝံ ဒဿဿတိ၊ တံ အပဿန္တော အနဝဇ္ဇသညီ ဟုတ္ဝာ။

(ခ) သစေ ဟိ အယံ 'ဣဒံ နကရဏီယန္တိ ဝါ မူလစ္ဆဇ္ဇာယ ဝါ သံဝတ္တတ္တီ' တိ ဇာနေယျ၊ သဒ္ဓါပဗ္ဗဇိတော ကုလပုတ္တော တတောနိဒါနံ ဇိဝိတက္ခယံ ပါပုဏန္တော စပိ နကရေယျ။

(ဂ) တတ္ထ ပန အာဒိနဝံ အပဿန္တော နိဒ္ဒေါသသညီ အဟောသိ။

(ဃ) တေန ဝုတ္တံ 'အနာဒိနဝံဒဿာ'တိ။

(င) ပုရာဏဒုတိယိကာယာတိ ဘူမ္မဝစနံ။

၁။ ။(ဂ) မှတ်ဝါကျကို ပကတိကတ္တား, (ဃ) မှတ်ဝါကျကို ကတ္တားထည့်၍ အနက်ယောဇနာခဲ့ပါ။

၂၊ ။(ခ) မှတ်ဝါကျကို သာဓောဂပုစ္ဆာနည်းအားဖြင့် တက်ပြပါ။

၃။ ။(ခ)(ဂ)အမှတ်ပြဝါကျတို့၏ အမည်များကို အကြောင်းနှင့် တကွ ဖေါ်ပြခဲ့ပါ။

၄။ ။'အနဝဇ္ဇသညီ'ဟူသော ပုဒ်ကို ဝိဂ္ဂဟပြု၍ ဉာဿနည်းအားဖြင့် အရကောက်ပြပါ။

၅။ ။'မူလစ္ဆေဇ္ဇဝယ' ဝယ် 'ဆေဇ္ဇဝယ'၌ ဓာတ်, ပစ္စည်း, လိင်, ဝိဘတ်တို့ကို ဖေါ်ပြပါ။

၆။ ။(ဂ)မှတ်ဝါကျ၌ အဋ္ဌကထာဆရာ၏ အာဘော်နှင့် သံဝဏ္ဏနာကို ထုတ်ပြခဲ့ပါ။

၇။ ။'ဇီဝိတက္ခယံ, ဇီဝိတခယံ'ဟူသော ပါဠိနှစ်ခုတို့တွင် အဘယ် ပါဠိ သင့်မြတ်သည်ဟု အကြောင်းပြ ဆုံးဖြတ်ခဲ့ပါ။

၈။ ။'အပညတ္တော သိက္ခာပဒေတိ ပဌမပါရာဇိကသိက္ခာပဒေ အဋ္ဌ ဝိတေ'၌ သံဝဏ္ဏနာကို ရှု၍ သံဝဏ္ဏေတဗ္ဗ 'သိက္ခာပဒေ'၌ ဖြစ်သင့်သော နည်း, ဥပစားများကို ထုတ်ပြပါ။

၉။ ။'ထိုမိဘတို့သည် ငါ့ကို ဥစ္စာနှစ်ကို စောင့်ရှောက်ခြင်းအကျိုးငှါ အမြဲ အစဉ်လိုက်ကြလိမ့်မည်။ ထို့ကြောင့် ငါသည် ကြောင့်ကြမဲ့ ရဟန်းတရားကို ပြုခြင်းငှါ ရလိမ့်မည် မဟုတ်၊ သားငယ်ကို ရပြီး၍ကား လိုက်ခြင်းမှ ရှောင်ကြင်ကြလိမ့်မည်'ဟူသော စကားကို ပါဠိစုဏ္ဏိယဗန္ဓ စီကုံးပြပါ။

၁၀။ ။(ခ) မှတ်ဝါကျပါ 'ကုလပုတ္တော'ကို ဣန္ဒြိယောတရဏဟာရ နေတ္တိနည်း ထုတ်ပြပါ။

၁၃၂၀-ဝုန္နစ် ဝမ္မာစရိယတန်း
ပါရာဇိကက္ကဏ္ဍ ပါဠိ, အဋ္ဌကထာ အမှတ်(၂) အဖြေ

၁။ ။[(ခ)မှတ်ဝါကျ၌ 'ပန' နောင် 'အာယသ္မာ သုဒိန္နော' ဟု ပကတိကတ္တား ထည့်။

(ဂ) မှတ်ဝါကျ၌ 'အာယသ္မတာ ဥပါလိတ္ထေရေန'ဟု ကတ္တား ထည့်။ 'သံဂီတိကာရေဟိ'ဟုလည်း ထည့်နိုင်သည်။ကြွင်း 'သျ'အတိုင်း။ ဋ္ဌ၊ ၁။ ၁၇၉။ ဋ္ဌ၊ သျ၊ ၂။ ၁၄၁။ ဋ္ဌ၊ သျ။ သစ်၊ ၃။ ၄၇။]

၂။ ။(ခ) **မှတ်ဝါကျ သာသေဂပုစ္ဆာတက်**

အရှင်အဋ္ဌကထာသရာ ဆရာသည် (က) မှတ်ဝါကျဖြင့် '(အရှင်သုဒိန်သည်) ဘုရားရှင် ယခု သိက္ခာပုဒ်ကို ပညတ်တော်မူသျှက် ပြတော်မူလတ္တံ့သော အပြစ်ကို မမြင်သည်, 'အပြစ် မရှိ'တု အမှတ်ရှိသည် ဖြစ်၍(မေထုန်အကျင့်ကို ဖြစ်စေပြီ)'ဟု ဆိုတော်မူ၏(ဌပနာ)။ ဆရာ့စကားသည် အဘယ်သို့သော ဒဋ္ဌိကရဏယုတ္တိဝစနဖြင့် သင့်နိုင်ပါအံ့နည်း(ပုစ္ဆာ)။အရှင်သုဒိန်သည် အပြစ်ကိုမြင်သည်, 'အပြစ်မရှိ'ဟုအမှတ်ရှိသည်ဖြစ်သော်လည်း ရာဂမကင်းသေးသော ပုဂ္ဂိုလ်ဖြစ်၍ ,မေထုန်အကျင့်ကို ဖြစ်စေရာသည် မဟုတ်ပါဘိလော(အာဘောဂ)။ ဤသို့မေးဘွယ်ရှိ၍ ထိုအမေးကို ဖြဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ) မှတ်ဝါကျကို မိန့်။

အဓိပ္ပါယ်ကား။ ။ဤမေထုန်အမှုကို မပြုထိုက်ဟူ၍၎င်း, ဤမေထုန်အမှုသည် အမြစ်အရင်းပြတ်ခြင်းငှါ ဖြစ်၏ ဟူ၍၎င်း အရှင်သုဒိန်သိခဲ့လျှင် ယုံကြည်၍ ရဟန်းပြုသော အမျိုးကောင်းသားဖြစ်၍ ထိုမေထုန်မပြုခြင်းဟူသော အကြောင်းကြောင့် အသက်ကုန်ခြင်းသို့ ရောက်သော်လည်း မေထုန်အမှုကို မပြုရာ။ ဤသို့သော ဒဋ္ဌိကရဏယုတ္တိဝစနဖြင့် ငါ့စကား သင့်ရာ၏-ဟူလို။ [ဝါကျတက်ကို ၁၃၁၆-ခုနှစ် အဖြဂှိ အာဂမဒဋ္ဌိနည်းမှီးတက်လေ မခဲ့ပြီ။]

၃။ ။(ခ)(ဂ)**မှတ်ဝါကျတို့၏ အကြောင်းနှင့်တကွ အမည်**

(ခ)(ဂ)မှတ်နှစ်ဝါကျပေါင်းသည် (က) မှတ်ဝါကျကို ယုတ္တိအားဖြင့် မြဲမြံနိုင်ခန့်အောင် ပြုသောကြောင့် 'ယုတ္တိဒဋ္ဌိကရဏဝါကျ' ဖြစ်ပါသည်။ ထိုတွင်—

(ခ) မှတ်ဝါကျသည် (က) မှတ်ဝါကျကို ဗျတိရေကယုတ္တိအားဖြင့် မြဲမြံနိုင်ခန့်အောင် ပြုသောကြောင့် 'ဗျတိရေကယုတ္တိဒဋ္ဌိကရဏဝါကျ' ဖြစ်ပါသည်။

(ဂ)မှတ်ဝါကျသည်(က)မှတ်ဝါကျကို အနွယယုတ္တိအားဖြင့်(တနည်း) သဘာဝယုတ္တိအားဖြင့် မြဲမြံနိုင်ခန့်အောင် ပြုသောကြောင့် 'အနွယယုတ္တိဒဋ္ဌိကရဏဝါကျ (တနည်း) သဘာဝယုတ္တိဒဋ္ဌိကရဏဝါကျ' ဖြစ်ပါသည်။

၄။ ။ဝိဂ္ဂဟနှင့် ဉာသ်ကောက်

အနဝဇ္ဇသညာ အဃ အတ္ထိတိ အနဝဇ္ဇသညိ၊ အဃ၊ ထိုအရှင်သုဒိန်အား (ဆဋ္ဌီအနက်လည်းပေးကြသည်)။ အနဝဇ္ဇသညာ၊ 'အပြစ်မရှိ'ဟူ၍

ဖြစ်သော အမှတ်သည်။ အတွက်၊ ရှိ၏။ ဣတိ-တသ္မာ၊ ထိုသို့ 'အပြစ်မရှိ' ဟူ၍ ဖြစ်သော အမှတ်ရှိသည်၏ အဖြစ်ကြောင့်။ အနဝဇ္ဇသည်၊ အနဝဇ္ဇသည်မည်၏၊

'အနဝဇ္ဇသညာ အဿ အတ္ထီတိ' ကား အဿတ္ထိတဒ္ဓိတ်ဝိဂြိုဟ်။ 'အနဝဇ္ဇသည်' ကား အဿတ္ထိတဒ္ဓိဟ်ပုဒ်။ 'အနဝဇ္ဇသညဲ့' ပုဒ် 'အဿ' ပုဒ် 'အတ္ထိ' ပုဒ် 'ဣ' ပစ္စည်း။ ဣ 'အနဝဇ္ဇသည်' ဟူသော အဿတ္ထိတဒ္ဓိတ် ၌ 'အနဝဇ္ဇသညာ' ဟူသော တဒ္ဓိတ်ပုဒ်၏ အရကား 'အပြစ်မရှိ' ဟူ၍ဖြစ်သော အမှတ်သည် မုချအားဖြင့် ရ၏။ 'အပြစ်မရှိ' ဟူ၍ ဖြစ်သော အမှတ်၏ အရှင်သုဒိန်နှင့် ဂုဏ်ဂုဏေး, ဌာနီဌာနအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာအားဖြင့် ရ၏။ 'ဣ' ပစ္စည်း၏အရကား ထိုမုချ,ဌာနူပစာတို့ဖြင့် မှတ်အပ်သော အရှင်သုဒိန် ရ၏။

၅။ ။ဓာတ္ဝာဒီဝိဘ္ဘာဂ

'ဆေဇ္ဇာယ' ကား 'ဆိဒိ' ဓာတ်, 'ဏ္ဍ' ပစ္စည်း, နပုလ္လိင်,စတုတ္ထိဧကဝုစ် 'သ' ဝိဘတ် ဖြစ်ပါသည်။

၆။ ။(ဂ) မှတ်ဝါကျအာဘောဂနှင့် သံဝဏ္ဏနာ

'ဘုမ္မဝစနံ' ဟူသော သံဝဏ္ဏနာပါဠိဖြင့် 'ပုရာဏဒုတိယိကာယ'ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၌ 'အာယ' ၏ သတ္တမီဧကဝုစ် 'သ္မိ' ဝိသဲတ်၏ ကာရိယ 'အာယ' ၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဝိဘတ္တိပဒသံဝဏ္ဏနာ။

(တနည်း) 'ဘုမ္မဝစနံ' ဟူသော သံဝဏ္ဏနာပါဠိဖြင့် 'ပုရာဏဒုတိယိကာယ' ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ သတ္တမီဝိဘတ်အဆုံးရှိသော ပုဒ်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ကာရကလိင်္ဂပဒသံဝဏ္ဏနာ။

၇။ ။ပါဠိ အဆုံးအဖြတ်

'ဝါ' သဒ္ဒါ, 'နဝါ' သဒ္ဒါ, 'ကုစိ' သဒ္ဒါတို့ကို မထည့်ဘဲ 'ဝဂ္ဂေ ဃဲဝသာဃောသာနံ တတိယပဉ္စမာ' ဟု သုတ်ကိုတည်၍ အသဒိသဒ္ဒေဘော်ပြုသင့်ရာ ဌာန၌ အမြဲ အသဒိသဒ္ဒေဘော်ပြုရန် အရှင်မဟာကစ္စည်းဆရာ ညွှန်ပြထားသောကြောင့် အဲသဒိသဒ္ဒေဘော် ဆင့်လျက်ရှိသော 'ဇိဝိတကွယ်' ဟူသော ပါဠိသာ သင့်မြတ်ပါသည်။

၈။ ။နည်း, ဥပစာ

'သိက္ခာပဒေ' ဟူသော နည်းသည် သိက္ခာပုဒ် အားလုံးနှင့် ဆက်ဆံသော်လည်း ဤအရာဝယ် သိက္ခာပုဒ်အားလုံး၌ မထင် ပဌမ ပါရာဇိက သိက္ခာပုဒ်၌သာ အထင်အားဖြင့် ဆိုအပ်သောကြောင့် 'အထင် ရှိဋ္ဌနည်း' မည်၏။

'သိက္ခာပဒ' သဒ္ဒါသည် အပေါင်းဖြစ်သော သိက္ခာပုဒ် အားလုံး၏။ 'သိက္ခာပဒ' ဟူသော အမည်ကို အစိတ်ဖြစ်သော ပဌမပါဇိက သိက္ခာပုဒ်၌ တင်စား၍ အစိတ်ဖြစ်သော ပဌမ ပါရာဇိကသိက္ခာပုဒ် ကို 'သိက္ခာပဒ' ဟု ခေါ်ဝေါ်ခြင်းကြောင့် 'က ခဒသျှုပစော=သမုဒါယှုပစော' မည်၏။ [သရုပ်ကြား အာဘီဓေယျတ္ထအား ဖြင့် သံဝဏ္ဏနာဖွင့်ထားသည်ကို သတိပြု]

၉။ ။[၄၊ ၁။ ၁၇၈။]

၁၀။ ဣန္ဒြိယောတရဏဟာရ နေတ္တိနည်း

'ကုလပုတ္တော' ၏ အရ အရှင်သုဒိန်သန္တာန်၌ ဖြစ်သော စက္ခုပသာဒသည် စက္ခုန္ဒြေ မည်၏။ သောတပသာဒသည် သောတိန္ဒြေ မည်၏။ ဃာနပသာဒသည် ဃာနိန္ဒြေ မည်၏။ ဇိဝှါပသာဒသည် ဇိဝှိန္ဒြေ မည်၏။ ကာယပသာဒသည် ကာယိန္ဒြေ မည်၏။ ပုမ္ဘာဝရုပ်သည် ပုရိသိန္ဒြေမည်၏။ ရုပ်ဇီဝိတ, နာမ်ဇီဝိတသည် ဇီဝိတိန္ဒြေမည်၏။ စိတ်သည် မနိန္ဒြေ မည်၏။ သုခဝေဒနာသည် သုခိန္ဒြေ မည်၏။ ဒုက္ခဝေဒနာသည် ဒုက္ခိန္ဒြေ မည်၏။ သောမနဿဝေဒနာသည် သောမနဿိန္ဒြေ မည်၏။ ဒေါမနဿ ဝေဒနာသည် ဒေါမနဿိန္ဒြေ မည်၏၊ ဥပေက္ခာဝေဒနာသည် ဥပေက္ခိန္ဒြေမည်၏။ သဒ္ဒါဓိမောက္ခသည် သဒ္ဓိန္ဒြေ မည်၏။ ဝီရိယစေတသိက်သည် ဝီရိယိန္ဒြေ မည်၏။ သတိစေတသိက်သည် သတိန္ဒြေမည်၏။ ကေဂ္ဂတာဓစေတသိက်သည် သမာဓိန္ဒြေ မည်၏၊ ပညာစေတသိက်သည် ပညိန္ဒြေမည်၏။ ဤသို့ ဣန္ဒြေအား ဖြင့်သွင်းခြင်းသည် 'ဣန္ဒြိယောတရဏဟာရ' မည်၏-ဟူလိုသော်၊

၁၃၂၉-ခုနှစ် မမှာစရိယတန်း
ပါရာဇိကကဏ္ဍ ပါဠိ, အဋ္ဌကထာ အမှတ်(၁) မေးခွန်း

၁။ ။'ဇေဋ္ဌောတိဿ ဘော ဂဂါဒ.မ ဝစနီယော၊ သော ဟိ နေသံ

ဇင်ဌေ ဟောတီတိ' ကို ဝါကျပြန်နှင့် ကတ္တား, ကြိယာ ပြည့်စုံစွာ ထည့်စက် အနက်သမ္မန်ပါ။

၂။ ။'ဒီတိယာ စ ဝိဇုဂါ ဥပေက္ခကော စ ဝိဟာသိ''ဟူသော ပါဠိတော်ကို ၅-နံပါတ်ပါ အဋ္ဌကထာနှင့် အညီ အနက်ပေးခဲ့ပါ။

၃။ ။ဗဟူနံ ခေါ တုံ မောဃပုရိသ အကုသလာနံ ဓမ္မာနံ အာဒိ ကတ္တာ ပုဗ္ဗင်္ဂမော။ ဤပါဠိတော်ကို 'အာဒိကတ္တာ' ၌ ဗာဟ၂ ထွက်ပြန်ကန် ဝေဿက် ကြိယာစက်ပြီး အနက်ပေးခဲ့ပါ။

၄။ '။မောရော ဝါ ကပိဉ္ဇရော ဝါ တိတ္တိရော ဝါ ဝန္ဒကော ဝါ သာဠကံ ဝါ ဝေဌနံ ဝါ ဟိရညံ ဝါ သုဝဏ္ဏံ ဝါ ဆိဇ္ဇမာနံ ပတတိ' ဟူသော ပါဠိတော်ကို အနက်ဖေါ်ခဲ့ပါ။

၅။ ။ဝိရာဂေါတိ တဿာ ဇိဂုစ္ဆနံ ဝါ သမတိက္ကမော ဝါ။ ဥဘိန္နံ မန္တာရာ စ-သဒ္ဒေါ သဒ္ဒိတ္ထန္တရတ္ထော၊ သော ဟိ ဂူပသမံ ဝါ သမ္ပိဏ္ဍေတိ ဝိတက္ကဝိစာရဂူပသမံ ဝါ။ဤအဋ္ဌကထာကို ပါဠိလျောက် အနက်ပေးခဲ့ပါ။

၆။ ။'ဂန္ဓံ ဝါ လာခံ ဝါ မေလံ ဝါ ဧရဏေ ပက္ခိပိတုံ နဝဋ္ဋတိ။ စိဝရံ ရဇိတ္ဝာ သခေါန ဝါ မဏိနာ ဝါ ယေန ကေနစိ နီဟာရေန ဘဇိတဗ္ဗံ' ကို အနက်ပေးခဲ့ပါ။

၇။ ။'အဋ္ဌကောတိ ဝေဟာသမဇ္ဇာ ဒုစ္စိဘိၤယံ သေတကမ္မမာလာ ကမ္မလတာကမ္မာဒိနံ အဲတ္ထာဝယ ဗန္ဓနဿိ' ကို 'ယံ'၏ တဲ့ဘက် ထည့်စက်လျက် အနက်ယောဇနာပါ။

၈။ ။'အတ္တာပနာယိကန္တိ အတ္တနိ တံ ဥပနေတိ, အတ္တာနံ ဝါ တတ္ထ ဥပနေတီတိ အတ္တာပနာယိနော၊ တံ အတ္တာပနာယိကံ၊ စေံ ကတ္ဝာ သမုဒါစရေယျာတိ သမ္ဗန္ဓော' ကို ဝိဂ္ဂဟ၌ အဘိဓေယျတ္ထ ပေါ်စေလျက် အနက်ပေးခဲ့ပါ။

၉။ ။'ရတ္တိံ သုပန္တန်နံ 'ဧတ္တကံ နာမ ရတ္တိဘာဂံ သုပိတ္ဝာ စနေန ဝါ တာရကာယ ဝါ ဣဒံ နာမ ဌာနံ ပတ္တကာလေ ဝုဋ္ဌဟိဿာမိ' တိ သညဿာ ဟေန သုပိတပ္ပံ' ကို ပတ္တ,သုပိတပ္ပံ'တို့၏ ပစ္စည်းအနက် ထင်စေလျက် အနက်ပေးခဲ့ပါ။

၁၀။ ။'သော ကိရ မဇ္ဈေ စတုရဿံ ဂဗ္ဘံ ကတ္ဝာ ဗဟိ မဏ္ဍလမာဠေ ပရိက္ခေပေန ကတော၊ ယထာ သက္ကာ ဟောတိ အန္ဓေါယေဝ အာဝိဉ္ဇေန္တိ ဟိ ဝိစရိတုံ' ကိုပြင်, ထည့်သင့်သည်တို့ကိုပြင်, ထည့်လျက် အနက် ပေးခဲ့ပါ။

၁၃၂၉-ခုနှစ် စမ္မာစရိယတန်း
ပါရာဇိကကဏ္ဍ ပါဠို, အဋ္ဌကထာ အမှတ်(၁) အဖြေ

၁။ ။ဝါကျအပြန်အလှန်နှင့် ကတ္တာဒီး,ကြိယာ ပြည့်စုံစွာထည့်စုက်၍အနက် ဘောဂေါတမ၊ အရှင်ဂေါတမ။သော ကုက္ကုဋ္ဌစ္ဆာပဂေါ၊ ကို အထူး သဖြင့် ရှေးဦးစွာ ပေါက်သော ကြက်ငယ်သည် (ပကတိကတ္တာ၊ ထည့်)။ ဇေဋ္ဌောတိ၊ 'အထူးသဖြင့်ကြီး၏' ဟူ၍။ ဝစနိယော၊ ဆိုအပ်သည်။ အာသ၊ ဖြစ်ရာ၏။ ကသ္မာ၊ အဘယ်ကြောင့်။ သော ကုက္ကုဋ္ဌစ္ဆာပဂေါ၊ ထို အထူးသဖြင့် ရှေးဦးစွာပေါက်သော ကြက်ငယ်သည်။ ဇေဋ္ဌောတိ၊ 'အထူး သဖြင့် ကြီး၏' ဟူ၍။ ဝစနိယော၊ ဆိုအပ်သည်။ အာသ၊ ဖြစ်ရာသနည်း။ ဟိ-ယသ္မာ၊ အကြောင်းကြောင့်။ နေသံ ကုက္ကုဋ္ဌစ္ဆာပကာနံ၊ ထိုကြက်ငယ် အပေါင်းတို့ဘုံ။ ဝါ၊ ထိုကြက်ငယ်အပေါင်းတို့၏။ အန္တရေ၊ အလယ်၌ (ထည့်)။ သော ကုက္ကုဋ္ဌစ္ဆာပကော၊ ထိုအထူးသဖြင့် ရှေးဦးစွာ ပေါက် သော ကြက်ငယ်သည်။ ဇေဋ္ဌော၊ အထူးသဖြင့် ကြီးသည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထိုသို့ဖြစ်သည်၏ အဖြစ်ကြောင့်။ သော ကုက္ကုဋ္ဌစ္ဆာပကော၊ ထို အထူးသဖြင့် ရှေးဦးစွာ ပေါက်သော ကြက်ငယ်သည်။ ဇေဋ္ဌော ဘ်'အာဠုး သဖြင့်ကြီး၏' ဟူ၍။ ဝစနိယော၊ ဆိုအပ်သည်။ အာသ၊ ဖြစ်ရာသတည်း။ ဣတိ၊ ဤသို့။ ဗြာဟ္မဏော၊ ပုဏ္ဏားသည် (ကတ္တာဒီးတည့်)။ အဝေါစ၊ ဟုလျှောက်ပြီ (ကြိယာထည့်)။ [ပါ။ ၄။ ပါ။ ၁သျ။ ၂၄။ ။၅၊ ၁။ ၁၀၉-လည်း ကြည့်။]

မှတ်ချက်။ ။'ဝေရဉ္ဇော ဗြာဟ္မဏော ဘဂဝန္တံ တေဒေါစ' ပါဠိ တော်ကို ထောက်၍ 'အဝေါစ' ထည့်သည်။ အဋ္ဌကထာ၌ကား 'ဗြာဟ္မဏော အာဟ' ဟု 'အာဟ' ထည့်သည်။ 'အနက်ပြု' ဟု သော်လည်း ယူ။

၂။ ။(၅) နံပါတ်ပါ အဋ္ဌကထာနှင့် အညီ အနက် ပီတိယာ၊ ပီတိကို။ ဝိဆာဂါ စ၊ စက်ဆုပ်ခြင်းကြောင့်လည်းကောင်း။

ပိတိယာ၊ ပိတိ၏။ ဝုပသမာ စ၊ ငြိမ်းခြင်းကြောင့် လည်းကောင်း။ (တနည်း) ပိတိယာ၊ ပိတိကို။ ဝိရောဂါ စ၊ ကောင်းစွာ လွှန်မြောက်ခြင်းကြောင့် လည်းကောင်း။ ဝိတက္ကဝိစာရာနံ၊ ဝိဘက်ဝိစာရတို့၏။ ဝုပသမာ စ၊ ငြိမ်းခြင်းကြောင့် လည်းကောင်း။ ဥပက္ခကော စ၊ လျစ်လျူရှုခြင်းနှင့် ပြည့်စုံသည် ဖြစ်၍လည်း။ ဝိဟာသိ၊ နေတော်မူပြီ။ [ပါ။ ၅။ ပါ၊ သျှ။ ၂၆။]

၃။ ။ကြိယာစွက်ပြီး အနက်

မောဃံပုရိသ၊ အချိန်းနှိုးဖြစ်သော ယောကျ်ား။ တုံ၊ သင်သည်။ ဗဟူနံ၊ များစွာကုန်သော ပုဂ္ဂိုလ်တို့၏ ('အာဒိ, ပုဗ္ဗ'တို့၌ စပ်)။ အကုသလာနံ၊ အကုသိုလ် ဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့ကို('ကတ္တာ'၌စပ်)။ အာဒိကတ္တာ၊ အစ၌ ပြုတတ်သော သူသည် (ကတ္တား ပေး)။ ပုဗ္ဗင်္ဂံမော၊ ရှေးဦးစွာ သွားပြီးသော သူသည်။ ဟောတိ၊ ဖြစ်၏။ (ကြိယာထည့်)။ [ပါ။ ၂၄။ ပါ၊ သျှ။ ဂ၂။ ။ ဋ္ဌ၊ သျှ၊ သစ်၊ ၃။ ၂၂-လည်းကြည့်။]

['ဆာဒိကတ္တာ'သည် ဟိတ် မဟုတ်။ ။'ကတ္တာ'သည် 'ကရ' ဓာတ်, 'တု'ပစ္စည်းဖြင့် ပြီးသော သတ္ထာဒိဂိုဏ်းဖြစ်၍ ဟိတ် မပေးသင့် 'အာဒိ'နှင့် 'အာဒိမ္ဟိ ကတ္တာ အာဒိကတ္တာ'ဟု သတ္တမီတပ္ပုရိသ်သမာသ်တွဲ'အာဒိကတ္တာ' သည် ဟိတ် မဟုတ်, ကတ္တား သာ။]

၄။ [ပါ။ ၅၉၊ ပါ။ သျှ၊ ၁၃၅။]

၅။ [ဋ္ဌ၊ ၁။ ၁၂၀၊ ဋ္ဌ၊ သျှ၊ ၁။ ၄၁၇။ ဋ္ဌ၊ သျှ၊ သစ်၊ ၂ ။ ၃၁၄။]

၆။ [ဋ္ဌ၊ ၁။ ၂၅၂ ။ဋ္ဌ၊ သျှ၊ ၂။ ၃၅၆။ ဋ္ဌ၊ သျှ၊ သစ်၊ ၃။၃၀၁။]

၇။ {'ဋ္ဌ၊ သျှ၊ သစ်' အတိုင်း ယောဇနာ။ ။ဤနေရာ၌ ယောဇနာ ဖွင့်ပုံ မခေကာင်း။ ။ဋ္ဌ၊ ၂။ ၆၂။ ဋ္ဌ၊ သျှ၊ ၃။ ၃၁၇။ ဋ္ဌ၊ သျှ၊ သစ်၊ ၄။ ၁၈၂။]

၈။ ။['ဋ္ဌ၊ သျှ၊ သစ်' အတိုင်း ပေး။ ။ဋ္ဌ၊ ၂။ ၈၀။ ဋ္ဌ၊ သျှ၊ ၃။ ၃၂၂။ ဋ္ဌ၊ သျှ၊ သစ်၊ ၄။ ၂၃၈။]

၉။ ['ဋ္ဌ၊ သ္မ၊ သစ်' အတိုင်း ပေး။ ။ဋ္ဌ၊ ၂။ ၁၀၆။ ဋ္ဌ၊ သ္မ၊ ၄။ ၅။ ဋ္ဌ၊ သ္မ၊ သစ်၊ ၄။ ၃၀၆။]

၁၀။ ။['ဋ္ဌ၊ သ္မ၊ သစ်' အတိုင်း ပေး။ ။ဋ္ဌ၊ ၂။ ၁၁၉။ ဋ္ဌ၊ သ္မ၊ ၄။ ၄၆။ ဋ္ဌ၊ သ္မ၊ သစ်၊ ၄။ ၃၄၂။]

၁၃၂၉-ခုနှစ် ဓမ္မာစရိယတန်း
ပါရာဇိကကဏ္ဍ ပါဠိ, အဋ္ဌကထာ အမှတ်(၂) မေးခွန်း

(က) အညထတ္ထာယာတိ ပသာဒညထာဘာဝါယ ဝိပ္ပဋိသာရာယ ဟောတိ။

(ခ) ယေ မဂ္ဂေန အနာဂတသဒ္ဒါ၊ တေသံ ဝိပ္ပဋိသာရံ ကရောတိ 'ဤဒေသပိ နာမ ဓမ္မဝိနယေ မယံ ပသန္နာ၊ ယတ္ထဝံ ဒုပ္ပဋိပန္နာ ဘိက္ခူ'တိ။

(ဂ) ယေ ပန မဂ္ဂေနာဂတသဒ္ဒါ၊ တေသံ သိနေရု ဝိယ ဝါတေဟိ အာစလော ပသာဒေါ ဤဒေသဟိ ဝတ္ထူဟိ ဣတော ဝါ ဒါရုဏာတရေဟိ။

(ဃ) တေန ဝုတ္တံ 'ကေစ္စာနံ အညထတ္ထာယာ'တိ။

၁။ ။'ဝိဃ'ပုဒ်ကို ကြိယာနှင့် စပ်ကာ (ဂ) မှတ်ဝါကျကို အနက်မှန်မှန် သမ္မန်ပါ။

၂။ ။(ဂ) ဝါကျကို သာဓောဂပုစ္ဆာ တက်ပြခဲ့ပါ။ '(အဓိပ္ပါယ် မြန်ရန် မလို)

၃။ ။(ခ) စသော ဝါကျအာဒိလုံးကို ဝါကျအမည် ပေးပြီးလျှင် (က) ဝါကျကို သဒ္ဒါနည်း စာစစ်ပါ။

၄။ ။(ဃ) မှတ်ဝါကျလာ'အညထတ္ထာယ'ပုဒ်ကို အစိတ်,အပေါင်း ဝိဂ္ဂဟပြု၍ အပေါင်းဝိဂ္ဂဟဒွန် ဥာဿနည်းကောက်ပြပါ။

၅။ ။(ဂ) မှတ်ဝါကျလာ "သိနေရု, ဝတ္ထူဟိ'ပုဒ်တို့၌ ဓာတ်, ပစ္စည်း, လိင်တို့ကို ပေါ်ပြပါ။

၆။ ။(က) မှတ်ဝါကျ၌ အဌကထာဆရာ၏ အာစရိယ်နှင့် သံဝဏ္ဏနာ များကို ထုတ်ပြခဲ့ပါ။

၇။ ။'(အထ ခေတံ, အထ ခွေတံ, အထ ခေါ တံ) မောဃပုရိသ အပ္ပဿန္နာနဉ္စေဝ အပ္ပသာဒါယ'၌ ပါ၌ ၃-တန်တွင် အာဘယ်ပါ၌ မှန်သ နည်း? သဒ္ဒနယပြ၍ ဆုံးဖြတ်ခဲ့ပါ။

၈။ ။(ဂ) မှတ်ဝါကျ၌ ဥပမာစတုက္ကကိုရင်း, 'ဒုဿီလပုဂ္ဂလေ နိဿာ ယ ဟိ ဥပေါသထော နု တိဋ္ဌတိ၊ ပဝါရဏာ နံ့ တိဋ္ဌတိ၊ သံဃကမ္မာနိ နပ္ပဝတ္တန္တီ'၌ နည်းကိုရင်း အကြောင်းပြ၍ ထုတ်ပြခဲ့ပါ။

၉။ ။စိတ်ဖြစ်ခြင်းကို ပြောကြားအပ်ပြီးသော် 'ရှင်ရဟန်းအဖြစ် မည်သည် စိတ်၏ အထူးသဖြင့် စင်ကြယ်ခြင်းအကျိုးငှါ့ဖြစ်၏။ သင်သည် မမေ့ မလျော့သည်ဖြစ်၍ ရဟန်းတရားကို ပြုကျင့်ပါလော့'ဟု ပြောဆို အပ်သတည်း။ ဤအဌကထာစကားကို စုဏ္ဏိယဗန္ဓ စီကုံးခဲ့ပါ။

၁၀။ ။(က) မူတ်ဝါကျလာ 'ဝိပ္ပဋိသာရဆယ'ပုဒ်၏ အရကို အာဝဇ္ဇ ဟာရ ထုတ်ခဲ့ပါ။

၁၃၂၉-ခုနှစ် ဓမ္မာစရိယတန်း
ပါရာဇိကကဏ္ဍ ပါဠိ, အဌကထာ အမှတ် (၂) အဖြေ

၁။ ။(ဂ) မှတ်ဝါကျ အနက်သမ္ဗန်

ပန၊ ဗျတိရေကကို ပြဦးအံ့။ ယေဇနာ၊ အကြင်လူတို့သည်။ မဂ္ဂန၊ အရိယမဂ်ဖြင့်။ အာဂတသဒ္ဒါ၊ လာသော ယုံကြည်ခြင်း ရှိကြကုန်၏။ တေသံဇနာနံ၊ ထိုလူတို့၏။ ပသာဒေါ၊ ကြည်ညိုခြင်းသည်။ သိနေရု၊ မြင်း မိုရ်တောင်သည်။ ဝါတေဟိ၊ လေတို့ဖြင့်။ဝါ၊ လေတို့ခကြောင့်။ အစလော။ တုန်လှုပ်ခြင်း မရှိသည်။ ဟောတိ ဝိယ၊ ဖြစ်သကဲ့သို့။ တထာ၊ ထို့အတူ။ ဤဒိသေဟိ။ ဤဝတ္ထုတို့ကဲ့သို့ ရှုအပ်ကုန်သော။ ဝတ္ထူဟိ ဝါ၊ ဝတ္ထုတို့ ဖြင့်လည်းကောင်း။ ဝါ၊ ဝတ္ထုတို့ကြောင့်လည်းကောင်း။ ဣတော ဝတ္ထုတော-ဣမေဟိ ဝတ္ထူဟိ၊ ဤဝတ္ထုတို့ထက်။ ဒါရုဏတရေဟိ၊ အထူးသဖြင့် ကြမ်းတန်းကုန်သော၊ ဝတ္ထူဟိ ဝါ၊ ဝတ္ထုတို့ဖြင့်လည်းကောင်း။ ဝါ၊

ဝတ္ထုတို့ကြောင့်လည်းကောင်း။ အစလေ၊ တုန်လှုပ်ခြင်း မရှိသည့်။ ပေါ်တိ၊ ဖြစ်၏။ [ဋ္ဌ၊ ၁။ ၁၀၄။ ဋ္ဌ၊ သျှ၊ ၂။ ၁၅၆။ ဋ္ဌ၊ သျှ၊ သစ်၊ ၃။ ၆၀။]

၂။ ။(ဂ) မှတ်ဝါကျ သာဘောဂပုစ္ဆာ

အဓိပ္ပါယ်တက် တက်ပုံ။ ။အရှင်အဋ္ဌကထာဆရာ ဆရာသည် (ခ)မှတ်ဝါကျဖြင့် 'အရှင်သုဒိန်၏ မေထုန်အမှုသည် အရိယမဂ်ဖြင့် မလာသော ယုံကြည်ခြင်း ရှိကြကုန်သော လူတို့အား ဝိပွဋိသာရကို ပြုတတ်၏'ဟု ဆိုတော်မူ၏(ဋ္ဌပနာ)။ အရိယမဂ်ဖြင့် လာသော ယုံကြည်ခြင်းရှိကြကုန်သော လူတို့အား ဤသုဒိန်ဝတ္ထုကဲ့သို့ ရှုအပ်သော ဝတ္ထု, ဤဝတ္ထုတို့ထက် အထူးသဖြင့် ကြမ်းတန်းကုန်သော ဝတ္ထုတို့ကြောင့် တုန်လှုပ်ခြင်း ရှိသော ကြည်ညိုခြင်းသည် ဖြစ်ရာသည် မဟုတ်ပါလော(အာဘောဂ)။ ယင်းလူတို့ကား အဘယ်သို့ ဖြစ်ပါသနည်း(ပုစ္ဆာ)။ ဤသို့မေးဘွယ်ရှိ၍ ထိုအမေးကို ဖြေတော်မူလိုသော အဋ္ဌကထာဆရာသည် (ဂ) မှတ်ဝါကို မိန့်။

[ဗျတိရေကဝါကျ အာဘော် ထားနည်း။ ။ဗျတိရေကဝါကျကို တက်ရာ၌ 'န'ကို ထုတ်၍ အာဘော် ထားအပ်၏။ အန္ဒယဝါကျကို တက်ရာ၌ 'န'ကို သွင်း၍ အာဘော် ထားအပ်၏။

ကျက်ဘွယ်။ ။'ဗျတိရေကာ၊ အန္ဒယာ' ဟု၊ စောဒနာ နှစ်ချက်၊ ပြုင်လျက်ရှိက၊ 'န'ကို ထုတ်, သွင်း၊အချင်းချင်း၊ဖြစ်လျှင်း အာဘော်ပေ။ (သမ္မန္တစိန္တဝဏ္ဏိဘာသ်။ ၅၆၈)]

ဝါကျတက် တက်ပုံ။ ။အမှုင်အဋ္ဌကထာဆရာ ဆရာသည် (ခ)မှတ်ဝါဖြင့် အန္ဒယကို ဆိုတော်မူ၏(ဋ္ဌပနာ)။ အန္ဒယသည် ဗျတိရေကနှင့် မကင်းကောင်းသည် မဟုတ်ပါလော(အာဘောဂ)။ ယင်းအန္ဒယ၏ ဗျတိရေကကား အဘယ်ပါနည်း(ပုစ္ဆာ)။ ဤသို့မေးဘွယ်ရှိ၍ ထိုအမေးကို ဖြေတော်မူလိုသော အဋ္ဌကထာဆရာသည် (ဂ)မှတ်ဝါကျကို မိန့်။

၃။ ။(ခ)(ဂ)(ဃ)မှတ်ဝါကျတို့၏ အမည်

(ခ)(ဂ)မှတ်နှစ်ဝါကျပေါင်းသည် 'ဝိတ္ထာရဝါကျ' ဖြစ်ပါသည်။ ထိုတွင် (ခ)မှတ်ဝါကျသည် 'အန္ဒယဝါကျ', (ဂ) မှတ်ဝါကျသည် 'ဗျတိ

ရေကဝါကျ', (ဃ) မှတ်ဂါကျသည် 'လဒ္ဓဂုဏဝါကျ, (တနှံည်း) နိဂမဝါကျ' ဖြစ်ပါသည်။

[**'တေန ဝုတ်ဆံ'အမှတ်အသားနှင့်**ဝါကျခဲ့။ ။'တေနဝုတ်ဆံ'ပါသော ဝါကျကို 'လဒ္ဓဂုဏဝါကျ'ဟု ဆရာတို့ ဆိုကြသည်။ ရွှေရေးဆောင်ဆရာကား 'နိဂုမ်းဝါကျ'ဟု ယူဆသည်။ ထို့ကြောင့် ဤဝါကျမျိုး တွေ့တိုင်း ၂-မျိုး ခွဲရသည်။

ကျက်ဘွယ်။ ။**တေန ဝုတ်ဆံ၊ တည်ပါင့်ပြန်ပြ၊ ထားကုန်ကြမူ၊ လဒ္ဓဂုဏ်ပြ၊ ဆိုကုန်ကြ၏၊နိဂုမ်းထင်လှ၊ နောတက္ကာ။** ။(ရွှေရေးဆောင်နိယံ။ ၃၂၈။)]

(က)မှတ်ဝါကျ(သဒ္ဒါနည်း)စာစပ်

'အညထတ္တာဃဉာတိ'ကား သဒ္ဒပဒတ္ထကပုဒ်တည်း။ (တနည်း)' အညထတ္တာယ'ကား မိမိနောင်ထိုင်သော 'ဣတိ'၌ သံဝဏ္ဏေတမ္ပ၊ 'ဣတိ'ကား သံဝဏ္ဏေဘမ္ဘဇောတက။ (တနည်း) 'အညတတ္တာယ'ကား 'ပဿဒဉ္ဉထာဘာဝါယ ဝိပ္ပဋိသာရာယ ဟောတိ' တို့၌ သံဝဏ္ဏေတမ္ပ၊ 'ပဿဒဉ္ဉထာဘာဝါယ ဝိပ္ပဋိသာရာယ ဟောတိ'တို့ကား သံဝဏ္ဏနာ။ 'ဣတိ'ကား 'ပဿဒဉ္ဉထာဘာဝါယ ဝိပ္ပဋိသာရာယ ဟောတိ'တို့၌ ဇောတက၊ 'ပဿာဒဉ္ဉထာဘာဝါယ ဝိပ္ပဋိသာရာယ ဟောတိ'တို့ကား ဇောတကဝန္ဓ။

'ပဿဒဉ္ဉထာဘာဝါယ ဝိပ္ပဋိသာရာယ' တို့ကား 'ဌ' ဟူ၍ အနက်ပေးသောကြောင့် 'ဟောတိ' ၌ တဒတ္ထဆံသမ္ဗန္ဓဒါန်၊ 'ဟောတိ' ကား တဒတ္ထသမ္ဗန်၏ ကြိယာ။

၄။ ။**ဝိဂုဟန့်ဉာဿကောက်**

အစိတ်ဝိဂုဟ။ ။**နဉာယတောဘိ အညော၊ အညော ပကာရော အညထာ**။

အပေါင်းဝိဂုဟ။ ။**အညထာ ဘာဝေါ အညဆတ်**။

အညဿာ ကြည်သိုသည်မှ တပါးသော မကြည်ညိုသော ဝိပ္ပဋိသာရစိတ်ဟူပါ၏ (ဒေါသမူစိတ်ဟူပါ၏)ဟူသော အပြား၏။ ဘာဝေါ၊ဖြစ်ခြင်း ဖြစ်ရာ ဖြစ်သော ဝိပ္ပဋိသာရ(ကုက္ကုစ္စ)ဘည်း။ အညထတ်၊ကြည်သိုသည်မှ တပါးသော မကြည်ညိုသော ဝိပ္ပဋိသာရစိတ်ဟူပါ၏ (ဒေါသမူစိတ်ဟူပါ၏) ဟူသောအပြား၏ ဖြစ်ခြင်း, ဖြစ်ရာဖြစ်သော ဝိပ္ပဋိသာရ(ကုက္ကုစ္စ)။

'အညဲထာ ဘဲဝေါ' ကား ဘာဝတဒ္ဓိတ်ဝိဂ္ဂိုဟ် 'အညထတ္တံ' ကား ဘာဝတဒ္ဓိတ်ပုဒ်၊ 'အညထာ' ပုဒ် 'တ္တ' ပစ္စည်း။ ဤ 'အညထတ္တံ' ဟူသော ဘာဝတဒ္ဓိတ်၌ 'အညဲထာ' ဟူသော တဒ္ဓိတ်ပုဒ်၏ အရကား ကြည့်ညိုသည်မှ တပါးသော မကြည့်ညိုသော ဝိပ္ပဋိသာရစိတ္တုပ္ပါဒ် (ဒေါသမူ စိတ္တုပ္ပါဒ်) ဟူသော အပြားသည် မုချအားဖြင့် ရ၏။ ထိုကြည့်ညိုသည်မှ တပါးသော မ'ကြည့်ညိုသော ဝိပ္ပဋိသာရ စိတ္တုပ္ပါဒ် (ဒေါသမူစိတ္တုပ္ပါဒ်) ဟူသော အပြား၏ ဝိပ္ပဋိသာရ (ကုက္ကုစ္စ)နှင့် အပေါင်းအစိတ်, ပကာရပကာရဝန္တ အဖြစ်ဖြင့် စပ်ခြင်းဟု ဆိုအပ်သော သမ္ပယုတ္တဘောသည် ဌာနူပစာအားဖြင့် ရ၏။ 'တ္တ' ပစ္စည်း၏ အရကား ထိုမုချဌာနူပစာတို့ဖြင့် မှတ်အပ်သော ဝိပ္ပဋိသာရ (ကုက္ကုစ္စ) ရ၏။

၅။ ။ဓာတ္ဝာဒဝဘာဂ

'သိနေရ' ကား 'သိန' ဓာတ်, 'ဧရ' ပစ္စည်း, ပုလ္လိင် ဖြစ်ပါသည်။ 'ဝတ္ထူဟိ' ကား 'ဝသ' ဓာတ်, 'ရတ္တုံ' ပစ္စည်း (အဘိဓါန်ဋီကာ၊ မြန်မာမူ ရှုပသိဒ္ဓိ), (တနည်း) 'တု' ပစ္စည်း (သီဟိုဠ်မူရှုပသိဒ္ဓိ), (တနည်း) 'ထု' ပစ္စည်း (မောဂ္ဂလာန် ဏွာဒိဂဏ်), နပုလ္လိင်ဖြစ်ပါသည်။

၆။ ။(က) မှတ်ဝါကျ အာဧဘာဂနှင့် ဆံဝဏ္ဏနာ

'ပဿဒဉ္ဉထာဘာဝါယ' ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် 'အညထတ္တာယ' ဟူသော သံဂဏ္ဌဘဗ္ဗပုဒ်၌ 'အည' ၏ အပါဒါန်ကို 'ပဿဒ' ကို ခံရမည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထဆံဝဏ္ဏနာ။ 'တ္တ' ပစ္စည်း၏ ဘောဇနက်ဟော၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာသိစေပါသည်။ ပစ္စယတ္ထဆံဝဏ္ဏနာ။ (တနည်း) 'အညထာ ဘာဝေါ အညထတ္တံ' ဟု ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ အဘိဓာနတ္ထဆံဝဏ္ဏနာ။

'ဝိပ္ပဋိသာရာယ' ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် 'အညထတ္တ' ၏ အရ ဝိပ္ပဋိသာရကို ယူရမည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ သရုပ်ကြား အဘိဓေယျတ္ထဆံဝဏ္ဏနာ။

'ဟောတိ' ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် 'အညထတ္တာယ' ဟူသော သံဝဏ္ဏဘဗ္ဗ ပုဒ်၌ (ယင်း၏စပ်ရာ) 'ဟောဘိ' ဟူသော ပါဌ်သေသ ကြိယာ တည့်စွဲက်၍ အနက်ယောဇနာရမည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်၊ ဘာဝတ္ထဆံဝဏ္ဏနာ။

၃။ ။ပါဠိ အဆုံးအဖြတ်

'အထ ခေါ+တေံ' ဟု ပုဒ်ဖြတ်၍ 'ဝမောဒုဒန္တံဝနံ' သုတ်ဖြင့် အစိတ် 'ဩ' ကို 'ဝ' ပြုလျှင် 'အထ ခ္ဝေတံ' ပါဌ် မှန်ပါသည်။ 'ဝါ ပရော အသ ရူပါ' သုတ်ဖြင့် နောက် 'ဧ' ကို ချလျှင် 'အထ ခေါတံ' ပါဌ်လည်း မှန်ပါသည်။

'စတ္တာရော မေ' အစရှိသော ပြယုဂ်၌ နှစ်ပါးသော အစိအရင်ရောက်လုလတ်သော်သာဝကာသ, အနဝကာသနှစ်ပါးတို့တွင် အနဝကာသအစိအရင် အားကြီးသည်ဖြစ်သောကြောင့် အနဝကာသ အစိအရင်သည် ဖြစ်၏' ဟု သဒ္ဒဝိဒူတို့ မိန့်ရကား 'သရာ သရေ လောပံ'သုတ်အစိအရင် မဖြစ်သင့်သောကြောင့် 'အထ ခေတံ' ပါဌ်ကား မမှန်ပါ။

[ထောက်ဘွယ်။ ။အထ ခ္ဝေတ (ပါ။ ၂၃) ဆိုသော် အထ ခေါ ေတံ၊ အထ ခေါ်တန်ဖိုပါ၌ဋ္ဌ၊ ၁။ ၁၈၄။ (မေးခွန်းပါ ပါဌ်-ပါ။ ၂၄။)]

နှိုင်းချိန်ဘွယ်။ ။'သရာ သရေ လောပံ' သုတ်ဖြင့် စီရင်၍ 'အထ ခေတံ' ရုပ်ပြီးပုံကို ယောဇနာဆရာ ဆိုသည်။ သင့်,မသင့်ကိုမူ နှိုင်းချိန်ကြရာ၏]။

၈။ ။ဥပမာ စတုက္ကနှင့် နည်း

(ဂ) ဣဓ ပန စာတုမာသိနီတိ ဝုစ္စတိ။
(ဃ) မာသဿုဏ္ဏာဘာယ ဥတုပုဏ္ဏတာယ သံဝစ္ဆရပုဏ္ဏာဘာယ ပုဏ္ဏာ သဒ္ဒါဏ္ဏာတိ ပုဏ္ဏာ။

၁။ ။(ခ) မှတ် (ဂ) မှတ်ဝါကျတို့ကို မှန်ကန်စွာ အနက်ယောင်နာခဲ့ပါ။

၂။ ။(က) မှတ်ဂါကျမှ (ခ) မှတ်ဝါကျသို့ သဒ္ဒဘာဂပုစ္ဆာနည်း အားဖြင့် တက်ပြပါ။

၃။ ။'ကိံ ဇီဝကော ပန 'မယံ ဣဒံ ဩဘာသနိမိတ္တကမ္မ'န္တိ ဇာနာတီဘိ? အာမ ဇာနာဘိ။ အထ ကသ္မာ ထုဏ္ဏံ အဟောသီတိ? ဝိဇ္ဇုပဟရဏတ္ထံ' ၌ ဖြင့်သင့်ခဲ့သော စေဒနကာဓောဂါဒိစတုက္ကကို ထုတ်ပြပါ။

၄။ ။(ဃ) မှတ်ဝါကျ၌ 'ပုဏ္ဏာ' ကို အသပဒဝိဂ္ဂဟပြု၍ ဝစနဝိဆက်ကို ထုတ်ပြပါ။

၅။ ။'မာသပုဏ္ဏတာယ'၌ တာသမ္မန်ကို ထုတ်ပြပြီးလျှင် ၎င်းသမ္မန်ကို ဖြစ်သင့်သော အနက်အားလျော်စွာ စပ်သင့်ရာ၌ စာစပ်ပြပါ။

၆။ ။'ကောမုဒိယာတိ ကုမုဒဝတိယာ'၌ သံဝဏ္ဏနာနှင့် (က)မှတ်ဝါကျ၌ အဋ္ဌကထာဆရာအာဘော်ကို ဖော်ပြပါ။

၇။ ။'ဒေါသိနာတိ ဒေါသာပဂတာ'၌ 'ဒေါသိနာ' ဝယ် ဖြစ်သင့်သော နိရုတ္တိနည်းကို အကြောင်းနှင့် တကွ ညွှန်ပြ၍ ၎င်းပုဒ် ပြီပုံကို သေချာစွာ ရှင်းလင်းပြပါ။

၈။ ။'ရာဇာမစ္စုပရိဝုတော။ လ။ ဟောတိ'၌ အာဇာတသတ်မင်းသည်မင်း, အမတ်ပေါင်း ခြံရံလျက် မြတ်သောပြာသာဒ် အထက်ဝယ် အဘယ်အကျိုးငှါ နေပါသနည်း? အဋ္ဌကထာဆရာ နှစ်သက်သော ဝါဒဖြင့် အကျယ်ရှင်းလင်းပြပါ။

၉။ ။'ရညော တဒ်ကေယေဝ ပုတ္တသိနေဟော ဥပ္ပဇ္ဇိတ္ထ သကလသရီရံ ခေါဘေတ္ထ အဒ္ဒိမိဠံ အာဟစ္စ အဋ္ဌာသိ' ဟူသော အဋ္ဌကထာပါဌ်ကို အဓိပ္ပါယ် မပျက်စေဘဲ ဝတ္တမျိုးလာ ဂါထာစီ၍ ၎င်းဂါထာကို အဓမ္မည်မှည့်ခဲ့ပါ။

၁၀။ ။'တံ လေခံ ရညော ဟတ္ထေ ဒဋ္ဌေပသုံ၊ ရညော တဒ်ကေ ဒယေဝ' စသော ပါဌ်၌ 'ပုတ္တသိနေဟော ဥပ္ပဇ္ဇိတ္ထ'ကို ကိုယ်ပြု၍ ဌာယီဘာဝ, ဝိဘာဝ, အနုဘာဝတို့ကို ထုတ်ပြပါ။

၁၃၂၉-ခုနှစ် ဓမ္မာစရိယတန်း
သီလက္ခန္ဓဝဂ္ဂ ပါဠိ,အဋ္ဌကထာ အမှတ်(၂) အဖြေ

၁။ ။[ဋ္ဌ။ ၁၂၀။ ဋ္ဌ၊ သျှ၊ ၂။ ၁၉။ ဋ္ဌ၊ သျှ၊ သစ်၊ ၂။ ၂၂၊]

၂။ ။(ခ)မှတ်ဝါကျ သာဘောဂပုဒ္ဓဘတက်

ယုတ္တိဒဋ္ဌိကရဏ ရည် တက်ပုံ။ ။အရှင်အဋ္ဌကထာဆရာ ဆရာသည့်(က)မှတ်ဝါကျဖြင့် 'စဇတုမာသိနိယာ' ဟူသော သံဝဏ္ဏနာတဗ္ဗပုဒ်ကို 'စာတုမာသိယာ'ဟု ဖွင့်ဆိုတော်မူ၏(ဌပနာ)။ သံဝဏ္ဏနာတဗ္ဗ၌ 'စာတုမာသိနိ

ယာ'ဟု ရှိသည်မဟုတ်လော (အာဘောဂ)။ 'စာတုမာသိယာ' ဟု ဖွင့်ဆို သော ဆရာ့စကားသည် အာဘယ်သို့သော ဒဋ္ဌိကရဏယုတ္တိဝစနဖြင့် သင့်နိုင် ပါအုံးနည်း(ပုစ္ဆာ)။ ဤသို့မေးဘွယ်ရှိ၍ ထိုအမေးကို ဖြေတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ) မှတ်ဝါကျကို မိန့်။

အဓိပ္ပာယ်ကား။ ။ထိုညဉ့်သည် မိုးခေလးလတို့၏ အဆုံးဖြစ်၍ ဖြစ် သောကြောင့် စာတုမာသိမည်၏။ ဤသို့သော ဒဋ္ဌိကရဏ ယုတ္တိဝစနဖြင့် 'စာတုမာသိနိယာ'ဟူသော သံဝေဏ္ဏာတပ္ပကို 'စာတုမာသိယာ'ဟု ဖွင့်ဆို သော ငါ့စကား သင့်၏-ဟူလို။

မှတ်ချက်။ ။ဤကျမ်းတက်သည် နိဿယဟောင်း ကျမ်းတက်ကို မှီငြမ်း၍ တက်သော ကျမ်းတက် ဖြစ်သည်။ ဤဝါကျကို နိဿယနှင့် ဂန္ထိတို့က ယုတ္တိဒဋ္ဌိကရဏ ဆိုသည်။

ဝိတ္ထာရ ရည်တက်ပုံ။ ။အရှင်အဋ္ဌကထာဆရာ ဆရာသည် (က) မှတ် ဝါကျဖြင့် 'စာတုမာသိနိယာ'ဟူသော သံဝေဏ္ဏာတပ္ပဗုဒ္ဓကို 'စာတုမာ သိယာ'ဟု ဖွင့်ဆိုတော်မူ၏(ဌပနာ)။ မိုး ၄-လ၌ ညဉ့်ပေါင်း ၁၂၀-ညဉ့်ရှိသည် မဟုတ်ပါလော [မိုး ၄-လ၌ ညဉ့်ပေါင်း ၁၂၀-ညဉ့် ရှိပါလျက် တန်ဆောင်မုန်းလပြည့်နေ့ညဉ့်ကိုသာ ထူးထူးခြားခြား 'စာတု မာသိ'ဟု ဆိုထား၍ သာပညကို အာဘော်ထားသည်။] (အာဘောဂ)။ အာဘယ်ကြောင့် ထိုတန်ဆောင်မုန်းလပြည့်နေ့ညဉ့်သာ 'စာတုမာသိ'မည် ပါသနည်း (ပုစ္ဆာ)။ ဤသို့မေးဘွယ်ရှိ၍ ထိုအမေးကို ဖြေတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)မှတ်ဝါကျကို မိန့်။

အဓိပ္ပာယ်ကား။ ။မိုး ၄-လ၌ ညဉ့်ပေါင်း ၁၂၀-ညဉ့် ရှိသော်လည်း မိုး ၄-လတို့၏ အဆုံးဖြစ်၍ ဖြစ်သောကြောင့် ထိုတန်ဆောင်မုန်းလပြည့် နေ့ညဉ့်သာ 'စာတုမာသိ' မည်၏-ဟူလို။

မှတ်ချက်။ ။ဤဝါကျကို နိဿယသစ်က ဝိတ္ထာရ ဆိုသည်။ 'စာတု မာသိ'မည်ခြင်း၏ အကြောင်းဗျူဟတ် ငုတ်နေ၍ အကြောင်းဖြင့်ကျမ်းဆရာ ခဲ့ပြရသည်။ ခဲ့၌ ၃-ခဲ့တွင် အကြောင်းခဲ့ ဖြစ်သည်။

[မှာဘွယ်။ ။ဝါကျတက်ကို ၁၃၁၇-ခုနှစ် ပါဆုဇီကဏ် အဖြေ ကြည့်တက်ပါ၊ ဝါကျတူသည်။]

၃။ ။ဧဝဒကာဧဘာဂါဒိစတုက္က

၁။ ။နန္နု ဇီဝကော မယ္ဟံ ဣဿာသနိမိတ္တကမ္မံ ဇာနာတိ (ဧဝဒကာဧဘာဂ)။

၂။ ။အထ ကသ္မာ တုဏ္ဍီ အဟောသိ (ဧစဒနဝ)။

၃။ ။နန္နု ဝိက္ခေပပစ္ဆဒနတ္ထံ ဟောတိ (ပရိဟာရာဘာဂ)။

၄။ ။တသ္မာ တုဏ္ဍီ အဟောသိ (ပရိဟာရ)။ [ဋ္ဌ။၁၂၉။]

၄။ ။ဝိဂ္ဂဟ။ ။(တိဟိ အာကာရေဟိ) ပူဇေတီတိ ပုဏ္ဏာ။(သီ၊ ဋ္ဌီ၊ သစ်။ ၂။ ၁၂။)

ဝစနဒိဆက္က

၁။ ။'ပုဏ္ဏာ'ဟူသော နိပ္ပန္နသည် 'ဝစန' မည်၏။

၂။ ။'ပူဇေတိ'ဟူသော ဝိဂ္ဂိဟ်ဝါကျသည် 'ဝစနတ္ထ' မည်၏။

၃။ ။ပြည့်ခြင်း ကြီယာသကတ်သည် 'ဝစနဟေတု' မည်၏။

၄။ ။'ဂ္ဂဘိ' သဒ္ဒါသည် 'ဝစနဟေတုဇောတက' မည်၏။

၅။ ။တန်ဆောင်မုန်းလပြည့်ညဉ့်ဖြစ်သည် 'ဝစနီယ' မည်၏၊

၆။ ။'သမ္ပုဏ္ဏာ'စသော ပရိယာယ်သဒ္ဒါများသည် 'ဝစနီယဟ္ဘ' မည်၏၊

၅။ ။တာသမန်။ ။'မာသပုဏ္ဏတာယ' ၌ တာသမန်ကား 'ရတ္တိယာ' ဖြစ်၏သည်။

စာစဉ်။ ။'ရတ္တိ ယာ'ကား '၏'ဟူ၍ အနက်ပေးသောကြောင့် 'မာသ ပုဏ္ဏတာယ'ဝယ် 'တာ' ပစ္စည်း၌ သမ္မန်, သတ္တိမန္တ။ 'တာ' ပစ္စည်းကား သဒ္ဒန်, သတ်။

'ရတ္တိယာ'ကား 'သည်'ဟူ၍ အနက်ပေးသောကြောင့် 'မာသပုဏ္ဏတာယ'ဝယ် 'မာသပုဏ္ဏ'ဟူသော ဘာဝဓေယျဂဟဏ၌ ဝါ၌, တုလျတ်။ 'မာသပုဏ္ဏ'ဟူသော ဘာဝဓေယျဂဟဏကား ဝါစက, ပေါ်တ်၊

၆။ ။သံဝဏ္ဏနာနှင့် အာဘောဂ

'ကုမုဒဝတီယာ (ဋ္ဌ။ ၁၂၇)'ဟူသော သံဝဏ္ဏနာသည် 'ကောမုဒီယာ' ဟူသော သံဝဏ္ဏတဗ္ဗပုဒ်၌ 'ဏ' ပစ္စည်းသည် အာသတ္ထိအနက်ကို ဟော၏' ဟု တဒ္ဓိတ်ပစ္စည်းအနက်ကို ဖွင့်သောကြောင့် 'ပစ္စယတ္ထသံဝဏ္ဏနာ' ဖြစ်ပါသည်။

ပုတ်ချက်။ ။'ကောမုဒီယာ'၌ 'ကုမုဒ' ပုဒ်, 'ဏ' ပစ္စည်း ဤတို့သောတက 'ဤ'ပစ္စည်း။

(တနည်း) 'ကောမုဒီယာ'ဟူသော သံဝဏ္ဏတဗ္ဗပုဒ်၌ ဝိဂြိုဟ်အနက်ကို ဖွင့်သောကြောင့် 'အဘိဓာနတ္ထသံဝဏ္ဏနာ' ဖြစ်ပါသည်။

'စာတုမာသိယာ'ဟူသော သံဝဏ္ဏနာဖြင့် 'စာတုမာသိန်'သဒ္ဒါ၏ 'စာတုမာသိ'သဒ္ဒါ၏ ပရိယာယ်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။

၇။ ။နိရုတ္တိနည်း။ ။'ဒေါသိနာ'ကား 'ဒေါသ' သဒ္ဒါ။ပဌမ 'ဋာ' ဓာတ်, 'တ' ပစ္စည်း, ဤတို့ဝေါတက 'အာ' ပစ္စည်း၊ 'ဓေါသိတာ' ဟု ဆိုလိုလျက် 'တ' အက္ခရာ၏ 'န' အက္ခရာအားဖြင့် ပေါက်ပြန်သောကြောင့် 'ဝဏ္ဏဝိကာရနိရုတ္တိနည်း' ဖြစ်ပါသည်၊

[ဆောက်ဘုယ်။ ။ဒေါသေဟိ ဤတာ ဂတာ အပဂတာတိ ဒေါသိနာ၊ တ-ကာရဿ န-ကာရံ ကတွာ ယထာ 'ကိုလေသေ ဇိတော ဝိဇိတာဝိတို ဇိနာ'တိ။ (သီ၊ ဋီ။ ၂၁၂။ သီ၊ ဋီ၊ သစ်၊ ၂။ ၁၃။)]

ပုဒ်ပြီးပုံး။ ။'ဒေါသိနာ'ကား 'ဒေါသ' သဒ္ဒါ။ပဌမ 'ဋာ' ဓာတ်, 'တ' ပစ္စည်း, ဤတို့ဝေါတက 'အာ' ပစ္စည်း၊ ခွင်း, ချေ, ကပ်, ဝဏ္ဏဝိကာရနိရုတ္တိနည်းဖြင့် 'တ'ကို 'န' ပြု, နာမ်ဒဲ့, 'သိ' သက်,ချ၍ 'ဒေါသိနာ'ဟု ပြီးပါသည်။

၈၊ ။အဇ္ဈာတသတ်မင်းသည် ပဒ်း, အမတ်အပေါင်း ခြံရံလျက်မြတ်သော ပြာသာဒ် အထက်ဝယ် ဖနခြင်း အကျိုး အဋ္ဌကထာဆရာ နှစ်သက်သော ဘဒြဖြင့် အကျယ်ချဲ့ လင်းချက်

ဤအဇ္ဈာတသတ်မင်းသည် အဘဒ္ဓါ သတ်အံ့သောငှါ လုံ့လပြုသော ဒုန့်မှ စ၍ 'အဲပ်တောဲ့မည်'ဟု မျက်ဝါ မှိတ်လိုက်လျင် လှုံ့တဆုဖြင့် ထိုးဆွ

အပ်သကဲ့သို့ မြည်တမ်းလျက်သာလျှင် နိုးလာ့ရ၏။ 'အဘယ့်ကြောင့် ယောင်ယမ်းမြည်တမ်းပြီး နိုးသလဲ'ဟု မေးလျှင် တစုံတခုကိုမျှ မပြောဆိုနိုင်၊ ထို့ကြောင့် အဇာတသတ်မင်းသည် အိပ်ခြင်းကို မနှစ်သက်၊ ထို့သို့ မနှစ်သက်သောကြောင့် အိပ်ခြင်းကို ဖျောက်ခြင်း အကျိုးငှါ မင်းအမတ်ပေါင်း ခြံရုံလျက် မြတ်သော ပြာသာဒ် အထက်ဝယ် နေပါသည်။ [ဋ္ဌ။ ၁၂၀။ ဋ္ဌ၊ သျှ။ ၂။ ၂၁။ ဋ္ဌ၊ သျှ၊ သစ်၊ ၂။ ၂၃။]

၉။ ။ဂါထာစီနှင့် ဂါထာအမည်

ရညော တသ္မိံ ခဏေယေဝ၊ ဥပ္ပဇ္ဇ ပုတ္တပေမတာ။
ခေါဘတ္တာ ကာယမာဟစ္စ၊ အဋ္ဌိမိဉ္ဇံ ပတိဋ္ဌတာ။

ဤဂါထာသည် 'ပထျာဝတ္တာဂါထာ' ဖြစ်ပါသည်။

.မှတ်ချက်။ ။'ပုတ္တပေမတာ'၌ 'တာ' ပစ္စည်းကား သဒ္ဒတ္ထ။

၁၀။ ။ဘာဝါလက်္ခဏ ထုတ်ပုံ

၁။ ။အဇာအသတ်မင်း၏ သန္တာန်၌ ဖြစ်သော ဂေဟာသိတပေမခေါ် လောဘပြခဏ်းသော စိတ္တုပ္ပါဒ်သည် 'ကာမရတိဌာယီဘာဝ, ကာမသိဂ်ါရ'သ မည်၏။

၂။ ။အဇာတသတ်မင်း၏ သား (ဥဒယဘဒ္ဒမင်းသား)သည် 'အာရမ္မဏဝိဘာဝ' မည်၏။

၃။ ။သားဖွားကြောင်း ဆက်သသော ဆက်စာ (သဝဏ်လွှာ)သည် 'ဥဒ္ဒိပနဝိဘာဝ' မည်၏။

၄။ ။တကိုယ်လုံး ချောက်ချားသွားခြင်းစသော အကျိုး အဆက် ဆက်သည် 'အနုဘာဝ' မည်၏။

၁၃၃၀-ခုနှစ် ဓမ္မာစရိယတန်း
သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ်(၁) မေးခွန်း

၁။ ။'ယာ သာ ဝါစာ နေလာ ကဏ္ဏသုခါ ပေမနီယာ ဟဒယင်္ဂမာ ပေါရီ ဗဟုဇနကန္တာ ဗဟုဇနမနာပါ၊ တထာရူပိံ ဝါစံ ဘာသိတာ' ကို နိယမဝါကျ၌ ကတ္တားထည့်စွက် အနက်ပေးခဲ့ပါ။

၂။ ။'ကံ နု ခွင့် သမကံ ဝါ ပြဟ္မကံ ဝါ ပယိရုပါသေယျာမ၊ ယံ ဓနာ ပယိရုပါသဓေတာ စိတ္တံ ပသီဒေယျ'ကို'ယံ'၏ အစွဲ မလွဲစဘဲ အနက် ဝပေခဲ့ပါ။

ဓအောက်ပါ ပါဠိ, အဋ္ဌကထာတို့ကို အနက်မှန်စွာ ပေးခဲ့ပါ။

၃။ ။သော အမှဋ္ဌ ဝိဟာရော သံဝုတဒ္ဝါရော၊ ထေန အပွသဒ္ဒါ ဥပသက်မိတ္ဝာ အတရမာဓနာ အာဠိန္ဒံ ပဝိသိတ္ဝာ ဥက္ကာသိတ္ဝာ အဂ္ဂဠံ အာဓကာဋ္ဌေဟိ။

၄။ ။လဒ္ဓကိကာပိ ဓေါ အမှဋ္ဌ သကုဏိကာ သဓက ကုလာဝကေ ကာမလာပိနီ ဟောတိ။

၅။ ။ယန္တုနာဟံ ဓမ္မဋ္ဌ ဝိနယဋ္ဌ သင်္ဂါယေယျံ ယထုယိဒံ သာသနံ အဒ္ဓနိယံ အာယု စိရဋ္ဌိတိကံ။

၆။ ။အာဝါဟနံ နာမ ဣမသ္မိ ဒါရကသ္မိ အသုကသ္မိ ကုလဓတာ အယုကနက္ခတ္တေန ဒါရိကံ အာဓေနထာတိ အာဝါဟကရဏံ။

၇။ ။အဓ္ဓာကာဓေသော ပဗ္ဗဇ္ဇာ ကုသလကိရိယာယ ယထာသုခံ ဩကာသသဒ္ဒါဝဓတာ။

၈။ ။ကရဏ္ဍာတိ ဣဒမ္ပိ အဟိကဉ္ဆကသ္မိ နာမံ၊ နဝိလီဝကရဏ္ဍကသ္မိ။ အဟိကဉ္ဆကော ဟိ အဟိနာ သဒိသော ဝ ဟောတိ။

၉။ ။တသ္မ ကိရ ရညော ကထနကာဓလ ဥက္ကာ ဝိယ မုခတော ပဘာ နိစ္ဆရတိ၊ တသ္မာ တံ 'ဩက္ကာကော' တိ သဉ္ဇာနိံသု။

၁၀။ ။သုဘော အာဂန္ဆာ 'ဓကနာယံ သုနခေါ သယနာ ဩရောပိတော'ဆိ အာဟ။ မနုဿာ 'နု ကေနစိ'တိ ဝတ္ဝာ တံ ပဝတ္တိံ အာရောစေသုံ။

၁၃၃၀-ခုနှစ် ဝမ္မာစရိယတန်း
သီလက္ခန္ဓဝဂ္ဂ ပါဠိ,အဋ္ဌကထာ အမှတ်(၁) အဖြေ

၁။ ။['သမဏော ဂေါတမော'ဟု ကတ္တားထည့်စုက်၍'သျှ'အတိုင်း ပေး။ ဤ၌ 'ဘာသိတာ' ကား ကတ္တုရုပ်တည်း။ 'ဘာသ' ဓာတ်, 'တု' ပစ္စည်းဖြင့် ပြီးသည်။ ။ပါ။ ၄။ ပါ၊ သျှ။ ၂ ၁။ ပါ၊ သျှ၊ ဘစ်။ ၄ ၂။]

၂။ ။['သျှ'အတိုင်းပေး။ ။ပါ။ ၄၄။ ပါ။ သျှ။ ၁၀၈။ ပါ။ သျှ။ သစ်။ ၁၄၅။]

၃။ ။[ပါ။ ၈၄။ ပါ။ သျှ။ ၁၉၉။ ပါ။ သျှ။ သစ်။ ၃၁၁။]

၄။ ။[ပါ။ ၈၆။ ပါ။ သျှ။ ၂၀၆။ ပါ။ သျှ။ သစ်။ ၃၁၆။ ။ ၁၃၂၂-ခုနှစ်ကလည်း မေးခဲ့ပြီ။]

၅။ ။[ဋ္ဌ။ ၃။ ဋ္ဌ။ သျှ။ ၁။ ၂၀။ ဋ္ဌ။ သျှ။ သစ်။ ၁။ ၅၃။]

၆။ ။[ဋ္ဌ။ ၉၀။ ဋ္ဌ။ သျှ။ ၁။၃၀၀။ ဋ္ဌ။ သျှ။ သစ်။ ၁။ ၄၅၁။]

၇။ ။[ဋ္ဌ။ ၁၆၂။ ဋ္ဌ။ သျှ။ ၂။ ၁၀၄။ ဋ္ဌ။ သျှ။ သစ်။ ၂။ ၁၃၆။]

၈။ ။[ဋ္ဌ။ ၁၉၈။ ဋ္ဌ။ သျှ။ ၂။ ၂၀၆။ ဋ္ဌ။ သျှ။ သစ်။ ၂။ ၂၄၉။]

၉။ ။[ဋ္ဌ။ ၂၃၀။ ဋ္ဌ။ သျှ။ ၂။ ၃၀၄။ ဋ္ဌ။ သျှ။ သစ်။ ၂။ ၃၃၃။]

၁၀။ ။[ဋ္ဌ။ ၃၁၇။ ဋ္ဌ။ သျှ။ ၂။ ၅၁၅။ဋ္ဌ။ သျှ။ သစ်။ ၂။ ၆၀၆။]

၁၃၃၀-ခုနှစ် ဓမ္မာစရိယတန်း
သိလက္ခဏဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ်(၂) မေးခွန်း

(က) နိဟီတဒဏ္ဍော နိဟီတသတ္ထောတိ ပရူပဃာတတ္ထာယ ဒဏ္ဍံ ဝါ သတ္ထံ ဝါ အာဒါယ အဝတ္ထုနတော နိက္ခိတ္တဒဏ္ဍော စေဝ နိက္ခိတ္တသတ္ထော စာတိ အတ္ထော။

(ခ) တ္ထ စ ဌပေတ္ဝာ ဒဏ္ဍံ သမ္ဖဒ္ဓံ အဝသေသံ ဥပကရဏံ သတ္ထာနံ ပိဟေဋနဘာဝတော သတ္ထန္တိ ဝေဒိတပ္ပံ။

(ဂ) ယံ ပန ဘိက္ခူ၊ ကတ္တာရဒဏ္ဍံ ဝါ ဒန္တကဋ္ဌံ ဝါ ပိပ္ပလိကံ ဝါ ဂဟေတ္ဝာ ဝိစရန္တိ၊ နံ တံ ပရူပဃာတတ္ထာယ၊ ဟာသျော 'နိဟီတဒဏ္ဍော နိဟီတသတ္ထော' ဘဉ္ဇ သဒ္ဒံ ဂစ္ဆတိ။

၁။ ။(က) မှတ်ဝါကျလာ အနိယမဝါကျကိုသာ အနက်မှန်စွဲ၁ပေး ခဲ့ပါ။

၂။ ။(ခ) မှတ်ဝါကျကို လိနွန္တရစောဒနာ တက်ပြခဲ့ပါ။(အဓိပ္ပါယ် ပြန်ပုန် မလို)

၃။ ။'(သမဏော ဂေါတမော။ ။ပါဠိ။) နကေဝလဉ္စ ဘဂဝါ ယော ပါဏာတိပါတာ ပဋိဝိရတော၊ ဘိက္ခုသံဃောပိ ပဋိဝိရတော၊ ဒေဿနာ ပန အာဒိတော ပဌာယ ဧဝံ အာဂတာ' တို့၌ စောဒကာ ဘာဂါဒိစတုက္ကကို ထုတ်ပြခဲ့ပါ။

၄။ ။(က) မှတ်ဝါကျလာ 'သတ္ထံ' ပုဒ်ကို ဝိဂ္ဂဟပြု၍ ဝစနာဒိဆက္က ထုတ်ပြခဲ့ပါ။

၅။ ။(ခ) မှတ်ဝါကျ၌ ဟိတ်၏ သမ္ဗန်ကို ခံပြု၍ ၎င်းသမ္ဗန်ကို ဖြစ် သင့်သော အနက်အားလျော်စွာ စပ်သင့်ရာ၌ စာစပ်ပြပါ။

၆။ ။(က) မှတ်ဝါကျ၌ သံဝဏ္ဏနာနှင့် (ခ)မှတ်ဝါကျ၌ အဋ္ဌကထာ ဆရာ၏ အာဘောဂ်ကို ဖေါ်ပြခဲ့ပါ။

၇။ ။'ဘဝေသု ဝန္တိဂမနော' ဟူသော ဝိကပ်အရ 'ဘဂဝါ'ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ပြဆိုခဲ့ပါ။

၈။ ။(က) မှတ်ဝါကျလာ 'ဒဏ္ဍ' အရနှင့် 'သတ္ထ' အရ ခဲခြား ကောက်ပြပါ။

၉။ ။(ဂ) မှတ်အဋ္ဌကထာလာ အဓိပ္ပါယ်ကို ခြုံမိအောင် ဝတ္တာမျိုး တဂါထာ ဖွဲ့သီခဲ့ပါ။

၁၀။ ။(ခ) မှတ်ဝါကျလာ 'ဝိဟဌန' ၌ ဓာတ်အရကို ကိုယ်ပြု၍ ဌာယိဘာဝ, ရဿ, ဝိဘာဝ, အနုဘာဝတို့ကို ထုတ်ပြခဲ့ပါ။

၁၃၃၀-ခုနှစ် ဓမ္မာစရိယတန်း

သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ်(၂) အဖြေ

၁။ ။ ဋ္ဌ။ ၆၉။ ဋ္ဌ၊ သျှ၊ ၁။ ၂၃၄။ ဋ္ဌ၊ သျှ၊ သစ်၊ ၁။ ၃၀၃။]

၂။ ။(ခ) မှတ်ဝါကျ လိနန္ဒြရစောဒနာတက်

အရှင်အဋ္ဌကထာဆရာ မြတ်စွာဘုရားသည် 'နိဟိတဒဏ္ဍော နိဟိတသဏ္ဌော' ဟု ဟောတော်မူ၏(ဌပနာ)။ 'နိဟိတသဏ္ဌော' ဝယ် 'သဏ္ဌ' ၌ 'သသု' ဓာတ်သည် အဘာယ်အနက်ကို ဟောပါသနည်း။ 'သဏ္ဌ' ကို အဘာယ်ဝဝစနတ္ထ ပြုအပ်ပါသနည်း။ အဘာယ်ကို 'သဏ္ဌ' ဟု သိအပ်ပါသနည်း (လိနန္ဒြရစောဒနာ)။ ဤသို့ စောဒနာဘွယ်ရှိ၍ ထိုစောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ) မှတ်ဝါကျကို မိန့်။

၃။ ။စောဒကာဘောဂါဒိစတုက္က

၁။ ။နနု နကေဝလံ ဘဂဝါယေဝ ပါဏာတိပါတာ ပဋိဝိရတော၊ ဘိက္ခုသံဃောပိ ပဋိဝိရတော (စောဒကာဘောဂ)။

၂။ ။အထ ကသ္မာ ပါဏာတိပါတာ ပဋိဝိရတော သမဏော ဂေါတမောတိ ပါဋိယံ ဝုတ္တံ (စောဒနာ)။

၃။ ။နနု ဒေသနာ အာဒိတော ပဋ္ဌာယ ဧဝံ အာဂတာ (ပရိဟာရဘောဂ)။

၄။ ။တသ္မာ ပါဏာတိပါတာပဋိဝိရတော သမဏော ဂေါတမောဟိ ပါဋိယံ ဝုတ္တံ (ပရိဟာရ)။ [ဋ္ဌ။ ၆၉။]

၄။ ။ဝိဂ္ဂဟ။ ။သသတိ ဟိံသတိ အနေနာတ့် သတ္ထံ။ (သိ၊ ဋီ၊ သစ်၊ ၁။ ၃၂၇။)

ဝစနာဒိဆက္က

၁။ ။'သတ္ထံ' ဟူသော နိပ္ဖန္နသည် 'ဝစန' မည်၏။

၂။ ။'သသတိ ဟိံသတိ အနေန' ဟူသော ဝိဂြိုဟ်ဝါကျသည် 'ဝစနတ္ထ' မည်၏။

၃။ ။ညွှင်းဆဲခြင်း ကြိယာသဂတ်သည် 'ဝစနဟေတု' မည်၏။

၄။ ။'ဇာတိ' သဒ္ဒါသည် 'ဝစနဟေတုဇောတက' မည်၏။

၅။ ။လေးတောင်ရှိသော တုတ်မှ ကြွင်းသော အလုံးစုံသော အဆောက်အဦပြုပ်သည် 'ဝစနီယ' မည်၏။

၆၊ ။အာဒုံ, ဟေတိ' စသော ပရိယာယ်သဒ္ဒါများသည် 'ဝစနီပတ္ထ' မည်၏။

၅။ ။ဟိတ်၏သမ္မန်။ ။'ဝိဟဒ္ဓနဘာဝတော' ဟူသော ဟိတ်၏ သမ္မန်ကား 'သဗ္ဗဿာပိ အာဝေသသဿ ဥပကရဏဿ' ဖြစ်ပါသည်။

စာစပ်။ ။'သဗ္ဗဿာပိ အာဝေသသဿ ဥပကရဏဿ' ကား '၏' ဟူ၍ အနက်ပေးသောကြောင့် 'ဝိဟဒ္ဓနဘာဝတော' ဝယ် 'ဘာဝ' ဟူသော ပုဒ်ကိုက်၍ သမ္မန်, သတ္တိပစ္စည်း၊ 'ဘာဝ' ဟူသော ပုဒ်တစ်ခုတည်းသမ္မန်, သတ္တိ။

'သဗ္ဗဿာပိ အာဝေသသဿ ဥပကရဏဿ' ကား 'သည်' ဟူ၍ အနက်ပေးသောကြောင့် 'ဝိဟဒ္ဓနဘာဝတော' ဝယ် 'ဝိဟဒ္ဓန' ဟူသော ဘာဝယောဂပုဒ်၌ ဝါစွတုလျက်၊ 'ဝိဟဒ္ဓန' ဟူသော ဘာဝယောဂပုဒ်ကား ဝါစကလိင်တ်။

၆။ ။(က) ပုတ်ဝါကျ သံဝဏ္ဏနာ

'နိကွိတ္တဒဇ္ဇော နိကွိတ္တသတ္ထော' ဟူသော သံဝဏ္ဏနာသည် 'နိဟိတ' ဟူသော သံဝဏ္ဏေတပ္ပပုဒ်၌ 'နိ' ပုဗ္ဗ'ဓာ' ဓာတ်သည် နိဂ္ဂဟအနက်ကို ဟောသတည်းဟု ကိတ်ဓာတ်၏ အနက်ကို ဖွင့်သောကြောင့် ဒုတိယဓာတ္ထတ္ထသံဝဏ္ဏနာ, 'နိ' ဥပသာရပုဒ်သည် ဓာတ္ထတ္ထဝိသေသကတည်း ဟု ဥပသာရဖြစ်သော လိင်အနက်ကို ဖွင့်ဒသောကြောင့် ဥပသဂ္ဂလိင်တ္ထသံဝဏ္ဏနာ ဖြစ်ပါသည်။

'ပဏ္ဍပဿဘတ္ထဘယ ဒဏ္ဍံ ဝါ သတ္ထံ ဝါ အာဒါယ အဝတ္ထုနတော' ဟူသော သံဝဏ္ဏနာသည် 'နိဟိတဒဇ္ဇော နိဟိတသဒ္ဒတ္ထော' ဟူသောစကားကို အဋ္ဌာပတ္တိ၏ အခွင့်းဖြင့် တားကုန်သော သတ္တဝါတို့ကို ညှင်းဆဲနှိပ်စက်ဖျက်ဆီးခြင်းမှ ခရာဝ်ကြဉ်ဘော်မူသည်၏ အဖြစ်ကို ပြခြင်းအကျိုးငှါ ဟာဒဘော်မူသတည်း' ဟု အဒိပ္ပါယ်ရ အနက်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ ဖြစ်ပါသည်၊(ဋီကာဆရာတို့ အာဇာဝ်၊) [သီ၊ ဋီ၊ ဘ၊ ဘဘ၅၊ သီ၊ ဋီ။ သစ်၊ ဘ၊ ၃၂၇။] (တန်းညီး)'(လက်ဖြင့် စွဲကိုင်အပ်သော ဘောင်ဝှေး, ဓား စသော လက်နက်ကို လက်မှ ချသောကြောင့် မြတ်စွာဘုရားသည် နိဘိဘဒဇ္ဇော, နိဟိတသတ္ထမည်သည် မဟုတ်) တပါးကုန်သော သတ္တဝါတို့ကို ညှင်းဆဲနှိပ်စက်ဖျက်ဆီးခြင်းအကျိုးငှါ ဘောင်ဝှေးကိုသော်လည်းကောင်း, ဓားစသောလက်နက်ကိုသော်လည်းကောင်း ကိုင်၍ လှည့်လည်ခဲ့ဘော် မမူခြင်းကြောင့် မြတ်စွာဘုရားသည် နိဟိဘဒဇ္ဇော, နိဟိတသတ္ထော

မည်သတည်း' ဟု အဓိပ္ပါယ်ရအနက်ကို ဖွင့်သောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ ဖြစ်ပါသည်။ (ဂဏ္ဌိဆရာ အာဘော်သွား) [ဂဏ္ဌိ။ ၁၉၉။]

(ခ) မှတ်ဝါကျအာဘောဂ

'ဝိဟေဋနဘာဝတော' ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် 'သတ္ထံ' ဟူသော သံဝဏ္ဏေတမ္ပပုဒ်၌၊ 'သသ(သသု)' ဓာတ်၏ ဟိံသာအနက်ဟော၏ အဖြစ်, 'ထ' ပစ္စည်း၏ ကရိဏ်းအနက်ဟော၏ အဖြစ်, (တနည်း) 'သံတ္ထံ' ပုဒ်ကို 'သသတိ ဟိံသတိ အနေနာတိ သတ္ထံ' ဟု ကရဏသာဓနဝစနတ္ထ ပြုရ မည်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။

'သတ္ထာနံ' ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် 'ဝိဟေဋနဘာဝတော'၌ 'ညှင်းဆဲခြင်း' ဟူသည် သတ္တဝါတို့ကို ညှင်းဆဲခြင်းပင်တည်းဟူသော အဓိပ္ပါယ်ကို အဋ္ဌကထာဆရာ သိစေပါသည်။

'ထဓေပတ္ထာ ဒဏ္ဍံ သမ္ဘမ္မိ အဝသေသံ ဥပကရဏံ သတ္ထန္တိ ဝေဒိတမ္ပံ' ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် 'သတ္ထ' အရ ပါရိသေသနည်းအားဖြင့် ၄-တောင်ရှိသော တုတ်မှ ကြွင်းသော အလုံးစုံသောအဆောက်အဦကို ယူရ မည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။

၇။ ။[ဤနံပါတ်(၇)အဖြေ နိဂ္ဂဟိတ်နည်းဖြင့် ရုပ်ပြီးပုံကို ၁၃၂၀-ခုနှစ် သီလက္ခန္ဓဝဂ္ဂ အမှတ်(၂) နံပါတ်(၇) အဖြေ ရှုပါ။]

၈။ ။'ဒဏ္ဍ' အရနှင့် 'သတ္ထ' အရ

'ဒဏ္ဍ' အရကား မဋ္ဌိမပုရိသ၏ ၄-ဘောင်ပမာဏရှိသော တုတ် ရှုပါသည်။ 'သတ္ထ' အရကား မဋ္ဌိမပုရိသ၏ ၄-တောင်ပမာဏရှိသော တုတ်မှ ကြွင်းကုန်သော ဓဆောက်ပုတ်(ဝါးရင်းတုတ်)သံလျက်စသည်တို့ ရပါသည်။

[ဓထောက်ဘွယ်။ ။မဋ္ဌိမဿ ပုရိသဿ စတုဟတ္ထပ္ပမာဏော ဓော ဓေတ္ထ ဒဏ္ဍော။ တဒဝသေသော မုဂ္ဂရဓာဂ္ဂါဒယော သတ္ထံ။ သီ၊ ဋီ၊ သစ်၊ ၁။ ၃၂၇၊]

၉။ ။ဂါထာဖွဲ့သီပုံ

နု ဟိ အညျုပသဲ့ဝတာယ၊ စရ အာဒါယ ဒဏ္ဍာဒိံ။
နိက္ခိတ္တဒဏ္ဍသတ္တောတိ၊ ဘိက္ခုသံယေ ဂတော သဒ္ဒံ။
မှတ်ချက်။ ။ဤဂါထာကား 'ဝတ္တဂါထာ' ဖြစ်ပါသည်။

[ယောဇနာပုံ။ ။'ဟိ-ယသ္မာ ဒဏ္ဍာဒိ' အညူပယဝါတာယ အာဒါယ စရာ နှ၊ တသ္မာ ဘိက္ခု သံယော နိက္ခိတ္တာဒဏ္ဍ သတ္ထာတိ သင်္ခံ ဂတော'ဟု ယောဇနာ။]

၁၀။ ။ဘာဝါဃက်ဝရ ထုတ်ပုံ။

၁။ ။'ဝိဟေဌန'၌ 'ဟေဌ' ဓာတ်၏ အရ သတ္တဝါတို့ကို ညှင်းဆဲနှိပ်စက်သော သူ၏ သန္တာန်၌ ဖြစ်သော ဒေါသပြဓာန်းသော အကုသိုလ် စိတ္တုပ္ပါဒ်သည် 'ကောဓဌာယိဘာဝ, ရူဒ္ဓရသ' မည်၏။

၂။ ။ညှင်းဆဲနှိပ်စက်အပ်သော သတ္တဝါတို့သည် 'အာရမ္မဏဝိဘာဝ' မည်၏။

၃။ ။သတ္တဝါတို့၏ အမှုအရာသည်ရင်း, ဓါးစသော ညှင်းဆဲနှိပ်စက်ကြောင်းဖြစ်သော အဆောက်အဦသည်ရင်း, အယောနိသောမနသိကာရသည်ရင်း 'ဥဒ္ဒိပနဝိဘာဝ' မည်၏။

၄။ ။အတ္တာနုဝါဒဘေး, ပရာနုဝါဒဘေး, ဒဏ္ဍဘေး, ဒုဂ္ဂတိဘေး တို့သည် 'အနုဘာဝ' မည်၏။

၁၃၃၁-ခုနှစ် ဓမ္မာစရိယတန်း
သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ် (၁) မေးခွန်း

၁။ ။'ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ ဒသသဟဿီ လောကဓာတု အာကမ္ပိတ္ထ'ကို 'ဘညမာနေ'၏ ကတ္တားထည့်လျက် အနက် ယောဇနာခဲ့ပါ။

၂။ ။'သော ပရသတ္တာနံ ပရပုဂ္ဂလာနံ စေတသာ စေတော ပရိစ္စ ပဇာနာတိ၊ သရာဂံ ဝါ စိတ္တံ 'သရာဂံ စိတ္တ'န္တိ ပဇာနာတိ'ကို အနက် အားဖြင့် အာကာရ အပြင်ထုတ်လျက် အနက်ယောဇနာခဲ့ပါ။

၃။ ။'အထ ခေါ ဘဂဝါ အဓိရပက္ကန္တာယ ရတ္တိယာ မာဂဓာယ အဇာတသတ္တုယ ဝေဒေဟိပုတ္တာယ ဘိက္ခူ အာမန္တေသိ'ကို အနက်ယောဇနာခဲ့ပါ။

၄။ ။'ဝိညာဏံ အနိဒဿနံ၊ အနန္တံ သပ္ပဇောပဘံ။
ဇွတ္ထ အာပေါ စ ပဌဝီ၊ တေဇော ဝါယော န ဂါဓတိ' ကို အနက်ယောဇနာခဲ့ပါ။

၅။ ။'သတေဟိ ပဠုဟိ ကတာ၊ဇေတန 'ပဠုသတာ'တိ စ။
ဇေထရေဟေဝ ကတတ္တာ စ၊ 'ဇေရိကာ' တိ ပဝုစ္စတိ' ကို သဒ္ဒါအား‌ဖြင့် အာကာရ အပြင်ထုတ်လျက် အနက်ယောဇနာခဲ့ပါ။

၆။ ။'တသ္မံ ရာဇဂဟာသ စ နာဠန္ဒာယ စ ဝိဝရေတိ ဇေမေတ္ထ ဇွတ္ထာ ပေဒိတပ္ပေါ။ အန္တရာသဒ္ဒေန ပန ယုတ္တတ္တာ ဥပယောဂဝစနံ ကတံ'ကို အနက်ယောဇနာခဲ့ပါ။

၇။ ။'တသ္မာ ဒ္ဝါသဋ္ဌိယာ ဒိဋ္ဌဂတေသု ဝိနိဇေဇ္ဈတ္တာ ဒေသိယမာနေသု တဿ တဿ ဒိဋ္ဌဂတဿ ပရိယောသာနေ ပရိယောသာနေတိ ဒ္ဝါသဋ္ဌိယာ ဌာနေသု အက်မ်ိတ္ထာတိ ဝေဒိတပ္ပာ'ကို အနက်ယောဇနာခဲ့ပါ။

၈။ ။'တသ္မာ အကလျာဏဇနံ၊ အာသီဝိသမိဇေါရုဂံ၊
အာရကာ ပရိဝဇ္ဇယျ၊ ဘူတိကာမော ဝိစက္ခဏော'ကို အနက်ယောဇနာခဲ့ပါ။

၉။ ။'ကာမဠု ဂုဏဝိဓိကောပိ ခီဏာသဝသာမဏေရော ပုထုဇ္ဇန ဘိက္ခုနော ဝုဏ္ဏနယေန ပရိစာရကော ဟောတိ' ကို အနက်ယောဇနာခဲ့ပါ။

၁၀။ ။'ဇေတ္ထ အာပေါ စာတိ ဇေတ္ထ နိပ္ပဇာနေ ဣဒံ နိပ္ပဇာနံ အာဂမ္မ သပ္ပမေဘံ 'အာပေါ' တိ အာဒိနာ နယေန ဝုတ္တံ ဥပါဒိန္နကဓမ္မဇာတံ နိရုဇ္ဈတိ'ကို အနက်ယောဇနာခဲ့ပါ။

၁၃၁၁-ခုနှစ် ဓမ္မာဓရိယတန်း
သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ်(၁) အဖြေ

၁။ ။['ဘဂဝတာ' ဟု ကတ္တား ထည့်၍ 'သျှ' အာဘိုင်း ယောဇနာ။ ။ ပါ။ ၄၃။ ပါ၊ သျှ။ ၁၀၄။ ပါ၊ သျှ၊ သစ်။ ၁၆၅။]

၂။ ။**အနက်အား‌ဖြင့် အာကာရ အပြင်ထုတ်လျက် အနက်ယောဇနာ**
ခသော ဘိက္ခု၊ ထိုရဟန်းသည်၊ ပရသတ္တာနံ၊ တပါးသော သတ္တဝါ

တို့၏၊ ပရပုဂ္ဂလာနံ၊ တပါးသော ပုဂ္ဂိုလ်တို့၏။ စေတော၊ စိတ်ကို။ စေတသာ၊ မိမိစိတ်ဖြင့်။ ပရိစ္စ၊ ပိုင်းခြားချ။ ပဇာနာတိ၊ အပြားအားဖြင့် သိ၏၊ သရုဂံ၊ ရာဂနှင့် တကွ ဖြစ်သော။ ဝါ၊ ရာဂရှိသော။ စိတ္တံ ဝါ၊ ရှစ်ပါးသော လောဘမူစိတ်ကိုသော်လည်း။ ပဇာနာတိ၊ အပြားအားဖြင့် သိ၏။ ကိံ။ အဘယ်သို့၊ ပဇာနာတိ၊ အပြားအားဖြင့် သိသနည်း။ ဣဒံ စိတ္တံ၊ ဤရှစ်ပါးသော လောဘမူစိတ်သည်။ သရုဂံ၊ ရာဂနှင့် တကွ ဖြစ်သော။ ဝါ၊ ရာဂရှိသော။ စိတ္တံ၊ စိတ်တည်း။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ အပြားအားဖြင့် သိသတည်း။ [ပါ။ ၃၅။ ပါ၊ သျ။ ၁၃၆။ ပါ၊ သျ၊ သစ်။ ၂၃၆။]

၃။ ။[ပါ။ ဂ၁။ ပါ၊ သျ။ ၁ဂဂ။ ပါ၊ သျ၊ သစ်။ ၂၉ဂ။]

၄။ ။[ပါ။ ၂၁၃။ ပါ၊ သျ။ ၄၅၂။ ပါ၊ သျ၊ သစ်။ ၆၂၀။]

၅။ ။**သဒ္ဓါအားဖြင့် အာကာရ အပြင်ထုတ်လျက် အနက်ယောဇနာ**ယေန ကာရဏေန၊ အကြင်အကြောင်းကြောင့်။ ပဋ္ဌဟိ သတေဟိ၊ ငါးရာသော ရဟန္တာတို့သည်။ ဂဟဋ္ဌာ၊ ပြုအပ်ပြီ။ တေန ကာရဏေန၊ ငါးရာသော ရဟန္တာတို့သည် ပြုအပ်သည်၏ အဖြစ် ဟူသော ထိုအကြောင်းကြောင့်။ ပဂုဏ်တိ၊ အပြားအားဖြင့် ဆိုအပ်၏။ ကိံ၊ အဘယ်သို့။ ပဝုစ္စတိ၊ အပြားအားဖြင့် ဆိုအပ်သနည်း။ ပဋ္ဌသတာတိ စ၊ 'ပဋ္ဌသတာ'ဟူ၍လည်း။ ပဝုစ္စတိ၊ အပြားအားဖြင့် ဆိုအပ်သတည်း။ ပဋ္ဌသတာ၊ ငါးရာသော ရဟန္တာတို့သည် ပြုအပ်သော သင်္ဃိတိ။ (အာကာရပါဌ်ကို သိုးသန့်ယောဇနာ။) ထေရေဟေဝ၊ ထေရ်တို့သည်သာလျှင်။ ကတတ္တာ၊ ပြုအပ်သည်၏ အဖြစ်ကြောင့်။ ပဝုစ္စတိ၊ အပြားအားဖြင့် ဆိုအပ်၏။ ကိံ၊ အဘယ်သို့။ ပဝုစ္စတိ၊ အပြားအားဖြင့် ဆိုအပ်သနည်း။ ထေရိကာတိ စ၊ 'ထေရိကာ'ဟူ၍လည်း။ ပဝုစ္စတိ၊ အပြားအားဖြင့် ဆိုအပ်သတည်း။ ထေရိကာ၊ ထေရ်တို့သည် ပြုအပ်သော သင်္ဃိတိ။ [ဋ္ဌ။ ၂၆။ ဋ္ဌ၊ သျ၊ ၁။ ၉၅။ ဋ္ဌ၊ သျ၊ သစ်၊ ၁။ ၁၉၆။]

၆။ ။[ဋ္ဌ။ ၃၅။ ဋ္ဌ၊ သျ၊ ၁။ ၁၂ဂ။ ဋ္ဌ၊ သျ၊ သစ်၊ ၁။ ၂၅၂။]

၇။ ။[ဋ္ဌ။ ၁၁၉။ ဋ္ဌ၊ သျ၊ ၁။ ၃၉၅။ ဋ္ဌ၊ သျ၊ သစ်၊ ၁။ ၅၄၂။]

၈။ ။[ဋ္ဌ။ ၁၅၀။ ဋ္ဌ၊ သျ၊ ၂၊ ဂ၄၊ ဋ္ဌ၊ သျ၊ သစ်၊ ၂။ ၉၂။]

[၅။ ။[ဋ္ဌ။ ၂၄၀။ ဋ္ဌ၊ သျှ၊ ၂။ ၃၂၃။ ဋ္ဌ၊ သျှ၊ သစ်။ ၂။ ၄၀၂]

[၁၀။ ။။[ဋ္ဌ။ ၃၂၅။ ဋ္ဌ၊ သျှ၊ ၂။ ၁၃၄။ ဋ္ဌ၊ သျှ၊ သစ်၊ ၂။ ၆၂၆။]

၁၃၃၁-ခုနှစ် ဓမ္မာစရိယတန်း
သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ်(၂) မေးခွန်း

(က) ကွမသို့ဥပန ဝေယျာကရဏသို့ကို ကွမသို့ နိဂ္ဂါထကသုတ္တော။
(ခ) နိဂ္ဂါထကတ္တာ ဟိ ကွဒံ 'ဝေယျာကရဏ' ကို ဝုတ်ံ။
(ဂ) ဒသသဟဿီ လောကဓာတူတိ ဒသသဟဿစက္ကဝါဠပရိမာဏာ လောကဓာတု။
(ဃ) အကမ်ိတ္ထာတိ နု သုတ္တပရိယောသာနေယေဝ အကမ်ိတ္ထာတိ ဝေဒိတဗ္ဗာ။
(င) 'ဘညမာဓေန' တိ ဟိ ဝုတ်ံ။

၁။ ။(ဃ) (င) အမှတ်ပြဝါကျကို့ကို ဝါကျ အပြန်အလှန် အနက်ယောဇနာခဲ့ပါ။

၂။ ။(ဂ) မှတ်ပြဝါကျကို အဓိပ္ပါယ်ပြန်နှင့် တကွ ဓစာဒနာတက်တက်ခဲ့ပါ။

၃။ ။(ဃ) (င) အမှတ်ပြဝါကျမျာ်း၌ ဓစာဒကာဓောဂါဒိစတုက္ကထုတ်ပြခဲ့ပါ။

၄။ ။(င) အမှတ်ပြဝါကျ၌ ပါသော 'ဝုတ်ံ' ကို ဝိဂ္ဂဟပြုပြီးလျှင် ၎င်း၌ ဝစနာဒိဆက္ကကို ထုတ်ပြခဲ့ပါ။

၅။ ။(ခ) အမှတ်ပြဝါကျ၌ ပါသော 'နိဂ္ဂါထကတ္တာ' ဟူသော ဟိတ်၏ သမ္ဗန်ကို ခံပြုလျက် စာစပ်ပြီး ဘာဝသမ္ဗန်ပုဒ်၏ ဝစ္စတ္ထကိုလည်း ထုတ်ပြခဲ့ပါ။

၆။ ။(က) အမှတ်ပြဝါကျကို အဋ္ဌကထာဓောဂဖေါ်ပြလျက် သံဝဏ္ဏနာအမည် ပေးခဲ့ပါ။

၇။ ။(ဂ) အမှတ်ပြဝါကျ၌ ပါသော 'လောက' ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖြေခဲ့ပါ။

၈။ ။ဗြဟ္မဇာလသုတ်ကို ဟောတော်မူရာ၌ မြေလှုပ်ရာအခါနှင့် မြေလှုပ်သော အကြိမ်ကို ဖြေဆိုခဲ့ပါ။

၉။ ။'ဧဝံ ယဿာနုဘာဝေန၊ အကမ္ပိတ္ထ အနေကသော။ မေဒနီ သုတ္တမေသဋ္ဌဿ၊ ဒေသိတဿ သယမ္ဘုနာ' ဟူသော ဂါထာကို ဂါထာအမည်, ဆန်းအမည် ပေးခဲ့ပါ။

၁၀။ ။(၉) နံပါတ် ပုစ္ဆာဂါထာ၌ 'ဒေသိတဿ' ဝယ် 'ဒိသ'ဓာတ်၏ အရကို ကိုယ်ပြု၍ ဘာဝ, ဝိဘာဝ, အနုဘာဝ စုံလင်စွာ ထုတ်ပြခဲ့ပါ။

၁၃၁၁-ခုနှစ် ဓမ္မာစရိယတန်း
သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ် (၂) အဖြေ

၁။ ။['သျ၊ သစ်' အတိုင်း ယောဇနာ။ ။ဌ။ ၁၁၉။ ဌ၊ သျ၊ ၂။ ၃၉၆။ ဌ၊ သျ သစ်၊ ၁။ ၅၄၂။]

၂။ ။(က) မှတ်ဝါကျ (ဒေါသာရောပန) စောဒနာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)(ခ) မှတ်ဝါကျတို့ဖြင့် 'ဣမသ္မိဉ္စ ပန ဝေယျာကရဏသ္မိ'' ဟူသော သံဝဏ္ဏနာဘဗ္ဗပုဒ်၏ အဖွင့်သံဝဏ္ဏနာကို ပြဆိုခဲ့တော်မူ၏(ဌပနာ)။ 'ဒဿသဟဿီ လောကဓာဟု' ဟူသော သံဝဏ္ဏနာဘဗ္ဗပုဒ်၏ အဖွင့်သံဝဏ္ဏနာကား အဘယ်ပါနည်း (စောဒနာ)။ 'ဒဿသဟဿီ လောကဓာတု' ဟူသော သံဝဏ္ဏနာဘဗ္ဗပုဒ်၏ အဖွင့်သံဝဏ္ဏနာကို မပြဆိုက ဆရာ၌ စကားမပြန်နိုင်သော အဗျာပိတဒေါသ ရောက်ရာ၏(ဒေါသ)။ ဤသို့စောဒနာဘွယ်ရှိ၍ ထိုစောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာသည် (ဂ) မှတ်ဝါကျကို မိန့်။

အဓိပ္ပါယ်ကား။ ။(ဂ)မှတ်ဝါကျဖြင့် 'ဒဿသဟဿီ လောကဓာတု' ဟူသော သံဝဏ္ဏနာဘဗ္ဗပုဒ်၏အဖွင့်သံဝဏ္ဏနာကို ပြဆိုသောကြောင့် သင်္ဘင်္တိုင်းသော အဗျာပိတဒေါသ ဂါဌ် မဒရောက်-ဟူလိုသော်။

['စောဒနာတက်' ဟု သာမညမေးရာ၌။ ။ဤမေးခွန်းသည် 'သာဝေါဂစောဒနာ, ဒေါသာရောပနစောဒနာ' ဟု စောဒနာ ၂-မျိုးယူသော ဂါဒသို့ မလိုက်ဘဲ၊ 'ဒေါသ မပါလျှင် ပုစ္ဆာ, ဒေါသ ပါလျှင် စောဒနာ' ဟု စောဒနာတမျိုးတည်းယူသော ဝါဒသို့လိုက်၍ မေးသော မေးခွန်းဖြစ်သည်။ 'စောဒနာတက်'ဟု သာမညမေးသော မေးခွန်းတိုင်း၌ နည်းတူသိပါ၊ အမှန်မှာ မေးခွန်းသဘျာမှုနည်းခြင်းသာ၊ နာနာဝရိယ

နာနာဝါဒများပြားလှ၍ ဒေါသပါစေလိုလျှင်'ဒေါသာဏောပန စောဒနာတက် တက်ပြီခဲ့ပါ' ဟု ဝိသေသန မ,မေးရမည်။]

၃။ ။စောဒကာဘောဂါဒိစတုက္က

၁။ ။နန္ဒ နဒါသဒ္ဒိယာ ဌာနေသု အကမ္ပိတ္ထာတိ ပါဠိယံ ဝုတ္တံ (စောဒကာဘောဂ)။

၂။ ။အထ ကသ္မာ နု သုတ္တပရိယောသာနေဝ အကမ္ပိတ္ထာတိ ဝေဒိတမ္ပာ (ဒါသဒ္ဒိယာ ဌာနေသု အကမ္ပိတ္ထာတိ ဝေဒိတမ္ပာ)(စောဒနာ)။

၃။ ။နန္ဒ 'ဘညမာနေ'တိ (ဝတ္တမာနကာလဝသေန) ဝုတ္တံ (ပရိဟာဏဘောဂ)။

၄။ ။တသ္မာ နု သုတ္တပရိယောသာနေဝ အကမ္ပိတ္ထာတိ ဝေဒိတမ္ပာ (ဒါသဒ္ဒိယာ ဌာနေသု အကမ္ပိတ္ထာတိ ဝေဒိတမ္ပာ) (ပရိဟာရ)။

၄။ ။ဝိဂုဟ။ ။အဝုစ္စိတ္ထာတိ ဝုတ္တံ။

ဝစနာဒိဆက္က

၁။ ။'ဝုတ္တံ' ဟူသော နိပ္ဖန္နသည် 'ဝစန' မည်၏။

၂။ ။'အဝုစ္စိတ္ထ' ဟူသော ဝိဂြိဟ်ဝါကျသည် 'ဝစနတ္ထ' မည်၏။

၃။ ။ဆိုခြင်း ကြိယာသကတ်သည် 'ဝစနဟေတု' မည်၏။

၄။ ။'ဣတိ'သဒ္ဒါသည် 'ဝစနဟေတုဇောတက' မည်၏။

၅။ ။ဆိုအပ်သော 'ဘညမာနေ' ဟူသော သဝိညတ္တိကဝစီဘေဒသဒ္ဒါဖြစ်သည် 'ဝစနီယ' မည်၏။

၆။ ။'ဥတ္တံ'စသော ပရိယာယ်သဒ္ဒါများသည် 'ဝစနီယတ္ထ' မည်၏။

၅။ ။ဟိတ်၏ သမ္ဗန်။ ။'နိဂ္ဂါထကတ္တာ' ဟူသော ဟိတ်၏ သမ္ဗန်ကား 'ဣမဿ သုတ္တဿ' ဖြစ်ပါသည်။

စဝစပ်။ ။'ဣမဿ သုတ္တဿ'ကား '၏'ဟူ၍ အနက်ပေးသောကြောင့် 'နိဂ္ဂါထကတ္တာ'ဝယ် 'တ္တ'ပစ္စည်း၌ သမ္ဗန်, သတ္တိမန္တ၊ 'က္က' ပစ္စည်းကား သမ္ဗန္ဓိ,သတ္တိ၊

'ကျမဿ သုတ္တဿ'ကား 'သည်'ဟူ၍ အနက်ပေးသောကြောင့် 'နိဂ္ဂါထကတ္တာ'ဝယ် 'နိဂ္ဂါထက'ဟူသော ဘာဝယောဂပုဒ်၌ ဝါစ္စ, တုလျတ်၊ 'နိဂ္ဂါထက'ဟူသော ဘာဝယောဂပုဒ်ကား ဝါစကလိင်္ဂတ်။ ဝါစ္စတ္ထ။ ။ဘာဝသမ္ဗန်ပုဒ်၏ ဝါစ္စတ္ထကား 'ကတ္တုတ္ထ' ဖြစ်ပါသည်။ ['နိဂ္ဂါထက'ပုဒ် ဗဟုဗ္ဗီဟိသမာသ်ပုဒ် ဖြစ်သည်ကို သတိပြု။]

၆။ ။(က)မှတ်ဝါကျ အာဘောဂနှင့် သံဝဏ္ဏနာ

'နိဂ္ဂါထကသုတ္တော' ဟူသော သံဝဏ္ဏနာပါဠ်ဖြင့် ပုစ္ဆာ, ဝိဿဇ္ဇနာ၏ အစွမ်းအားဖြင့် ဖြစ်သော သဂါထကသုံတ်သည် ဝေယျာကရဏ မမည်၊ ပုစ္ဆာ, ဝိဿဇ္ဇနာ၏ အစွမ်းအားဖြင့် ဖြစ်သော နိဂ္ဂါထကသုတ်သည်သာ ဝေယျာကရဏမည်၏ ဟူသော အဓိပ္ပာယ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

(တနည်း) 'နိဂ္ဂါထကသုတ္တော' ဟူသော သံဝဏ္ဏနာပါဠ်ဖြင့် 'ဝေယျာကရဏသ္မိ'ဒ်၌ ဝေယျာကရဏအရ ပုစ္ဆာ, ဝိဿဇ္ဇနာ၏ အစွမ်းအားဖြင့် ဖြစ်သော သဂါထတသုတ်ကို မယူရ၊ ပုစ္ဆာ,ဝိဿဇ္ဇနာ၏ အစွမ်းအားဖြင့် ဖြစ်သော နိဂ္ဂါထကသုတ်ကို ယူရမည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ သရုပ်ကြား အာဘီဓေယျတ္ထသံဝဏ္ဏနာ။

မှတ်ချက်။ ။ရှေ့နည်းသာ သုန္ဒရတရ။

'ကျမသ္မိံ နိဂ္ဂါထကသုတ္တော' ဟူသော သံဝဏ္ဏနာပါဠ်ဖြင့် 'ရှိဒါမပြု၊ အနတ္တ'နှင့် အညီ 'စ' နိပါတ်ပုဒ်, 'ပန' နိပါတ်ပုဒ်တို့၏ ပဒပူရဏ တို့၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ နိပါတလိင်္ဂတ္ထ သံဝဏ္ဏနာ။

၇။ ။နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံ

'လောက'ကား 'လုဇ'ဓာတ်, 'ဏ'ပစ္စည်း၊ 'ဉ'ကို 'သြ'ပြု၍ 'လောဇ' ဟု ဆိုလိုလျက် 'ဇ'ကို 'ဂ' ပြုခြင်း ဝဏ္ဏဝိကာရ, 'ဂ'ကို 'က' ပြုခြင်း ဝဏ္ဏဝိကာရ နိရုတ္တိနည်းဖြင့် 'လောက'ဟု ပြီးပါသည်။ (တနည်း)'ဇ'ကို 'က'ပြုခြင်း ဝဏ္ဏဝိကာရ နိရုတ္တိနည်းဖြင့် 'လောက'ဟု ပြီးပါသည်။

[ဆောက်ဘွယ်။ ။လုဇ္ဇတီတိ လောကော၊ ဂဿ ကော၊ ဇဿ ဝါ။ အာဘိဓာန်ဋီကာ။ ၁ဂ၆။]

၈။ ။မြေလှူပ်ရာအခါ။ ။၆၂-ပါးသော မိစ္ဆာအယူတို့ကို ဖြေရှင်း၍ ဟောတော်မူအပ်ကုန်သည် ရှိသော် ထို့ထို မိစ္ဆာအယူ ပြီးဆုံးတိုင်းပြီးဆုံးတိုင်းသော အခါသည် ပြဟ္မဇာလသုတ်ကို ဟောတော်မူရာ၌ မြေလှူပ်ရာအခါဖြစ်ပါသည်။

မြေလှုင်သော အကြိမ်။ ။မြေလှူပ်သော အကြိမ်ကား ၆၂-ကြိမ်ဖြစ်ပါသည်။ (အဋ္ဌကထာ)

၉။ ။ဂါထာအမည်။ ။ဂ'ါထာအမည်ကား 'ပထျ၀ဝတ္ထုဂါထာ' ဖြစ်ပါသည်။

ဆန်းအမည်။ ။ဆန်းအမည်ကား 'အနုဋ္ဌုဘဆန်း' ဖြစ်ပါသည်။

၁၀။ ။ဘာ၀ါလင်္ကာရ ဆုတ်ပုံ

၁။ ။'ဒိသ'ဓာတ်၏ အရ ဘုရားရှင်၏ သန္တာန်၌ ဖြစ်သော ဒေသနာဉာဏ်ပြောနှင်းသော စိတ္တုပ္ပါဒ်သည် 'ဓမ္မရတိဌာယိဘာ၀, ဓမ္မသိင်္ဂါရရသ' မည်၏။

၂။ ။ပြဟ္မဇာလသုတ်တရားတော်သည် 'အာရမ္မဏဝိဘာ၀' မည်၏။

၃။ ။ပြဟ္မဇာလသုတ်၏ အာဒိကလျာဏ စသော ဂုဏ်သည် 'ဥဒ္ဒိပနဝိဘာ၀' မည်၏။

၄။ ။အကြိမ်များစွာ မြေလှုပ်ခြင်းသည် 'အနုဘာ၀' မည်၏။

၁၃၇၂-ခုနှစ် ဓမ္မာစရိယတန်း
သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ် (၁) မေးခွန်း

၁။ ။'သန္တိ ဘိက္ခ၀ေ ဧကေ သမဏပြာဟ္မဏာ အဓိစ္စသမုပ္ပန္နိကာ အဓိစ္စသမုပ္ပန်ံ အတ္တာနဉ္စ လောကဉ္စ ပညပေန္တိ ဒိဋ္ဌိဟိ ၀တ္ထု။ဟိ'ကို အနက်ယောဇနာခဲ့ပါ။

၂။ ။'ဥပသက်မိတ္ထာ ဗိ၀ကံ ကေ၀မာရဘစ္စံ တေဒ၀ေါစ 'ကဟံ ပန သမ္မ ဗီ၀က ဘဂ၀ါ' တိ' ကို 'အ၀ေါစ' ၏ကတ္တားကို ဝိဂ္ဂဟသနစုံစွာဖြင့် ကည့်ပြီး အနက်အားဖြင့် အာကာရ အပြင်ထုတ်လျက် ယေ:ဇနာပါ။

၃။ ။'ခဘ္တိဒယာ သေဋ္ဌော ဇနေတသ္မိ', ယေ ဂဂါတ္တပဋိသာရိနော။ ဝိဇ္ဇာစရဏသမ္ပန္နော, သော သေဋ္ဌော ဒေဝမာနုသေ်' ကို နိယမာနိယမထည့်စွက် အနက်ပေးခဲ့ပါ။

၄။ ။'အတ္တာနော အာယတိကောပိ အပရိပူရမာနော'ကို အာလုပ်ပုဒ်ထည့်သွက် (၉)နံပါတ်ပုစ္ဆာ အဋ္ဌကထာအား လျော်စွာ ယောဇနာပါ။

၅။ ။'တဘိယံ ရာဂါဒိပဋိပက္ခဘူတော နာမရူပပရိစ္ဆေဒေါ ဇတ္ထာကာသိ, တာဘိ နာမရူပပရိစ္ဆေဒကထံ တိ ဝုစ္စတီ'ကို 'ဇတ္ထာ'အစဲ့မှန်ကန်စေလျက် အနက်ယောဇနာခဲ့ပါ။

၆။ ။'သာ ပရိသာ အတ္တာနော စ သိက္ခိတသိက္ခတာယ, သတ္ထရိ စ ဂါရဝေနာတိ ဒ္ဝီဟိ ကာရဏေဟိ နိဝါတေ ပဒီပသိခါ ဝိယ နိစ္စလာ သန္နိသိန္နာဝ အဟောသိ' ကို ဝါကျအပြန်အလှန် အနက်ယောဇနာခဲ့ပါ။

၇။ ။သမ္မဟုလာနန္တိ ဗဟုကာနံ၊ တတ္ထ ဝိနယပရိယာယေန တယော ဇနာ 'သမ္မဟုလာ' တိ ဝုစ္စန္တိ' ကို သဗ္ဗနာမ်အစဲ့ မလဲ့စေဘဲ 'ဝုစ္စန္တိ' ၏ ကတ္တားဆည့်၍ အာကာရ အပြင်ထုတ်လျက် အနက်ယောဇနာပါ။

၈။ ။'ရာဂဝိရာဂမနေဇမသောကံ၊ ခမူမသင်္ခတမပ္ပဋိကူလံ။ မဓုရမိမံ ပဂုဏံ သုဝိဘတ်တွံ၊ ခမူမိမံ သရဏတ္တမုပေဟိ' ကို အနက်ယောဇနာခဲ့ပါ။

၉။ ။အတ္တာနော အာယတိကောပိ အပရိပူရမာနောတိ အတ္တာနော ဝိဇ္ဇာစရဏာသ့ဒါယ အာယတိကေနာပိ အပရိပူရမာနေန' ကို 'ဝိဇ္ဇာစရဏာ'၌ သဒ္ဒတ္ထ, အာဘိဓေယျတ္ထ ပေါ်အောင် အနက်ယောဇနာပါ။

၁၀။ ။'ဥတ္တာနမုခေါတိ ယထာ ကေစ္ဆ နိက္ကုဇ္ဇိတမုခါ ဝိယ သမ္ဗတ္တာယ ပရိသာယ နာ ကိဉ္စိ ကထေန္တိ၊ အတိဒုလ္လဘကထာ ဟောန္တိ။ နဝဝရူပေါ' ကို ပကတိကတ္တားဆည့်၍ အနက်ယောဇနာခဲ့ပါ။

၁၃၄၂-ခုနှစ် ဓမ္မာစရိယတန်း
သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ်(၁) အဖြေ

၁။ ။[ပါ။ ၂၆။ ပါ၊ သျှ။ ဂ၂။ ပါ။ သျှ၊ သစ်။ ၁၂၅]။

၂။ ။['ရာဇာ မာဂဓော အဇာတသတ္တု ဝေဒေဟိပုတ္တော' ဟု ဝိဓေသသန စုံစ္ဆာဖြင့် ကတ္တားထည့်ပြီး 'သျှ' အတိုင်း ယောဇနာ။ ။ပါ။ ၄၇။ ပါ၊ သျှ။ ၁၁၅။ ပါ၊ သျှ၊ သစ်။ ၁၀၈။]

၃။ ။['သျှ' အတိုင်း ပေး။ ။ပါ။ ၉၂။ ပါ၊ သျှ။ ၂၂၆။ ပါ၊ သျှ၊ သစ်။ ၃၃၅။]

၄။ ။**အာလုပ်ပုဒ် ထည့်လျက် အဋ္ဌကထာအား လျော်စွာ ယောဇနာ**

အမ္ဘဋ္ဌ၊ အမ္ဘဋ္ဌ (**အာလုပ်**)။ အတ္တနာ၊ မိမိသည်။ **အပါယိကော-အပါယိကေန**၊ ဝိဇ္ဇာစရဏနှင့် ပြည့်စုံခြင်း၏ ပျက်စီခြင်း၏ အကြောင်း၌ ယှဉ်သည်။ ဟောဇ္ဇေနာပိ၊ ဖြစ်လျက်လည်း။ အပရိပူရမ့ာနော၊ ထို ပျက်စီးခြင်း၏ အကြောင်း၌ ယှဉ်သည်၏ အဖြစ်ကို ပြည့်စုံစေခြင်းငှါ မစ္ဆမ်းနိုင်သော (**'ပေါက္ခရသာတိနာ'** ၌ စပ်)။ (တနည်း) အတ္တနာ၊ ကိုယ်တိုင်။ **အပရိပုဏ္ဏမာနေဝံ-အပရိပူရမာနေန**၊ ပြည့်စုံစေခြင်းငှါ မစ္ဆမ်းနိုင်သော။ **အပါယိကော-အပါယိကေနပိ**၊ ဝိဇ္ဇာစရဏနှင့် ပြည့်စုံခြင်း၏ ပျက်စီးခြင်း၏အကြောင်း၌ ယှဉ်သည်ဖြစ်၍လည်း။ [ပါ။ ၉၆။ ပါ၊ သျှ။ ၂၃၆။ ပါ၊ သျှ၊ သစ်။ ၃၅၁။ ။သီ၊ ဋ္ဌ၊ သစ်၊ ၂။ ၂၇၁-လည်း ကြည့်။]

၅။ ။['သျှ' အတိုင်း ယောဇနာ။ ။ဋ္ဌ။ ၂၀။ ဋ္ဌ၊ သျှ၊ ၁။ ၇၅။ ဋ္ဌ၊သျှ၊ သစ်။ ၁။၁၂၉။]

၆။ ။**ဝါကျ အပြန်အလှန် အနက်ယောဇနာ**

နိဝါတော၊ လေမရှိသော အရပ်၌။ ပဒီပသိခါ၊ ဆီမီးလျှံသည်။ ဂိုစ္ဆလာ၊ မတုန်လှုပ်သည်။ ဟုတ္ဝာ၊ ဖြစ်၍။ သန္နိသိန္နာဝ၊ ကောင်းစွာတည်နေသည်သာလျှင်။ အဟောသိ ဣဝ၊ ဖြစ်ပြီးသကဲ့သို့။ တာသာ၊ ထို့အတူ။ သာ ပရိသာ၊ ထိုမြတ်စွာဘုရား၏ ပရိသတ်သည်။ တဿာ ပရိသာယ၊ ထိုမြတ်စွာဘုရား၏ ပရိသတ်၏။ အတ္တနော၊ မိမိ၏၊ သိက္ခိတသိက္ခတာယ စ၊ သင်အပ်ပြီးသော အကျင့် ရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း။ သတ္ထရိ၊ မြတ်စွာဘုရား၌။ ဂါရဝေန စ၊ အလေးပြုတတ်သော ပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော အလေးပြုခြင်းကြီယာကြောင့်လည်းကောင်း။ ဝါ၊ အလေးပြုအပ်သော ပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော သီလ, သမာဓိ, ပညာကြောင့်လည်းကောင်း။ ဣတိ၊ ဤသို့။ ဒ္ဝိဟိ၊ နှစ်ပါးကုန်သော်။ ကာရဏေဟိ၊ အကြောင်း

တို့ခြောင့်။ နိစ္စလာ၊ မတုန်မလှုပ်သည်။ ဟုတ္တာ၊ ဖြစ်၍။ သန္ဓိသိန္နာဝ၊ ကောင်းစွာ ကည်နေသည်သာလျှင်။ အဟောသိ၊ ဖြစ်ပြီ။ [စာကိုယ်၌ 'ဟိ' သဒ္ဒါ ပါသော်လည်း 'ဟိ'ကို ကာရဏကြောင့် အနက်ရှည်လျားရုတ်ထွေး နေဘွယ်ရှိ၍ မေးခွန်း၌ 'ဟိ'ကို တမင်ဖြုတ်မေးဟန် ရှိသည်။ ဋ္ဌ။ ၄၃။ ဋ္ဌ သျှ၊ ၁။ ၁၅၃။ ဋ္ဌ၊ သျှ၊ သစ်၊ ၁။ ၂၃၈။]

၇။ ။ကတ္တားထည့်၍ အာကာရ အပြင်ထုတ်လျက် အနက်ယောဇနာ

သမ္မဟုလာနန္တိ၊ 'သမ္မဟုလာနံ' ဟူသည်ကား။ ဗဟုကာနံ၊ များစွာကုန်သော။ တတ္ထ-တသ္မိံ ပါဌေ၊ 'သမ္မဟုလာနံ'ဟူသော ထိုပါဌ်၌။ ဝိနယပရိယာယေန၊ ဝိနည်းဒေသနာတော်နည်းအားဖြင့်။ တယော၊ သုံးပါးကုန်သော။ ဇနာ၊ ရဟန်းတို့ကို။ အာယသ္မတာ ဥပါလိတ္ထေရေန၊ အရှင်ဥပါလိမထေရ်သည် (ကတ္တား)။ ဝုစ္စန္တိ ဆိုအပ်ကုန်၏။ ကိံ၊ အဘယ်သို့။ ဝုစ္စန္တိ၊ ဆိုအပ်ကုနိသနည်း။ သမ္မဟုလာတိ၊ 'များစွာသောရဟန်းတို့'ဟူ၍။ အာယသ္မတာ ဥပါလိတ္ထေရေန၊ အရှင်ဥပါလိမထေရ်သည်။ ဝုစ္စန္တိ။ ဆိုအပ်ကုန်သတည်း။ [ဋ္ဌ။ ၄၃။ ဋ္ဌ၊ သျှ၊ ၁။ ၁၅၄။ ဋ္ဌ၊ သျှ၊ သစ်၊ ၁။ ၂၃၉။]

မှတ်ချက်။ ။သာမညမေးခွန်းဖြစ်၍ ပါဠိအားဖြင့်လည်း အာကာရကို ထုတ်၍ ယောဇနာနိုင်ခဲသော်လည်း တနည်းယောဇနာက မေးခွန်း၏ လိုအပ်သော အဖြေသည် ပြည့်စုံပြီဖြစ်သောကြောင့် အနက်အားဖြင့် အာကာရကို ထုတ်၍ ယောဇနာသောနည်း တနည်းသာ ယောဇနာလိုက်ပါသည်။ [ဝိသေသ မ, မေးသင့်သည်။]

၈။ ။[ဋ္ဌ။ ၂၀၅။ ဋ္ဌ၊ သျှ၊ ၂။ ၂၂၈။ ဋ္ဌ၊ သျှ၊ သစ်၊ ၂။ ၂၃၃။]

၉။ ။[ဝိဇ္ဇာဓရဏသမ္ပဒါယ၊ ရအပ်သော ဓမ္မတို့၏ လက္ခဏာကို မဖေါက်မပြန် ရတတ်သော။ ဝါ၊ မိမိ၏ ဆန္ဒကျင်ဘက်ဖြစ်သော တဖော ခန္ဓ စသည်ကို ဖေါက်ခဲတတ်သော။ ဝါ၊ မိမိ၏ အာရုံကို ထင်ရှားသည်ကို ပြုတတ်သော တရား, နိဗ္ဗာန်သို့ သွားကြောင်းဖြစ်သော တရားတို့နှင့် ပြည့်စုံခြင်း၏ (သဒ္ဒတ္ထ)။ ဝိ၊ ဋ္ဌ၊ ၁။ ၈၈။ သာရတ္ထ၊ ၁။ ၂၃၅။ ဝိမတိ၊ ၁။ ၅၀။ ပါ။ ဋ္ဌိ၊ သစ်၊ ၁။ ၄၂၁။

(တနည်း) ဝိဇ္ဇာဓရဏသမ္ပဒါယ၊ ဝိပဿနာဉာဏ်မှ စ၍ ရှစ်ပါးအပြားရှိသော ပညာ,ရှစ်ပါးသော သမာပတ်တို့နှင့် ပြည့်စုံခြင်း၏ (အဘိဓ

ယျတ္ထ)။ ဋ္ဌ။ ၂၄၀။ ကြင်း 'သျ'အတိုင်း ယောဇနာ။ ။ဋ္ဌ။ ၂၄၃။ ဋ္ဌ၊ သျ၊ ၂။ ၃၃၄။ ဋ္ဌ၊ သျ၊ သစ်၊ ၂။ ၄၀၉။]

၁၀။ ။['သမဏော ဂေါတမော'ဟု ('ဥတ္တာနမုခေါတိ' နောင်) ပကတိကတ္တားထည့်၍ ယောဇနာ။ 'သျ'ဥ်ကား 'ဘဝံ ဂေါတမော'ဟု ထည့်သည်။ ။ဋ္ဌ။ ၂၅၆။ ဋ္ဌ၊ သျ၊ ၂။ ၃၃၃။ ဋ္ဌ၊ သျ၊ သစ်၊ ၂။ ၄၄၈။ ၁၃၂၃-ခုနှစ်ကလည်း မေးခဲ့ပြီ။]

၁၃၂၂-ခုနှစ် ဓမ္မာစရိယတန်း
သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ်(၂) မေးခွန်း

(က) ယထာဘူစ္စန္တိ ယထာဘူတံ။
(ခ) ဝဏ္ဏံ သမ္မာ ဝဒမာနာ ဝေဒယျန္တိ တထာဂတသ ဝဏ္ဏံ ဝတ္ထုကာမာ သမ္မာ ဝေဒယျုံ၊ အဟာပေတ္ဝာ ဝတ္ထုံ သက္ကုဏေယျန္တိ အတ္ထော။
(ဂ) ကတမေ စ ပန တေ ဓမ္မာ ဘဂဝတာ ဧဝံ လဝိမိတာတိ သမ္ဗညုတညာဏံ။
(ဃ) ယဒိ ဧဝံ ကသ္မာ ဗဟုဝစနနိဒ္ဒေသော ကတောတိ ပုထုစိတ္တ သမာယောဂတော ဧစဝ ပုထုအာရမ္မဏတော စ။

၁။ ။(ဃ) အမှတ်ပြဝါကျကို 'ကတော'၏ ကတ္တားထည့်လျက် အနက်ဖယောဇနာပါ။

၂။ ။(ဂ) မှတ်ဝါကျမှ (ဃ) မှတ်ဝါကျသို့ ဗျတိရေကစောဒနာ တက်ပြ၊ါ၊ (အဓိပ္ပါယ်ပြန်ရန် မလို)

၃။ ။(ဂ)(ဃ)အမှတ်ပြဝါကျတို့၌ ဖြစ်သင့်သော စောဒကာဘော ဂါဒိစတုက္ကကို ထုတ်ပြပါ။

၄။ ။(ဃ) အမှတ်ပြဝါကျပါ 'ပုထုအာရမ္မဏ'ကို အစိတ်, အပေါင်း ဝစနတ္ထ ပြုလျက် အပေါင်းဝစနတ္ထကိုသာ ဝစနာဒိဆက္က ခဲ့ပြပါ။

၅။ ။(ဃ) မှတ်ဝါကျ၌ ပါသော 'ပုထုအာရမ္မဏတော စ' ဟူသော ဟိဘ်၏ သမ္ဗန်ကို ခံပြပြီးလျှင် 'ပုထုအာရမ္မဏ'၏ ပစ္စတ္တကိုလည်း ဖေါ်ပြပါ။

၆။ ။(က) မှတ်ဝါကျ၌ အဋ္ဌကထာဆရာ၏ အာဘော်နှင့် သံဝဏ္ဏနာကို ထုတ်ပြခဲ့ပါ၊

၇၊ ။(က) မှတ်ဝါကျ၌ ပါသော 'ယထာဘုစ္စံ' ဟူသော ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ပြဆိုခဲ့ပါ။

၈။ ။ကိုယ်ဝန်ပျက်ကြောင်းများနှင့် ပျက်ခဲ့သော် မပျက်အောင် ပြုပုံများ ဖြေပါ။

၉။ ။(ဃ) အမှတ်ပြဝါကျကို အဓိပ္ပါယ် မပျက်စေဘဲ ဝတ္တမျိုး ဂါထာတခုဖွဲ့လျက် ဂါထာအမည် ဆန်းအမည် ပေးခဲ့ပါ။

၁၀။ ။(ခ) အမှတ်ပြဝါကျပါ 'ဝဒမာနာ'၏ အရကို ကိုယ်ပြု၍ ဘာဝ, ဝိဘာဝ, အနုဘာဝ စုံလင်စွာ ထုတ်ပြပါ။

၁၃၃၂-ခုနှစ် ဝမ္မာစရိယတန်း
သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ်(၂) အဖြေ

၁။ ။['ဘဂဝတာ'ဟု ကတ္တားထည့်၍ ယောဇနာ။ ။ဌ။ ၉၃။ ဌ၊ သျှ၊ ၁။ ၃၀၈။ ဌ၊ သျှ။ သစ်၊ ၁။ ၄၆၀။]

၂။ ။(ဃ) အမှတ်ဝါကျ ဗျတိရေကစောဒနာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က)မှတ်ဝါကျဖြင့် 'ဘုရားရှင် ချီးမွမ်းတော်မူအပ်ကုန်သော တရားတို့သည် သဗ္ဗညုတညာဏ်ဓာတ်တည်း' ဟု ဆိုဘော်မူ၏(ဌပနာ)။ ဘုရားရှင် ချီးမွမ်းတော်မူအပ်ကုန်သော တရားတို့သည် သဗ္ဗညုတညာဏ် အကယ်၍ ဖြစ်ကုန်အံ့ ယင်းသို့ ဖြစ်ကုန်ခဲ့သော် ဗဟုဝုစ်ဝိဘတ်ဖြင့် ညွှန်ပြခြင်းကို မပြုအပ်, မပြုသင့်, မပြုထိုက် (ဗျတိရေက)။ ဤသို့ ဗျတိရေက စောဒနာနည်းဖြင့် စောဒနာဘွယ်ရှိ၍ ထိုစောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာသည် (ဃ)မှတ်ဝါကျကို မိန့်။

သိဘွယ်။ ။(ဃ) မှတ်ဝါကျကို ဗျတိရေကာယုတ္တစောဒနာတက် တက်မှ ပြည့်စုံသည့် အပြင် ထုံးစံလည်း ကြသည်၊ ဘာကြောင့်နည်း? (ဃ) မှတ်ဝါကျကိုက ဗျရေတိကာယုဇ္ဇစောဒနာနည်းဖြင့် စောဒနာ၍

ထိုစေဝဒနာကို ဖြေထားသော ဝါကျ ဖြစ်သောကြောင့်တည်း။ထို့ကြောင့် 'ဗျတိရေကာယုတ္တာစေဝဒနာ တက်ပြပါ' ဟု မေးမှု ပြည့်စုံသည်။ သို့သော် စေဝဒနာ ၂-မျိုးဖြစ်၍ စည်းမျဉ်းနှင့်တော့ မညီ။

ဗျတိရေကာယုတ္တာစေဝဒနာတက်။ ။ဗျတိရေကာယုတ္တာစေဝဒနာတက် တက်သော် ဗျတိရေကနှောင် 'ထို့သို့ဗဟုဝုစ်ဝိဘတ်ဖြင့် ညွှန်ပြခြင်းကို မပြုအပ်, မပြုသင့်, မပြုထို့ကပါဘဲလျက် အဘယ့်ကြောင့် ဗဟုဝုစ်ဝိဘတ်ဖြင့် ညွှန်ပြခြင်းကို ပြုတော်မူအပ်ပါသနည်း'ဟု အယူတွေတည့်၍ စောဒနာပါ။]

၃။ ။စေဝဒကာဘောဂါဒိစတုက္က

၁။ ။နန္ဒ ဘဂဝတာ ဆောမိတာ တေ ဓမ္မာ သမ္မညူတညာဏံ ဟောန္တိ (စေဝဒကာဘောဂ)။

၂။ ။အထ ကသ္မာ ဗဟုဝစနနိဒ္ဒေသော ကတော (စေဝဒနာ)။

၃။ ။နန္ဒ ပုထုစိတ္တာသမာယောဂဇ္ဇဝ ပုထုအာရမ္မဏဇ္ဇ ဟောတိ (ပရိဟာရဘောဂ)။

၄။ ။တသ္မာ_ ဗဟုဝစနိဒ္ဒေသော ကတော (ပရိဟာရ)။

၄။ ။အစိတ်ဝဝစနတ္ထ။ ။ပုထန္တိ မဟန္တိဘာဝေန ပတ္ထရန္တိတိ ပုထူနိ။ (မောဂ္ဂလာန ကဿဒိဝုတ္တိ။ ၅)အာဂန္ဒွာ စိတ္တေစတသိကာ ရမ္မန္တိ ဧတ္ထာတိ အာရမ္မဏာနိ။ (အဘိဓာန်ဋီကာ။ ၉၄။) (တနည်း) အာရမ္မီယန္တိ စိတ္တေစတသိကေဟိ ဂယ့်နှိတ်တိ အာရမ္မဏာနိ။ (အဘိဓမ္မတ္ထဝိဘာဝနီဋီကာ။ ၂၄၁။)

အပေါင်းဝစနတ္ထ။ ။ပုထူနိ အာရမ္မဏာနိ တေသာတိ ပုထုအာရမ္မဏံ။ (သီ။ ဋီ၊ သစ်။ ၁။ ၃၈၂။)

ဝစနဒိဆက်

၁။ ။'ပုထုအာရမ္မဏံ' ဟူသော နိပ္ဖန္နသည် 'ဝစန' မည်၏။

၂။ ။'ပုထူနိ အာရမ္မဏာနိ တေဆ'ဟူသော ဝိဂြိုဟ်ဝါကျသည် 'ဝစနတ္ထ' မည်၏။

၃။ ။မျှားစွဲကုန်သော အာရုံတို့၏ သဗ္ဗညုတညာဏ်နှင့် အာရုံ, အာရမ္မဏိကအဖြစ်ဖြင့် စပ်ခြင်း သမ္မန်သဂတ်သည် 'ဝစနဟေတု' မည်၏။

၄။ ။'ဣတိ' သဒ္ဒါသည် 'ဝစနဟေတုဇောတက' မည်၏။

၅။ ။သဗ္ဗညုတညာဏ်ဒြပ်သည် 'ဝစနီယ' မည်၏။

၆။ ။'ဗဟုဂေါစရံ'စသော ပရိယာယ်သဒ္ဒါများသည် 'ဝစနီယတ္ထ' မည်၏။

ပုတ်ချက်။ ။'ပုထု အာရမ္မဏံ အာရမ္မဏံ ဇေတသဲ့တိ ပုထုအာရမ္မဏံ ('အာရမ္မဏ' သဒ္ဒါတခု ကျေ)'ဟုလည်း ဝိဂ္ဂဟ ပြုနိုင်ပါသည်။ (သီ၊ ဋ္ဌီ၊ သစ်၊ ၁။ ၃၀၂။)

၅။ ။ဟိတ်၏သမ္မန်၊ ။'ပုထုအာရမ္မဏတော' ဟူသော ဟိတ်၏ သမ္မန်ကား 'သဗ္ဗညုတညာဏသဃ' ဖြစ်ပါသည်။

ဝါစ္စတ္ထ။ ။'ပုထုအာရမ္မဏ'၏ ဝါစ္စတ္ထကား 'ကတ္တတ္ထ' ဖြစ်ပါသည်။ ['ပုထုအာရမ္မဏ'ပုဒ် ဗဟုဗ္ဗီဟိသမာသ်ပုဒ် ဖြစ်သည်ကို သတိပြု]

၆။ ။(က) ပုတ်ဝါကျ အာဘောဂနှင့် သံဝဏ္ဏနာ

'ယဿဘူဘံ'ဟူသော သံဝဏ္ဏနာပါဠ်ဖြင့် 'ယဏာဘူစ္ဆံ'ဟူသော သံဝဏ္ဏကဗ္ဗပုဒ်၌ 'ဏျ' ပစ္စည်း၏ သကတ္ထ (သဒ္ဓတ္ထ)၌ ဖြစ်သည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ပစ္စယတ္ထသံဝဏ္ဏနာ။ (တနည်း) 'ယထာဘူစ္ဆံ'ဟူသော သံဝဏ္ဏေတကဗ္ဗပုဒ်ကို 'ယထာဘူတမေဝ ယဿဘူစ္ဆံ' ဟု သကတ္ထ (သဒ္ဓတ္ထ) တဒ္ဓိတ်ဝစနတ္ထ ပြုရမည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ အဘိဓာနတ္ထသံဝဏ္ဏနာ။

၇။ ။နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံ

'ယဿဘူစ္ဆံ'ကား 'ယထာဘူတ'ပုဒ်, 'ဏျ'ပစ္စည်း, 'အံ'(သိ)ဝိဘတ်၊ 'ယထာဘူကျံ'ဟု ဆိုလိုလျက် 'ဏျ'ကို 'စ' ပြုခြင်း ဝဏ္ဏဝိကာရ, 'စ'ကို ဒဲ့ဒေဘင်္လာခြင်း ဝဏ္ဏာဂမ, 'ဘူ' ၌ 'ဥ'ကို 'ဥ'ရာဂမပြုခြင်း ဝဏ္ဏဝိကာရ နိရုတ္တိနည်းလျှိုဖြင့် 'ယထာဘုစ္ဆံ'ဟု ပြီးပါသည်။ (ရူပသိဒ္ဓိ၊ [ရူပသိဒ္ဓိ 'ဏျတ္တတာ ဘာဇေ တု(၃၀၇)' သုတ် ကြည့်။]

(တနည်း) 'ယထာဘူတ္ပေါ'ဟု ဆိုလိုလျက် 'တျ' သံယုဂ်ကို 'စ္ပ' သံယုဂ် ပြုခြင်း၊ ဝဏ္ဏဝိကာဝရ, 'ဘူ'၌ 'ဥ္' ကို 'ဥ' ရဿပြုခြင်း၊ 'ဝဏ္ဏဝိကာဝရ နိရုတ္တိနည်းတို့ဖြင့် 'ယထာဘူစ္ပံ'ဟု ပြီးပါသည်။ (သဒ္ဒနီတိ) [သဒ္ဒနီတိ သုတ္တမာလာ 'တျဒျာနံ သညောဂေါ စ္ပယုဂဉ္စယုဂံ (၁၀၄)'သုတ် ကြည့်။]

(တနည်း) ('တ'ကို 'ယ' မကပ်ဘဲ) 'ယဿဘူတယံ'ဟု ဆိုလိုလျက် 'တ'ကို 'စ'ပြုခြင်း ဝဏ္ဏဝိကာဝရ, 'ယ'ကို ပုဗ္ဗရူပ် 'စ'ပြုခြင်း ဝဏ္ဏဝိကာဝရ, 'ဘူ'၌ 'ဥ္' ကို 'ဥ' ရဿပြုခြင်း ဝဏ္ဏဝိကာဝရ နိရုတ္တိနည်းတို့ဖြင့် 'ယထာဘူစ္ပံ'ဟု ပြီးပါသည်။ (မောဂ္ဂလာန်) [မောဂ္ဂလာန် သညာဒိကဏ္ဍ 'တဝဂ္ဂဝရဏာနံ ယေ စဝဂ္ဂပယညာ(၄၈), ဝဂ္ဂလေသဟိ ကေ (၄၉)' သုတ်တို့ ကြည့်။ နိရုတ္တိဒီပနီ ယင်းသုတ် (၄၄, ၄၃)တို့လည်း ရှု။]

၈။ ။ကိုယ်ဝန်ပျက်ကြောင်း။ ။ကိုယ်ဝန်ပျက်ကြောင်း များကား- (၁)လေ၊ (၂)ပိုး၊ (၃)ကံ ဖြစ်ပါသည်။

မပျက်အောင်ပြုပုံ။ ။ဆိုအပ်ကုန်ပြီးသော်၃-ပါးကုန်သော အကြောင်းတို့တွင် လေကြောင့် ကိုယ်ဝန်ပျက်ခဲ့သော် နောက်ဆပ်တဖန် မပျက်အောင် ငြိမ်းအေးစေတတ်သော အေးမြသော ဆေးကို ပေးသည်။ ပိုးတို့ကြောင့် ကိုယ်ဝန်ပျက်ခဲ့သော် နောက်ဆပ်တဖန် မပျက်အောင် ပိုးတို့ကို ကုစားမှုကို ပြုလုပ်သည်။ ဤသို့ ပြုလုပ်ပါသည်။

မှတ်ချက်။ ။ကံကြောင့် ကိုယ်ဝန်ပျက်ခဲ့သော် ဘုရားရှင်တို့သော်မှလည်း တားမြစ်ခြင်းငှါ မတတ်နိုင်ပါ။ (ဋ္ဌ။ ၉၁။)

၉။ ။ဂါထာဖွဲ့နှင့် ဂါထာအမည်, ဆန်းအမည်

ယဒိ ကသ္မာ ကတော ဖောတိ၊ ဗဟ္ဝဝစနနိဒ္ဒေသော။
ပုထုစိတ္တသမာယောဂါ၊ ပုဆုအာရမ္မဏာစေဝ။

ဤဂါထာသည် 'ဝတ္တဂါထာ, အနုဋ္ဌုဘဆန်း' ဖြစ်ပါသည်။

မှတ်ချက်။ ။'ဟူ'၌ ဆန်းကြောင့် ဒီဃ ရောက်သည်။

၁၀။ ။ဘဝဝါလက်ံဝရ ထုပ်ပုံ

၁။ ။'ဝဒမာနဒ'၏ အရ ဘုရားရှင်၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောဆိုသောသူ၏ သန္တာန်၌ဖြစ်သော ဝိရိယပြခန်းသော စိတ္တုပ္ပါဒ်သည် 'ဥဿာဟဋ္ဌာယိဘာဝ, ဝီရရဿ' မည်၏။

၂။ ။ဘုရားရှင်သည် 'အာဝရမ္မဏဝိဘာဝ' မည်၏။
၃။ ။ဘုရားရှင်၏ ဂုဏ်တော်ကြီးငူးတော်သည် 'ဥဒ္ဒိပနဝိဘာဝ' မည်၏။
၄။ ။ဒိဋ္ဌဓမ္မိက, သမ္မတ္တယိက စသော အကျိုး အဆက်ဆက်သည် 'အနုဘာဝ' မည်၏။

၁၃၃၃-ခုနှစ် ဓမ္မာစရိယတန်း
သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ်(၁) မေးခွန်း

၁။ ။'တဿ တတ္ထ ကေ၊ကဿ ဒီဃရတ္တံ နိဝုသိတတ္တာ အနဘိရတိပရိ တဿနာ ဥပပဇ္ဇတိ' အဟောဝတ အညေပိ သတ္တာ ဌာတ္ထတ္တံ အာဂစ္ဆယျုန်္ဒိ' ကို အနက်အာဃာတဖြင့် အာကာရ အတ္ထဝိုင်းသွင်းလျက် အနက်ယောဇနာပါ။

၂။ ။'ဣဓ မဟာရာဇ ဘိက္ခု သန္တုဋ္ဌော ဟောတိ ကာယပရိဟာရိ ကေန စီဝရေန ကုစ္ဆိပရိဟာရိကေန ပိဏ္ဍပါတေန၊ သော ယေန ယေနေဝ ပက္ကမတိ၊ သမာဒါယေဝ ပက္ကမတိ' ကို 'သမာဒါယ' ၏ ကံ ထည့်၍အနက် ယောဇနာပါ။

အောက်ပါ ပါဠိ,အဋ္ဌကထာတို့ကို အတ္ထယောဇနာပါ။

၃။ ။အထ ခေါ ဘဂဝါ တထာရူပံ ဣဒ္ဓါဘိသင်္ခါရံ အဘိသင်္ခါရေသိ။ ယထာ အဒ္ဒသ အမ္မဋ္ဌော မာဏဝေါ ဘဂဝတော ကောသော ဟိတံ ဝတ္ထုကုယ္ယံ။

၄။ ။သုတံ မေတံ ဘော ဂေါတမ 'သမဏော ဂေါတမော သဗ္ဗံတပံ ဂရဟတိ၊ သဗ္ဗံ တပဿိ လူခဇီဝိ' ကေ်သေန ဥပက္ကောသတိ ဥပဝဒတိ' တိ။

၅။ ။အပ္ပမတ္တော အယံ ဂန္ဓော၊ ယ္ဟာယံ တဂရစန္ဒနံ။
ယော စ သီလဝတံ ဂန္ဓော၊ ဝါတိ ဒေဝေသု ဥတ္တမော။

၆။ ။'သိဝဝိဇ္ဇာတိ သုသာနေ ပဝိသိတ္ဝာ သန္ဒိကရဏဝိဇ္ဇာ၊ သိင်္ဂါလ ရုတဝိဇ္ဇာတိပိ ဝဒန္တိ' ကို 'ဝဒန္တိ' ၏ ကတ္တား ထည့်၍ အတ္ထယောဇနာပါ။

၇။ ။'သုဋ္ဌု အဂ္ဂေ ရူပသဒ္ဒဂန္ဓရသဖောဋ္ဌဗ္ဗအာယုဝဏ္ဏသုခယသ အာဓိပတေယျသင်္ခါတေ ဒသ ဓမ္မေ သံဝေတ္တိတိ သက္ကသံ ဝတ္တနိကာ' ကို နိယမာနိယမ ထည့်၍ အတ္ထယောဇနာပါ။

၈၊ ။'တတ္ထ ကဏ္ဍံ အာဒါယာတိ ဝစ္ဆိယာ ဓနံ ဂဟေတ္ဝာ။ ဗျန္တိံ ကရေယျာဘိ ဝိဂတန္တိံ ကရေယျ၊ ယထာ ဧတသံ ကာကဏိကမတ္တောပိ ပရိယန္တော နာမ နဒဝသိဿတိ၊ ဧဝံ ကရေယျ' ကို'ယထာ'နောင် လက္ခဏ ကြိယာ ထည့်၍ အတ္ထယောဇနာပါ။

၉။ ။ဇယ ပန 'သပုတ္တဒါရဘာဝေါ နာမ ပဗ္ဗဇိတဿ အယုတ္တော' တိ လာယနမဒ္ဒနဋ္ဌာနေသု စိဟိမုဂ္ဂမာဒီသုတိလာဒိနိ သင်္ခိပ်တ္ဝာ ပစိတ္ဝာ ပရိဘုဉ္ဇိတ္ဗိ၊ ဓေတ ဥဉ္ဆာဧရိယာ နာမ။

၁၀။ ။'ပဋိသလ္လီနော ဘဂဝါတိ နာနာလမ္ဗဏစာရတော ပဋိက္ကမ္မ သလ္လီနော နိလီနော၊ ကိဘာဝံ ဥပဂမ္မ ဧကီဘာဝရမ္မဏော စျာနရတိံ အနုဘဝတိတိ အတ္ထော' ကို 'အတ္ထော' ၏ သမ္ဗန်ကို ထည့်၍ အတ္ထယော ဇနာပါ။

၁၃၃၃-ခုနှစ် ဓမ္မာစရိယတန်း
သီလက္ခန္ဓဝဂ္ဂ ပါဠိ,အဋ္ဌကထာ အမှတ်(၁) အဖြေ

၁။ ။အနက်အားဖြင့် အာကာရ အတ္ထင်းသင်းလျက် အနက်ယောဇနာ တဿ သတ္ထဿ၊ ထိုသတ္ထဝါအား။ တတ္ထတသ်ိံ ပြဟ္မဝိမာနေ၊ ထိုပြဟ္မဝိမာန်၌။ ကေဿ၊ တယောက်ထည်းတည်း။ ဒီဃရတ္တံ၊ ရှည်မြင့်စွာသော နေ့ညဉ့်ပတ်လုံး။ နိဝုသိတဗ္ဘာ၊ နေအပ်သည်၏အဖြစ်ကြောင့်။ အညေ၊ငါမှ တပါးကုန်သော။ သတ္ထာပိ၊ သတ္ထဝါကိုသည်လည်း။ ဣတ္ထတ္တံ၊ ဤသို့ အပြားရှိသော ပြဟ္မာ၏ အဖြစ်သို့။ ဝါ၊ ဤသို့အပြားရှိသော ပြဟ္မာ၏ ဖြစ်ကြောင်း ဖြစ်ရာဖြစ်သော ပြဟ္မာဇာတ်သို့။ အာဂန္ဆေယျုံ၊ ရောက်လာကြပါကုန်မူကား။ အဟော ဝတ၊ သြော်-ကောင်းလေစွတကား။ ဝါ၊ ကောင်းလေစွ သြ။ ဣတိ၊ ဤသို့။ အနဘိရတိ။ အဘော်၏ လာခြင်းကို မြော်လင့် ဘောဇဉ်တခြင်း ဟူသော မဓမ္မလျော်ခြင်းသည်၊ ပရိတဿနာ၊ တောင့်တတတ် တုန်လှုပ်တတ်သော တဏှာ,ဒိဋ္ဌိသည်။ ဥပဒ္ဒုတိ၊ ဖြစ်၏။ [ပါ။ ၁၇။ ပါ၊ သျ။ ၆၁။ ပါ။ သျ၊ ဋ၏။ ၉၆။]

၂။ ။['သမာဒါယ'၏ ကံ ကို 'အဋ္ဌပရိက္ခာရမတ္တကံ သမ်ံ' ဟု ထည့်။ ဋ္ဌ၊ ဒဂ၆။ 'သမ်ံ၊ အလုံးစုံဒသာ။ အဋ္ဌပရိက္ခာရမတ္တကံ။ ရှစ်ပါးသော

ပရိက္ခရာမျှကို' ဟု ယောဇနာ။ ကြွင်း 'သျှ' အတိုင်း။ ။ပါ။ ၆၇။ ပါ၊ သျှ။ ၁၅၅။ ပါ၊ သျှ၊ သစ်။ ၂၅၇။]

၃။ ။[ပါ။ ၉၉။ ပါ၊ သျှ။ ၂၄၅။ ပါ၊ သျှ၊ သစ်။ ၃၅၀။]

၄။ ။[ပါ။ ၁၅၃။ ပါ၊ သျှ။ ၃၂၉။ ပါ၊ သျှ၊ သစ်၊ ၄၀၁။]

၅။ ။[ဋ္ဌ။ ၅၆။ ဋ္ဌ၊ သျှ၊ ၁။ ၁၉၁။ ဋ္ဌ၊ သျှ၊ သစ်။ ၁။ ၃၂၉။]

၆။ ။['သျှ' အတိုင်း ယောဇနာ။ ။ဋ္ဌ။ ၈၈။ ဋ္ဌ၊ သျှ၊ ၁။ ၂၉၄။ ဋ္ဌ၊ သျှ၊ သစ်၊ ၁။ ၄၄၆။]

၇၊ ။['သျှ' အတိုင်း ယောဇနာ၊ ။ဋ္ဌ။ ၁၄၃။ ဋ္ဌ၊ သျှ၊ ၂၊ ၆၄။ ဋ္ဌ၊ သျှ၊ သစ်၊ ၂။ ၇၁။]

၈။ ။['ကရိယမာနေ' ဟု လက္ခဏာကြိယာ ထည့်၍ 'သျှ' အတိုင်း ယောဇနာ။ ။ဋ္ဌ၊ ၁၈၃။ ဋ္ဌ၊ သျှ၊ ၂။ ၁၈၄။ ဋ္ဌ၊ သျှ၊ သစ်၊ ၂။ ၂ ၄။]

၉။ ။[ဋ္ဌ။ ၂၄၂။ ဋ္ဌ၊ သျှ၊ ၂။ ၃၃၁။ ဋ္ဌ၊ သျှ၊ သစ်၊ ၂။ ၄၀၆။]

၁၀၊ ။['အတ္ထော' ၏ သမ္ဗန်ကို 'အဿ ပဋိသလ္လီနောတိ ပဒဿ' ဟု ထည့်၍ 'သျှ' အတိုင်း ယောဇနာ။ ။ဋ္ဌ။ ၂၇၆။ ဋ္ဌ၊ သျှ၊ ၂။ ၅၂၃။ ဋ္ဌ၊ သျှ၊ သစ်၊ ၂။ ၅၀၃။။]

၁၃၃၃-ခုနှစ် ဓမ္မာစရိယတန်း
သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ်(၂) မေးခွန်း

(က) ရာဇဂဟဘိ ဇေတဝနာမကေ နဂရေ။
(ခ) တဋ္ဌိ မန္ဒာဘုမဟာဝေဂါဝိန္ဒာဒီဟိ ပရိဂ္ဂဟိဘဏ္ဍာ ထုဇဂဟဿ ဝုစ္စတိ။
(ဂ) အလဂ္ဂနဋ္ဌေန အဇ္ဈာဘာဝေသော ဝိယာတိ အဇ္ဈာဂါဝေသော။

(ဃ) ပဗ္ဗဇိတော ဟိ ကူဋဂါရရတနပါသာဒဒေဝိမာနာဒီသု ပိဟိတဒ္ဒါရဝါတပါနေသု ပဋိစ္ဆန္နေသု ဝသန္တော်ပိ နေဝ လဂ္ဂတိ နာ သဇ္ဇတိ နာ ပဇ္ဈတိ။ တေန ဝုတ္တံ 'အဗ္ဘော်ကာသော ပဗ္ဗဇ္ဇော်'တိ။

၁။ ။'ရာဇဂဟေ'ဟူသော ပုဒ်ကို သံဝဏ္ဏနာနှင့် အညီ ဝေါဟာရထွက်, သဒ္ဒတ္ထ အနက်ပေး၍ (ဂ) မှတ်ဝါကျကို နိယမာနိယမ ထည့်၍ အနက်ယောဇနာပါ။

၂။ ။(ဂ)မှတ်ဝါကျမှ (ဃ)မှတ်ဝါကျသို့ သာဓောဂါယုတ္တပုစ္ဆာ တက်ပြပါ။ (အဓိပ္ပာယ်ပြန်ရန် မလို။)

၃။ ။(ဃ) အမှတ်ပြဝါကျ၌ ဖြစ်သင့်သော စောဒကာဘောဂါဒိ စတုက္ကကို ထုတ်ပြပါ။

၄။ ။'ဒဿိတုံ ယုတ္တာတို့ ဒဿနီယာ'၌ 'ဒဿနီယာ'ပုဒ်ကို သံဝဏ္ဏနာနှင့်အညီ ဝစနတ္ထပြု၍ ဝစနာဒိဆက္က ကောက်ပြပါ။

၅။ ။(ခ)မှတ်ပြဝါကျ၌ ပါသော 'ပရိဂ္ဂဟိတဲတ္တာ'ဟူသော ဟိတ်၏ သမ္ဗန်ကို ထုတ်ပြ၍ စာစပ်ပြီးလျှင် ဘာဝယောဂပုဒ်၏ ပစ္စယတ္ထကိုလည်း ဖော်ပြပါ။

၆။ ။(ခ)မှတ်ဝါကျ၌ အဋ္ဌကထာဆရာ၏ အာဘော်နှင့် သံဝဏ္ဏနာကို ထုတ်ပြပါ။

၇။ ။'ဒိဝသမာသာဒီနံ လက္ခဏံ ဘဝိတုံ ယုတ္တာတိ လက္ခဏာ'၌ 'လက္ခဏာ'ဟူသော ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ပြဆိုပါ။

၈။ ။ဝိရတိ ၃-ပါးတို့တွင် သေတုကာမတဝိရတိ၏ အရ တရားကိုယ်နှင့် အာဇီဝကို ဖော်ပြပါ။

၉။ ။(ခ)အမှတ်အဋ္ဌကထာလာ အဓိပ္ပါယ်ကို ခြုံမိအောင် ဝတ္တမျိုးတဂါထာ ဖွဲ့လျက် ဂါထာအမည်, ဆန်းအမည် ပေးခဲ့ပါ။

၁၀။ ။'ယေကေစိဗုဒ္ဓံ သရဏံ ဂတာသေ၊ နတေ ဂမိဿန္တိ အပါယဘူမံ။

ပဟာယ မာနုသံ ဒေဟံ၊ ဒေဝကာယံ ပရိပူရေဿန္တီ'၌ 'ဂတာသေ' ဝယ် အန္တတ္ထကို ကိုယ်ပြု၍ ဘာဝ, ဝိဘာဝ, အနုဘာဝ စုံလင်စွာ ထုတ်ပြပါ။

၁၃၃၃-ခုနှစ် ဓမ္မာစရိယတန်း
သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ် (၂) အဖြေ

၁။ ။ဝေါဟာရတွဲ။ ။ရုဇဂဟေ၊ ရုဇင်္ဂိုဟ်ဟူသော အမည်ရှိသော မြို့၌။

သဒ္ဒတွဲ။ ။ရုဇဂဟေ၊ မန္ဓာတုစကြာမင်း, မဟာဂေါဝိန္ဒပုရောဟိတ် အစရှိသည်တို့သည် ပိုင်းခြား၍ ယူအပ်သော မြို့၌။ [ဌ။ ၁၂၂။ ဌ၊ သျ၊ ၂။ ၁။ ဌ၊ သျ၊ သစ်၊ ၂။ ၄။]

[(ဂ)မှတ်ဝါကျကို 'သျ၊ သစ်' အတိုင်း ယောဇနာ။ ။ဌ။ ၁၆၂။ ဌ၊ သျ၊ ၂။ ၁၁၄။ ဌ၊ သျ၊ သစ်၊ ၂။ ၁၃၆။]

၂။ ။(ဃ)မှတ်ဝါကျ သာဘောဂါယုတ္တ (သာဘောဂ) ပုစ္ဆာတတ် အရှင်အဋ္ဌကထာဆရာ ဆရာသည် (ဂ) မှတ်ဝါကျဖြင့် မကပ်ငြိတတ်သည်၏ အဖြစ်တည်းဟူသော အနက်သဘောသတ္တိကြောင့် ရဟန်း၏ အဖြစ်သည် လွန်တီးခေါင်နှင့် တူရကား 'အဇ္ဈောကာသ မည်၏။' ဟု ဆိုတော်မူ၏ (ဌပနာ)။ ရဟန်းဖြစ်သော ပုဂ္ဂိုလ်သည် ပိတ်အပ်ပြီးသော တံခါးမ, လေသာပြူတင်း, တံခါးရွက် ရှိကုန်သော ပုံးလှမ်းအပ်ကုန်ပြီးသော စုလစ် မွန်ခွန် အထွဋ်ရှိသော ကျောင်း, ရတနာပြာသာဒ်, နတ်ဗိမာန် အစရှိသည်တို့၌ နေသည် မဟုတ်ပါလော (အာဘောဂ)။ယင်းသို့ နေပါလျက် အဘယ့်ကြောင့် 'အဇ္ဈောကာသေ ပဗ္ဗဇ္ဇာ'ဟူ၍ ဟောတော်မူအပ်ပါသနည်း (အယုတ္တ=ပုစ္ဆာ)။ ဤသို့မေးဘွယ်ရှိ၍ ထိုအမေးကို ဖြေတော်မူလိုသော အဋ္ဌကထာဆရာသည် (ဃ)မှတ်ဝါကျကို မိန့်။

[သဘာဝမကျသော ဌပနာ။ ။အမေးအားလျော်စွာ တက်သည်။ သို့သော်-ဌပနာ သဘာဝ မကျ။ ဘာ့ကြောင့်နည်း? (ဃ)မှတ်ဝါကျလုံး၌ ပဓာနစကားသည် 'တန ဝုတ္တံ အဇ္ဈောကာသော ပဗ္ဗဇ္ဇာတိ'ဖြစ်သည်။ ယင်းပဓာနစကားကို မျော်တက်ရမည့် အပြင် 'အဇ္ဈောကာသော ပဗ္ဗဇ္ဇာ' ၌ စောဒကတို့ မနှစ်မျို့ဘွယ်, စောဒနာဘွယ်ရှိ၍ (ဃ) မှတ်ဝါကျကို ကျမ်းဆရာ ရေးရကား 'မန္ဒစ်သက်ရာ ဌပနာ'နှင့် အညီ ယင်းကို ဌပနာ ထားရမည် ဖြစ်သောကြောင့်တည်း။ ထို့ကြောင့် 'ဘုရားရှင်သည် 'အဇ္ဈောကာသော ပဗ္ဗဇ္ဇာ'ဟု ဟောတော်မူ၏'ဟု ဌပနာထားမှ သဘာဝကျသည်။

ဆိုလိုသည်မှာ '(ဃ)မှတ်ဝါကျတခုလုံးကို တက်စေလိုသော် (ဂ)မှတ်ဝါကျကို ဌပနာ မထားစေသင့်'ဟု ဆိုလိုသည်။

ဝါကျတခုလုံး မတက်စေသင့်။ ။သို့မဟုတ် (ဂ)မှတ်ဝါကျကို ဌပနာထားစေလိုသော် (ဃ)မှတ်ဝါကျတခုလုံးကို မတက်စေသင့်'နု ဗဇ္ဈတိ'တိုင်ရုံသာ ရည်၍ တက်စေသင့်သည်။ ယင်းတိုင်ရုံသာ ရည်၍ တက်သော်-

အရှင်အဋ္ဌကထာဆရာ ဆရာသည် (ဂ) မှတ်ဝါကျဖြင့် မကပ်ငြိတတ်သည်၏ အဖြစ်ဘည်းဟူသော အနက်သဘောသတ္တိကြောင့် ရဟန်း၏ အဖြစ်သည် လွန်တီးခေါင်နှင့် တူရကား 'အဇ္ဈာကာသ မည်၏' ဟု ဆိုတော်မူ၏ (ဌပနာ)။ ရဟန်းဖြစ်သော ပုဂ္ဂိုလ်သည် ပိဓ်အပ်ပြီးသော တံခါးမ, လေသာပြူတင်း, တံခါးချက် ရှိကုန်သော ဖုံးလွှမ်းအပ်ကုန်ပြီးသော စုလစ် မွန်ခွန် အထွဋ်ရှိသော ကျောင်း, ရတနာပြာသာဒ်, နတ်ဗိမာန် အစရှိသည်တို့၌ နေသည် မဟုတ်ပါလော (အာဘောဂ)။ အဘယ်သို့ မကပ်ငြိပါသနည်း (ပုစ္ဆာ)။ ဤသို့မေးဘွယ်ရှိ၍ ထိုအမေးကို ဖြေတော်မူလိုသော အဋ္ဌကထာဆရာသည် (ဃ)မှတ်ဝါကြကို မိန့်။

ဝါကျ ထူးပုံ။ ။(ဃ) မှတ်ဝါကျတခုလုံးကို ရည် တက်သော် ယင်း (ဃ)မှတ်ဝါကျဝယ် 'ပဗ္ဗဇိတောပေါနု ဗဇ္ဈတိ'သည် ကာရက, 'တေနပေါ ပဗ္ဗဇွာတိ'သည် ဖလဝါကျ မည်၏။ (ထို့ကြောင့် 'ကဿ'ဖြင့် မှတ်အပ်သော **အယုတ္တ**ဖြင့် တက်သည်။ 'နု ဗဇ္ဈတိ' တိုင်ရုံသာ ရည် တက်သော် 'ပဗ္ဗဇိတောပေါ နု ဗဇ္ဈတိ'သည် ဝိတ္ထာရ ('အလဂ္ဂဒူပမ'ကို ခဲ့သည်။ ဝိဘ္ဘာရဖြစ်၍ 'ကထံ'ဖြင့် မှတ်အပ်သော အယုတ္တဖြင့် တက်သည်။) 'တေန'စသည်သည် လဒ္ဓဂုဏ (တနည်း) နိဂမဝါကျ **မည်**၏။ ဤသို့ ထူးကြသည်။

အမှန်မှာ။ ။ဤ**မေး**ခွန်း၌ 'သာဘောဂါယုတ္တပုစ္ဆာတက်' ဟူသော စကားလုံး ကိုက အချို့ **မကျ**ပါ။ 'အယုတ္တ' စကား**လုံး** သုံးလိုလျှင် 'ပုစ္ဆာ' စကာလုံးနှင့် ဟဲ့ မသုံးသင့်၊ 'အယုတ္တစောဒနာ' ဟုသာ သုံးရိုးရှိ၍'စောဒနာ' စကားသုံးနှင့်သာ ဟဲ့ သုံးသင့်သည်။ သို့ဖြစ်၍ 'သာဘောဂါယုတ္တစောဒနာတက်ပြပါ'ဟု **မေး**က တော်သေးသည်။သို့သော် စည်းမျဉ်းတော့ လွန်နေမြဲ။ 'ပုစ္ဆာ' စကားလုံး သုံးလိုလျှင် 'အယုတ္တ'နှင့် 'ပုစ္ဆာ' သည် အမည်သာ ကဲ့သော 'ထမင်းနဲ့နှင့် ယာဂု'ကဲ့သို့ အတူတူဖြစ်၍ 'အယုတ္တ' စကားလုံး ထည့်စရာမလို။ သို့ဖြစ်၍ 'သာဘောဂါပုစ္ဆာတက်ပြပါ'ဟု **မေး**မှ ကောင်းသည်၊ အခြားကား အတူတူပင်။]

၃။ ။ဝေဒကာဘောဂါဒိစတုက္က

၁။ ။နနု ပဗ္ဗဇိတော ကုဋ္ဌဂါရတနပါသာဒဒေဝဓိမာနာဒီသု ပိဟိတဒ္ဒါရဝါတပါနေသု ပဋိစ္ဆန္နေသု ဝသန္တော ဟောတိ (စောကော ဘောဂ)။

၂။ ။အထ ကသ္မာ 'အဇ္ဈောကာသော ပဗ္ဗဇ္ဇာ' တိ ဝုတ္တံ(စောဒနာ)။
၃။ ။နနု နေဝလဂ္ဂတိ နာ သဇ္ဇတိ နာ ဗဇ္ဈတိ(ပရိဟာရ)။
၄။ ။တသ္မာ 'အဇ္ဈောကာသော ပဗ္ဗဇ္ဇာ'တိ ဝုတ္တံ(ပရိဟာရ)။

၄။ ။ဝစနတ္ထ။ ။ဒဿိကဗ္ဗာတိ ဒဿနီယာ။

ဝစနာဒိဆက္က

၁။ ။'ဒဿနီယာ' ဟူသော နာမ်ပဒသည် 'ဝစန' မည်၏။
၂။ ။'ဒဿိတဗ္ဗာ' ဟူသော ဝိဂြိဟ်ဝါကျသည်၊ 'ဝစနတ္ထ' မည်၏။
၃။ ။ကြည့်ရှုခြင်း ကြိယာသဒ်သည် 'ဝစနဟေတု' မည်၏။
၄။ ။'ဣတိ' သဒ္ဒါသည် 'ဝစနဟေတုဇောတက' မည်၏။
၅။ ။'ဒဋ္ဌဗ္ဗာ' စသော ပရိယာယ်သဒ္ဒါများသည် 'ဝစနီယတ္ထ' မည်၏။

[ကျက်ဘွယ်။ ။ကမ္မဝါစက၊ သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒကို၊ ယုတ္တ, သက္ကာ၊ အရဟာ, သက္ကုဏေယျ၊ အနုစ္ဆဝိတ၊ စသည်တို့နှင့် ဖွင့်၍ပြ၊ ကမ္မသာဓန ကြံစရာ။ (သံဝဏ္ဏနာနိယံ။)]

၅။ ။ဟိဘ်၏ သမ္ဗန်။ ။'ပရိဂ္ဂဟိတတ္တာ' ဟူသော ဟိတ်၏ သမ္ဗန်ကား 'တဿ နဂရဿ' ဖြစ်ပါသည်။

စာစပ်။ ။'တဿ နဂရဿ' ကား '၏' ဟူ၍ အနက်ပေးသောကြောင့် 'ပရိဂ္ဂဟိတတ္တာ' ဝယ် 'တ္တ' ပစ္စည်း၌ သမ္ဗန်,သတ္တိမန္တ၊ 'တ္တ' ပစ္စည်းကား သမ္ဗန္ဓ, သဲတို့။

'တဿ နဂရဿ' ကား 'ကို' ဟူ၍ အနက်ပေးသောကြောင့် 'ပရိဂ္ဂဟိထတ္တာ' ဝယ် 'ပရိဂ္ဂဟိတ' ဟူသော ဘာဝယောဂပုဒ်၌ဝါစ်, တုလျတ်၊ 'ပရိဂ္ဂဟိတ' ဟူသော ဘာဝယောဂပုဒ်ကား ဝါစက, လိင်္ဂတ်။

ပစ္စယတ္ထ။ ။ဘာဝယောဂပုဒ်၏ ပစ္စယတ္ထကား 'ကမ္မတ္ထ' ဖြစ်ပါသည်။

၆။ ။(ခ)မှတ်ဝါကျ အာဘောဂနှင့် သံဝဏ္ဏနာ

'မန္ဒာတုမဟာဂေါဝိန္ဒာဒီဟိ'ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် 'ရာဇဂဟ'ဦ့ 'ရာဇ'အရ မန္ဒာတုစကြာမင်း, မဟာဂေါဝိန္ဒပုရောဟိတ် စသည်တို့ကို ယူရမည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ သရုပ်ကြား အာဘိဓေယျတ္ထသံဝဏ္ဏနာ။

'ပရိဂ္ဂဟိတတ္တာ'ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် 'ဂဟ'ဦ့ 'အ' ပစ္စည်း၏ ကံအနက်ဟော၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဒုတိယပစ္စယတ္ထသံဝဏ္ဏနာ။ (တနည်း) 'ဂဟ'ကို 'ဂယ့တိတိ ဂဟံ'ဟု ဝစနတ္ထ ပြုရမည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ အဘိဓာနတ္ထသံဝဏ္ဏနာ။

'မန္ဒာတုမဟာဂေါဝိန္ဒာဒီဟိ ပရိဂ္ဂဟိတတ္တာ'ဟူသော အပေါင်းသံဝဏ္ဏနာပါဌ်ဖြင့် 'ရာဇဂဟ'ဟူသော သံဝဏ္ဏေတမ္ဗပုဒ်၏ တတိယာတပ္ပုရိသ်သမာသ်ပုဒ်၏ အဖြစ်, ယင်းတတိယာတပ္ပုရိသ်သမာသ်ပုဒ်၏ ကတ္တားအနက်ဟော၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ သမာသလိင် ပဒတ္ထသံဝဏ္ဏနာ။ (တနည်း) 'ရာဇဂဟ' ဟူသော သံဝဏ္ဏေတမ္ဗပုဒ်ကို 'ရာဇူဟိ ဂဟံ ရာဇဂဟံ'ဟု တတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထ ပြုရမည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ အဘိဓာနတ္ထသံဝဏ္ဏနာ။

၇။ ။နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံ

'လက္ခညာ'ကား 'လက္ခ' ဓာတ်, 'အနိယ' ပစ္စည်း, ဣတ္ထိဓာတုက 'အာ'ပစ္စည်း၊ 'လက္ခနိယာ'ဟု ဆိုလိုလျက် ဒန္တဇ 'န'ကို မုဒ္ဓဇ 'ဏ'ပြုခြင်း ဝဏ္ဏဝိကာရ, 'ဏ္ဍ'ကို ချေခြင်း ဝဏ္ဏလောပ, ('ဏ'ကို 'ယ' ကပ်၍) 'ဏ္ဍ'ကို 'ဉ'ပြုခြင်း ဝဏ္ဏဝိကာရ, 'ဉ' ကို ဒွဒေါဇ်လာခြင်း ဝဏ္ဏာဂမ နိရုတ္တိနည်းတို့ဖြင့် 'လက္ခညာ' ဟု ပြီးပါသည်။ (သီလက္ခန်ဒီကာသစ်, ရူပသိဒ္ဓိ)

(တနည်း) 'လက္ခနိယာ' ဟု ဆိုလိုလျက် 'ဏ္ဍ'ကို ချေခြင်းဝဏ္ဏလောပ, ('န'ကို 'ယ' ကပ်၍) 'ဣ' သံယုဂ်ကို 'ည'သံယုဂ်ပြုခြင်း ဝဏ္ဏဝိကာရ နိရုတ္တိနည်းတို့ဖြင့် 'လက္ခညာ'ဟု ပြီးပါသည်။ (သဒ္ဒနီတိ)

(တနည်း) 'လက္ခနိယာ'ဟု ဆိုလိုလျက် ဒန္တဇ 'န'ကို မုဒ္ဓဇ'ဏ'ပြုခြင်း ဝဏ္ဏဝိကာရ, 'ဏ္ဍ'ကို ချေခြင်း ဝဏ္ဏလောပ, 'ဏ'ကို 'ဉ'ပြုခြင်း ဝဏ္ဏစ်ကာရ, 'ယ'ကို ပုဗ္ဗရုပ် 'ဉ'ပြုခြင်း ဝဏ္ဏဝိကာရ နိရုတ္တိနည်းတို့ဖြင့် 'လက္ခညာ' ဟု ပြီးပါသည်။ (မောဂ္ဂလာန်)

[ဆောက်ဘွယ်။ ။လက္ခိတမ္မာတိ လက္ခဏီ(ဏိ)ယာ၊ သာ ဇေ လက္ခဏာ ယဝတော ဏကာရဿ ဥကာရာဒေသဝသေန ယထာ 'ပေါက္ခရဉ္ဉော သုမာပိတာ'တို့။ (သီလက္ခန် ဋီကာသစ်၊ ၂။ ၁၄။)

ပုတ်ချက်။ ။'အနိယ'ပစ္စည်းဖြစ်၍ 'လက္ခဏီယာ'ဟု 'ဤ' ဒီဃနှင့် ရှိပါ။ 'ရမဏီယာ ဒဿနီယာ (ပါဠိတော်), လက္ခဏီယာတိဓာတ္ထော (သီလက္ခန် ဋီကာဟောင်း။ ၂၁၂)' တို့လည်း ထောက်။ ဋီကာသစ်၌ ရဿနှင့် ရှိသည်။

'ပေါက္ခရိနီ' ဣတိဓ 'တသုဝုဒ္ဓိ' တိအာဒိနာ ဣကာရနကာရာနံ အကာရဏကာရာဒေသာ၊ ပေါက္ခရဏီ, ပေါက္ခရဏီ။ 'တတော ယောနမော တူ' တိသုတ္တေ တုဂ္ဂဟဏေန ယောနမောကာရော စ၊ ဤကာရဿ ယကာရော၊ 'ယဝတ' မိစ္စာဒိသုတ္တေ ကာရဂ္ဂဟဏေန ဏ္ဍသ ဥကာရော, ဒ္ဒိတ္တံ။ ပေါက္ခရညော ပေါက္ခရဏ်ိယော ဝါ ဣစ္စာဒိ။ (ရူပသိဒ္ဓိ။ ဂ၉။)

နျော ညယုဂံ ဏ္ဍော စ။ အာနိအာယော အညာယော၊ အာကိဉ္စညံ၊ ဂေလညံ၊ သာမညံ၊ ကုစိ နု ဘဝတိ၊ အာဏဏ်္ဍော။ (သဒ္ဒနီတိ သုတ္တမာလ၁။ ၁၁၇။)

ယေ ပဿိဝဏ်္ဍဿ။ ။ပဿညဿ ဇဝဏ်္ဍဿ လောပေါ ဟောတိ ဝါ ယကာရေ၊ ပ၊ ပေါက္ခရဉ်ညော။ (မောဂ္ဂလာန သျာဒိကဏ်္ဍ။ ၁၁၆။)

ပေါက္ခရညောတိ ပေါက္ခရဏီသဒ္ဒတော ယောမှိ ဣမိနာ ဤကာရလောပေ 'တဝဂ္ဂဝရဏာနံ ယေ စဝဂ္ဂဗယညာ'တိ ၁-၄၈ ဏသ ဥကာရေ 'ဝဂ္ဂလသေဟိ ဇေ' တိ ၁-၄၉ ယသ စ ဥကာရော။ (ယင်းပဋိကာ)

၈။ ။သေတုဿ တဝိရတိ၏ အရ တရားကိုယ်။ ။သေတုဿ်ာတဝိရတိ၏ အရ တရားကိုယ်ကား 'မဂ်နှင့် ယှဉ်သော (မဂ္ဂသမ္မယုတ္တ)ဝိရတိ' ဖြစ်ပါသည်။

သေတုဿ်ာတဝိရတိ၏ အာရုံ။ ။သေတုဿ်ာတဝိရတိ၏ အာရုံကား 'နိဗ္ဗာန်' ဖြစ်ပါသည်။ (အဋ္ဌကထာ။ ၂၇၂။)

၉။ ။ဂါထာဖွဲ့နှင့် ဂါထာအမည်, ဆန်းအမည်

တဥ္စိ မန္ဒာကုရညာ စ၊ ပရိဂ္ဂဟိတဘာဝတော။

အညေဟိစေဝ ဆုဋ္ဌဟိ၊ ဝုတ္တံ ဆုဇဂဟံ ဣတိ။

ဤဂါထာကား 'ပထျာဝတ္ထုဂါထာ, အနုဋ္ဌုဘဆန်း' ဖြစ်ပါသည်။

၁၀။ ။ဘာဝါလင်္ကာရ ဆုတ်ပုံ

၁။ ။'ဂတာဧသ'ဝယ် အန္ဆုတ္ထအရ ဘုရားရှင်ကို 'ကိုးကွယ်လည်း ဧလျောင်းပုန်းဧအောင်းမှီခိုရာ'ဟူ၍ မှီဝဲဆီးကပ်သော ပုဂ္ဂိုလ်၏ သန္တာန်၌ ဖြစ်သော သဒ္ဓါ, ပညာပြခေန်းသော စိတ္တဇဒ်သည် 'ဓမ္မရတိဌာယီဘာဝ, ဓမ္မသိင်္ဂါရရသ' ပည်၏။

၂။ ။ဘုရားရှင်သည် 'အာရမ္မဏာဝိဘာဝ' မည်၏။

၃။ ။ဘုရားရှင်၏ ဂုဏ်တော်တို့သည် 'ဥဒ္ဒီပနဝိဘာဝ' မည်၏။

၄။ ။အပါယ်သို့ မလားရခြင်း, လူ့အဘွဲ့ဘောကို စွန့်၍ နတ်အတွဲဘောကို ရခြင်းစသည်သည် 'အနုဘာဝ' မည်၏။

၁၃၁၄-ခုနှစ် ဓမ္မာစရိယတန်း
သီလက္ခန္ဓဝဂ္ဂ ပါဠိ, အဋ္ဌကထာ အမှတ် (၁) မေးခွန်း

၁။ ။'နိသဇ္ဇ ဧခါ ဘဂဝါ ဘိက္ခူ။ အာမန္တေသိ'ကာယနုဇ္ဇာ ဘိက္ခဝေ ဧကရဟိ ကထာယ သန္နိသိန္နာ သန္နိပတိတာ၊ ကာ စ ပန ဧဝါ အန္တရာကထာ ဝိပ္ပကတာ' တိ' ဟူသော ပါဠိကို အာကာရကို အတွင်းသွင်း၍ ယောဇနာပါ။

၂။ ။'အပရာမသတော စဿ ပစ္စတ္တညေဝ နိဗ္ဗုတိ ဝိဒိတာ။ ဧဝဒနာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ အဿာဒဉ္စ အာဒီနဝဉ္စ နိဿရဏဉ္စ ယထာဘူတံ ဝိဒိတ္ဝာ အနုပါဒါ ဝိမုတ္တော ဘိက္ခဝေ တထာဂတော'ဟူသော ပါဠိကို မှန်မှန် ယောဇနာပါ။

၃။ ။'လဋုကိကာပိ ဧခါ အမ္မဋ္ဌ သကုဏိကာ သကေ ကုလာဝကေ ကာမလာပိနီ ဟောတိ'ဟူသော ပါဠိကို 'သကုဏိကာ'ဌ သဒ္ဒတ္ထကို ထင်စေလျက် ယောဇနာပါ။

၄။ ။'ယဉ္ဆ သီလံ တဉ္ဆ ပညာ၊ ယဉ္ဆ ပညာ တဉ္ဆ သီလံ။ သီလဝတော ပညာ၊ ပညာဝတော သီလံ။ သီလပညာဏဉ္စ ပန လောကဿိ' အဂ္ဂမက္ခာယတိ'ကို ယောဇနာပါ။

၅။ ။'ဓမ္မောတိ ဟေတုဝုတ္တဉ္စေဘံ 'ဟေတုံ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ' တိ၊ အတ္ထောဘိ ဟေတုဖလံ ဝုတ္တဉ္စေတံ 'ဟေတုဖလေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ' တိ'ဟူသော ပါဠိကို ဝါကျအပြန်အလှန် ယောဇနာပါ။

၆။ ။'တ့ထ္ထ် ကာ်ဝယနုတ္ထ၀်ဲတိ ကတမာဝယ နု ကထာဝယ သန္နိသိန္နာဘာဝ ထာတိ အတ္ထော။ ကာဝယနေတ္ထာတိပိ ပါဠိ၊ တဿာ ကတမာဝယ နု ဧတ္ထာ တိ အတ္ထော။ ကာဝယဲနောတ္ထာတိပိ ပါဠိ၊ တဿာပိ ပုရိမောယေဝ အတ္ထော'ဟူသော ပါဠ်ကို သဗ္ဗနာမ်တို့၏ အစ္ဆဲ မလဲစေဘဲ ယောဇနာပါ။

၇။ ။'အန္တရာ ကထာတိ ကမ္မဋ္ဌာနမနသိကာရဥဒ္ဒသပရိပုစ္ဆာဒီနံ အန္တရာ အညာ ကော ကထာ။ဝိပ္ပကထာတိ မမ အာဂမနပစ္စယာ အပရိနိဋ္ဌိတာသိခံ အပုတ္တာ'ကို အနက်ယောဇနာပါ။

၈။ ။'ယသ္မာ ဧတ္ထ ဒ္ဝါသဋ္ဌိ ဒိဋ္ဌိယော ဝိဘတ္တာ၊ တသ္မာ 'ဒိဋ္ဌိဂေါလ' န္တိပိ နံ ဓာရေဟိ'ဟူသော ပါဠ်ကို အာလုပ်ပုဒ်, ကတ္တာဒိပုဒ်တို့ကို ထည့်လျက် အနက်ယောဇနာပါ၊

၉။ ။'နာဿ ပရော ပစ္စယော၊ နု ပရဿ သဒ္ဒါယ ဧတ္ထ ဝတ္တတိတိ အပရပ္ပစ္စယော'ကို သဗ္ဗနာမ်အစ္ဆဲ မလဲစေဘဲ ယောဇနာပါ။

၁၀။ ။'ကတိပါဟစ္စယေန ပဗ္ဗဇိတ္ဝာ အဂ္ဂညသုတ္တေ ဥပဿမဒဿ္ဆေဝ အရဟ္တတ္ထဥ္စ အလတ္ထုံ' ကို ကတ္တာဒိထည့်၍ ယောဇနာပါ။

၁၃၃၄-ခုနှစ် ဓမ္မာစရိယတန်း
သီလက္ခန္ဓဝဂ္ဂ ပါဠိ,အဋ္ဌကထာ ဏမှတ်(၁) အဖြေ

၁။ ။အာဂကာရကို အတွင်းသွင်း၍ ယောဇနာ

နိသဇ္ဇခေါ၊ နေတော် မူပြီး၍သာလျှင်။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဘိက္ခူ၊ ရဟန်းတို့ကို။ ဘိက္ခဝေ၊ ရဟန်းတို့။ တုမ္ဟေ၊ သင်္ချစ်သားတို့သည်။ ဧတရဟိ၊ ဤယခု ငါဘုရား ကြွလာတော်မူဆဲအခါ၌။ ကာယ ကထာယ၊ အာဘယ်စကားဖြင့်။ သန္နိသိန္နာ၊ ကောင်းစွာ နေကြကုန်သည်။ ဝါ၊ ကောင်းစွာ ထိုင်ကြကုန်သည်။ သန္နိပတိတာ၊ ကောင်းစွာ ကျရောက်ကြကုန်သည်။ ဝါ၊ စည်းဝေးကြကုန်သည်။ အတ္ထနု၊ ဖြစ်ကြကုန်သနည်း။ ဝေါ၊ သင်တို့၏။ ဝါ၊ သင်တို့သည်။ မမ၊ ငါဘုရား၏။ အာဂမနပစ္စယာ၊ ကြွလာတော်မူခြင်း ဟူသော အကြောင်းကြောင့်။ အန္တရာ၊ ကမ္မဋ္ဌာနမနသိကာရ ဥဒ္ဒေသ, ပရိပုစ္ဆာတို့၏ အကြား၌၊ ဝိပ္ပကထာ၊ အပြားအားဖြင့် ပြုခြင်းမှ ကင်းသော။ ဝါ၊ ကင်းပြီးသော အပြားအားဖြင့် ပြုခြင်းရှိသော။ ဝါ၊ ပြုအပ်ပြီး မဟုတ်သော။ ဝါ၊ ပြုအပ်ဆဲဖြစ်သော။ ဝါ၊ ပြောဆိုအပ်ပြီး

မဟုတ်သော။ ဝါ၊ ပြောဆိုအပ်ဆဲဖြစ်သော။ ဝါ၊ ပို့၍ မပြီးသေးသော။ ဝါ၊ ပြောဆို၍ မပြီးသေးသော။ အန္ဓရာ၊ ကမ္မဋ္ဌာနမနသိကာရ, ဥဒ္ဒိဿ, ပရိပုစ္ဆာမှ တပါးသော်။ ကထာ၊ စကားသည်။ ဂဝ စ ပန၊ အဘယ်နည်း။ ဝါ၊ အဘယ်စကားတဲ့နည်း။ ဣတိ၊ ဤသို့။ အာမန္တေသိ၊ သိစေတော်မူပြီ။ ဝါ၊ မိန့်တော်မူပြီ။ [ပါ။ ၂။ ပါ၊ သျှ။ ၁၀။ ပါ။ သျှ၊ သစ်၊ ၂၂။]

မှတ်ချက်။ ။သာမညမေးခွန်းဖြစ်၍ ပါဠိအားဖြင့်လည်း အာကာရကို သွင်း၍ ယောဇနာနိုင်သော်လည်း တနည်း ယောဇနာက မေးခွန်း၏ လို အပ်သော အဖြေသည် ပြည့်စုံပြီဖြစ်သောကြောင့် အနက်အားဖြင့် အာကာရကို သွင်း၍ ယောဇနာသောနည်း တနည်းသာ ယောဇနာလိုက်ပါသည်။ [ဝိသေသ မ, မေးသင့်သည်။]

၂။ ။[ပါ။ ၁၆။ ပါ၊ သျှ။ ၅၁။ ပါ၊ သျှ၊ သစ်။ ၉၄။]

၃။ ။[သကုဏိကာပိ၊ ငယ်သော ငှက်မသည် သော်လည်း။ ဤသို့ သဒ္ဒတ္ထယောဇနာ။ ('က' ပစ္စည်း ခုဒ္ဒကတ္ထ။ သကုဏကာ=ခုဒ္ဒကသကုဏာ။ ဇာ၊ ဋ္ဌ။ ၄။ ၃၄၇။ ဤဒ္ဒ် ဣတ္ထိလိင်ဖြစ်၍ သကဲ့ဏိကာ) ကြင်း 'သျှ' အတိုင်း ယောဇနာ။ ပါ။ ၈၆။ ပါ၊ သျှ။ ၂၀၆။ ပါ၊ သျှ၊ သစ်။ ၃၁၆။ ။၁၃၂၂, ၈၃၃၀-ခုနှစ်မျှားကလည်း မေးခဲ့ပြီ။]

၄။ ။[ပါ။ ၁၁၆။ ပါ၊ သျှ။ ၂၈၀။ ပါ၊ သျှ၊ သစ်။ ၄၀၃။]

၅။ ။ဝါကျ အပြန်အလှန် ယောဇနာ

ဓမ္မောတိ၊ ဓမ္မောဟူသည်ကား။ ဟေတု၊ အကြောင်းတည်း။ ကသ္မာ၊ အဘယ့်ကြောင့်။ ဓမ္မဿ၊ ဓမ္မသဒ္ဒါ၏။ ဟေတုပရိယာယဘာဝေါ၊ ဟေတုသဒ္ဒါ၏ ပရိယာယ်၏ အဖြစ်ကို။ ဝိညာယတိ၊ သိအပ်သနည်း။ ဟိ-ယသ္မာ၊ အကြင်ကြောင့် 'ဟေတုမ္ပိ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ'တိ၊ 'ဟေတုမ္ပိ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ'ဟူ၍။ ဝါ၊ ဟူသော။ ဧတံ ဝစနံ၊ ဤစကားကို။ ပဋိသမ္ဘိဒါ ဝိဘင်္ဂေ၊ ပဋိသမ္ဘိဒါဝိဘင်းဌ်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်ပြီ။ တသ္မာ၊ ထို့ကြောင့်။ ဓမ္မဿ၊ ဓမ္မသဒ္ဒါ၏။ ဟေတု ပရိယာယဘာဝေါ၊ ဟေတုသဒ္ဒါ၏ ပရိယာယ်၏ အဖြစ်ကို။ ဝိညာယတိ၊ သိအပ်သတည်း။ ဟေတုမ္ပိ၊ အကြောင်းဌ်။ပဝတ္တံ ဖြစ်သော။ ဉာဏံ၊ ဉာဏ်သည်။ ဓမ္မပဋိသမ္ဘိဒါ၊ ဓမ္မပဋိသမ္ဘိဒါ၊ မည်၏။ အတ္ထောတိ၊ အတ္ထောဟူသည်ကား။

ဟေတုဖလံ၊ အကြောင်း၏ အကျိုးတည်း၊ ကသွာ၊ အာဘယ်ကြောင့်။ အတ္ထသ၊ အတ္ထသဒ္ဒါ၏။ ဟေတုဖလပရိယာယဘာဝေါ၊ ဟေတုဖလသဒ္ဒါ၏ ပရိယာယ်၏ အဖြစ်ကို။ ဝိညာယတိ၊ သိအပ်သနည်း။ ဟိ-ယသ္မာ၊ အကြောင်းကြောင့်။ 'ဟေတုဖလေ ညာဏံ အတ္ထပဋိသမ္ဘိဒါ'တိ၊ 'ဟေတုဖလေ ညာဏံ အတ္ထပဋိသမ္ဘိဒါ'ဟူ၍။ ဝါ၊ ဟူသော။ တေံ ဝစနံ၊ ဤစကားကို၊ ပဋိသမ္ဘိဒါဝိဘင်္ဂဝံ၊ ပဋိသမ္ဘိဒါဝိဘင်းဌ်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်၊ ဝုဘံ၊ ဟောတော်မူအပ်ပြီ၊ တသ္မာ၊ ထို့ကြောင့်။ အတ္ထသ၊ အတ္ထသဒ္ဒါ၏၊ ဟေတုဖလပရိယာယဘာဝေါ၊ ဟေတုဖလသဒ္ဒါ၏ ပရိယာယ်၏ အဖြစ်ကို။ ဝိညာယတိ၊ သိအပ်သတည်း။ ဟေတုဖလေ၊ အကြောင်း၏ အကျိုးဌ်။ ပဝတ္တံ၊ ဖြစ်သော။ ညာဏံ၊ ဉာဏ်သည်။ အတ္ထပဋိသမ္ဘိဒါ၊ အတ္ထပဋိသမ္ဘိဒါ မည်၏။

[ဋီကာသဒ်၊ နည်းဒီး ယောဇနာသည်၊ ယင်းဋီကာသစ်၌ ဝက်ဝုံအား ဖြင့် 'ကဆံ'ဖြင့် မေးသည်၊ 'သျ၊ သစ်'အတိုင်းသော်လည်း ယောဇနာ။ ဋ္ဌ။ ၂၁။ ဋ္ဌ၊ သျ၊ ၁။ ၇၈။ ဋ္ဌ၊ သျ၊ သစ်၊ ၁။ ၁၄၆။]

၆။ ။['သျ'အတိုင်း ယောဇနာ။ ။ဋ္ဌ။ ၄၉။ ဋ္ဌ၊ သျ၊ ၁။ ၁၇၀။ ဋ္ဌ၊ သျ၊ သစ်၊ ၁။ ၃၀၁။]

၇။ [။ဋ္ဌ။ ၅၀။ ဋ္ဌ၊ သျ၊ ၁။ ၁၇၁။ ဋ္ဌ၊ သျ၊ သစ်။ ၁။ ၃၀၂။]

၈။ ။အာလုပ်ပုဒ်, ကတ္ထားပုဒ်တို့ ထည့်လျက် အနက်ယောဇနာ

အာနန္ဒ၊ အာနန္ဒာ(အာလုပ်ပုဒ်)။ ယသ္မာ၊ အကြောင်းကြောင့်။ တွေ့-ရတဲ့ ဓမ္မပရိယာယေ၊ ဤဒေသတဗ္ဗအနက်ကို သိစေတတ်သော တရားဒေသနာတော်၌။ ဒ္ဓါသဋ္ဌိ၊ ခြောက်ဆယ့်နှစ်ပါးသော။ ဒိဋ္ဌိယော၊ ဒိဋ္ဌိကို့ကို။ ဝိဘတ္တာ၊ ဝေဘန်တော်မူအပ်ကုန်ပြီ။ တသ္မာ၊ ထို့သို့ ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိတို့ကို ဝေဘန်အပ်ရာ၏ အဖြစ်ကြောင့်။ ဣဟ-ဣမသ္မိံ သာသနေ၊ ဤသာသနာတော်၌။ တံ၊ သင်သည်(ကတ္တား)။ ဣမံ ဓမ္မပရိယာယံ၊ ဤဒေသတဗ္ဗအနက်ကို သိစေတတ်သော တရားဒေသနာကော်ကို။ ဒိဋ္ဌဓမ္မိကော်ပိ၊ 'ဒိဋ္ဌဓမ္မ'လည်းပြီ၊ 'ဒိဋ္ဌဓမ္မိက'ဟူ၍လည်း။ ဝါ၊ 'ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိဟုဆိုအပ်သော ဓာရိုရုဖြစ်သော သုတ်'ဟူ၍လည်း။ ဓာရေဟိ၊ မှတ်လော့။ (ဣဟ, ဣမံ ဓမ္မပရိယာယံ ပုဒ်တို့လည်း လိုက်။ 'နံ' ကား အနက်မဲ့)။ [ဋ္ဌ။ ၁၁၈။ ဋ္ဌ၊ သျ၊ ၁။ ၃၉၁။ ဋ္ဌ၊ သျ၊ သစ်၊ ၁။ ၅၃၉။]

၉။ ။['သျှ' အတိုင်းယောဇနာ။ ။ဋ္ဌ။ ၂၃၀။ ဋ္ဌ၊ သျှ၊ ၂။ ၃၄၉။ ဋ္ဌ၊ သျှ၊ သစ်၊ ၂။ ၄၂၅။]

၁၀။ ။['ဧတေ မာဏဝါ၊ ဤဝါဧသဋ္ဌ,ဘာဂရဒ္ဒါဇလုံလင်တို့သည်'ဟု ကတ္တားထည့်ယောဇနာ။ ။ဋ္ဌ။ ၃၃၀။ ဋ္ဌ၊ သျှ၊ ၂။ ၅၅၉။ ဋ္ဌ၊ သျှ၊ သစ်၊ ၂။ ၆၅၁။]

၁၃၃၄-ခုနှစ် စမ္မာစရိယတန်း
သီလက္ခန္ဓဝဂ္ဂ ပါဠို, အဋ္ဌကထာ အမှတ် (၂) မေးခွန်း

(က) ဝတ္ထုဂုယ္ဟတိ အင်္ဂါဇာတော။
(ခ) ဘဂဝတော ဟိ ဝရဝါရကာသေဝ ကောသောဟိတံ ဝတ္ထုဂုယ္ဟံ သုဝဏ္ဏဝဏ္ဏံ ပဒုမဂဗ္ဘသမာနံ။
(ဂ) တံ သော ဝတ္ထုပဋိစ္ဆန္နတ္တာ အဟသန္တော, အန္တောမုခဂတာယ စ ဇိဝှာယ ပဟူတဘာဝံ အသလ္လက္ခေန္တော တေသု ဒ္ဝီသု လက္ခဏေသု ကဒ္ဒိ အဟောသိ ဝိဝိဂိစ္ဆိ။
(ဃ) တထာရူပန္တိ တံရူပံ။

၁။ ။(ခ) မှတ်ဝါကျကို မှန်ကန်စွာ အနက်ယောဇနာပါ။

၂။ ။(ဂ) မှတ်ဝါကျ၌ 'အဟသန္တော' မှ 'ကံ' နှင့် 'ဟိတ် သို့ သဒ္ဒသာဓကဝါကျဆုံးနည်းဖြင့် ထွက်ပြပါ။

၃။ ။(ဂ) မှတ်ဝါကျ၌ ဖြစ်သင့်သော စောဒကာဓကဝါဒိစတုက္ကကို ထုတ်ပြပါ။

၄။ ။'ဝတ္ထုဂုယ္ဟံ' ပုဒ်ကို ဝိဂ္ဂဟပြု၍ ဝစနာဒိဆက္က ကောက်ပြပါ။

၅။ ။(ဂ) မှတ်ဝါကျပါ ဟိတ်၏ သမ္ဗန်ကို ခံပြု၍ ဖြစ်သင့်သမျှ စာစပ်ပြီးလျှင် ဘာဝသမ္ဗန်ပုဒ်၏ ပစ္စယတ္ထကိုလည်း ညွှန်ပြပါ။

၆။ ။(က) မှတ်ဝါကျ၌ သံဝဏ္ဏနာ, (ဃ) မှတ်ဝါကျ၌ အဋ္ဌကထာဆရာ၏ အာဇ်ဘော်ကို ဖော်ပြပါ။

၇။ ။'ဝတ္ထုဂုယ္ဟံ' ၌ 'ဂုယ္ဟံ' ပုဒ်၏ ရုပ်ပြီးပုံကို ဓာတု, ပစ္စယ စသည်နှင့် တကွ အစုံအလင် ဖော်ပြပါ။

၅။ ။ဟိတ်၏ သမ္မန်။ ။'ဝတ္ထုပဋိစ္ဆန္နတ္တာ' ဟူသော ဟိတ်၏ သမ္မန်ကား 'တဿ ဝတ္ထုဂုယ္ဟဿ' ဖြစ်ပါသည်။

ဖြစ်သင့်သမျှ စာစပ်။ ။'တဿ ဝတ္ထုဂုယ္ဟဿ' ကား '၏' ဟူ၍ အနက်ပေးသောကြောင့် 'ဝတ္ထုပဋိစ္ဆန္နတ္တာ' ဝယ် 'တ္တ' ပစ္စည်း၌ သမ္မန်, သတ္တီမန္တ၊ 'တ္တ' ပစ္စည်းကား သမ္မန်, သတ္တိ။

'တဿဝတ္ထုဂုယ္ဟဿ' ကား 'ကို' ဟူ၍ အနက်ပေးသောကြောင့် 'ဝတ္ထုပဋိစ္ဆန္နတ္တာ' ဝယ်'ဝတ္ထုပဋိစ္ဆန္န' ဟူသော ဘာဝယောဂပုဒ်၌ ဝါစ်, တုလျတ်၊ 'ဝတ္ထုပဋိစ္ဆန္န'ဟူသော ဘာဝယောဂပုဒ်ကား ဝါစက, လိင်္ဂတ်။

ဘာဝသမ္မန်ပုဒ်၏ ပစ္စယတ္ထ။ ။ဘာဝသမ္မန်ပုဒ် ၏ ပစ္စယတ္ထကား 'ကမ္မတ္ထ'ဖြစ်ပါသည်။ [လဟုကာနုည်းအားဖြင့်'ဝတ္ထေဟိ ပဋိစ္ဆာဒီယိတ္ထာတိ ဝတ္ထုပဋိစ္ဆန္နံ' ဟု ကိတန္တဿမာသ်ဝိဂ္ဂဟ ပြုအပ်၏။ ဝတ္ထ+ပဋိ+ဆဒ+တ]

၆။ ။(က)မှတ်ဝါကျ၌ သံဝဏ္ဏနာ။ ။'အဂ်ဇာတေ' ဟူသော သံဝဏ္ဏနာသည် 'ဝတ္ထုဂုယ္ဟ' ဟူသော သံဝဏ္ဏေတမ္ဗပုဒ်၏ ပရိယာယ်အနက်ကို ဖွင့်ပြ သောကြောင့် ပရိယာယ်အဘိဓေယျတ္ထသံဝဏ္ဏနာ ဖြစ်ပါသည်။

(ဃ)မှတ်ဝါကျ အာဘောဂ။ ။'တံရူပံ'ဟူသော သံဝဏ္ဏနာပါဋ်ဖြင့် 'တထာရူပံ' ဟူသော သံဝဏ္ဏေတမ္ဗပုဒ်၌ 'တထာ' သဒ္ဒါ၏ 'တံ' သဒ္ဒါ၏ အနက် (နိယမ) ကို ဟောသည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။'တဿာရူပံ' ပုဒ်၏ စတုတ္ထီဗဟုဗ္ဗီဟိသမာသ်ပုဒ်၏ အဖြစ်, ယင်း စတုတ္ထီဗဟုဗ္ဗီဟိသမာသ်ပုဒ်၏ သမ္ဗန်ဓနိန်အနက်ဟော၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ (တနည်း) 'တထာရူပံ' ဟူသော သံဝဏ္ဏေတမ္ဗပုဒ်ကို 'တံ ရူပံ ဧတဿာတိ တထာရူပံ' ဟု စတုတ္ထီဗဟုဗ္ဗီဟိ သမာသ် ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။

၇။ ။'ဂုယ္ဟ'ပုဒ် ရှုပ်ပြီးပုံ။ ။'ဂုယ္ဟ'ကား 'ဂုဟ'ဓာတ်, 'ဏျ'ပစ္စည်း၊ ဓာတ်၏ အစိတ် သရကို ဧချ, ('ဝဒမဒ။ ပ။ ဂါရောဝါ'သုတ်ဖြင့်) 'ဏျ' ပစ္စည်းကို ဓာတ္ဌန်'ဟ'နှင့် တက္ခဲ 'ယ္ဟ'ပြု, နာမ်ငဲ့, 'သိ' သက်, 'အံ'ပြု, ဧချ, ကပ်၍ 'ဂုယ္ဟံ' ဟု ပြီးပါသည်။ ['မောဂ္ဂလာန် သညာဒိဂဏ္ဌ။၅၀, ခါဒိကဏ္ဌ။၃၂၂'တို့ ကြည့်။]

(တနည်း)'ဂုယ္ဟ'ကား 'ဂုဟ'ဓာတ်,'ယက်'('က်'ကား အနုဗန်)ပစ္စည်း၊ ဓာတ်၏ အစိတ် သရကို ဧချ, ('ဟဿ ဝိပလ္လာသေ' သုတ်ဖြင့်) 'ဟ' နှင့် 'ယ' ဧရှ,နောက်ပြန်, နာမ်ငဲ့, 'သိ'သက်, 'အံ' ပြု, ဧချ,ကပ်၍ 'ဂုယ္ဟံ' ဟု ပြီးပါသည်။['မောဂ္ဂလာန် သညာဒိဂဏ္ဌ။၅၀, ခါဒိကဏ္ဌ။၃၂၂'တို့ ကြည့်။]

မှတ်ချက်။ ။ရှေနည်းကား ရူပသိဒ္ဓိနည်း, နောက်နည်းကား မောဂ္ဂလာန်နည်း ဖြစ်ပါသည်။

၈။ ။ကခ်ါ, ဝိစိကိစ္ဆာ, အနဓိမုစ္စနတာတို့၏ အထူး

အားနည်းသော တွေးတောယုံမှားခြင်းသည် 'ကခ်ါ' မည်၏။
အလယ်အလပ်ဖြစ်သောတွေးတောယုံမှားခြင်းသည် 'ဝိစိကိစ္ဆာ' မည်၏။
အားရှိသော တွေးတောယုံမှားခြင်းသည် 'အနဓိမုစ္စနတာ' မည်၏။
ဤသို့ ကခ်ါ, ဝိစိကိစ္ဆာ, အနဓိမုစ္စနတာတို့ ထူးကြပါသည်။ (ဋ္ဌ။ ၂၄၆။)

ဝတ္ထုဂုယ္ဟကို ပြတော်မူရာ၌ အဆုံးအဖြတ်

လူအများ အရှက်ကို ပြုအပ်ရာ ဝတ္ထုဂုယ္ဟကို အမှုဋ္ဌလုလင်အား မြတ်စွာဘုရား ပြတော်မူရာ၌ မြတ်စွာဘုရားသည် လျှို့ဝှက်အပ်သော အင်္ဂါဇာတ်အစစ်ကို ပြတော်မူသည် မဟုတ်ပါ၊ တန်ခိုးဖြင့် ဖန်ဆင်းတော်မူ၍ သင်းပိုင်ဝတ်သော ခါးပန်းကျိုးပန်းသော သက်နှံးရုံသော အင်္ဂါဇာတ်တော်၏ အရိပ်အတုအရောင်ကဲ့လေးမျှကိုသာ ပြခြင်းဖြစ်ပါသည်။ (ဋ္ဌ။ ၂၄၆။)

၉။ ။ဂါထာစီနှင့် ဂါထာအမည်

ဒိဿာန ဟဒယရူပံ၊ ဘဝေ ဗုဇ္ဈနကော ဇနော။
နိန္နေတ္တာ ဟဒယမံသံ၊ ဒဿယျ ဒ္ဝိပဒုတ္တမော။
ဤဂါထာသည် 'ဥဘယသကာရဝိပုလာဂါထာ' ဖြစ်ပါသည်။

၁၀။ ။ဘာဝလက္ခဏာရ ထုတ်ပုံ

၁။ ။'ပုဂ္ဂ'ဓာတ်၏ အရ ဘုရားရှင်တို့ကို ပူဇော်သော သူ၏ သန္တာန်၌ ဖြစ်သော ပီတိနှင့် အက္ခ စေတနာ ပြဓာန်းသော စိတ္တုပ္ပါဒ်သည် 'ဓမ္မရတိဌာယိဘာဝ, ဓမ္မသိင်္ဂါရရသ' မည်၏။
၂။ ။ဘုရားရှင်တို့သည် 'အာရမ္မဏဝိဘာဝ' မည်၏။
၃။ ။ဘုရားရှင်တို့၏ တာဒိသ, နိဗ္ဗုတ, အကုပ္ပတာဘယ စသော ဂုဏ်တော်တို့သည် 'ဥဒ္ဒိပနဝိဘာဝ' မည်၏။
၄။ ။ပူဇော်ခြင်းကြောင့် ရအပ်သော ကောင်းမှု စသည်သည် 'အနုဘာဝ' မည်၏။

ဧမ္ဗသက်ကို ပါဠိ, အဋ္ဌကထာ
မေးခွန်း အဖြေ

၁၃၁၅-ခုနှစ်, ဧမ္မာဝရိယတန်း
ဧမ္မသင်္ကိ ပါဠို, အဋ္ဌကထာ အမှတ်(၁) မေးခွန်း

အောက်ပါ ပါဠိတော်, အဋ္ဌကထာ ဝါကျများ၏ အနက်တို့ကို ကျန်မှန်ကန်အောင် ရေးသားပါ။

၁။ ။ကတမေ ဧမ္မာ ကုသလာ။ ယသ္မိံ သမယေ ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ သုခဿ စ ပဟာနာ။ ပ၊ ပဌမံ(စတုတ္ထံ) ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ ပထဝီကသိဏံ။ (ပေယျာလကို ဖေါ်ရန် မလို။)

၂။ ။ယေ ဝါ ပန တသ္မိံ သမယေ အညေပိ အတ္ထိ ပဋိစ္စသမုပ္ပန္နာ အရူပိနော ဧမ္မာ ဌပေတ္ဝာ ဝေဒနာက္ခန္ဓံ ဌပေတ္ဝာ သညာက္ခန္ဓံ ဌပေတ္ဝာ ဝိညာဏက္ခန္ဓံ။

၃။ ။ယာ တသ္မိံ သမယေ စိတ္တဿ ဌိတိ သဏ္ဌိတိ အဝဋ္ဌိတိ အဝိသာဟာရော အဝိက္ခေပေါ အဝိသာဟဋမာနသတာ သမထော သမာဓိန္ဒြိယံ သမာဓိဗလံ။

၄။ ။ယာ ကုသလစိတ္တဿ ဝါ အကုသလစိတ္တဿ ဝါ အဗျာကတစိတ္တဿ ဝါ ဝါစာ ဂိရာ ဗျပ္ပထော ဥဒီရဏံ ဃောသော ဃောသကမ္မံ ဝါစာ ဝစီဘေဒေါ၊ အယံ ဝုစ္စတိ ဝါစာ။

၅။ ။သမယေ နိဒ္ဒိသိ စိတ္တံ၊ စိတ္တေန သမယံ မုနိ။
နိယမေတ္ဝာန ဒီပေတုံ၊ ဓမ္မေ တတ္ထ ပဘေဒတော။

၆။ ။တတြာယံ နယော-ယော 'မိဂဝံ ဂမိဿာမိ'တိ ဓနုံ သဇ္ဇေတိ၊ ဇိယံ ဝဋ္ဋေတိ၊ သတ္တိံ နိသေတိ၊ ဘတ္တံ ဘုဉ္ဇတိ၊ ဝတ္ထံ ပရိဒဟတိ။ ဧတ္ထာဝတာ ကာယဒ္ဓါရေ ဧဝေပနံ ပတ္တံ ဟောတိ။

၇။ ။လက္ခဏာဒိတော ပန ဝိဇာနနလက္ခဏံ စိတ္တံ၊ ပုဗ္ဗင်္ဂမရသံ။ သန္ဒဟနပစ္စုပဋ္ဌာနံ၊ နာမရူပပဒဋ္ဌာနံ။

၈။ ။အဒေါသော ယောဇ္ဇနဿ၊ အဒုဋ္ဌော ဟိ ဝလိပလိတာဝဟေန ဒေါသဂ္ဂိနာ အဒယ္ဟမာနော ဒီဃရတ္တံ ယုဝါ ဟောတိ။

၉။ ။အပရဒ်ိပနာ ပန ပဒတ္ထုတော် ဝါ ဟောတိ ဒဋ္ဌိကမ်ံ ဝါတိ ဧတံ ဒွေ ဌာနာနိ ဂစ္ဆတိ။

၁၀။ ။ဝိတက္ကနဝသေန ဝိတက္ကော။ ဗလဝတရတက္ကသေတံ နာမံ။ သုဋ္ဌုကပွနဝသေန သဲက်ပေါ်။ ကေဂုံ စိတ္တံ အာရမ္မဏေ အပေါတိတိ အပွနာ၊

၁၃၁၅-ခုနှစ် ဓမ္မာစရိယတန်း
ဓမ္မသင်္ကီ ပါဠို, အဋ္ဌကထာ အမှာ်(၁) အနက်ပြ

၁။ ။[ပါ။ ၄၅။ ပါ၊ သျှ။ ၁၀၂။]

၂။ ။[ပါ။ ၂၄။ ပါ၊ သျှ။ ၆၇။]

၃။ ။[ပါ။ ၁၉။ ပါ၊ သျှ။ ၆၀။]

၄။ ။[ပါ။ ၁၆၈။ ပါ၊ သျှ။ ၂၆၇။]

၅။ ။[ဋ္ဌ။ ၉၉။ ဋ္ဌ၊ သျှ၊ ၁။ ၃၆၇။]

၆။ ။[ဋ္ဌ။ ၁၃၂။ ဋ္ဌ၊ သျှ၊ ၁။ ၅၃၂။]

၇။ ။[ဋ္ဌ။ ၁၅၅။ ဋ္ဌ၊ သျှ၊ ၂။ ၂၉။]

၈။ ။[ဋ္ဌ။ ၁၀၂။ ဋ္ဌ၊ သျှ၊ ၂။ ၁၅၂။]

၉။ ။[ဋ္ဌ။ ၁၀၅။ ဋ္ဌ၊ သျှ၊ ၂။ ၁၆၂။]

[**မှတ်ချက်**။ ။ဤနှစ်**မေးခွန်း**များတွင် ၁-နံပါတ်, ၂-နံပါတ်, ၃-နံပါတ် **မေးခွန်း**များ **ပြောင်းပြန်ဖြစ်**ခါ ပါဠိရှိ အစဉ်အတိုင်း မဟုတ်သည်ကို တွေ့ရသည်။]

၁၃၁၅-ခုနှစ် ဓမ္မာစရိယတန်း
ဓမ္မသင်္ကီ ပါဠို, အဋ္ဌကထာ အမှတ်(၂) မေးခွန်း

ဧကံပဟါဒါဒိတာယ ဟေတုနာ သမ္ဗယုတ္တာတိ ဟေတုသမ္ပယုတ္တာ။ ဟေတုနာ ဝိပ္ပယုတ္တာတိ ဟေတုဝိပ္ပယုတ္တာ။ ဣမေသံ ဒ္ဝိန္နမ္ပိ ဒုကာနံ ကိဉ္စာပိ အတ္ထတော နာနတ္တံ နတ္ထိ၊ ဒေသနာဝိလာသေန, ပန် တထာ ပုဗ္ဗန္တာဒီနံ ဝါ ပုဂ္ဂလာနံ အဗ္ဗောသယဝေသန ဝုတ္တာ။

၁။ ။အထက်ပါ အဋ္ဌကထာဝါကျများကို မှန်ကန်စေအောင် အနက်ယောဇနာပါ။

၂။ ။'ဣမေသံ' အစချိစသော ဝါကျကို ဌပနာ, ဆာဘောဂ, အာဘော်ဘဂဟေတု, ဌပနာပဋိက္ခေပ, ပုစ္ဆာတို့ဖြင့် ပြည့်စုံစွာ တက်ပြပါ။ (အဓိပ္ပါယ်ပြန်ရန် မလို)

၃။ ။'ပုဗ္ဗန္တာဒီနံ ဝါ' ၌ 'ဝါ'သဒ္ဒါ၏ ကြောင်း, ကျိုး အနက်နှစ်ပါး တို့တွင် အဘယ်ကို လဲလို၍ ထားပါသနည်း။

၄။ ။'ဒေသနာဝိလာသ' ပုဒ်ကို အစိတ်, အပေါင်း ဝစနတ္ထပြု၍ အပေါင်း ဝစနတ္ထကိုသာ ဗျပ္ပတ္တိစေသော လေးပါးကို တိကျမှန်ကန်စွာ ခွဲခြားဝေဘန်ပြပါ။

၅။ ။'ဓလာကေ အပရိယာပန္နဘာဝေန လောကတော ဥတ္တရုတိ လောကုတ္တရာ' ဟူသော ဝါကျဝယ် 'အပရိယာပန္နဘာဝေန' ဟု ကရဏာ သဒ္ဒါကို ထားရှာ၌ ကတ္တုသတ္တိ, ကမ္မသတ္တိ ၂-မျိုးတို့တွင် မည်သည့်သတ္တိထူးကို ပြလို၍ ထားပါသနည်း။

၆။ ။'အာရမ္မဏကရဏဝသေန တဏှာဒိဋ္ဌိဟိ ဥပေတေန ကမ္မုနာ အာဒိန္နံ ဖလဘောဝေန ဂဟိတာတိ ဥပါဒိန္နာ' ဟူသော အဋ္ဌကထာ ပါဌ်၌ အဋ္ဌကထာဆရာ၏ အာဘောဂနှင့် တကွ သံဝဏ္ဏနာအမည်များကို မှန်ကန်စေအောင် ညွှန်ပြပါ။

၇။ ။'ဒေသနာဝိလာသဝသေန ပန' စသည်၌ 'ပန' သဒ္ဒါ၏ အနက်ကို ပြခဲ့ပါ။

၈။ ။'အာရမ္မဏကရဏဝသေန တဏှာဒိဋ္ဌိဟိ ဥပေတေန ကမ္မုနာ အာဒိန္နာ' ၌ 'ဥပေတ' အရကို ကိုယ်ပြု၍ ဒဿနတ္ထ စသော ကြိယာငါးတန် ဝေဘန်ထုတ်ပြပါ။

၉။ ။'ဇ်ဝိတိန္ဒြေစတသိက်' ၏ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကို ထုတ်ပြပါ။

၁၀။ ။'ဥပါဒိန္နာ' ဌ်'ဥပ' အရ တရားသည် 'အာဒိန္နာ' အရ တရားအား ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိတို့ကို ဖေါ်ပြပါ။

၁၃၁၅-ခုနှစ် ဓမ္မာစရိယတန်း
ဓမ္မသင်္ကိ ပါဠိ, အဋ္ဌကထာ အမှတ် (၂) အဖြေ

၁။ ။[ဌ။ ဂဖ။ ဌ။ သ့။ ၁။ ၃၂၀။]

၂။ ။'ဣမေသံ' အစချီသော ဝါကျ ဌပနာ, ဘောဂါဒိ ကျမ်းတက် အရှင်အဋ္ဌကထာဆရာ ဘုရားရှင်သည် သဟေတုကဒုက်, ဟေတုသမ္မယုတ္တဒုက်တို့ကို ဟောတော်မူ၏ (ဌပနာ)။ ၂-ပါးလည်းဖြစ်ကုန်သော ဤသဟေတုကဒုက်, ဟေတုသမ္မယုတ္တဒုတ်တို့၏ အနက်အားဖြင့် ထူးသည်၏ အဖြစ်သည် မရှိသည် မဟုတ်ပါလော(အာဘောဂ)။ ယင်းသို့ အနက်အားဖြင့် ထူးသည်၏ အဖြစ်သည် မရှိသောကြောင့်(အာဘောဂဟေတု)။ သဟေတုကဒုက်, ဟေတုသမ္မယုတ္တဒုက် ၂-ဒုက်လုံးကို ဟောတော် မမူသင့်(ဌပနာပဋိက္ခေပ)။ အဘယ်၏ အစ်မ်းဖြင့် သဟေတုကဒုက်, ဟေတုသမ္မယုတ္တဒုက် ၂-ဒုက်လုံးကို ဟောတော် မူပါသနည်း(ပုစ္ဆာ)။ ဤသို့ မေးဘွယ်ရှိ၍ ထိုအမေးကို ဖြေတော်မူလိုသော အဋ္ဌကထာ ဆရာသည် 'ဣမေသံ' အစချီသော ဝါကျကို မိန့်။

[ကျက်ဘွယ်။ ။ဌပနာ၊ အာဘော်၊ ဟိတ်ဖေါ်၊ ဌဖျက်၊ အမေးစွက်၊ ငါးချက် ကျမ်းရိုးလာ။

သိဘွယ်။ ။ဌပနာ, အာဘောဂ, အာဘောဂဟေတု, ဌပနာပဋိက္ခေပ, ပုစ္ဆာ သို့မဟုတ် စောဒနာ။ ဤ ၅-မျိုးကို 'ဌပနာဘောဂ ဒိ ကျမ်းတက်' ဟုဆိုင်း, 'ဌပနာပဋိက္ခေပကျမ်တက်' ဟုဆိုင်း ခေါ်သည်။ ပုစ္ဆာနှင့် စောဒနာ 'အတူတူ' ဟု ရေးခဲ့ပြီ၊ ဌပနာ, အာဘောဂ, အာဘောဂဟေတု, ဌပနာပဋိက္ခေပ, ပုစ္ဆာ။ ဤ ၅-မျိုးကို အစဲပြု၍ 'ဌပနာဘောဂါဒိပုစ္ဆာတက်' ဟုဆိုင်း, 'ဌပနာပဋိက္ခေပုစ္ဆာတက်' ဟုဆိုင်း, ဌပနာ, အာဘောဂ, အာဘောဂဟေတု, ဌပနာပဋိက္ခေပ, စောဒနာ။ ဤ ၅-မျိုးကို စောဒနာကို အစဲပြု၍ 'ဌပနာဘောဂါဒိ ဒနာတက်' ဟုဆိုင်း, 'ဌပနာပဋိက္ခေပ စောဒနာတက်'

ဟုဂုဏ်း ပုဏ္ဏာနှင့် စောဒနာခွဲခြားချိလည်း ခေါ်ကြသည်။ (ဤအဖြေ၌ မေးခွန်းလိုက်၍ ခေါင်းစည်းတတ်သည်။ သို့သော် မာတိကာ၌ကား ပုဏ္ဏာနှင့်စောဒနာ ခွဲခြားချ ရေးသည်။) အနွယ (အနုညာတ) ပါခြင်းကြောင့် မထူး ပဋ္ဌကပင်။]

၃။ ။'ဝါ'သဒ္ဒါ ထားရခြင်း အကြောင်း

ဒေသနာတော်ကို တင့်တယ်စမွာယ်စေတတ်သော သဗ္ဗညုတဉာဏ်ဟူသော (ဒေသနာဝိလာသ) အကြောင်းမှ တပါး ထိုသဟေတုက, ဟေတု သမ္မယုတ္တအပြားတို့ဖြင့် သစ္စာ ၄-ပါးတရားကို သိကုန်သော ပုဂ္ဂိုလ်တို့၏ အလို၌ အစွမ်းဟူသော (တထာ ဗုဒ္ဓန္တိဝန် ပုဂ္ဂလာနံ အဗ္ဘာသယ) အကြောင်းတပါးကို လဲလို၍ 'ဝါ' သဒ္ဒါ ထားပါသည်။

['ဝါ'စသော သဒ္ဒါတို့ ထားရခြင်း အကြောင်း

၁။ ။သဒ္ဒါကို လဲလှယ်(ပြောင်းလဲ) ပြလိုသောကြောင့်ရင်း,
၂။ ။အနက်ကို လဲလှယ်(ပြောင်းလဲ) ပြလိုသောကြောင့်ရင်း,
၃။ ။အကြောင်းကို လဲလှယ်(ပြောင်းလဲ) ပြလိုသောကြောင့်ရင်း,
၄။ ။အကျိုးကို လဲလှယ် (ပြောင်းလဲ) ပြလိုသောကြောင့်ရင်း,
၅။ ။အကြောင်း, အကျိုး ၂-မျိုးလုံးကို လဲလှယ် (ပြောင်းလဲ) ပြလိုသောကြောင့်ရင်း 'ဝါ, အထဝါ, အပိစ, အပရောနယော'သဒ္ဒါတို့ကို ကျမ်းဆရာတို့ ထားတတ်ကြကုန်၏။

သဒ္ဒါ, အနက်, အကြောင်း, အကျိုး ယူပုံ။ ။ထို သဒ္ဒါ, အနက်, အကြောင်း, အကျိုး ၄-မျိုးတို့တွင်-

၁။ ။သံဝဏ္ဏေတဗ္ဗဖြစ်သော သဒ္ဒါ (သံဝဏ္ဏေတဗ္ဗ)ကို သဒ္ဒါခေါ်သည်။

၂။ ။သံဝဏ္ဏနာဖြစ်သော အနက်(သံဝဏ္ဏနာ)ကို အနက်ခေါ်သည်။

၃။ ။သံဝဏ္ဏနာဒ္ဒ ပြုသော အကြောင်း(သံဝဏ္ဏနာပြု အကြောင်း)ကို အကြောင်း ခေါ်သည်။

၄။ ။သံဝဏ္ဏနာဒ္ဒ ပြုသော အကျိုး (သံဝဏ္ဏနာပြု အကျိုး)ကို အကျိုး ခေါ်သည်။

ဤသို့အားဖြင့် သံဝဏ္ဏေတဗ္ဗဒ္ဒ သဒ္ဒါ ၁-မျိုး၊ သံဝဏ္ဏနာဒ္ဒ အနက်, အကြောင်း, အကျိုး ၃-မျိုး ဖြစ်သင့်သည်။ ထို ၃-မျိုး တို့တွင်

အကြောင်းပြု သံဝဏ္ဏနာ, အကျိုးပြု သံဝဏ္ဏနာမှ ကြွင်းသော သံဝဏ္ဏနာကို 'အနက်'ဟု ယူ။ ဥဒါဟရဏ်ကို သက်ဆိုင်ရာ ထိုထိုအဖြဲ့၌ တွေ့ရလတ္တံ့။

မှတ်ချက်။ ။ဆိုအပ်ခဲ့ပြီးသော အကြောင်း, အကျိုးမျိုး မတွေ့ရသော နေရာတို့၌ 'ဝါ' သဒ္ဒါ စသည်ကို 'အကြောင်း, အကျိုး ၂-မျိုးတို့တွင် အဘယ်ကို လဲလို၍ ထားပါသနည်း'ဟု ၄-မျိုး မယူဘဲ 'အနက်နှင့် အကြောင်း, သဒ္ဒါနှင့် အကျိုး အတူတူယူ၍ ၂-မျိုးသာ'ဟု ယူဆသော ဝါဒသို့ လိုက်၍ မေးခဲ့သော်-

အနက်သည် အကြောင်း သဒ္ဒါသည် အကျိုး။ ။'အနက်ကို အကြောင်း သဒ္ဒါကိုအကျိုး'ဟုယူ၊ 'အနက် ပြောင်းလဲခဲ့သော် အကြောင်းကို, သဒ္ဒါ ပြောင်းလဲခဲ့သော် အကျိုးကို လဲလို၍ ထားသည်'ဟု မှတ်ပါ။

မှန်၏-ယောကျ်ား စသော အနက် မရှိက 'ပုရိသ' စသော သဒ္ဒါ ထားခြင်းငှါ မတတ်ကောင်း၊ အနက် ရှိမှသာ သဒ္ဒါ ထား ဖြစ်သော ကြောင့် အနက်သာ အကြောင်း ဖြစ်သည်။

ထောက်ဘွယ်။ ။**အဝိဇ္ဇာ**မရှိနေ အတွေ့၊ နှ တံ သက္ကာ ဌပေတဝေ။ **ဝိဇ္ဇာ**မရှိနေ ပနတ္ထမို့၊သက္ကာကို့ရုံ ဌပေတဝေ (အကျယ်ကို 'ဋ္ဌ၊ သျ၊ အဓိဝစနဒုက်' စသည်၌ ရှုပါ။)

'သဒ္ဒါ ဥပကပေါတု'၌ အကျိုးဖြစ်၍ သိစေတတ်သောကြောင့် သဒ္ဒါကို ဥပကဟိတ် ဆိုသည်ကိုလည်း ထောက်။ (အကျိုးဖြစ်၍ သိစေတတ်သောကြောင့်သာ 'ဥပကဟိတ်'ဟု ဆိုသည်၊ စင်စစ် သဒ္ဒါကား အကျိုးတည်း။ (ကာရိယ) ဥပကဟိတ် သဘောကို ဆိုဉ်ရာကျမ်းဘို့၌ ကြည့်ပါ၊ သဘောကြပါလိမ့်မည်။)

'ဥုးကေသဝါဘိဝံသ'၏ မိန့်ချက်။ ။'ဘယ်သူ ဘာပြောပြော အနက်ဟာ အကြောင်း, သဒ္ဒါဟာ အကျိုး၊ အနက်ရှိမှ သဒ္ဒါ ဖြစ်သည်၊ 'ဝဇ္ဇုံ ပုတ္တော' စသည်၌ ဥပစာအားဖြင့် အနက်ရှိသည်၊ ၎င်းကို ကပ်၍ ပြောသည်ကား ဥပစာ နားမလည်သော ဆရာကြီးတို့သာ ဖြစ်၏'ဟု လည်း မန္တလေးမြို့ အနောက်ပြင် ဘောင်သမန်တိုက် ဆရာတော် 'ဥုးကေသဝါဘိဝံသ' (၁၃၂၀-ခုနှစ်၊ ဝါခေါင်လဆုတ် ၃-ရက်နေ့) အမိန့်ရှိသည်။ အချို့က 'သဒ္ဒါက အကြောင်း, အနက်က အကျိုး'ဟု ဆိုသည်။ လေ့လာကြည့်ပါ။

သဒ္ဒါမကဲ့၊ အနက်လဲ့၊ ထားမြဲဝါ, ထဝါ။ ။'ဝါ'သဒ္ဒါစသည် ထားထုခ်ဳ ခြုံပြီး လေ့လာသော် သဒ္ဒါ မကဲ့ပြား မပြောင်းလဲဘဲ, အနက် ကဲ့ပြား ပြောင်းလဲဒါတွေ့ချည်း တွေ့ရပေလိမ့်မည်။ ထို့ကြောင့် 'သဒ္ဒါ မကဲ့၊ အနက် လဲ့၊ ထားမြဲ ဝါ, ထဝါ'ဟု မိန့်သည်။]

၄။ ။အစိတ်ဝစနတ္ထ။ ။ဒေသိယတိ, ဒေသိယတိ အတ္ထော တော ယာတိ ဝါ ဒေသနာ။ ဝိလာသေတီတိ ဝိလာသော။

အပေါင်းဝစနတ္ထ။ ။ဒေသနာယ ဝိလာသော ဒေသနာဝိလာသော။ (ယောဇနာ။ ၃၁။)

ဗျူပဿတ္တိစတုက္က

အဘိဓာန်ဋီကာ အလိုအားဖြင့်-

၁။ ။'ဒေ'ဟူသော' 'သ'ဟူသော, 'နာ'ဟူသော,'ဝိ'ဟူသော 'လာ' ဟူသော, 'သော'ဟူသော အစိတ်အစိတ်သော ပရမတ္ထသဒ္ဒါသည် 'ဗျူပဿတ္တိ' မည်၏။

၂။ ။'ဒေသနာ'ပုဒ်, 'ဝိလာသ' ပုဒ်သည်ရင်း, ဒေသနာတော်၏ သဗ္ဗညုတဉာဏ်တော်နှင့် အကျိုး, အကြောင်း၏ အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည်ရင်း 'ဗျူပဿတ္တိနိမိတ်' မည်၏။

၃။ ။'ဒေသနာဝိလာသော' ဟူသော အပေါင်းပညတ်သဒ္ဒါသည် 'ပဝတ္တိ' မည်၏။

၄။ ။ဒေသနာတော်ကို တင့်တယ်စေခြင်း ကြိယာသည် 'ပဝတ္တိ နိမိတ်' မည်၏။

ဘာဒစိန္တာဒီပနီ အလိုအားဖြင့်-

၁။ ။'ဒေသနာယ ဝိလာသော' ဟူသော ဝိဂ္ဂဟသည် 'ဗျူပဿတ္တိ' မည်၏ (၂-တူ၏။)

၃။ ။'ဒေသနာဝိလာသော' ဟူသော နိပ္ပန္နသည် 'ပဝတ္တိ' မည်၏။ (၄-တူ၏။)

[ဗျူပဿတ္တိစတုက္က (သို့မဟုတ်) ဗျူပဿဘာဒိစတုက္က ထုတ်နည်း ၂-မျိုး (၁) ဗျူပဿတ္တိ၊ (၂) ဗျူပဿတ္တိနိမိတ်၊ (၃) ပဝတ္တိ၊ (၄) ပဝတ္တိ နိမိတ်၊ ဤ ၄-ပါးကို 'ဗျူပဿတ္တိစတုက္က, (သို့မဟုတ်) ဗျူပဿဘာဒိစတုက္က' ခေါ်သည်။ ထိုဘွင် အဘိဓာန်ဋီကာ အလိုအားဖြင့်-

၁။ ။အစိတ်အစိတ်သော ပရမတ္ထသဒ္ဒါသည် 'ဗျူပ္ပတ္တိ' မည်၏။

၂။ ။ကိတ်ပုဒ်၌ ဓာတ်, ပစ္စည်း, ကြိယာသည်, သမာသ်ပုဒ်၌ ပုဒ်, သမ္ဗန်သည်, တဒ္ဓိတ်ပုဒ်၌ ပုဒ်, ပစ္စည်း, သဒ္ဒန်သည် 'ဗျူပ္ပတ္တိနိမိတ်' မည်၏။ (ကြိယာ, ပကတိ, ပစ္စယာဒယော။ အဘိဓာန်ဋီကာ။)

၃။ ။အပေါင်းပညတ္တိသဒ္ဒါသည် 'ပဝတ္တိ' မည်၏။

၄။ ။ဇာတ်, ဂုဏ်, ကြိယာ, ဒြပ်, နာမ် ၅-ပါးသည် 'ပဝတ္တိနိမိတ်' မည်၏။ (ဇာတိ, ကြိယာ, ဂုဏ, ဒဗ္ဗ, နာမဓာနိ။ အဘိဓာန်ဋီကာ။) ဘာဒစိန္တာဒီပနီ အလိုအားဖြင့်-

၁။ ။ဝိဂ္ဂဟဝါကျသည် 'ဗျူပ္ပတ္တိ' မည်၏။

၂။ ။အဘိဓာန်ဋီကာနည်းနှင့် တူ၏(ဗျူပ္ပတ္တိယာ အပေက္ခိတံ ဂမနံ, သမ္ဗန္ဓဒီကံ ဗျူပ္ပတ္တိနိမိတ္တံ။ ဘာဒစိန္တာဒီပနီ။)။

၃။ ။နိပ္ဖန္နသဒ္ဒါသည် 'ပဝတ္တိ' မည်၏။

၄။ ။အဘိဓာန်ဋီကာနည်းနှင့် တူ၏။

နည်း ၂-ပါး နှိုင်းယှဉ်ချက်။ ။နည်း ၂-ပါး၌ ဗျူပ္ပတ္တိအရသာ ထူးသည်၊ ကြွင်း ၃-ချက် (ပဝတ္တိအရာဝယ် အဆိုသာ ကဲ့သည်။) အရကား အတူတူပင်။

သုန္ဒရတရနယ။ ။ဝိဂ္ဂိုဟ် မပြုကောင်းသော ရုဠှိပုဒ် စသည်၌ အဘိဓာန်ဋီကာ အလိုအားဖြင့်သာ ၄-ချက် ခဲ့လို့ ရသည်၊ ဘာဒစိန္တာဒီပနီ အလိုအားဖြင့် ၄-ချက် ခဲ့လို့ မရ ထို့ကြောင့် အဘိဓာန်ဋီကာနည်းသာ အားလုံးနှန့်၍ ပိုကောင်းသည်။

ကျက်ဘွယ်။ ။ပရမတ္ထာဝ ဗျူပ္ပတ္တိ၊ ဘံ နိမိတ္တံ တု ဓာတ္ဝာဒိ၊
ပဘတ္တိဟောတိ ပညတ္တိ၊ တံ နိမိတ္တံ တု ဇာတျာဒိ။
ဝိဂ္ဂဟောဧဝ ဗျူပ္ပတ္တိ၊ နိပ္ဖန္နော ပဝတ္တိ မတော။
ဧဒဲ နိမိတ္တာနိ ဘိဓာန၊ ဋီကာယံ ဝုတ္တာသဒိသာ။

ကြိယာ ၂-ခုတို့၏ အထူး။ ။ကြိယာသဒ္ဒါကို ဗျူပ္ပတ္တိစတုက္ကခဲ့ရာ၌ ဗျူပ္ပတ္တိနိမိတ်အရ ကြိယာနှင့် ပဝတ္တိနိမိတ်အရ ကြိယာတို့ အဘယ်သို့ ထူးသနည်းဟူ၍-အစိတ်ပရမတ္ထသဒ္ဒါ ဖြစ်ခြင်း၏ အကြောင်းကြိယာသည် ဗျူပ္ပတ္တိနိမိတ် မည်၏၊ အပေါင်းပညတ္တိသဒ္ဒါ ဖြစ်ခြင်း၏ အကြောင်း ကြိယာသည် ပဝတ္တိနိမိတ် မည်၏။ ဤသို့ ထူးကြသည်။

ကျက်ဘွယ်။ ။အစိတ်ကြောင်းချ၊ ကြိယာ၊ မှန်စွာ ဗျူပဂ္ဂိ။
အပေါင်းကြောင်းချ၊ ကြိယာ၊သညာ ပဝတ္တိ။
(တောင်တွင်းနိယံ။ ၁၄၆-၇။)

အကျယ်ကို အဘိဓာန်ဋီကာ(၄၃၆)နှင့် ဘာဒစိန္တာ(၁၆၂)စာကိုယ်, ဒီပနီတို့၌ ရှုပါ။]

၅။ ။ကရဏန္တသဒ္ဒါ ထားခြင်း အကြောင်း

ကတ္တာသတ္တိ, ကမ္မသတ္တိ ၂-မျိုးတို့တွင် ကတ္တာသတ္တိထူးကို ပြလို၍ 'အပရိယာပန္နဘာဝဓေန'ဟု 'ကရဏန္တသဒ္ဒါ'ကို ထားပါသည်။

[ကရဏန္တသဒ္ဒါ ၃-မျိုးနှင့် ထားပုံ။ ။ကျမ်းဆရာတို့သည် ကတ္တားဇ်သတ္တိကို ပြလိုသည်ရှိသော်, တရန်တခါ၌ ကံဇ်သတ္တိကို ပြလိုသည်ရှိသော် 'ဘာဝဓေန' ဟူ၍ဖြင်း, 'ဝဿေန' ဟူ၍ဖြင်း, 'အာကာရေန' ဟူ၍ဖြင်း ကရဏန္တသဒ္ဒါ ၃-မျိုးတို့ကို ထားကြကုန်၏။ ထိုတွင် အကြင်ကရဏန္တသဒ္ဒါသည် ကတ္တားဒ္ဒ် တည်သော ကြိယာကို အထူးပြုသည်ဖြစ်၍ ကတ္တုဒ္ဒုကြိယာဒ္ဒ်သာ စပ်အပ်၏။ ထိုကရဏန္တသဒ္ဒါကို ကတ္တုဒုတ္တိကို ပြလို၍ ထားသည်ဟု မှတ်အပ်၏။ အကြင်ကရဏန္တသဒ္ဒါသည် ကံဒ္ဒ် တည်သော ကြိယာကို အထူးပြုသည်ဖြစ်၍ ကမ္မတ္ထကြိယာဒ္ဒ်သာ စပ်အပ်၏။ ထိုကရဏန္တသဒ္ဒါကို ကမ္မသတ္တိကို ပြလို၍ ထားသည်ဟု မှတ်အပ်၏။

ကျက်ဘွယ်။ ။ကတ္တုသတ္တိ၊ ပြလိုဘိက၊ ဘာဝ,ဝဿ၊ အာကာရ၊ ထားကြ ကရဏန္တာ။
ချင်းကရဏန္တ၊ ကတ္တုဒ္ဒမှာ၊ ကြိယာ၊ မကြ ဝိဿသာ။
ကံသတ္တိမှာ၊ ရံတခါ၊ တူစွာ ထားကြရှာ။ (ဋ္ဌရေးဆောင်နိယံ၊ ၂၈၁-၂-၃။)

မှတ်ချက်။ ။ဤ ၅-နံပါတ်ဒမးခွန်း ပုစ္ဆာထုတ် စည်းမျဉ်း ဥပဒေဘောင် အပြင် ဇောက်,မဇောက် ပုစ္ဆာထုတ် စည်းမျဉ်း ဥပဒေအဖြေ ရှုပါ။]

၆။ ။အာဘောဂနှင့် သံဝဏ္ဏနာ

'အာရမ္မဏကရဏဝဿေန' ဟူသော သံဝဏ္ဏနာပါဠိဖြင့် 'ဥပဓတန်'ဒ္ဒ် 'ကပ်ခြင်း' ဟူသည် တကွဖြစ်ခြင်း၏ အစွမ်းဖြင့် ကပ်ခြင်းမဟုတ် အာရုံ

ပြုခြင်း၏ အစွမ်းဖြင့် ကပ်ခြင်းပင်တည်း ဟူသော အဓိပ္ပါယ်ကို အဋ္ဌကထာ ဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

'တဏှာဒိဋ္ဌိဟိ' ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် 'ဥပေတေန' ၌ 'ကပ်ခြင်း' ဟူသည် လောကုတ္တရာကို အာရုံပြုသော ဂေါတြဘူစသည်တို့ကို ကပ်ခြင်း မဟုတ် တဏှာ, ဒိဋ္ဌိတို့ကို ကပ်ခြင်းပင်တည်း ဟူသော အဓိပ္ပါယ်ကို အဋ္ဌကထာ ဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

'ဥပေတေန' ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် 'ဥပါဒိဏ္ဏ' ဟူသော သံဝဏ္ဏတမ္ဗပုဒ်၌ 'ဥပ' သဒ္ဒါ၏ သမီပ စသော အနက်ဟောမဟုတ် သမာသ် အရာ၌ ဥပေတမ္ဗ ဟူသော ကမ္မသာဓနနှင့် တကွ ဥပဂမန ကြိယာဟော၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဥပသဂ္ဂလိင်္ဂတ္ထသံဝဏ္ဏနာ။

'ကမ္မုနာ' ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် 'ဥပေတ' အရ ဇေတဘူမကဓမ္မကို မယူရ ကံကို ယူရမည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ သရုပ်ကြား အဘိဓေယျတ္ထသံဝဏ္ဏနာ။

'ဥပေတေန အာဒိန္နာ'ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် 'ဥပါဒိန္နာ' ဟူသော သံဝဏ္ဏတမ္ဗပုဒ်၏ တတိယာတပ္ပုရိသ် သမာသ်ပုဒ်၏ အဖြစ်, ယင်းတတိယာ တပ္ပုရိသ်သမာသ်ပုဒ်၏ ကတ္တားအနက်ဟော၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ သမာသလိင်္ဂပဒတ္ထသံဝဏ္ဏနာ။ (တနည်း) 'ဥပ'နှင့် 'အာဒိန္နာ'ကို 'ဥပေတေန အာဒိန္နာ ဥပါဒိန္နာ'ဟု တတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ အဘိမာနတ္ထသံဝဏ္ဏနာ။

'ဖလဘာဝေန'ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် 'အာဒိန္နာ'၌ 'ယူခြင်း' ဟူသည် အကြောင်း၏ အဖြစ်ဖြင့် ယူခြင်း မဟုတ် အကျိုး၏ အဖြစ်ဖြင့် ယူခြင်းပင်တည်း ဟူသော အဓိပ္ပါယ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

'ဂဟိတာ'ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် 'အာဒိန္နာ'၌ 'အာ'ပုဗ္ဗ 'ဒါ' ဓာတ်၏ ဒါန စသော အနက်ဟော မဟုတ် အာဒါနအနက်ဟော၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါ။ ဒုတိယ ဓာတ္ဝတ္ထသံဝဏ္ဏနာ။ 'အာ' ဥပသာရပုဒ်၏ ဓာတ္ဝတ္ထဗာဓက၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ ဥပသဂ္ဂလိင်္ဂတ္ထသံဝဏ္ဏနာ။ 'ဂ္ဟန္ဒ'၏ 'တ'ပစ္စည်း၏ ကာရိယ၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာသိစေပါသည်။ဒုတိယ ပစ္စယပဒသံဝဏ္ဏနာ။

'တ'ပစ္စည်း၏ ကံအနက်ဟော၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ ဒုတိယ ပစ္စယတ္ထသံဝဏ္ဏနာ။ (တနည်း) 'အာဒိန္နာ'ပုဒ်ကို'အာဒိယန္တိတိ အာဒိန္နာ'ဟု ကမ္မသာဓန ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ အဘိဓာနတ္ထသံဝဏ္ဏနာ။

၇။ ။'ပန'သဒ္ဒါ၏ အနက်

'ဒေသနာဝိလာသဝေါသန ပန'စသည်၌ 'ပန'သဒ္ဒါ၏ အနုံက်ကား 'ဂရဟာ(အရုစိ)အနက်' ဖြစ်ပါသည်။ (ဂဏ္ဌိသစ်။ ၃၀၄။)

မှတ်ချက်။ ။'ပန စပ်ရာ၊ ယုံတ်နည်းပါ၊ ဂရဟာ မှတ်ယူရာ။ ယင်းသို့ စပ်ရာ၊ များ, မြတ်ပါ၊ သမ္ဘာဝနာသာ' ဟူဒသာ ရှေရေးဆောင်နိယံ (၃၁-၂) ထောက်သော် သမ္ဘာဝနာအနက်ဟု ယူဆသည်။ ယောဇနာ (၃၁)၌ကား 'ပန သဒ္ဒါ ဝိသေသတ္ထော'ဟု မ်ှန်သည်။

၈။ ။ကြိယာ ၅-တန် ထုတ်ပုံ

၁။ ။'ဥပေတ၏' အရဖြစ်သော လောကီကုသိုလ်, အကုသိုလ်စေတနာ(ကံ)သည် (မုချအားဖြင့် ပြအပ်သော) 'ဒဿနတ္ထ' မည်၏။

၂။ ။ယောနိသောမနသိကာရ, အယောနိသောမနသိကာရ သည် (ပဌမ ဖလူပစာရအားဖြင့် ပြအပ်သော) 'ဒိဋ္ဌကတ္ထ' မည်၏။

၃။ ။လောကီဝိပါက်နာမက္ခန္ဓာ, ကဋတ္တာရူပ်သည် (ပဌမကာရကူပစာရအားဖြင့် ပြအပ်သော) 'ပကာသနတ္ထ' မည်၏။

၄။ ။သဒ္ဓမ္မသဝန,အသဒ္ဓမ္မသဝန, သပ္ပုရိသူပနိဿယ, ဗာလူပါသေဝန စသည်သည် (ဒုတိယ ဖလူပစာရအားဖြင့် ပြအပ်သော) 'ဝိဘာဝတ္ထ' မည်၏။

၅။ ။ကာယိကသုခ, စေတသိကသုခ, ကာယိကဒုက္ခ, စေတသိကဒုက္ခ စသော အဆက်အဆက်သော အကျိုးသည်(ဒုတိယကာရကူပစာရအားဖြင့် ပြအပ်သော) 'အနုဘာဝတ္ထ' မည်၏။

မှတ်ချက်။ ။ကုသိုလ်, အကုသိုလ်အားဖြင့်စွာ ဖြစ်သင့်သလို အခြားကြောင်း အကျိုး ရှေနောက် ဆက်စပ် ယူပါရန်။

[ကြိယာ ၅-တန်ထုတ်နည်း ၂-ချိုး၊ ။(၁)ဒဿနတ္ထ၊ (၂)ဒိဋ္ဌကတ္ထ၊ (၃)ပကာသနတ္ထ၊ (၄)ဝိဘာဝတ္ထ၊(၅) အနုဘာဝတ္ထ။ကျန်အနက် ၅-ပါးကို

'ကြိယာ ၅-တန်'ဟု ခေါ်သည်။'ကတ္တား ၅-တန်'ဟုလည်း သုံးကြသည်။
ထို့တွင်-
'ဆတ်ဆတ်မုချ၊ တိုက်ရိုက်ပြက၊ ဒဿနဆို။
ဆကြောင်းကိုပြ၊ ဒီပကမျိုး၊ ကျိုးပကာသန။
မူလကြောင်းမှာ၊ ဝိဘာဝမှန်။
ကျိုးပရမ္မရာ၊ နုဘာဝါ။
ကြိယာ ငါးတန်၊ ထုတ်နည်းတည်း'ဟူသည်နှင့် အညီ-

၁။ ။တိုက်ရိုက် မုချပြအပ်သော တရားသည် 'ဒဿနတ္ထ' မည်၏။

၂။ ။ထိုဒဿနတ္ထ၏ အနီးကပ်ဆုံးသော အကြောင်းသည် (ပဌမဖလူပစာရအားဖြင့် ပြအပ်သော 'ဒီပကတ္ထ' မည်၏။

၃။ ။ထိုဒဿနတ္ထ၏ အနီးကပ်ဆုံးသော အကျိုးသည် (ပဌမကာရကာပစာရအားဖြင့် ပြအပ်သော 'ပကာသနတ္ထ' မည်၏။

၄။ ။ထိုဒဿနတ္ထ၏ မူလအကြောင်းသည်, (တနည်း) အကြောင်းရင်းသည်, (တနည်း)ဝေးသော အကြောင်းသည် ဒုတိယ ဖလူပစာရအားဖြင့် ပြအပ်သော 'ဝိဘာဝတ္ထ' မည်၏၊

၅။ ။ထိုဒဿနတ္ထ၏ အဆက်အဆက်သော အကျိုးသည် (ဒုတိယကာရကာပစာရအားဖြင့် ပြအပ်သော 'အနုဘာဝတ္ထ' မည်၏။ ။ကျိကား အကြောင်း ၂-ချက်, အကျိုး ၂-ချက် ယူ၍ ထုတ်သော နည်းတည်း။

(တနည်း) 'မုချယူရ၊ စကားကျ၊ ပြကြ ဒဿန၁။
ချင်း၏ ကာရဏ၊ ဖလူပြ၊ ယူကြ ဒီပန၁။
မုချကျိုးယူ၊ ကာရဏူ၊ ပြမူ ပကာသ၁။
ကဝရဏူက၊ ဆယူကြ၊ ဒုပြဝိဘာဝါ။
ဒုကာရဏူ၊ ဆ၍ယူ၊ တမူ နုဘာဝါ' ဟူသည်နှင့် အညီ-

၁။ ။ဘိုက်ရိုက် မုချပြအပ်သော တရားသည် 'ဒဿနတ္ထ' မည်၏။

၂။ ။ထိုဒဿနတ္ထ၏ အကြောင်းသည် (ဖလူပစာရအားဖြင့် ပြအပ်သော) 'ဒီပကတ္ထ' မည်၏။

၃။ ။ထိုဒဿနတ္ထ၏ အနီးကပ်ဆုံးသော အကျိုးသည်(ပဌမကာရဏူပစာရအားဖြင့် ပြအပ်သော) 'ပကာသနတ္ထ' မည်၏၊

၄။ ။ထိုပကာသနတ္ထ၏ အနီးကပ်ဆုံးသော အကျိုးသည် (ဒုတိယကာရဏူပစာရအားဖြင့် ပြအပ်သော) 'ဝိဘာဝတ္ထ' မည်၏။

၅၊ ။ထိုဝိဘာဝတ္ထ၏ အကျိုး အဆက်အဆက်သည်(တတိယကာရဏူ

ပစာရအားဖြင့် ပြအပ်သော 'အနုဘာဝတ္ထ'မည်၏။ ။ကျိုက်ဘားအကြောင်း တချက်, အကျိုး ၃-ချက် ယူ၍ ထုတ်သောနည်းတည်း။

ယင်းသို့ ထုတ်ရာ၌ ပဒဋ္ဌာနဟာရနေတို့နည်း, လက္ခဏာဒီစတုက္ကနည်း, ပဋ္ဌိစ္စသမုပ္ပါဒ်နည်း, ပဋ္ဌာန်းနည်း, ဝီထိနည်း, အလက်ဘနည်း စသည်တို့တွင် အရာဋ္ဌာနလိုက်၍ သင့်လျော်ဆုံးသောနည်းဖြင့် ထုတ်အပ်၏။ထုတ်ပုံကို သင့်လျော်, သက်ဆိုင်ရာ နေရာတို့၌ တွေ့ရလတ္တံ့။

မှတ်ချက်။ ။ကျိုကျမ်း၌ ဂန္ဆဂရုဘာယကြောင့် ၂-နည်းလုံး မရေးတော့ဘဲ အကြောင်း ၂-ချက်,အကျိုး ၂-ချက် ယူ၍ ထုတ်သော ရှေနည်းကိုသာ ရေးပါမည်။]

၉။ ။'ဇိဝိတိန္ဒြေစတသိတ်'၏ လက္ခဏာဒီစတုက္က

အတ္တနာ အဝိနိဘုတ္တာနံ ဓမ္မာနံ အနုပါလနလက္ခဏံ ဇိဝိတိန္ဒြိယံ၊
တေသံ ပဝတ္တနရသံ၊
တေသံယေဝ ဌပနပစ္စုပဋ္ဌာနံ၊
ယာပယိတဗ္ဗဓမ္မပဒဋ္ဌာနံ။ (ဋ္ဌ။ ၁၆၇။)

၁၀။ ။ပဋ္ဌာန်းပစ္စည်း

'ဥပါဒိန္နာ'၌ 'ဥပ'အရ အတိတ်ဖြစ်သော လောကီကုသိုလ်,အကုသိုလ် စေတနာ ပစ္စည်းတထုံးသည် 'အာဒိန္နာ'အရ လောကီဝိပါက်နာမက္ခန္ဓာ, ကဋတ္တာရူပ် ပစ္စယုပ္ပန်တထုံးအား ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိတို့ကား-နာနက္ခဏိကကမ္မ, ပကတူပနိဿယ (ယထာရဟ) ၂-ပစ္စယသတ္တိတို့ဖြစ်ပါသည်။

မှတ်ချက်။ ။သာမညမေးခွန်းဖြစ်၍ မေးခွန်းအားလျော်စွာ အစိတ် အစိတ် မခွဲတော့ဘဲ တစေပါင်းတည်းပြု၍ ဖြေပါသည်။

[အစိတ်အစိတ် ခွဲသော်- 'ဥပ' အရ ဒုဗ္ဗလဖြစ်သော ကာမကုသိုလ်, အကုသိုလ်စေတနာသည် 'အာဒိန္နာ'အရ ကာမဝိပါက်တဝိသနာမက္ခန္ဓာအား နာနက္ခဏိကကမ္မသတ္တိဖြင့် ကျေးဇူးပြုသည်။

'ဥပ'အရ ဗလဝဖြစ်သော လောကီကုသိုလ်, အကုသိုလ်စေတနာသည် 'အာဒိန္နာ'အရ လောကီဝိပါက်ဗာတ္တိံသနာမက္ခန္ဓာအား နာနက္ခဏိကကမ္မ, ပကတူပနိဿယ ၂-ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

'ဥပ'အရ လောကီကုသိုလ်, အကုသိုလ်စေတနာသည် 'အာဒိန္နာ'အရ ကဋတ္တာရုပ်အား နာနက္ခဏိကကမ္မသတ္တိဖြင့် ကျေးဇူးပြုသည်။

မေးခွန်းဝယ် 'အာဒိန္နာ အရ'ဟု ဆိုထာ၌ 'အာဒိန္နာ အရ'ဟူသည် ပုဒ်လုံး၏ အရပင် ဖြစ်သည်၊ 'ပုဒ်လုံး၏ အရ'ဟူထာ၌လည်း ပုဒ်တပုဒ်ဝယ် ပစ္စယတ္ထသည်သာ ပဓာနဖြစ်၍ ပစ္စည်း၏ အရကိုပင် ကောက်ရသည်။ ပုဒ်လုံး၏ အရနှင့် ပစ္စည်း၏ အရ အတူတူဟု ဆိုလိုသည်။ ဓာတ် အရဟု ခဲခြား မမေးဘဲ သာမညမေးရာတိုင်း၌ နည်းတူ သိပါ။]

၁၃၁၆-ခုနှစ် ဓမ္မာစရိယတန်း
ဓမ္မသင်္ကိ ပါဠိ, အဋ္ဌကထာ အမှတ်(၁) မေးခွန်း

အောက်ပါ ပါဠိတော်ဝါကျများကို ကျနစွာ အနက်ယောဇနာခဲ့ပါ။

၁။ ။သာခလျဥ္ဇ။ ပဋိသန္ဓာရော စ။

၂။ ။ယံ တသ္မိံ သမယေ ဟိရိယတိ ဟိရိယိတမ္ပေန ဟိရိယတိ ပါပကာနံ အကုသလာနံ ဓမ္မာနံ သမာပတ္တိယာ၊ အယံ တသ္မိံ သမယေ ဟိရီ ဟောတိ။

၃။ ။ယော တေသံ ရူပီနံ ဓမ္မာနံ အာယု ဋ္ဌိတ္တံ ယပနာ ယာပနာ ဣရိယနာ ဝတ္တနာ ပါလနာ ဇီဝိတံ ဇီဝိတိန္ဒြိယံ၊ ဣဒံ တံ ရူပံ ဇီဝိတိန္ဒြိယံ။

၄။ ။ကတမေ ဓမ္မာ သေက္ခာ။ စတ္တာရော မဂ္ဂါ အပရိယာပန္နာ ဟေဋ္ဌိမာနိ စ တီဏိ သာမညဖလာနိ။ ဣမေ ဓမ္မာ သေက္ခာ။

အောက်ပါ အဋ္ဌကထာ ပါဌ်တို့ကို အနက်ကျနစွာ ယောဇနာခဲ့ပါ။

၅။ ။ယထာ ပနေဟိ သဒ္ဒိံ အတ္ထနော ဆဒ္ဒိံ နာ ဟောတိ၊ ဧဝံ ဓမ္မာမိ သော်ဟိ ပဋိသန္ဓာဂဏ်ံ ပဋိသန္ဓာရော။

၆။ ။ပုန စိန္တေသိ 'နာ မေဘံ ပတိရူပံ၊ ယွာဟံ မာတု ဇီဝိတကာရဏာ ပရံ ဇီဝိတာ ဓေါရောပေယျန္တိ။

၇။ ။ကထံ ဟိ တဂဝါ တုယ္ဟံ၊ သာဝကော သာသနေ ရတော။
အပ္ပတ္တမာနသော သေက္ခော၊ ကာလံ ကယိရာ ဇနေ သုတာ။

၈။ ဒိဋ္ဌိယာ ဝါ ဂတံ တေသန္တိပိ ဒိဋ္ဌိဂတာနိ၊ ဒိဋ္ဌိသဒိသဂမနာနိ ဒိဋ္ဌိသဒိသပဝတ္တာနီတိ အဇ္ဈာ။

၉။ ။ဧတာနိ ဟိ မဟန္တပါတုဘာဝးတာ, မဟာဘူတသာမညတာ, မဟာပရိဟာရတာ, မ ဘာဝိကာရတာ, မဟန္တဘူတတ္တာ စာတိ ဣမေဟိ ကာရဏေဟိ 'မဟာဘူတာနိ' တိ ဝုစ္စန္တိ။

၁၀။ ယာဒစကေ ဒိသ္မာ ကဋ္ဌကဘာဝေန စိတ္တံ အဏ္ဍတိ သင်္ကေးစေတီတိ ကဋ္ဌကဏ္ဍကော, တာဒ ဘာဝေါ ကဋ္ဌကဏ္ဍကတာ။

၁၃၁၆-ခုနှစ် စမဟာစရိယတန်း
စမ္ဘသင်္ကေတ ပါဠိ, အဋ္ဌကထာ အမှတ်(၁) အပြေ

၁။ ။[ပါ။ ၁၅။ ပါ၊ သျှ။ ၂၇။]

၂။ ။[ပါ။ ၂၃။ ပါ၊ သျှ။ ၅၆။]

၃။ ။[ပါ။ ၁၆၀။ ပါ၊ သျှ။ ၂၆၅။]

၄။ ။[ပါ။ ၂၁၀။ ပါ။ သျှ။ ၃၃၂။]

၅။ ။[ဋ္ဌ။ ၉၅။ ဋ္ဌ၊ သျှ၊ ၁။ ၃၅၁။]

၆။ ။[ဋ္ဌ၊ ၁၄၆။ ဋ္ဌ၊ သျှ၊ ၁။ ၅၉၀။]

၇။ ။[ဋ္ဌ။ ၁၀၄။ ဋ္ဌ၊ သျှ၊ ၂။ ၁၄၀။]

၈၊ ။[ဋ္ဌ။ ၂၅၉။ ဋ္ဌ၊ သျှ၊ ၂။ ၅၆၁။]

၉။ ။[ဋ္ဌ။ ၃၃၆။ ဋ္ဌ၊ သျှ၊ ၃။ ၁၅၆။]

၁၀။ ။[ဋ္ဌ။ ၅၀၇။ ဋ္ဌ၊ သျှ၊ ၃။ ၅၀၇။]

၁၃၁၆-ခုနှစ် စမဟာစရိယတန်း
စမ္ဘသင်္ကေတ ပါဠိ, အဋ္ဌကထာ အမှတ် (၂) မေးခွန်း

(က) သုခယတီတိ သုခံ။
(ခ) ယဿ ဥပ္ပဇ္ဇတိ၊ တံ သုခိဘံ ကရောတီတိ အတ္ထော။
(ဂ) သုဒ္ဓါ ဝါ ခါဒိကိ, ခုဇ်ဘိ စ ကာယဒိတ္တာဗာဓန်္တိ သုခံ၊

(ဃ) သောမနဿဝေဒနာယေတံ နာမံ။
(င) အနိစ္စာဒိဝသေန ဝိဝိဓေဟိ အာကာရေဟိ ဓမ္မေ ပဿတီတိ ဝိပဿနာ။

၁။ ။(က)ဝါကျကို 'စ'သဒ္ဒါကို အဋ္ဌာနပယောဂကြံ၍ အနုက်ယောဇနာခဲ့ပါ။

၂။ ။(ခ)ဝါကျကို ဌပနာ, အာဘောဂ, အာဘောဂဟေတု,ဌပနာပဋိက္ခေပ, အနုညာတတို့ဖြင့် တန်ဆာဆင်၍ စောဒနာတက်ပါ။(အဓိပ္ပါယ်ပြန်ရန် မလို။)

၃။ ။ကြောင်း,ကျိုး ၂-ပါးတို့တွင် အဘယ်ကို လဲလို၍ (က)ဝါကျ၌ 'ဝါ' သဒ္ဒါကို ထားရကြောင်း သေချာကျန ရှင်းပြခဲ့ပါ။

၄။ ။(ဃ)ဝါကျလာ 'သောမနဿ'ကိုသာ အစိတ်အပေါင်း ဝိဂ္ဂဟပြု၍ အပေါင်းဝိဂ္ဂဟဒ္ဒသာ ဗျုပ္ပတ္တိစတုက္က ခဲ့ပြခဲ့ပါ။

၅။ ။(င) ဝါကျ၌ အဘယ်သတ္တိကို ပြလို၍ 'အနိစ္စာဒိဝသေန' ဟူသော ကရဏန္တပုဒ်ကို ထားရကြောင်း ရှင်းပြခဲ့ပါ။

၆။ ။(က)ဝါကျ၌ အဋ္ဌကထာဆရာ၏ အာဘောဂနှင့် ပဓာန သံဝဏ္ဏနာအမည်မျှကိုသာ ပြခဲ့ပါ။

၇။ ။(ခ)ဝါကျလာ 'ယဿ'၏ အစ္ဆန့်(က)ဝါကျလာ'စ'သဒ္ဒါ၏ ဣဓာဓိပ္ပေတတ္ထတို့ကို ပြခဲ့ပါ။

၈။ ။(င) ဝါကျလာ ဝိပဿနာ၏ အရကို ကိုယ်ပြု၍ ဒဿနတ္ထာဒိပဋ္ဌက ထုတ်ပြပါ။

၉။ ။'သုခ'၏ လက္ခဏာဒိစတုက္ကကို ထုတ်ပြပါ။

၁၀။ ။(င)ဝါကျလာ 'ဓမ္မေ' အရ ပစ္စည်းတရားက 'ဃဋီ' အရ ပစ္စယုပ္ပန်တရားအား ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိတို့ကို ကုန်စင်အောင် ထုတ်ပြပါ။

၁၃၁၆-ခုနှစ် ဓမ္မာစရိယတန်း
ဓမ္မသင်္ကီ ပါဠို, အဋ္ဌကထာ အမှတ် (၂) အဖြေ

၁။ ။['သျ'အတိုင်း ယောဇနာ။ ။ဌ။ ၁၆၀။ ဌ၊ သျ၊ ၂။ ၄၆။ 'သျ'အတိုင်း ယောဇနာစေလို၍ 'အဋ္ဌာနပယောဂကြံ၍'ဟူသော ဝိဓေသနကို မ,မေးသည်။]

---

၂၂ ။(ခ)မှတ်ဝါကျ ဌပနာဘောဂါဒိစေဝဒနာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က) မှတ်ဝါကျဖြင့် 'သုခံ' ပုဒ်၏ ဝစနတ္ထနှင့် တကွ သဒ္ဒတ္ထကို ဆိုတော်မူ၏ (ဌပနာ)။ ဝစနတ္ထနှင့် တကွ သဒ္ဒတ္ထသည် အဓိပ္ပါယတ္ထ နှင့် မကင်းကောင်းသည် မဟုတ်ပါလော (အာဒေဘာဂ)။ ထိုသို့ မကင်းကောင်းသောကြောင့် (အာဘောဂဟေတု)။ ဝစတ္ထနနှင့် တကွ သဒ္ဒတ္ထကိုသာ မဆိုသင့် (ဌပနာပဋိက္ခေပ)။ အဓိပ္ပါယတ္ထကိုလည်း ဆိုသင့်၏ (အနုညာတ)။ အဓိပ္ပါယတ္ထကား အဘယ်ပါနည်း (စောဒနာ)။ ဤသို့စောဒနာဘယ်ရှိ၍ ထိုစောဒနာကို သောဓနာတော် မူလိုသော အဋ္ဌကထာဆရာသည် (ခ)မှတ်ဝါကျကို မိန့်။

၃။ ။(ဂ)မှတ်ဝါကျ၌ 'ဝါ'သဒ္ဒါ ထားရခြင်း အကြောင်း

ချမ်းသာစေခြင်းအနက်ဟူသော အခကြောင်းမှ တပါး, ကောင်းစွာ ခဲခြင်းအနက်, ကောင်းစွာ တူးဖြိုဖျက်ဆီးခြင်းအနက်ဟူသော အကြောင်း တပါးကို (တနည်း) ကောင်းစွာ ခဲခြင်းအနက်ဟူသော အကြောင်း တပါးကို လဲလို၍ (ဂ) မှတ်ဝါကျ၌ 'ဝါ' သဒ္ဒါကို ထားရပါသည်။ (အနက်ကို အကြောင်း, သဒ္ဒါကို အကျိုး ယူပုံ ရေးခဲ့ပြီ။)

မှတ်ချက်။ ။ချေနည်း 'စ'သဒ္ဒါ (နိဿယယောဇနာသည့်အတိုင်း သမုဒ္ဓဉ်းတည်း။ နောက်နည်း၌ 'စ'သဒ္ဒါ ဝိကပ်ကြံသည်။

၄။ ။အစိတ်ဝိဂ္ဂဟ၊ ။မနတိ ဇာနာတီတိ မနော။ မနတေ ဝိဇာနတီတေနာတိ ဝါ မနော။ မိနာတိ ပရိစ္ဆိန္ဒတီတိ ဝါ မနော။ သောဘနံ မနော သုမနော။ သောဘနံ မနာ ဇေတဿာတိ ဝါ သုမနော။

အပေါင်းဝိဂ္ဂဟ။ ။သုမနဿ ဘာဝေါ သောမနဿံ၊

[ကြည့်ဘွယ်။ ။'မမ္မသဂံဏိအဋ္ဌကထာ။ ၁၆၆။ မူလဋီကာ၊ ၁။ ဂဒ္ဒိ။ ဋီကာကျော်။ ၇၇။ အဘိမဟာဝဂတာရာဘိနဝဋီကာ၊ ၁။ ၁၀၀။ အဘိဓာန်ဋီကာ၊ ၁၅၂။ သဒ္ဒနီတိ ဓာတုမာလာ။ ၂၅၃'တို့၌ ကြည့်။]

ဗျုပ္ပတ္တိဒီပနီတုက္ကံ

အဘိဓာန်ဋီကာ အလိုအားဖြင့်–

၁။ ။'သော' ဟူသော, 'မ' ဟူသော, 'နံ' ဟူသော, 'သံ'ဟူသော အစိတ်အစိတ်သော ပရမတ္ထသဒ္ဒါသည် 'ဗျပ္ပတ္တိ' မည်၏။

၂။ ။'သုမန' ပုဒ်, 'ဏ္ဍ' ပစ္စည်းသည်၎င်း, တင့်တယ်သော စိတ်၏ (တနည်း) တင့်တယ်သော စိတ်ရှိသော ပုဂ္ဂိုလ်၏ သောမနဿဝေဒနာနှင့် နိဿယ နိဿိတ, ဌာန ဌာနီအဖြစ်ဖြင့် စပ်ခြင်းသမ္မန်သည်၎င်း 'ဗျပ္ပတ္တိနိမိတ်' မည်၏။

၃။ ။'သောမနဿံ'ဟူသော အပေါင်းပဲညတ္တိသဒ္ဒါသည် 'ပဝတ္တိ' မည်၏။

၄။ ။သောမနဿဝေဒနာသည် 'ပဝတ္တိနိမိတ်' မည်၏။

ဘေဒစိန္တာဒီပနီ အလိုအားဖြင့်-

၁။ ။'သုမနဿ ဘာဝေါ'ဟူသော ဝိဂ္ဂဟသည် ဗျပ္ပတ္တိ မည်၏။ (၂-တူ၏)။

၃။ ။'သောမနဿံ'ဟူသော နိပ္ပန္နသည် ပဝတ္တိ မည်၏။ (၄-တူ၏။)

၅။ ။ကရဏန္တပုဒ် ထားရခြင်းအကြောင်း

ကျမ်းဆရာတို့သည် ကတ္တုသတ္တိကို ပြလို၍, တရန်တခါ၌ ကမ္မသတ္တိကို ပြလို၍ ကရဏန္တပုဒ်ကို ထားကြရကုန်၏။ထိုတွင် ကျိန်၌ ကတ္တုသတ္တိကို ပြလို၍ 'အနိစ္စာဒိဝေသန' ဟူသော ကရဏန္တပုဒ်ကို ထားရပါဘည်း။

၆။ ။(က) မှတ်ဝါကျ အာဒေးဘာဂနှင့် သံဝဏ္ဏနာ

'ဝါ'ဟူသော သံဝဏ္ဏနာပါဒိဖြင့် တနည်းတနိုအားဖြင့် ဝစနတ္ထ ပြုသည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်၊ ဘာဝတ္ထသံဝဏ္ဏနာ၊

'သုဋ္ဌု ခါဒတိ'ဟူသော သံဝဏ္ဏနာပါဒိဖြင့် 'သုခံ'ဟူသော သံဝဏ္ဏတဗ္ဗပုဒ်၌ 'သု' ပုဗ္ဗ 'ခါဒ'ဓာတ်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဒုတိယ ဓာတုပဒသံဝဏ္ဏနာ။ 'သု' သဒ္ဒါ၏ သုဋ္ဌုအနက်ဟော၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ ဥပသဂ္ဂလိင်္ဂတ္ထသံဝဏ္ဏနာ၊ 'ကုဝိ'ပစ္စည်း၏ ကတ္တာဒးအနက်ဟော၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ ဒုတိယဟစ္စယတ္ထသံဝဏ္ဏနာ။ (တနည်း) 'သုခံ'ဟူသော သံဝဒဏ္ဍကဘဗ္ဗပဒ်ကို 'သုဋ္ဌု ခါဒတီတိ သုခံ' ဟု ကတ္တုသာဓနဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်၊ အာဘိဓာနတ္ထသံဝဏ္ဏနာ။

'စ' သဒ္ဒါဖြင့် သက်သက် 'သုဋ္ဌ၊ ခါဒတီတီ သုခံ' ဟုသာ ဝစနတ္ထ ပြုရသည်မဟုတ်သေး 'သုဋ္ဌ၊ ခနတီတီ သုခံ'ဟုလည်း ဝစနတ္ထပြုရသေး၏ ဟူသော အဓိပ္ပါယ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ (ဤအလို 'စ' သဒ္ဒါ သမုစ္စည်း။) ဘာဝတ္ထသံဝဏ္ဏနာ။ (တနည်း)'စ' သဒ္ဒါဖြင့်တနည်းတဖုံ အားဖြင့် ဝစနတ္ထပြုသည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည် (ဤနည်းခွဲ 'စ' သဒ္ဒါ ဝိကပ်)။ ဘာဝတ္ထသံဝဏ္ဏနာ။

'သုဋ္ဌ၊ (လိုက်) ခနတိ'ဟူသော သံဝဏ္ဏနာပါဋ္ဌဖြင့် 'သုခံ'ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၌ 'သု' ပုဗ္ဗ 'ခနု'ဓာတ်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်၊ ဒုဘိဿ ဓာတုပဒသံဝဏ္ဏနာ။ 'သု' သဒ္ဒါ၏ သုဋ္ဌ၊အနက်ဟော၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ ဥပသဂ္ဂလိင်္ဂတ္ထ သံဝဏ္ဏနာ။ 'ကို' ပစ္စည်း၏ ကတ္တားအနက်ဟော၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ ဒုတိယ ပစ္စယတ္ထသံဝဏ္ဏနာ။(တနည်း) 'သုခံ' ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို 'သုဋ္ဌ၊ ခနတိတိ သုခံ' ဟု ကတ္တု၊သာဓန ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ အာဘိ ဓာနတ္ထသံဝဏ္ဏနာ။

'ကာယစိတ္တာဗာဓံ'ဟူသော သံဝဏ္ဏနာပါဋ္ဌဖြင့် 'ခါဒတိ, ခနတိ'တို့၌ 'ခဲခြင်း, တူးဖြိုဖျက်ဆီးခြင်း'ဟူသည် ကိုယ်၏ ကျင်နာခြင်း, စိတ်၏ ကျင်နာခြင်းကို 'ခဲခြင်း, တူးဖြိုဖျက်ဆီးခြင်း'ပင်တည်း ဟူသော အဓိပ္ပါယ်ကို အဋ္ဌကထာဆရာ သိစေပါအည်၊ ဘာဝတ္ထသံဝဏ္ဏနာ။

၇။ ။'ယဿ'၏ အစ္ဆဲ။ ။(ခ) မှတ်ဝါကျလာ 'ယဿ'၏ အစ္ဆဲကား 'ပုဂ္ဂိုလ်ဟူသော အနက်' ဖြစ်ပါသည်၊

'စ'သဒ္ဒါ၏ ဣဓာဓိပ္ပေတတ္ထ။ ။(ဂ) မှတ်ဝါကျလာ 'စ' သဒ္ဒါ၏ ဣဓာဓိပ္ပေတတ္ထကား 'သမုစ္စည်းအနက်' ဖြစ်ပါသည်။ '(အတ္ထန္တရ) ဝိကပ် အနက်လည်း' ဖြစ်သင့်ပါသည်။

[သမုဒ္စည်းနှင့် ဝိကပ်၊ ။အတ္ထန္တရကို ပြသော 'စ' သဒ္ဒါသည် သမုဒ္စည်း, ဝိကပ် အနက် ၂ မျိုး သင့်၏။

အတ္ထန္တရဒဿနမ်ိ၊ စ ဆဒ္ဒါ ယဒိ ဒိဿတိ။
သမုစ္စယေ ဝိကပ္ပေဆဲ၊ ဂဟေတဗ္ဗော ဝိဘာဝိနာ။ (သီ၊ ဋီ၊ သစ်၊ ၂။ ၁၄၈။)

သမုစ္စည်းအနက်ယူခိုက် 'ခါဒတိ စ၊ ခဲလည်း ခဲတတ်၏။ ခဏတိ စ၊ တူးဖြိုဖျက်ဆီးလည်း တူးဖြိုဖျက်ဆီးတတ်၏'ဟု နိဿယအတိုင်း ယောဇနာ။ ဝိကပ်အနက်ယူခိုက် 'ခါဒတိ၊ ခဲတတ်၏။ စ၊ တနည်းကား။ ခနတိ၊ တူးဖြိုဖျက်ဆီးတတ်၏။'ဟု ယောဇနာ။

ဝိကပ် ၂-မျိုး။ ။(၁)သမုစ္စည်းလည်း ရနိုင်သော အနက်တမျိုးကို ပြသော အတ္ထန္တရဝိကပ်, (၂) အနက်တမျိုးကို မပြဘဲ ရုပ် ၂-မျိုး ရှိကြောင်းကိုသာ ပြသော ကေဝလဝိကပ်အားဖြင့် ဝိကပ် ၂-မျိုးရှိသည်။ ထိုတွင် ဤဥ် အတ္ထန္တရဝိကပ် ဖြစ်သည်။]

၈။ **။ဒဿနတ္ထာဒိပဥ္စက**

၁။ ။ဝိပဿနာ၏ အရဖြစ်သော ဝိပဿနာဉာဏ်သည် (မုချအားဖြင့် ပြအပ်သော) 'ဒဿနတ္ထ' မည်၏။

၂။ ။တဏှာမကတရား (အာရုံ)တို့သည် (ပဌမဖလူပစာရအားဖြင့် ပြအပ်သော) 'ဒီပကတ္ထ' မ့ည်၏။

၃။ ။မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့သည် (ပဌမကာရကူပစာရအားဖြင့် ပြအပ်သော) 'ပကာသနတ္ထ' မည်၏။

၄။ ။ယောနိသောမနသိကာရသည် (ဒုတိယ ဖလူပစာရအားဖြင့် ပြအပ်သော) 'ဝိဘာဝတ္ထ' မည်၏။

၅။ ။ပစ္စဝေက္ခဏာဉာဏ်သည် (ဒုတိယ ကာရကူပစာရ အားဖြင့် ပြအပ်သော) 'အနုဘာဝတ္ထ' မည်၏။

မှတ်ချက်။ ။ဤထုတ်ခြင်းသည် အလင်္ကာနည်းဖြင့် ထုတ်ခြင်း ဖြစ်သည်။

[အလင်္ကာနည်းဖြင့် ကြိယာ ၅--တန် ထုတ်ရာ၌ သိဘွယ်။ ။အလင်္ကာနည်းဖြင့် ကြိယာ ၅-တန် ထုတ်ရာ၌-

၁။ ။ဌာယီဘာဝသည် 'ဒဿနတ္ထ' မည်၏။

၂။ ။အာရမ္မဏဝိဘာဝသည် 'ဒီပကတ္ထ' မည်၏။

၃။ ။ရှေ့ဖြစ်သော အနုဘာဝသည် 'ပကာသနတ္ထ' မည်၏။

၄။ ။ဥဒ္ဓံပနဝိဘာဝသည် 'ဝိဘာဝတ္ထ' မည်၏။

၅။ ။နောက်ဖြစ်သော အနုဘာဝသည် 'အနုဘာဝတ္ထ' မည်၏။

ဤကား-အလင်္ကာနည်းဖြင့် ထုတ်ရာ၌ အခြေခံ ထုတ်ပုံ စနစ်တည်း။]

၉။ ။'သုခ'၏ လက္ခဏာဒီစတုက္က

သာ ဝေဒယိတလက္ခဏာ၊
အနုဘဝနရသာ, ဣဋ္ဌာကာရသမ္ဘောဂရသာ ဝါ၊
စေတသိကအာဿာဒပစ္စုပဋ္ဌာနာ၊
ပဿဒ္ဓိပဒဋ္ဌာနာ။ (ဋ္ဌ။ ၁၅၂)
အပရော နယော-သာတလက္ခဏံ သုခံ၊ သမ္မယုတ္တာနံ ဥပဗြူဟနရသံ။
အနုဂ္ဂဟဏပစ္စုပဋ္ဌာနံ၊ ပဿဒ္ဓိပဒဋ္ဌာနံ။ (ဋ္ဌ။ ၁၆၀)

၁၀။ ။ပဋ္ဌာန်းပစ္စည်း။ ။'ဓမ္မ' အရ တဘူမကပစ္စည်းတရားတို့က 'ပဿတိ' အရ ဝိပဿနာဉာဏ် ပစ္စယုပ္ပန်တရားအား ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိတို့ကား-အာဝဇ္ဇန, အဘိ၊တိ, နိဿယ, ဥပနိဿယ, ပုရေဇာတ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ(ယထာရဟ) ဂ-ပစ္စယသတ္တိတို့ ဖြစ်ပါသည်။

၁၃၁၇-ခုနှစ် ဓမ္မာစရိယတန်း
ဓမ္မသင်္ကိ ပါဠိ, အဋ္ဌကထာ အမှတ်(၁) မေးခွန်း

အောက်ပါ ပါဠိတော်, အဋ္ဌကထာဝါကျများကို အနက်ယောဇနာ ခဲ့ပါ။

၁။ ။ယော တသ္မိံ သမယေ တဇ္ဇော ဝိတဇ္ဇော သင်္ကပ္ပေါ အပ္ပနာ ဗျပ္ပနာ စေတသော အဘိနိရောပနာ သမ္မာသင်္ကပ္ပေါ၊

၂။ ။ယံ တသ္မိံ သမယေ စိတ္တံ မနော မာနသံ ဟဒယံ ပဏ္ဍရံ မနော မနာယတနံ မနိန္ဒြိယံ ဝိညာဏံ ဝိညာဏက္ခန္ဓော တဒ္ဓာမနော ဝိညာဏဓာတု။

၃။ ။ယံ ဣတ္ထိယာ ဣတ္ထိလိင်္ဂံ ဣတ္ထိနိမိတ္တံ ဣတ္ထိကုတ္တံ ဣတ္ထာကပ္ပေါ ဣတ္ထတ္တံ ဣတ္ထိဘာဝေါ၊ ဣဒံ တံ ရူပံ ဣတ္ထိန္ဒြိယံ။

၄။ ။ယော ဝေရူပါ ကာ၌ ကာ၌ယနာ ကာ၌ယိတတ္တံ ဝိမတိ ဝိစိ ကိစ္ဆာ ဒဠ္ဠီကံ ဒဠ္ဠီဓာပဏော သံသယော။ ပ။ ဘဗ္ဘိတတ္တံ စိတ္တာဿ မနော ဝိလေခေါ။

၅။ ။အဿမော သုဂတော မယ်၊ ပဏ္ဍသာလော သုမာပိဘာ။
စက်မံ ဘဿ မာဒေပသိ၊ ပဋ္ဌဒဒါသဝိဝဇ္ဇိဘံ။

၆။ ။တဒါ တာနိ ဥပါဒေ့တ္ဝာ ဒဒမာနသော ဟာသော ဥပ္ပဇ္ဇိ၊ ကေသဂ္ဂမတ္တမ္ပိ စိတ္တာဿ အညထတ္တံ နာဟောသိ။

၇။ ။အပိစ သမ္ဗဗ္ဗိ ယထာနုရူပတော စိတ္တတာယ စိတ်ံ၊ စိတ္တကရဏ္ဍ တာယ စိတ္တန်ဿိ ဧဝမေတ္ထ အတ္ထော ဝေဒိတဗ္ဗော။

၈။ ။ဂရဟိဿန်ဿိ တံ ဝိညူ။ အသုဝိ နာဂရိကော ယထာ၊ ဝဇ္ဇီတော သီလဝန်ဿဟိ။ ကထံ ဘိက္ခု ကရိဿသိ။

၉။ ။ရူပသညာနန်ဿိ သညာသီသေန ဝုတ္တရူပါဝစရဇ္ဈာနာနန္တ်ဝ တဒါရမ္မဏာနဥ္စ။ ရူပါဝစရဇ္ဈာနမ္ပိ ဟိ 'ရူပ' န်ဿိ ဝုစ္စတိ 'ရူပိ ရူပါနိ ပဿတိ' တိ အာဒီသု။

၁၀။ ။မိဒ္ဓဿဒိဋ္ဌိတိ အယထာဝဒိဋ္ဌိ၊ ဝိရဇ္ဈိတ္ဝာ ဂဟဏတော ဝါ ဝိတထာ ဒိဋ္ဌိ မိဒ္ဓဿဒိဋ္ဌိ၊ အနတ္ထာဝဟတ္တာ ပက္ခိတေဟိ ဇိဂုစ္ဆိတာ ဒိဋ္ဌိတိပိ မိဒ္ဓဿဒိဋ္ဌိ။

၁၃၁၇-ခုနှစ် ဓမ္မာစရိယတန်း
ဓမ္မသင်္ကီ ပါဠိ, အဋ္ဌကထာ အမှတ်(၁) အဖြေ

၁။ ။[ပါ။ ၁၈။ ပါ၊ သျှ။ ၃၉။]

၂။ ။[ပါ။ ၂၀။ ပါ၊ သျှ။ ၄၄။]

၃။ ။[ပါ။ ၁၆၀။ ပါ၊ သျှ။ ၂၆၄။]

၄။ ။[ပါ။ ၂၀၀။ ပါ၊ သျှ။ ၃၂၆။]

၅။ ။[ဋ္ဌ။ ၃၇။ ဋ္ဌ၊ သျှ၊ ၁။ ၁၃၅။]

၆။ ။[ဋ္ဌ။ ၆၀။ ဋ္ဌ၊ သျှ၊ ၁။ ၂၁၆။]

၇။ ။[ဋ္ဌ။ ၁၀၆။ ဋ္ဌ၊ သျှ၊ ၁။ ၄၁၄။]

၈၊ ။[ဋ္ဌ။ ၁၆၉။ ဋ္ဌ၊ သျှ။ ၂။ ၈၁။]

၉။ ။[ဋ္ဌ။ ၂၄၅။ ဋ္ဌ၊ သျှ၊ ၂။ ၅၀၇။]

၁၀။ ။[ဋ္ဌ။ ၂၉၀။ ဋ္ဌ၊ သျှ၊ ၃။ ၅။]

၁၃၁၇-ခုနှစ် ဓမ္မာစရိယတန်း
ဓမ္မသင်္ကိ ပါဠိ, အဋ္ဌကထာ အမှတ်(၂) ဓမးခွန်း

(က) နံ လုဘ္ဘန္တိ ဧတေန, သယံ ဝါန လုဘ္ဘတိ, အလုဘ္ဘနမတ္တာ မေဝ ဝါတန္တိ အလောဘော။
(ခ) အဒေါသာမောဟသုပိ ဧသေဝ နယော။
(ဂ) တေသု အလောဘော အာရမ္မဏေ စိတ္တဿ အဂေဓလက္ခဏော, အလဂ္ဂဘာဝလက္ခဏော ဝါ ကမလဒလေ ဇလဗိန္ဒု၊ ဝိယ။
(ဃ) အပရိဂ္ဂဟဏရသော မုတ္တာဘိက္ခု၊ ဝိယ။
(င) အနလ္လီနဘာဝပစ္စုပဋ္ဌာနော အသုစိမှိ ပတိတပုရိသော ဝိယ။

၁။ ။အထက်ပါ (ဂ) (င) အမှတ်ပြု ဝါကျများကို အနက်ယောဇနာ ခွဲပါ။

၂။ ။(ဃ) မှတ်ဝါကျကို ဒေါသတင်လျက် အနုလောမပါပနာ ဒီကျမ်းရိုး တက်ခွဲပါ။

၃။ ။(ခ) မှတ်ဝါကျဖြင့် ပယ်အပ်သော ဒေါသကို ပြဆိုပြီးလျှင် 'အလုဘ္ဘနမတ္တာမေဝ ဝါ'၌ 'ဝါ' သဒ္ဒါသည် ကြောင်း, ကျိုး ၂-မျိုးတို့တွင် အဘယ်ကို လဲလို၍ ထားပါသနည်း။

၄။ ။(ဂ)မှတ်ဝါကျ၌ 'အာရမ္မဏေ' ပုဒ်ကို ဝိဂ္ဂဟပြု၍ ဗျပ္ပတ္တျာဒိစတုက္က ထုတ်ပြခွဲပါ။

၅။ ။'အလောဘော ထုဂဝသေန ဥပဂမနဿ အဘာဝကရော'၌ ကတ္တု, ကမ္မ ထိုနှစ်ဝတို့တွင် အဘယ်သတ္တိထူးကို ပြလို၍ 'ထုဂဝသေန'ဟု ကရဏန္တပုဒ်ကို ထားပါသနည်း။

၆။ ။(က) မှတ်ဝါကျတွင် ပဌမဝိကပ်, ဒုတိယဝိကပ်တို့၌သာ အဋ္ဌကထာဆရာ၏ အာဘောဂကို ပြပြီးလျှင် သံဝဏ္ဏနာအမည်ကိုလည်း မှည့်ခဲ့ပါ။

၇။ ။'အလုဘ္ဘနမတ္တာမေဝ ဝါ'၌ 'ဧဝ' သဒ္ဒါ၏ ဂဧဂတပဒတ္ထ, ဆဧဋ္ဌတပဒတ္ထတို့ကို ဘော်ပြပြီးလျှင် (ဂ) ဝါကျတွင် 'ဧတေသု'၌ 'တ'သဒ္ဒါသည် အနုဘူတဝိသယ စသည်တို့တွင် အဘယ်'တ' သဒ္ဒါ ဖြစ်ပါသနည်း။

၈။ ။(၈)မှတ်ဝါကျ၌ 'အလောဘ'ကို ကိုယ်ပြု၍ ကြိယာငါးတန် စုံလင်အောင် ထုတ်ပြခဲ့ပါ။

၉။ ။'အဒေါသ'၏ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်ကို ထုတ်ပြခဲ့ပါ။

၁၀။ ။(၈) မှတ်ဝါကျတွင် 'အာရမ္မဏော စိတ္တဿ'၌ 'အာရမ္မဏ'အရ ပစ္စည်းတရားသည် 'စိတ္တဿ'အရ ပစ္စယုပ္ပန်တရားအား အဘယ်မျှသော ပစ္စယာသတ္တိ ဘို့ဖြင့် ကျေးဇူးပြုနိုင်ပါသနည်း။

၁၃၁၇-ခုနှစ် ဓမ္မဝစရိယတန်း
ဓမ္မသင်္ဂဏီ ပါဠိ, အဋ္ဌကထာ အမှတ်(၂) အဖြေ

၁။ ။[ဋ္ဌ။ ၁၇၀- ၁။ ဋ္ဌ၊ သျှ၊ ၂။ ၈၅-၆။]

၂။ ။(ဃ) **မှတ်ဝါကျ ဒေါသတင်လျက် အနုလောမပါပနာဒိကျမ်း ရိုးတက်။**

အရှင်အဋ္ဌကထာဆရာ ဆရာသည် (၈) မှတ်ဝါကျဖြင့် အလောဘ၏ လက္ခဏာကို ဆိုတော်မူ၏ (ဌာပနာ)။ ယင်းသို့ လက္ခဏာကိုသာ ဆိုသည် ရှိသော် လက္ခဏာသာ ရှိ၍ ရသ မရှိဟူသော အနက်သည် ရောက်၏ (အနုလောမပါပနာ)။စင်စစ်တမူကား ရသသည် ရှိ၏(ပဋိလောမပါပနာ)။ ထိုသို့ရှိသောကြောင့် ရသကိုလည်း ဆိုဘွင့်၏ (အနုလောမ့ရောပနာ)။ လက္ခဏာကိုသာ မဆိုသင့် (ပဋိလောမရောပနာ)။ မဆိုသင့်ဘဲလျက် ဆိုခြေသော် ဆရာ၌ ဗျာပိတဒေါသ ရောက်ခဲ့ရာ၏ (ဒေါသာရောပန)။ရသကား အဘယ်ပါနည်း (စောဒနာ)။ ဤသို့စောဒနာဘွယ်ရှိ၍ ထိုစောဒနာကို သောဓနာစတော်မူလိုသော အဋ္ဌကထာဆရာသည် (ဃ)မှတ်ဝါကျကို မိန့်။

အဓိပ္ပါယ်ကား။ ။(ဃ) မှတ်ဝါကျဖြင့် အလောဘ၏ ရသကိုလည်း ပြဆိုသောကြောင့် သင်တင်တိုင်းသော အဗျာပိတဒေါသ ငါး၌ မရောက်-ဟူသို့။

[ကျက်ဘွယ်။ ။ မေး, ဖြေ ၍၍၊ မဆွေးရွေးဖြေး၊ သူ့စကားကို၊ တိုင်ထား ဌပနာ၊ ဖြုံပြီးခါမှ၊ ရောက်ရာပြစ်စု၊ အနု ပဋိ၊ တင်ဘိ ပါပန၊ ၈၀ ရောပနာ၊ တင်ပါလျှင်၊ ပြစ်ဒေါသသည်၊ ဗုဒ်ကြငါးဖြာ ကျမ်းရိုးတည်း။]

၃။ ။(ခ)မှာ်ဝါကျဖြင့် ပယ်အပ်သော ဒေါသ

(ခ) မှာ်ဝါကျဖြင့် ပယ်အပ်သော ဒေါသကား 'အဗျာပိတဒေါသ' ဖြစ်ပါသည်။

မှာ်ချက်။ ။(ခ) မှတ်ဝါကျ 'ဝါကျာရမ္ဘဝါကျ' ဖြစ်သည်။ [ဝါကျာရမ္ဘဝါကျဖြင့် ပယ်အပ်သော ဒေါသ။ ။ဝါကျာရမ္ဘဝါကျဖြင့် အဗျာပိဘဒေါသကို ပယ်သည်။

ကျက်ဘွယ်။ ။ကျမ်းလေးပယ်ချ၊နည်းညွှန်ပြ၊ဝါကျအာရမ္ဘာ။ဝါကျာရမ္ဘ၊ ဟူလပ်က၊ အဗျာပိတသာ။]

'ဝါ'သဒ္ဒါ ထား**ရခြင်း အကြောင်း**။ ။'အလုဗ္ဘနုမတ္တမေဝ ဝါ'ဌ် 'ဝါ'သဒ္ဒါကို ကြောင်း,ကျိုး ၂-မျိုးတို့တွင် 'ဏ'ပစ္စည်း၏ ကတ္တုသာဝန အနုက်ဟူသော အကြောင်းမှ တပါး ဘာဝသာဓနအနုက် ဟူသော အကြောင်းတပါးကို လဲလှို၍ ထားပါသည်။

၄။ ။ဝိဂ္ဂဟ။ ။အာဂန္ဆာ စိတ္တစေတသိကာ ရမန္တိ ဧတ္ထာတိ အာဂမ္မ ကံ။ (အဘိဓာန်ဋီကာ။ ၉၄။)

ဗျုပ္ပတ္တိစတုက္က

အဘိဓာန်ဋီကာ အလိုအား**ဖြင့်**-

၁။ ။'အာ'ဟူသော, 'ရ'ဟူသော, 'မ္ဘ'ဟူသော, 'ဏ'ဟူသော အဓိဘ်အဓိဝ်ဒသာ ပရမတ္ထသဒ္ဒါသည် 'ဗျုပ္ပတ္တိ' မည်၏။

၂။ ။'အာ'ပုဗ္ဗ 'ရမု'ဓာတ်, 'ယု'ပစ္စည်းသည်ရှင်း, အစိတ်ပရမတ္ထသဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော လာ၍ မေ့.လျော်ခြင်း ကြီယာသည်ရှင်း 'ဗျုပ္ပတ္တိနိမိတ်' မည်၏။

၃။ ။'အာရမ္ဘဏံ' ဟူသော အပေါင်းပညတ္တိသဒ္ဒါသည် 'ပဝတ္တိ' မည်၏။

၄။ ။အပေါင်းပညတ္တိသဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော လာ၍ မေ့.လျော်ခြင်း ကြီယာသည် 'ပဘတ္တိနိမိတ်' မည်၏။

ဧဘဒစိန္တာဒီပနိအလိုအား**ဖြင့်**-

၁။ ။'အာဂန္ဆာ စိတ္တစေတသိကာ ရမန္တိ ဧတ္ထာတိ'ဟူသော ဝိဂ္ဂိဟ် ဝါကျသည် 'ဗျုပ္ပတ္တိ' မည်၏၊ (၂-တူ၏)

၃။ ။'အာရမ္မဏံ'ဟူသော နိပ္ပဉ္ဇသည် 'ပဝတ္တိ' မည်၏။ (၄-တူ၏။) မှတ်ချက်။ ။'စိတ္တစေတသိကေဟိ အာလမ္ဗီယတီတိ အာရမ္မဏံ'ဟူ၌ကား ကေဝလ ရူပနည်းအတိုင်း ကမ္မသာဓနဝိဂ္ဂဟလည်း ပြုနိုင်ပါသည်။

၅။ ။ကရဏနိဒ္ဒေသ ထားခြင်း အကြောင်း။ ။ကတ္တု, ကမ္မ ထို ၂-ဝ တို့တွင် ကတ္တုသတ္တိထူးကို ပြလို၍ 'ရာဂဝေသန'ဟု ကရဏနိဒ္ဒေသကို ထားပါသည်။

၆။ ။အာဘောဂနှင့် သံဝဏ္ဏနာ

'နလုဇ္ဇန်တီ ဧတေန' ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် 'အလောဘော' ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၌ 'အ'ပုဒ်, 'လောဘ'ပုဒ်, 'လောဘ'၌'လုဘ' မာတ်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဒုတိယဓာတုပဒ သံဝဏ္ဏနာ။ 'ဏ'ပစ္စည်း၏ ကရိဏ်းအနက်ဟော၏ အဖြစ် ဘုံလည်း အဋ္ဌကထာဆရာ သိစေပါသည်။ ဒုတိယပစ္စယတ္ထ သံဝဏ္ဏနာ။ (တနည်း) 'လောဘော'ကို 'လုဇ္ဇန်တီ ဧတေနာတိ လောဘော' ဟု ကရဏသာဓန ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ အဘိ ဓာနတ္ထသံဝဏ္ဏနာ။

'အလောဘော'ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ ဥဘောတပ္ပုရိသ်သမာသ် ပုဒ်၏ အဖြစ်, ယင်းဥဘောတပ္ပုရိသ်သမာသ်ပုဒ်၏ တုလျအနက်ဟော၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်၊ သမာသလိင်္ဂပဒတ္ထသံ ဝဏ္ဏနာ။ (တနည်း) 'အလောဘော' ဟူသော သံဝဓဏ္ဏေတဗ္ဗပုဒ်ကို 'နလောဘော အလောဘော'ဟု ဥဘောတပ္ပုရိသ်သမာသ်ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ အဘိဓာနတ္ထသံဝဏ္ဏနာ။ 'အ'သဒ္ဒါ၏ 'န' သဒ္ဒါ၏ ကာရိယ၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ နိပါတလိင်္ဂပဒသံဝဏ္ဏနာ။

'သယံ'ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဓမ္မမှ တပါး ကတ္တားကို နှစ်စေ၍ ဓမ္မသာ ကတ္တား၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထ သံဝဏ္ဏနာ။

'ဝါ'ဟူသော သံဝဏ္ဏနာပါဌ်ဖြင့်' တနည်းတဖုံအားဖြင့် ဝစနတ္ထ ပြုသည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

'နလုဗ္ဘတိ'ဟူသော သံဝဏ္ဏနာပါဠိဖြင့် 'အလောဘော' ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၌ 'အ'ပုဒ်, 'လောဘ'ပုဒ် 'လောဘ'၌ 'လုဘ' ဓာတ်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဒုတိယဓာတုပဒသံဝဏ္ဏနာ။ 'ဏ'ပစ္စည်း၏ ကတ္တားအနက်ဟော၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ ဒုတိယပစ္စယတ္ထသံဝဏ္ဏနာ။ (တနည်း) 'လောဘော'ကို 'လုဗ္ဘတီတိ လောဘော'ဟု ကတ္တုသာဓနဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ အဘိဓာနတ္ထသံဝဏ္ဏနာ။

'အလောဘော'ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ ဥဘောတပ္ပဋိသိဓမာသ်ပုဒ်၏ အဖြစ်, ယင်းဥဘောတပ္ပဋိသိဓမာသ်ပုဒ်၏ တုလျတ်အနက်ဟော၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ သမာသလိင်္ဂပဒတ္ထ သံဝဏ္ဏနာ။ (တနည်း) 'အလောဘော'ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို 'နလောဘော အလောဘော'ဟု ဥဘောတပ္ပဋိသိဓမာသ်ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ အဘိဓာနတ္ထသံဝဏ္ဏနာ။ 'အ'သဒ္ဒါ၏ 'န'သဒ္ဒါ၏ ကာရိယ၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ နိပါတလိင်္ဂပဒသံဝဏ္ဏနာ။

၇။ ။'ဧဝ'သဒ္ဒါ၏ ဂဟေတဗ္ဗတ္ထ။ ။'အလုဗ္ဘနမတ္တမေဝ ဝါ'၌ 'ဧဝ'သဒ္ဒါ၏ ဂဟေတဗ္ဗတ္ထကား 'ဘာဝသာဓန' ဖြစ်ပါသည်။

'ဧဝ'သဒ္ဒါ၏ ဆဒ္ဓေတဗ္ဗတ္ထ။ ။'အလုဗ္ဘနမတ္တမေဝ ဝါ'၌ 'ဧဝ'သဒ္ဒါ၏ ဆဒ္ဓေတဗ္ဗတ္ထကား- ကမ္မသာဓန, သမ္ပဒါနသာဓန, အပါဒါနသာဓန, အဓိကရဏသာဓန'တို့ ဖြစ်ပါသည်။

'တ'သဒ္ဒါ။ ။(ဂ)မှတ်ဝါကျတွင် 'တေသု'၌ 'တ'သဒ္ဒါသည် 'အနုဘူတဝိသယတ' ဏသည်တို့တွင် ဧရှ ၂- ဝါကျမှ အလောဘ,အဒေါသ, အမောဟဒြပ်ကို စွဲသောကြောင့် ပက်ကန္ဓဝိသယ'တ'သဒ္ဒါ ဖြစ်ပါသည်။

['တ' ၄-မျိုး။ ။ပက်ကန္ဓဝိသယ 'တ', ပသိဒ္ဓဝိသယ 'တ', အနုဘူတဝိသယ 'တ', နိယမဝိသယ 'တ' အားဖြင့် တ'သဒ္ဒါသည် ၄-မျိုးပြား၏။ ပ ၄

ထုတ်ဝေ-

၁။ ။ရှေးဝါကျမှ ဒြပ်ကို စွဲသော 'တ'သဒ္ဒါသည် ပက်ကန္ဓဝိသယ'တ' မည်၏။

၂။ ။အစွဲတင်းလင်းရှိသော 'တ'သဒ္ဒါသည် ပသိဒ္ဓဝိသယ 'တ' မည်၏။

၃။ ။ရွေးဝါကျမှ ကြိယာကို စွဲသော 'တ'သဒ္ဒါသည် အနုဘူတ ဝိသယ 'တ' မည်၏။

၄။ ။'ယ'သဒ္ဒါကို အမြဲငဲ့သော အနိယမ'ယ'သဒ္ဒါ စွဲသော အနက် ကိုသာ ထိုအနိယမဝါကျဝယ် ပါသော ကြိယာနှင့် တကွ သုံးသတ်တတ် သော 'တ'သဒ္ဒါသည် နိယမဝိသယ 'တ' မည်၏။ ဤသို့ 'ယ' သဒ္ဒါကို မငဲ့ဘဲ သမ္ဘန်အပ်သော 'တ'၃-(ရှေ)မျိုး, 'ယ'သဒ္ဒါကို အမြဲငဲ့၍ သမ္ဘန် အပ်သော 'တ' ၁-မျိုး အားဖြင့် 'တ' ၄-မျိုး ပြား၏။

ကျက်ဘွယ်။ ။၁။ ။ရွေဝါကျမှ၊ စွဲဒဗ္ဗ၊ ပက္ကန္တ ဝိသယာ။

၂။ ။အစွဲတင်းလင်း၊ ရှိတုံလျှင်း၊မှတ်သွင်း ပသိဒ္ဓါ။

၃။ ။မူဗ္ဗဝါကျ၊ ကြိယာ၃၊ စွဲရ နုဘူတာ။

၄။ ။အနိယတ် 'ယ'၊ စွဲသမ္ပန္နှင့်၊ ထို 'ယ'ကြိယာ၊ ယင်းနှစ်ဖြာကို၊ ဆောင်ကာ စွဲရ၊ 'တ' သဒ္ဒါ၊ မှတ်ကြ နိယမာ။

မှတ်ဘွယ်။ ။ဇာလိနီ (၂၀၁)၌ ရှေ ၃—မျိုးသာ လာသည်။ နောက် တမျိုးကား မောင်းခဲထောင် ဒုတိယသဝဏနာပြုဆရာတော်ကြီး နည်းတည်း၊ အာကျယ်ကို သမ္ဘန္ဓစိန္တာဂဏ္ဌိသစ် (နှာ-၉၆)၌ ရှု။]

---

(၀)၊ ။အလောဘကို ကိုယ်ပြု၍ ကြိယာ ၅-တန်

၁။ ။အလောဘသည် (မုချအားဖြင့် ပြအပ်သော)'ဒဿနတ္ထ'မည်၏။

၂။ ။ယောနိဒသာမနသိကာရသည်(ပဌမဖလူပစာရအားဖြင့် ပြအပ် သော) 'ဒိပကတ္ထ' မည်၏၊

၃။ ။ခေးကမ်းစွန့်ကြဲခြင်းသည်(ပဌမကာရဏူပစာရအားဖြင့် ပြအပ် သော 'ပကာသနတ္ထ' မည်၏။

၄။ ။သဒ္ဓမ္မသဝန, သပ္ပုရိသူပနိဿယ စသည်သည် (ဒုတိယဖလူပစာ ရအားဖြင့် ပြအပ်သော 'ဝိဘာဝတ္ထ' မည်၏။

၅။ ။ဥစ္စာစည်းစိမ်ပြည့်စုံခြင်းသည် (ဒုတိယကာရဏူပစာရအားဖြင့် ပြအပ်သော 'အနုဘာဝတ္ထ' မည်၏၊

၆။ ။အဒေါသ၏ လက္ခဏာဒိစတုက္က

အဒေါသော အစဏ္ဍိက္စလက္ခဏော, အဝိရောဓလက္ခဏော ဝါ။ အာဃာတဝိနယရသော, ပရိဠာဟဝိနယရသော ဝါ။

သောမွဘာဝပစ္စုပဋ္ဌာနေဘာ။
ဝိညာဏာဟဒဋ္ဌာနေဘာ။ (ဋ္ဌ။ ၁၇၁။)

၁၀။ ။ပဋ္ဌာန်းပစ္စည်း။ ။'အာရမ္မဏ' အရ အလုံးစုံသော အာရုံပစ္စည်း တရားသည် 'စိတ္တသ' အရ အလောဘသမ္မယုတ်စိတ် ပစ္စယုပ္ပန်တရားအား အာရမ္မဏာ, အဓိပတိ, နိဿယ, ဥပနိဿယ, ပုရေဇာတ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ (ယထာရဟ) ဂ-ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုနိုင်ပါသည်။

၁၃၁၈-ခုနှစ် ဓမ္မာစရိယတန်း
ဓမ္မသင်္ကြိ ပါဠို, အဋ္ဌကထာ အမှတ်(၁) မေးခွန်း

အောက်ပါ ပါဠိတော်အဋ္ဌကထာ ပုစ္ဆာတို့တွင် ၂-နံပါတ် ပုစ္ဆာကို ၉-နံပါတ်အဋ္ဌကထာဖွင့်နှင့် အညီ အနက်ယောဇနာ၍ ကြွင်းကျန်သော ပုစ္ဆာအားလုံးတို့ကို ပါဠာနုသာရီအနက်ယောဇနာခဲ့ပါ။

၁။ ။ယာ တသ္မိံ သမယေ ပီတိ ပါမောဇ္ဇံ အာမောဒနာ ပမောဒနာ ဟာသော ပဟာသော ဝိတ္တိ ဩဒဂ္ဂျံ အတ္တမနတာ စိတ္တဿ။ အယံ တသ္မိံ သမယေ ပီတိ ဟောတိ။

၂။ ။ပီတိယာ စ ဝိဇ္ဇာဂါ ဥပေက္ခကော စ ဝိဟရတိ သတော စ သမ္ပဇာနော သုခဉ္စ ကာယေန ပဋိသံဝေဒေတိ။ ယံ တံ အရိယာ အာစိက္ခန္တိ ဥပေက္ခကော သတိမာ သုခဝိဟာရီတိ။

၃။ ။ကတမံ တံ ရူပံ အာကာသဓာတု။ ယော အာကာသော အာကာသဂတံ အဃံ အဃဂတံ ဝိဝရော ဝိဝရဂတံ အသမ္ဖုဋ္ဌံ စတူဟိ မဟာဘူတေဟိ။ ဣဒံ တံ ရူပံ အာကာသဓာတု။

၄။ ။ကတမေ ဓမ္မာ အနုပါဒိဏ္ဏာ အနုပါဒါနိယာ။ အပရိယာပန္နာ မဂ္ဂါ စ မဂ္ဂဖလာနိ စ အသင်္ခတာ စ ဓာတု။ ဣမေ ဓမ္မာ အနုပါဒိန္နအနုပါဒါနိယာ။

၅။ ။'ယာ ဘိက္ခဝေ ဝိမံသာ ကောသဇ္ဇသဟဂတာ ကောသဇ္ဇသမ္ပယုတ္တာ'တိ ဝေါကိဏ္ဏေ ဝေဒိတဗ္ဗော။

၆။ ။ဒ္ဝါဒသရဇာနိ ကမ္မာနိ၊ နဒ္ဝါဒသ ဒ္ဝါဒသဝါရိနော။
တသ္မာ ဒ္ဝါဒသရဟိ ကမ္မာနိ၊ အညမညံ ဝဝတ္ထိတာ။

၇။ ။ဓိရဿ ဘာဝေါ ဝိရိယံ၊ ဝိရာနံ ဝါ ကမ္မံ ဝိရိယံ၊ ဝိဓိနာ ဝါ နယေန ဥပါယေန ဣရိယတိ ပဗ္ဗတိ ပဝတ္တယိတဗ္ဗန္တိ ဝိရိယံ၊ တဒေဝ ကောသဇ္ဇဿ အဘိဘဝနတော အဓိပတိယဋ္ဌေန ဣန္ဒြိယံ။

၈။ ။သဒ္ဓါ ဟိရိယံ ကုသလဥ္စ ဒ့ါနံ၊ဓမ္မာ ဧတေ သပ္ပုရိသာနုယာတာ။ ဧတံ ဟိ မဂ္ဂံ ဒိဝိယံ ဝဒန္တိ၊ ဧတေန ဟိ ဂစ္ဆတိ ဒေဝလောကံ။

၉။ ။ပီတိယာ စ ဝိရာဂါတိ ဝိရာဂေါ နာမ ဥတ္တပ္ပကာရာယ ပီတိယာ ဇဂုစ္ဆနံ ဝါ သမတိက္ကမော ဝါ၊ ဥဘိန္နံ ပန အန္တာရာ စသဒ္ဒါ သမ္ပိဏ္ဍနတ္ထော၊ သော ဥပသမံ ဝါ သမ္ပိဏ္ဍေတိ ဝိတက္ကဝိစာရဥပသမံ ဝါ။

၁၀။ ။မဟာပရိဟာရတော်တိ မဟန္တိဟိ ပစ္စယေဟိ ပရိဟရိတဗ္ဗတော။ ဧတာနိ ဟိ ဒိဝသေ ဒိဝသေ ဥပနေတဗ္ဗတ္တာ မဟန္တိဟိ ဃာသစ္ဆာဒနာဒီဟိ ဘူတာနိ ပဝတ္တာနိတိ မဟာဘူတာနိ။

၁၃၁၈-ခုနှစ် ဓမ္မာစရိယတန်း
ဓမ္မသင်္ကိ ပါဠိ, အဋ္ဌကထာ (၁) အဖြေ

၁။ ။[ပါ။ ၁၈။ ပါ။ သျှ။ ၃၉။]

၂။ ။[ပီတိယာ၊ စိတ်ကို။ ဝိရာဂါ စ၊ စက်ဆုတ်ခြင်းကြောင့်ရှင်း။ ပီတိယာ၊ ပီတိ၏။ ဥပသမာ စ၊ ငြိမ်းခြင်းကြောင့်ရှင်း။ (တနည်း)ပီတိယာ၊ ပီတိကို။ ဝိရာဂါ စ၊ လွန်မြောက်ခြင်းကြောင့်ရှင်း။ဝိတက်ဝိစာရာနံ၊ဝိတက်ဝိစာရတို့၏။ ဥပသမာ စ၊ ငြိမ်းချင်းခြင်းကြောင့်ရှင်း။ ။ကြွင်း 'သျှ' အတိုင်း ယောဇနာ။ ။ ပါ၊ ၄၅။ ပါ၊ သျှ။ ၁၀၁။]

၃။ ။[ပါ။ ၁၆၉။ ပါ၊ သျှ။ ၂၆၈။]

၄။ ။[ပါ။ ၂၀၆။ ပါ၊ သျှ။ ၃၂၁။]

၅။ ။[ဋ္ဌ။ ၁၁၁။ ဋ္ဌ၊ သျှ၊ ၁။ ၄၄၅။]

၆။ ။[ဋ္ဌ။ ၁၂၆။ ဋ္ဌ၊ သျှ၊ ၁။ ၅၀၇၊]

၇။ ။[ဋ္ဌ။ ၁၆၃။ ဋ္ဌ၊ သျှ၊ ၂။ ၅၉၉။]

၈။ ။[ဋ္ဌ။ ၂၀၇။ ဋ္ဌ၊ သျှ၊ ၂။ ၂၃၃။]

၉။ ။[ဋ္ဌ။ ၂၁၅။ ဋ္ဌ၊ သျှ၊ ၂။ ၂၇၆။]

၁၀။ ။[ဋ္ဌ။ ၃၃၈။ ဋ္ဌ၊ သျှ၊ ၃။ ၁၆၄။]

၁၃၁၈-ခုနှစ် ဓမ္မာစရိယတန်း
ဓမ္မသင်္ကီ ပါဠို, အဋ္ဌကထာ အမှတ် (၂) မေးခွန်း

(က) သဒ္ဒဟနာတိ သဒ္ဒဟနာကာရော။ ဗုဒ္ဓါဒီနံ ဂုဏေ ဩဂါ
ဟတိ ဘိန္နိတ္ဝာ ဝိယ အနုပဝိသတီတိ ဩကပ္ပနာ။

(ခ) ဗုဒ္ဓါဒီနံ ဂုဏေသု တောဃ သတ္တာ အတိဝိယ ပသီဒန္တိ, သယံ
ဝါ အဘိပ္ပသီဒတိတိ အဘိပ္ပသာဒေါ။

(ဂ) ဣဒါနိ ယသ္မာ သဒ္ဓိန္ဒြိယာဒီနံ သမာသပဒါနံ ဝေသန အည
သ္မိံ ပရိယာယေ အာရဒ္ဓေ အာဒိပဒံ ဂဟေတ္ဝာဝ ပဒဘာ
ဇနံ ကရိယတို့၊ အယံ အဘိဓမ္မေ ဓမ္မတာ၊ တသ္မာ ပုန
သဒ္ဓါတိ ဝုတ္တံ။

(ဃ) ယထာ ဝါ ဣတ္ထိယာ ဣန္ဒြိယံ ဣတ္ထိန္ဒြိယံ၊ န တထာ ဣဒံ။
ဣဒံ ပန သဒ္ဓါဝ ဣန္ဒြိယံ သဒ္ဓိန္ဒြိယန္တိ ဧဝံ သမာနာဓိကရဏာ
ဘာဝဉ္ဉာပနတ္ထမို့ ပုန 'သဒ္ဓါ'တိ ဝုတ္တံ။

(ဇ) ဧဝံ သဗ္ဗပဒနိဒ္ဒေသေသု အာဒိပဒဿ ပုန ဝစနေ ပယောဇနံ
ဝေဒိတဗ္ဗံ။

၁။ ။အထက်ပါဝါကျတို့တွင်(ဃ) ဝါကျကို အနက်ယောဇနာခဲ့ပါ။

၂။ ။(ခ) ဝါကျကို အနုလောမပါပနာဒိကျမ်းရိုး တက်ခဲ့ပါ။

၃။ ။(ဇ) ဝါကျ၌ ပယ်အပ်သောဒေါသကို ပြ၍ 'ဝေဒိတဗ္ဗံ'ထား
ရခြင်း၏ အကြောင်းကိုလည်း ရေးခဲ့ပါ။

၄။ ။(က) ဝါကျပါ 'ဂုဏေ'၌ 'ဂုဏ'ပုဒ်ကို ဝိဂ္ဂဟပြု၍ ဗျပ္ပတ္တျာ
ဒိစတုက္က ထုတ်ခဲ့ပါ။

၅။ ။(ဂ) ဝါကျ၌ 'အာဒိ, အဘိ' ပုဒ်တို့၏ လိင်, ဂဏ, အန္တ, ပဒ
တို့ကို စိစစ်ခဲ့ပါ။

၆။ ။(က) ဝါကျ၌ အဋ္ဌကထာဂေဘာဂနှင့် သံဝဏ္ဏနာအမည်တို့ကို
ဖေါ်ထုတ်ခဲ့ပါ။

၇။ ။(ခ)ဝါကျ၌ 'ဝိယ, ဝါ' သဒ္ဒါတို့၏ အနက်တို့ကို ပြ၍ (ဃ) ဝါကျ၌ 'ပိ'သဒ္ဒါ၏ သဘိဏ္ဍနာဂကာရကိုလည်း ထုတ်ပြခဲ့ပါ။

၈။ ။(ဂ)ဝါကျတွင် 'ဓေဒိတမ္ပိ'၌ ဓာတ်အရကို ယူ၍ ကြိယာ ၅-တန် ထုတ်ခဲ့ပါ။

၉။ ။'သဒ္ဓါ'၏ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကို ထုတ်ပြခဲ့ပါ။

၁၀။ ။(ခ)ဝါကျ၌ 'ဂုဏသု'အရ ပစ္စည်းတရားသည် 'ပသီဒန္တိ' အရ ပစ္စယုပ္ပန်တရားအား ပြိုင်နိုင်သော ပစ္စယသတ္တိတို့ကို ဖော်ပြခဲ့ပါ။

၁၃၁၈-ခုနှစ် ဓမ္မာစရိယတန်း
ဓမ္မသင်္ဂဏီ ပါဠို, အဋ္ဌကထာ အမှတ် (၂) အဖြေ

၁။ ။[ဌ။ ၁၈၉။ ဌ၊ သျ၊ ၂။ ၁၆၆။]

၂။ ။(ခ)မှတ်ဝါကျ **အနုလောမပါပနာဒိ** ကျမ်းရိုးတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က) မှတ်ဝါကျဖြင့် 'သဒ္ဒဟနာ, သြကပ္ပနာ'ဟူကုန်သော ပုဒ်တို့၏ အဖဋ္ဌံသံဝဏ္ဏနာကို ဆိုတော်မူ၏ (ဌပနာ)။ ယင်းသို့ 'သဒ္ဒဟနာ, သြကပ္ပနာ'ဟူကုန်သော ပုဒ်တို့၏ အဖဋ္ဌံသံဝဏ္ဏနာကိုသာ ဆိုသည်ရှိသော် 'အဘိပ္ပသာဒေါ'ဟူသော ပုဒ်ကို မြတ်စွာဘုရား မဟောဟူသော အနက်သည် ရောက်၏ (အနုလောမပါပနာ)။ စင်စစ် တမူကား 'အဘိပ္ပသာဒေါ'ဟူသော ပုဒ်ကို မြတ်စွာဘုရား ဟောတော်မူ၏ (ပဋိလောမပါပနာ)။ ထိုသို့ဟောတော်မူသောကြောင့် 'အဘိပ္ပသာဒေါ'ဟူသော ပုဒ်၏ အဖဋ္ဌံသံဝဏ္ဏနာကိုလည်း ဆိုသင့်၏ (အနုလောမရောပနာ)။ 'သဒ္ဒဟနာ, သြကပ္ပနာ'ဟူကုန်သော ပုဒ်တို့၏ အဖဋ္ဌံသံဝဏ္ဏနာကိုသာ မဆိုသင့် (ပဋိလောမရောပနာ)။ မဆိုသင့်ဘဲလျက် ဆိုခြင်းသည် ဆရာ၌ အဗျာပိတဒေါသရောက်ရာ၏ (ဒေါသာရောပန)။ 'အဘိပ္ပသာဒေါ'ဟူသော ပုဒ်၏ အဖဋ္ဌံသံဝဏ္ဏနာကား အဘယ်ပါနည်း (စောဒနာ)။ ဤသို့စောဒနာဘုယ်ရှိ၍ ထိုစောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)မှတ်ဝါကျကို မိန့်။

အဓိပ္ပါယ်ကား။ ။(ခ) မှတ်ဝါကျဖြင့် 'အဘိပ္ပသာဒေါ' ဟူသော ပုဒ်၏ အဖဋ္ဌံသံဝဏ္ဏနာကိုလည်း ပြဆိုသောကြောင့် သင်တင်တိုင်းသော အဗျာပိတဒေါသ ငါ၌ မရောက်-ဟူလို။

၃။ ။(ဂ)မှတ်ဝါကျ၌ (ဖြင့်) ပယ်အပ်သော ဒေါသ။ ။(ဂ)မှတ်ဝါကျဖြင့် ပယ်အပ်သော ဒေါသကား 'ပုန်ရူတ္တိဒေါသ' ဖြစ်ပါသည်။ မှတ်ချက်။ ။(ဂ)မှတ်ဝါကျ 'နိဂမဝါကျ' ဖြစ်သည်။

['နိဂမဝါကျ'ဖြင့် ပယ်အပ်သော ဒေါသ။ ။'နိဂမဝါကျ'ဖြင့် 'ပုန်ရူတ္တိဒေါသ'ကို ပယ်သည်။

ကျက်ဘွယ်။ ။ဝိတ္ထာ, သံခိပ်၊ ဥဒ်, နိဒ်၊ နိဂမ၊ စုဏ္ဏိယ၊ ပုန်ရူတ္တိတင်။

(ပေါရာဏာဘာစရိယ)]

(ဂ)မှတ်ဝါကျ၌ 'ဝေဒိတပ္ပံသဒ္ဒါ ထားရခြင်း အစကြောင်း။ ။'အလုံးစုံသော ပဒနိဒ္ဒေသတို့၌ အစပုဒ်ကို တဖန် ဟောတော်မူခြင်း၌ အကျိုးကို သိအပ်၏'ဟု သံသယအားဖြင့် ရအပ်သော အနက်သဘောကို ပြလိုသောကြောင့် (ဂ)မှတ်ဝါကျ၌ 'ဝေဒိတပ္ပ''သဒ္ဒါ ထားရပါသည်။

[ကျက်ဘွယ်။ ။'ဒဋ္ဌပ္ပ''ကား သန္နိဋ္ဌာန်၊ 'ဇေဒိတပ္ပ''ကား သုံသယ၊ 'သိဒ္ဓံ'ရှိက စကားကျ။(ရွှင်တိပိဋ္ဌကနာဂနိယံ။ ဂ၄။)]

၄။ ။ဝိဂ္ဂဟ။ ။ဝေါဏာပိယန္တိ အာမန္တာပိယန္တိ အတ္တာနံ ပတိဋ္ဌေတာ ပုဂ္ဂလော ဒဋ္ဌုံ သောတုံ ပုဇိတုဉ္စ ဣစ္ဆစန္တိဟိ ဇနေဟိတိ ဂုဏာ။ (သဒ္ဒနီတိ ဓာတုမာလာ။ ၃၀၄။)

ဗျုပ္ပတ္တျာဒိစတုက္က

အဘိဓာန်ဋီကာ အလိုအားဖြင့်-

၁။ ။'ဂုဟူသော, 'ဏာ'ဟူသော အစိတ်အစိတ်သော ပရမတ္ထသဒ္ဒါသည် 'ဗျုပ္ပတ္တိ' မည်၏။

၂။ ။'ဂုဏာ'ဓာတ်, 'အ'ပစ္စည်းသည်ရင်း, အစိတ်ပရမတ္ထသဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော ခေါ်ဝေခြင်းကြိယာသည်ရင်း 'ဗျုပ္ပတ္တိနိမိတ်' မည်၏။

၃။ ။'ဂုဏာ'ဟူသော အပေါင်းပညတ္တိသဒ္ဒါသည် 'ပဝတ္တိ' မည်၏။

၄။ ။အပေါင်းပညတ္တိသဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော ခေါ်ဝေခြင်းကြိယာသည် 'ပဝတ္တိနိမိတ်' မည်၏။

ဘော်ဒစိန္တာဒီပနီ အလိုအားဖြင့်-

၁။ ။'ဝေါဏာပိယန္တိ အာမန္တာပိယန္တိ အတ္တာနံ ပတိဋ္ဌေတာ ပုဂ္ဂလော ဒဋ္ဌုံ သောတုံ ပုဇိတုဉ္စ ဣစ္ဆန္တေဟိ ဇနေဟိတိ'ဟူသော ဝိဂြိုဟ်ဝါကျသည် 'ဗျုပ္ပတ္တိ' မည်၏။ (၂-တူ၏။)

၃။ ။'ဂုဏ'ဟူသော' နိပ္ဖန္နသည် 'ပဝတ္တိ' မည်၏။ (၄–တူ၏။)

မှတ်ချက်။။ ။အပရေဆရာတို့ အလိုအားဖြင့် 'ဂုဏ္ဍန်တို့ အဗျယန်တို့ (မိုရာဒြပ်ကို ဖြတတ်၏။) တိ ဂုဏာ'ဟုလည်း ဝိဂ္ဂဟ ပြုနိုင်ပါသည်။ (သဒ္ဒနီတိ ဓာတုမာလာ။ ၃၀၄။)

၅။ ။လိင်္ဂါဒိဝိဘာဂ

'အာဒိ'ကား ပုလ္လိင််, ရတ္တာဒိဂဏ, ဣကာရန္တ, ကိတသုဒ္ဓနာမပဒ ဖြစ်ပါသည်။

'အာဘိ' ကား အလိင််, ဂဏဝိမုတ္တ, ဣကာရန္တ, ဥပသဂ္ဂပဒ ဖြစ်ပါသည်။

[ကိတနာမပဒနှင့် ကိတသုဒ္ဓနာမပဒ ထူးခြားချက်။ ။ဓာတ်နှင့်ပစ္စည်း ချဉ်း၍ ကိတ်ပြီးလတ်သော် ဝါကျအနက် အတ္ထင်းမဝုပ်သော နာမ်ပုဒ်သည် ကိတနာမပဒ မည်၏၊ ဓာတ်နှင့် ပစ္စည်းချဉ်း၍ ကိတ်ပြီးလတ်သော် ဝါကျအနက် အဘွင်းဝုတ်သော နာမ်ပုဒ်သည် ကိတသုဒ္ဓနာမပဒ မည်၏။ ဤသို့ ထူးကြသည်။ သမာသနာမပဒ, သမာသသုဒ္ဓနာမပဒ, တဒ္ဓိတနာမပဒ, တဒ္ဓိတသုဒ္ဓနာမပဒ' တို့၌လည်း ဤအတူ သိပါ။]

၆။ ။(က) မှတ်ဝါကျ အာဘောဂနှင့် သံဝဏ္ဏနာ

'သဒ္ဒဟနာကာရော' ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် 'သဒ္ဒဟနာ'ဟူသော သံဝဏ္ဏတပ္ပပုဒ်၌ 'ယု' ပစ္စည်း၏ ဘောအနက်ဟော၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဒုတိယပစ္စယတ္ထသံဝဏ္ဏနာ။ (တနည်း) 'သဒ္ဒဟနာ'ဟူသော သံဝဏ္ဏတပ္ပပုဒ်ကို 'သဒ္ဒဟိယတေ သဒ္ဒဟနာ'ဟု ဘာဝသာဓန ဝစနတ္ထပြုရမည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ အာဘိဓာနတ္ထသံဝဏ္ဏနာ။

[ကျက်ဘွယ်။ ။သံဝဏ္ဏတပ္ပ၊ ကိတ်ပဒကို၊ ယုပစ္စယ၊ 'အာကာရ' နှင့်၊ ဘာဝသဒ္ဒါ၊ ဖွင့်ပြရာ၊ ကြံပါမုချ၊ ကိတ်ဘာဝ။ (သံဝဏ္ဏနာနိယံ။)]

'သြဟိတဘိ' ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် 'သြကပ္ပနာ' ဟူသော သံဝဏ္ဏတပ္ပပုဒ်၌ 'အဝ' ပုဗ္ဗ 'ဏ ပ္ပ' ဓာတ်၏ သြဂဟနအနက်ဟော၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဒုတိယဓာတ္ထသံဝဏ္ဏနာ။ 'အဝ' သဒ္ဒါ၏ ဟေဋ္ဌဝိသေသက၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ

သိစေပါသည်။ ဥပသဂ္ဂလိင်္ဂတ္ထသံဝဏ္ဏနာ။ 'ယု'ပစ္စည်း၏ ကတ္တားအနက်ဟော၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ ဒုတိယပစ္စယဘာသံဝဏ္ဏနာ။ (တနည်း) 'သြကပ္ပနာ' ဟူသော သံဝဏ္ဏတမ္ဗပုဒ်ကို 'သြကပ္ပတီတိ သြကပ္ပနာ'ဟု ကတ္တုသာဓနဝစနတ္ထပ္ပကာသနာ၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာ သိစေပါသည်။ အဘိဓာနတ္ထသံဝဏ္ဏနာ။

'ဂုဏော'ဟူသော သံဝဏ္ဏနာပါဋိဖြင့် 'သြဂါဟတိ'ဌဲ 'သင်္ဂဝင်ခြင်း' ဟူသည် ဂုဏ်တို့သို့ သင်္ဂဝင်ခြင်းပင်တည်း ဟူသော အဓိပ္ပါယ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

'ဗုဒ္ဓါဒိနံ'ဟူသော သံဝဏ္ဏနာပါဋိဖြင့် 'ဂုဏော'ဌဲ 'ဂုဏ်'ဟူသည် စဋ္ဌီ, ပရမိသွာ စသည်တို့၏ ဂုဏ် မဟုတ် ဘုရား စသည်တို့၏ ဂုဏ်ပင်တည်း ဟူသော အဓိပ္ပါယ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

'ဘိန္နိတ္တာ ဝိယ အနုပဝိသတိ'ဟူသော သံဝဏ္ဏနာပါဋိဖြင့် 'သြဂါဟတိ'ဌဲ 'သင်္ဂဝင်ခြင်း'ဟူသည် ခဲ၍ သင်္ဂဝင်သကဲ့သို့ သင်္ဂဝင်ခြင်းပင်တည်း ဟူသော အဓိပ္ပါယ်ကို အဋ္ဌကထာဆရာ သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ။

၂။ (ခ)မှတ်ဝါကျ 'ဝိယ'သဒ္ဒါ၏အနက်။ ။(ခ)မှတ်ဝါကျ'ဝိယ'သဒ္ဒါ၏ အနက်ကား 'ဥပအနက်' ဖြစ်ပါသည်။

['ဝိယ'သဒ္ဒါနှင့် ဧဝအနက်။ ။'ဝိယ'သဒ္ဒါကား ဥပအနက်။ 'ဣဝ သဒ္ဒါ ဧဝတ္ထော'ဟု မောဂ္ဂလာန်မိန့်သည့်အတိုင်း 'ဣဝ'သဒ္ဒါသည် ဥပအနက်ဟောမူ 'ဣဘ'သဒ္ဒါ၏ ပရိယာယ်ဖြစ်သော 'ဝိယ'လည်း ဥပအနက် ဟောကောင်း၏။ (ပါစိတ်ပါဠိတော်နိဿယ၊ အရိဋ္ဌသိက္ခာပုဒ်။)]

(ခ)မှတ်ဝါကျ'ဝါ'သဒ္ဒါ၏ အနက်။ ။(ခ)မှတ်ဝါကျ 'ဝါ'သဒ္ဒါ၏ အနက်ကား '(အတ္ထန္တရ)ဝိကပ်အနက်' ဖြစ်ပါသည်။ 'သမုစ္စည်းအနက်' လည်း သင့်ပါသည်။

[သမုစ္စည်း, ဝိကပ် ၂-မျိုး၊ရသော 'ဝါ'သဒ္ဒါ။ ။အတ္ထန္တရကို ပြသော 'စ'သဒ္ဒါသည် သမုစ္စည်း, ဝိကပ် အနက် ၂-မျိုး ရသင့်သကဲ့သို့ အတ္ထန္တရကို ပြသော 'ဝါ'သဒ္ဒါလည်း သမုစ္စည်း, ဝိကပ် အနက် ၂-မျိုး ရသင့်သည်။]

(ဃ)မှတ်ဝါကျ 'ပိ'သဒ္ဒါ၏ သဒ္ဒိလက္ခဏာကာရ၊ ။(ဃ)မှတ်ဝါကျ 'ပိ' သဒ္ဒါ၏ သဒ္ဒိလက္ခဏာကာရကား- သက်သက် သဘောတံထွာ ဓမ္မတာ

ကြောင့်သာ တဖန် **ဟောတော်မူအပ်သည် မဟုတ်သေး၊ စင်စစ်သော်ကား တူသော တည်ရာ ရှိသည်၏ အဖြစ်ကို သိစေခြင်း အကျိုးငှာလည်း တဖန် ဟောတော်မူအပ်၏-ဟူလို။**

ထုတ်ပုံ။ ။'အာမ သမ္မတ္တဂေါစ'န္တိ ဝုတ္တံ (မူလဋီပနာ)။ 'အာမ သမ္မတ္တဂေါစရံ'ဟု ဆိုတော်မူ၏။ (၁)ယဒိ ဧဝံ ဒုရေ ဘောရီအာဒိသု ဝဋ္ဋမာနေသု 'ဒုရေ သဒ္ဒေါ'တိ ဇာနနံ ဘဝေယျ (အနုလောမပါပနာ)။ အကယ်၍ ဤသို့ဖြစ်ပါက အဝေးရှိ စည်စသည်တို့ကို တီးခပ်အပ်ကုန်သည် ရှိသော် 'အဝေးသံ'ဟု သိခြင်း ဖြစ်ရာ၏။ ('အဝေးသံ'ဟု သိရာ၏။)။ (၂) အထ ခေါ ဒုရေ ဘောရီအာဒိသု ဝဋ္ဋမာနေသုပိ 'ဒုရေ သဒ္ဒေါ'တိ ဇာနနံ နု ဘဝေယျ (ပဋိလောမပါပနာ)။ စင်စစ်သော်ကား ဝေးသော အရပ်၌ စည်စသည်တို့ကို တီးခပ်အပ်သော်လည်း 'အဝေးသံ'ဟု မသိရာ။ (၃)တသ္မာ ဇေတံ 'အသမ္မတ္တဂေါစရ'န္တိ ဝတ္တုမ္မံ (အနုလောမဆိုပနာ)။ ထို့ကြောင့် ထိုရုပ်ကို 'အသမ္မတ္တဂေါစရ'ဟု ဆိုအပ်၏။ (၄) နု 'အာမ သမ္မတ္တဂေါစရ'န္တိ ဝတ္တုမ္မံ (ပဋိလောမဆိုပနာ)။ 'အာမ သမ္မတ္တ ဂေါစရံ'ဟု မဆိုသင့်။ ။ဤကား 'ယဒိ ဧဝံ' ဝါကျ ပါပနာဒိ ထုတ်ပုံတည်း။

မူလဋီကာ ဥဒါဟရဏ်။ ။သဗ္ဗံ တဒါရမ္မဏံ 'ပရိတ္တာရမ္မဏ'န္တိ ဝုတ္တံ (ဋပနာ)။ (၁)ယဒိ ဧဝံ မဟဂ္ဂတဝိပါကောပိ မဟဂ္ဂတာနုဘဝနမေဝ အာပဇ္ဇတိ (အနုလောမပါပနာ)။ (၂)နု (ပဋိလောမပါပနာ)။ (၃) တသ္မာ သမာဓိ သုခါနုဘဝနဘူတော၊ သောပိ ကမ္မာနုရူပတောယေဝ ကမ္မာရမ္မဏော ဟောတ္ဝိ (အနုလောမဆိုပနာ)။ (မူလဋီကာ(၁။ ၁၉၀)

၌ ပါပနာ, ရောပ နာ ၄-ချက် ပြည့်စုံအောင်မပါ၊ ပဋိလောမရောပနာ ကင်းလွတ်ခဲ့သည်၊ ၎င်း ပဋိလောမရောပနာ ထည့်လိုသော်) (၄) 'နသဗ္ဗံ တဒါရမ္မဏံ 'ပရိတ္တာရမ္မဏ'န္တိ ဝုတ္တံ'ဟု ထည့်လေ။

ယဒိ ဧဝံ၊ နှစ်ပါးပြွမ်းလျက်၊ တတ်စွမ်းသောလျောက်၊ အပြစ်ကောက်မူ၊ နောက်စကားကို၊ မှတ်သားကိုင်လျက်၊ 'ယဒိ'ထက်ဝယ်၊ စွက်သည်ကြိုယာ၊ အသစ်ရှာ၊ 'ဧဝံ'နောက်မှာ၊ သတိလာ၊ 'သန္တေသု'လည်း ရံတခါ။ ။ ဟူသော ရှင်တိပိဋကနာဂနိယံ (၂၅)နှင့် အညီ 'ယဒိ' စပ်ရာကြိုယာ အသစ်ရှာ၍ ထည့်စွက်ပြီးလျှင် 'ဧဝံ'နောက်မှာ ကျိန်ရာ၌ 'သတိ'ယှဉ်၍ အနက်ပေးပါ–ဟူလို။

အနုလောမပါပနာစသည်အဓိပ္ပါယ်။ ။ကျိအနုလောမပါပ နာထုတ်ရာ စကားရပ်တို့တွင်–

(၁) အဘိဓမ္မေ ဝါစနာမဂ္ဂါ နာမ သာရိပုတ္တတ္ထေရပ္ပဘဝေါ ဟောတီတိ ဝုတ္တံ' ဟူသော စကားရပ်သည် 'ဌပေတိ တောယာတိ ဌပနာ၊ ဌပိတမ္မာတိ ဝါ ဌပနာ၊ ဌပိယတေ ဝါ ဌပနာ' ဟူသော ကရဏသာဓန, ကမ္မသာဓန, ဘာဝသာဓန ဝစနတ္ထနှင့် အညီ အဝိနာဘာဝနည်းအားဖြင့် အပြစ်တင်လို၍ ပရိဟာရဆရာ ဆိုအပ်သော စကားရပ်ကို ထားကြောင်း, ထားအပ်, ကြားခြင်းမျှ ဖြစ်သောကြောင့် 'ဌပနာ'မည်၏(ကျမ်းဆရာ၏ ဂဟေတဗ္ဗစကားကို ဌပနာ ထားရမည်)။

(၂) 'ပေံ သန္တေ ထေရော၀ ပထမတရံ အာဘိဓမ္မိကော ဘ၀ေယျ' ဟူသော စကားရပ်သည် 'ပရဿ ဥပရိ ဒေါသံ ပါပေတိ တောယာတိ ပါပနာ၊ အနုလောမေန ပါပနာ အနုလောမပါပနာ'ဟူသော ဝစနတ္ထနှင့် အညီ သူတပါး၏ အထက်၌ တိုက်ရိုက် အလျော်အားဖြင့် (ဝါ) အနုလုံအားဖြင့် (ဝါ)အနုယအားဖြင့် အပြစ်သို့ ရောက်စေကြောင်း (ဝါ) အပြစ်တင်ကြောင်း ဖြစ်သောကြောင့် 'အနုလောမပါပနာ' မည်၏။

(၃) 'အထ ခေါ နံ ထေရော၀ ပထမတရံ အာဘိဓမ္မိကော ဘ၀ေယျ'ဟူသော စကားရပ်သည် 'ပရဿ ဥပရိ ဒေါသံ ပါပေတိ တောယာတိ ပါပနာ၊ ပဋိလောမေန ပါပနာ ပဋိလောမပါပနာ'ဟူသော ဝစနတ္ထနှင့် အညီ သူတပါး အပေါ်၌ တတန် အပြန်အားဖြင့် (ဝါ) ပဋိလုံအားဖြင့် (ဝါ)ဗျတိရိဂ်အားဖြင့် အပြစ်သို့ ရောက်စေကြောင်း (ဝါ) အပြစ်တင်ကြောင်း ဖြစ်သောကြောင့် 'ပဋိလောမပါပနာ'မည်၏။

(၄) 'တသွာ အဘိဓမ္မေ ဝါစနံဝမဂ္ဂေါ နာမ သမ္မာသမ္မုဒ္ဓပ္ပဘဝေါ ဟောတိတိ ဝတ္တွေဗ္ဗံ'ဟူသော စကားရပ်သည် 'ယထာဝုတ္တာသု ဥပရိ ဒေါသံ ရောပေတိ တောယာတိ ရောပနာ၊ အနုလောမေန ရောပနာ အနုလောမရောပနာ'ဟူသော ဝစနတ္ထနှင့် အညီ အကြောင်းအကြောင်း ဆိုအပ်ပြီးသော ဌပနာစကားရပ်၏ အပေါ်၌ တိုက်ရိုက် အလျော်အားဖြင့် (ဝါ) အနုလုံအားဖြင့် (ဝါ) အနုယအားဖြင့် အပြစ်သို့ တင်ကြောင်း ဖြစ်သောကြောင့် 'အနုလောမရောပနာ' မည်၏။

(၅) 'နအဘိဓမ္မေ ဝါစနာမဂ္ဂေါ နာမ သာရိပုတ္တထေရပ္ပဘဝေါ ဟောတိတိ ဝတ္တွေဗ္ဗံ'ဟူသော စကားရပ်သည် 'ယထာဝုတ္တာသု ဥပရိ ဒေါသံ ရောပေတိ တောယာတိ ရောပနာ၊ ပဋိလောမေန ရောပနာ ပဋိရောမရောပနာ'ဟူသော ဝစနတ္ထနှင့် အညီ အကြောင်းအကြောင်း ဆိုအပ်ပြီးသော ဌပနာစကားရပ်၏ အပေါ်၌ တဘန် အပြန်အားဖြင့် (ဝါ)ပဋိလုံအားဖြင့် (ဝါ)ဗျတိရိုက်အားဖြင့် အပြစ်သို့ ရောက်စေကြောင်း ဖြစ်သောကြောင့် 'ပဋိလောမရောပနာ' မည်၍။

ထိုဘွင်။ ။အနုလောမ့ပါနာနှင့် ပဋိလောမပါပနာ ၂-ပါးတို့ကား ပုဂ္ဂလပဋ္ဌာန ဖြစ်သည်။ အနုလောမရောပနာနှင့် ပဋိလောမရောပနာ ၂-ပါးတို့ကား ဓမ္မပဋ္ဌာန ဖြစ်သည်။ ဤသို့ခွဲခြား မှတ်သားအပ်၏။ ကျန်သော 'ယဒိ ဧဝံ'စသည်၌လည်း ဤနည်းအတိုင်း ခွဲစေအပ်၏။

---

(၃) နံပါတ် စည်းမျဉ်း အဖြေ

(၁) 'ဝါ, အထဝါ, အပိစ, အပရောနယော'တို့၏ သဒ္ဒါ အနက်, အကြောင်း အကျိုး ဝါကျလဲလှယ်ပုံကို မေးခြင်း။(၂) တနေ, တသွာ, တနေဝါဟ, တနေ ဝုစ္စတိ, ဒေနေ ဂုတ္တံ, ဂဒဟတဗ္ဗာ, ဝတ္တွေဗ္ဗာ, အဓိပ္ပေတံ ကထိဘံ သမ္ဘဝတော စသည် ထားပုံအဓိပ္ပါယ်ကို ဝါကျထုတ်ပြ၍ မေးခြင်း၊ (၃) ပုနရုတ္တိဒေါသစသော ဂန္ထဒေါသတို့ကို ပါဠိထုတ်ပြ၍ မေးခြင်း ဤ ၃-မျိုးကို ဆိုလိုသည်။

'ဝါ'သဒ္ဒါလဲလှယ်ပုံဥဒါဟရဏ်။ ။သံကိလေသော ဝါ နိယုတ္တာ တဏှာ အာဝရဏမဂ္ဂဘာဝါနတိက္ကမနတောတိ သံကိလေသော (နီ၊ ဋ္ဌ။ ဂ၅)။ 'သံကိလေသော ဝါ'စသော ပါဠိဒ္ဒါ 'သံကိသေသိကာ'ဟူသော ပါဠိတော် သံဝဏ္ဏနာ တဗ္ဗပုဒ်ဝယ် 'အိက' ပစ္စည်း၏ အရဟတ္ထ (ထိုက်ခြင်း)အနက်မှ တပါး နိယုတ္တာ(ယှဉ်တတ်)ဟူသော အနက်ကို လဲလှယ်ပြလိုသောကြောင့် 'ဝါ' သဒ္ဒါကို ထားပါသည်။

ရှင်းချက်။ ။ပဌမဝိကပ်၌ 'သံကိလေသံ အရဟန္တိတိ သံကိလေသိကာ'ဟု ပြု၍ 'ကိက' ပစ္စည်းသည် အရဟအနက်ဟော ပြ၏။ဒုတိယဝိကပ်၌ 'သံကိလေသေ နိယုတ္တာ သံကိလေသိကာ'ဟု ပြု၍ 'ကိက'ပစ္စည်းသည် နိယုတ္တအနက်ဟောပြ၏။ထို့ကြောင့် ဒုတိယဝိကပ်ပြဝါကျ၌'ဝါ'သဒ္ဒါဖြင့် 'အနက်ကို လဲလှယ်၏'ဟု မှတ်သင့်၏။

'ဝါ, အထဝါ' ဝါကျ လဲလှယ်ပုံ အဓိပ္ပါယ်

ကြောင်းကျိုးနှစ်စု၊ တခုခု၊ လဲမှု 'ဝါ,ထဝါ'။ ကြောင်းကျိုးနှစ်ပါး၊ လဲလိုခြင်း၊ ထားကြ 'အပဏ္ဏော'သာ။ (တောင်တွင်းနိယံ။ ၁၁၂-၃)

အနက်သဒ္ဒါ၊ မပါကြွင်းကျန်၊ ဆိုလပ်ပြန်ရာ ဝါ, ထဝါ။ ရွေ့ခိုပ္ပါယ်၊ ကျယ်၍ချုံးရာ၊ ဝါ, ထဝါ။ ရွေ့ဆိုလပ်၊ စကားထပ်၍၊ ထူးရပ်ဆိုရာ၊ ဝါ,ထဝါ။ (တွင်းကြီးနိယံ။ ၁၂၄-၅-၆)

'အထ ဝါ' ကား၊ အကြောင်းတူ၊ အကျိုးမူကား အပြား၊ အကျိုးတူ၊ အကြောင်းမူကား အပြား။ (ရှင်တိပိဋကနာဂနိယံ။ ၆၂)

နိယံများအရ-(၁)အကြောင်းကို လဲလှယ်လိုရာ၌ရင်း, (၂)အကျိုးကို လဲလှယ်လိုရာ၌ရင်း, (၃)အနက်ကြွင်း အနက်ကျန်ကို လဲလှယ်လိုရာ၌ရင်း, (၄)အကြောင်း အကျိုး နှစ်ပါးလုံးကို လဲလှယ်လိုရာ၌ရင်း,(၅)သဒ္ဒါကြွင်း သဒ္ဒါကျန်ကို လဲလှယ်လိုရာ၌ရင်း, (၆) ရှေးအဓိပ္ပါယ် ကျယ်နေသည်ကို အကျဉ်းချုံးပြလိုရာ၌ရင်း, (၇) ရွေ့စကားထက် ထူးသော အရာကို ပြလိုရာ၌ရင်း, 'ဝါ အထ ဝါ' သဒ္ဒါ ထားကြသည်ဟု မှတ်အပ်၏။ ထိုတွင်-

အကျိုးလဲလှယ်ရာ၌ အကြောင်းတူ၍ အကျိုးပြား ဖြစ်စေရမည်၊ အကြောင်းလဲလှယ်ရာ၌ အကျိုးတူ၍ အကြောင်းပြား ဖြစ်စေရမည်ဟု မှတ်၍ထုတ်လေ။ 'ဝါ' ပြယုဂ်ရွေ့၌ ဆိုပြီး ဖြစ်သည်။

'အထဝါ' သဒ္ဒါ လဲလှယ်ပုံ ဥဒါဟရဏ်။ ။ကော ဥဒေတိတိ ကောဒိ။ ပ။ အထဝါ သမ္ပယုတ္တဓမ္မေ ဥဒါယတီတိ ဥဒိ၊ ဥဒ္ဓါပေတီတိ အတ္ထော (နိ၊ ဋ္ဌ။ ၂၁၃)။ ဤပြယုဂ်၌'ကောဒိ' ဟူသော သံဝဏ္ဏောတပ္ပပုဒ်ဝယ် 'ဥဒိ'သဒ္ဒါ၏ ဥဒါန အနက်မှတပါး ဥဒါယန (ဥဒ္ဓါပန) အနက် တမျိုးကို လဲလှယ်ပြလိုသောကြောင့် 'အထဝါ' သဒ္ဒါ ထားသည်။

'အထဝါ'ဥဒါဟရဏ်တနည်း။ ။အနိစ္စတာနိဒ္ဒေသေ ခယဂမနဝေသန ခယော။ ဝယဂမနဝေသန ဝယော။ ဘိဇ္ဇနဝေသန ဘေဒေါ။ အထဝါ ယသ္မာ တံ ဗဟ္ဟာ ရူပံ ခီယတို့, ဝေတိ, ဘိဇ္ဇတီတိ စ၊ တသ္မာ ခီယတိ ဝေသိန္တိ ခယော၊ ဝေတိ ဝေသိန္တိ ဝယော၊ ဘိဇ္ဇတိ ဝေဘိန္တိ ဘေဒေါ။

(နီ၊ ဋ္ဌ။၃၄၅)။ ဤဥဒါဟရဏ်၌ 'ခယ, ဝယ, ဘေဒ' သဒ္ဒါတို့ဝယ် 'ဏ' ပစ္စည်း၏ဘာဝသာဓနအနက်မှတပါး အဓိကရဏအနက်ကို လဲလှယ်၍ ပြလိုသောကြောင့် 'အထဝါ' သဒ္ဒါ ထားရသည်။

အကျိုးလဲ'အထဝါ'ဥဒါဟရဏ်။ ။အပထော နယော ပကရဏာဒရမ္ဘ ရတနတ္တယပွဏ်ာမဝစန ရတနတ္တယဿ ယထာဘူတ ဂုဏ်မဒ္ဒါပနေန ပက ရဏော ဂါရဝုပ္ပါဒနတ္ထံ။ အထ ဝါ ရတနတ္တယပွဏ်ာမဝစနံ သတ္တာစာရ ဝေါကြ်ာမနတ္ထံ၊ တံ ဝိညူနံ စိတ္တာရာဓနတ္ထံ၊ တံ ပကရဏဿုဂ္ဂဟနတ္ထံ၊ တံ ဝစနတ္ထာဝဗောဓနတ္ထံ၊ တံ သဗ္ဗဿမ္ဗံတိနိပ္ပါဒနတ္ထံ။(နျာသ။ ပဏ်ာမ) ဤပြုယုဂ်၌ ရှေဝါကျစကားရပ်ဖြင့် ရတနတ္တံယပဏ်ာမကို ဆိုရခြင်းဟူသော အကြောင်းကြောင့် ရအပ်သော ပကရဏဂါရဝုပ္ပါဒနအကျိုး, ရတနတ္တယ ဂါရဝုပ္ပါဒနအကျိုးတို့ကို ပြဆိုပြီး၍ နောက်ဝါကျစကားရပ်ဖြင့်ရတနတ္တယ ပဏ်ာမကို ဆိုရခြင်းဟူသော ယခင်အကြောင်းကြောင့်ပင် တမျိုးအားဖြင့် ရအပ်သော သတ္တာစာရဝေါကြ်ာမနအကျိုး, ဝိညူနံ စိတ္တာရာဓနအကျိုး, ပကရဏဥဂ္ဂဟနအကျိုး, ဝစနတ္ထာဝဗောဓနအကျိုး, သဗ္ဗသမ္ဗတ္တိနိပ္ပါဒန အကျိုးတို့ကို ပြဆိုတော်မူ၏။ ထို့ကြောင့် အကျိုးကိုသာ လဲလှယ်လိုသောကြောင့် 'အထ ဝါ' သဒ္ဒါ ထားသည်ဟု မှတ်အပ်၏။ ဤ၌ အကြောင်းတူ၍ အကျိုးသာ ပြားသောကြောင့် 'အကျိုးလဲ'ဟု ဆိုသည်။

အကြောင်း, အကျိုး ၂-ပါးစုံလဲ 'အထ ဝါ' ဥဒါဟရဏ်။ ။ဓမ္မသံ ဝဏ္ဏနာယံ သတ္ထရိ ပဏ်ာမကာရဏံ ဓမ္မဿ သုက္ခာတဘာဝေန သတ္ထရိ ပသာဒဇနနတ္ထံ, သတ္ထု စ အဝိတထဒေသနာဘာဝပ္ပကာသနေန ဓမ္မေ ပသာဒဇနနတ္ထံ။ ပ။ ဟောတိတိ။ အထ ဝါ ရတနတ္တယပဏ်ာမဝစနံ အတ္တနော ရတနတ္တယပသာဒဿ ဝိညာပနတ္ထံ၊ တံ ပန ဝိညူနံ စိတ္တာရာဓနတ္ထံ၊ တံ အဋ္ဌကထာယဂါဟဏတ္ထံ၊ တံ သဗ္ဗသမ္ဗတ္တိနိပ္ပါဒနတ္ထံ။ (မူလဋီကာ၊ ၁။ ၁)။ ဤပြုယုဂ်၌ ရှေစကားရပ်ဖြင့် မြတ်စွာဘုရား၌ ရှိခိုးကြောင်းဖြစ်သော ပဏ်ာမစေတနာဟူသော အကြောင်းကြောင့် ရအပ်သော သတ္ထရိပသာဒဇနနအကျိုး, ဓမ္မပသာဒဇနနအကျိုး, မဟာတော အတ္ထသိဒ္ဓိအကျိုးတို့ကို ပြဆိုတော်မူပြီး၍ နောက်စကားရပ်ဖြင့် ရတနတ္တယပဏ်ာမကို ဆိုရခြင်းဟူသော အကြောင်းကြောင့် ရအပ်သော ရတနတ္တယပသာဒဝိညာပန အကျိုး, ဝိညူနံ စိတ္တာရာဓနအကျိုး, အဋ္ဌကထာယဂါဟန အကျိုး, သဗ္ဗသမ္ဗတ္တိနိပ္ပါဒနအကျိုးတို့ကို ပြဆိုတော်မူ၏။ ထို့ကြောင့် အကြောင်း, အကျိုး ၂-ပါးလုံး လဲလှယ်၍ပြလိုသောကြောင့်'အထဝါ'သဒ္ဒါထားသည်

ဟုမှတ်အပ်၏။ ။ဤ၌ အကြောင်းလည်းပြ၊အကျိုးလည်း ပြ၊သော ကြောင့်'အကြောင်း, အကျိုး, ၂-ပါးစုံ လဲ၏'ဟုဆိုသည်၊

'အပိစ, အပရော နယော' ဝါကျလဲလှယ်ပုံ အဓိပ္ပါယ်။ ။အပိစ,အပရော နယော၊ တက်သော ဝါကျ၊ ရွှေအတ္ထမှ၊ ထူးထအနက်၊ ဆိုလျက်တက်။ အပရော နယော အတ္တနောမံတိ၊ မှတ်ထား၏။ ။ဟူသော တွင်းကြီးနိယံ (၉၈၊ ၁၄၀) အရ (၁) ရွှေဆိုအပ်ပြီးသော အနက်မှ ထူးသောအနက်ကို ပြလိုရာ၌၎င်း, (၂) မိမိအယူဝါဒကို ပြလိုရာ၌၎င်း 'အပိစ' ဟူ၍၎င်း, 'အပရော နယော'ဟူ၍၎င်း ဝါကျအဦးအစမှာ ထားတော်မူကြသည်။

(၁) သဒ္ဒါကိုဂင်း, (၂) အနက်ကိုဂင်း, (၃) အကြောင်းကိုဂင်း, (၄) အကျိုးကိုဂင်း လဲလှယ်လိုရာ၌လည်း ဂင်း 'အပိစ, အပရော နယော' သဒ္ဒါ ထားကြသည်ဟု မှတ်အပ်၏။

'အပိစ'သဒ္ဒါ အကြောင်းလဲ ဥဒါဟရုဏ်။ ။အပိစ အယံ ဖဿော နာမ ယထာ ပါသာဒံ။ ပ။ အဝေသာ ဒဗ္ဗသမ္ဘာရသဒိသာဘိ တသ္မာ ပိ ပဋ္ဌမံ ဝုတ္တော။(နိ၊ ဋ္ဌ၊ ၁၅၁)။ဤဥဒါဟရုဏ်၌ 'အပိစ အယံ ဖဿော နာမ'အစရှိသော ဝါကျဖြင့် ဖဿစေတသိက်၏ ရှေးဦးစွာ စဉ်ထား ရခြင်းအကြောင်းကို ပြဆိုရာ မူလရှေးဝါကျ ဖဿစေတသိက်၏ အာရုံ တွေ့ဆုံရာ ရှေးဦးစွာ ကျရောက်ခြင်းဟူသော(ပဋ္ဌမာဘိနိပါတ)အကြောင်း မှတပါး ပြာသာဒ်စသည်တွင် တိုင်ထုတ်လျောက်စသည်ရှိရာ တိုင်သည့်ကျွန် အဆောက်အဦးတို့ထက် အားရှိသောအကြောင်း(ဗလဝဘစ္စယ, ဖြစ်သကဲ့သို့ ဖဿစေတသိက်တရား၏ အခြားသော တရားတို့ထက် အားကြီးပြဋ္ဌာန်း ခြင်းဟူသော (ဗလဝပစ္စယ) အကြောင်းတပါးကို လဲလှယ်၍ ပြသည်။ ထို့ကြောင့် အကြောင်းပြားသည်ဟု မှတ်လေ။

'အပိစ'သဒ္ဒါ၏ အနက်ထူးလဲ ဥဒါဟရုဏ်။ ။အပိစ ပဿတ္ထော သုန္ဒရော ဝါ ဒီဋ္ဌိ သမ္မာဒီဋ္ဌိတိ ဤမိနာပိ နယေန တေသံ ဝစနတ္ထော ဝေဒိတဗ္ဗော။ (နိ၊ ဋ္ဌ။ ၁၆၇)။ ဤပြယုဂ်၌ 'သမ္မာဒိဋ္ဌိ'၌ 'သမ္မာ' သဒ္ဒါ၏ ရှေးဝါကျ၌ ပြအပ်ပြီးသော အဝိပရိတတ္ထ (မဘောက်မပြန်အမှန်အဟုတ်) ဟူသော အနက်မှတပါး ဂင်း'သမ္မာ' သဒ္ဒါ၏ ပဿတ္ထ (ချီမွမ်းခြင်း) အနက်, သုန္ဒရတ္ထ (ကောင်းခြင်း)အနက် တမျိုးကို လဲလှယ်၍ ပြသည်။ ထို့ကြောင့် အနက်လဲလှယ်လိုသောကြောင့် 'အပိစ'သဒ္ဒါ ထားပါသည်။ ဤ၌ သဒ္ဒါတူ၍ အနက်ပြားသည်ဟု မှတ်အပ်၏။

မှတ်ချက်။ ။'အပိစ' သဒ္ဒါသည် 'အပရော နယော'နှင့် အဓိပ္ပါယ်တူသည်ဟု မှတ်အပ်၏။ 'အပိစာတိ အညဝစနံ ဝဘ္ဘဗ္ဗံ အတ္ထိ အတ္ထော၊

အထ ဝါ အပိစာတို့ အပရော နယော'ဟု အဋ္ဌသာလိနီယောဇနာဆရာ (၆၉) ဖွင့်ပြတော်မူ၏။

'အပရော နယော'အနက်လဲ ဥဒါဟရဏ်။ ။အပရော နယော-ယံတွေ ဂုဗို့မနွေ့။ ပ။ အဘိဓမ္မော တေန အက္ခာတော။(နီ၊ ဋ္ဌ။ ၂၀)။ဤဥဒါဟရဏ်၌ 'အဘိဓမ္မ'ဟူသော ပုဒ်ဝယ် 'အဘိ'သဒ္ဒါ၏ အနက်ကို ပဓာနအားဖြင့် ပြဆို၏ ထိုသို့ပြဆိုရာကျမ်းဥုးအစ ရှေးဝါကျများက 'အဘိ'သဒ္ဒါ၏အနက်ကို ပြဆိုပြီးဖြစ်သောကြောင့် ရှေးပြဆိုအပ်သော 'အဘိ'သဒ္ဒါ၏ အတိရေကတ္ထ,ဝိသေသတ္ထ(အလွန်း,အထူး)အနက်တို့မှတပါးရင်း'အဘိ'သဒ္ဒါ၏ ဂုဗို့မန္ဘ,သလက္ခဏ,ပူဇိတ,ပရိစ္ဆိန္န,အဓိကဟူသော အနက်များကို လဲလှယ်၍ ဖွင့်ပြတော်မူ၏။ ထို့ကြောင့် အနက်လဲလှယ်လိုသောကြောင့် 'အပရော နယော' သဒ္ဒါထားပါသည်။ ဤဥဒါဟရဏ်လည်း သဒ္ဒါ တူ အနက်ပြား ဖြစ်သည်ဟု မှတ်လေ။

'အပရော နယော' အနက်လဲ ဥဒါဟရဏ်တနည်း။ ။အပရော နယော။ ဓမ္မောတိ ဟေတု၊ (နီ၊ဋ္ဌ။ ၂၃)။ ဤဝါကျဖြင့် 'ဓမ္မ,အတ္ထ, ဒေသနာ, ပဋိဝေဓ' သဒ္ဒါ ၄-ပါးတို့တွင် 'ဓမ္မ' သဒ္ဒါ၏ ပါဠိတော်ဝစနပဗန္ဓဟူသော တန္တိအနက်မှတပါး ၎င်း 'ဓမ္မ' သဒ္ဒါ၏ ဟေတု (အကြောင်း) အနက်ကို လဲလှယ်၍ ဖွင့်ပြတော်မူ၏။ ရှေဝါကျများက 'ဓမ္မောတိ တန္တိ' စသည်ဖြင့် 'ဓမ္မ'သဒ္ဒါ၏တန္တိ အနက်ကိုပြဆို၍ ဤဝါကျ၌ 'ဓမ္မောတိ ဟေတု'ဟုဟေတုအနက်ကို ပြသောကြောင့် အနက်လဲလှယ်လို၍ 'အပရော နယော' သဒ္ဒါထားပါသည်။ ။ဤဥဒါဟရဏ်လည်း သဒ္ဒါတူ အနက်ပြားဖြစ်သည်ဟု မှတ်လေ။

'တသ္မာ, တေန' ထားပုံအဓိပ္ပါယ်

'ဧဝဥ္စ ကတ္ဝာ၊ တသ္မာ တေန၊ အယံ ဟေတ္ထတိ၊ မနသိကတ္ဝာ၊ ကျမ်းမှာ လာကြုံ၊ လဒ္ဓဂုဏ်' ဟူ၍၎င်း, အကျိုးတပါး၊ ပြီးလပ်ငြားသော်၊ တပါး အကျိုး၊ ပြီးရိုးတွေ့ကြုံ၊ လဒ္ဓဂုဏ်' ဟူ၍၎င်း, တွင်းကြီး(၉၅-၉) ဆရာတော် မိန့်ဆိုတော်မူချက် အရ အကျိုးတပါး ပြီးဆုံးသည့်နောက် ထိုမှ ဆက်လက်၍ ရအပ်သော အကျိုး ဂုဏ်တပါးကို ထပ်မံပြဆိုခြင်း ဟူသော လဒ္ဓဂုဏ်အရာမျိုး၌ 'တသ္မာ' သဒ္ဒါဖြင့်၎င်း, 'တေန' သဒ္ဒါဖြင့်၎င်း ထား၍ ပြတော်မူကြသည်။

'တသ္မာ'လဒ္ဓဂုဏ်ဥဒါဟရဏ်,။ ။ဥာဉ်ယဒ္ဓံ စေတံ အနဓိပ္ပေတံ။ တသ္မာ နေဝ ဒဿနေန နာ ဘာဝနာယ ပတာဘဗ္ဗော ဟေတု ဧတေသံ အတ္ထိတိ နေဝဒဿနေန နာဘာဝနာယ ပဟာတဗ္ဗဟေတုကာတိ အယမတ္ထော ဂဟေ

တဗ္ဗော။ (နီ၊ ဋ္ဌ။ ၈၆)။ ဤဝါကျများတွင် 'ဥဘယမ္ပိ ဧစတံ အနုဓိပ္ပေတံ' ဝါကျဖြင့် အဟိတ်တရားတို့ကို တတိယပုဒ်အရ မကောက်ယူရခြင်း, ဟေတု ဝဇ္ဇတရားတို့ကို ပယ်ခြင်းသို့ ရောက်ခြင်း ဟူသော ၂-ပါးစုံသော အနက် အဓိပ္ပါယ်ကို အလိုမရှိအပ် ဟူသော အကျိုးစကားကို ပြဆိုတော်မူ၏။ ထို နှစ်ပါးစုံကို အလိုမရှိအပ်သောကြောင့် တတိယပဒကို ဝစနတ္ထပြုရာ၌ ဆဋ္ဌီ ဗဟုဗ္ဗီဟိ သမာသ်ဝစနတ္ထအနက်ကို မယူဘဲ စတုတ္ထီဗဟုဗ္ဗီဟိသမာသ်ဝစ နတ္ထအနက်ကိုသာ ယူအပ်၏ ဟူသော ထိုရှေအကျိုးမှ ဆက်၍ ရအပ်သော အကျိုးတပါး လဒ္ဓဂုဏ်ကို ပြဆိုခြင်းငှာ နောက်ဝါကျ၌ 'တသ္မာ' ဟု မိန့်ဆိုတော်မူသည်။ ထို့ကြောင့် 'တသ္မာ' သဒ္ဒါ လဒ္ဓဂုဏ်ပြလို၍ ထားသည်ဟု မှတ်အပ်၏။

'တေန' လဒ္ဓဂုဏ်ဥဒါဟရဏ်။ ။တေန ကေကာရဏဝါဒေါ ပဋိသေ ဓိတော ဟောတိ(နီ၊ ဋ္ဌ။ ၁၀၂)။ ဤဝါကျ၌ သမဝါယစသော အနက် ၅-မျိုးလုံးကို 'သမယ' သဒ္ဒါဖြင့် သိမ်းယူအပ်၏ ဟူသော အကျိုးစကား ရပ်မှ တပါးသော (ဝါ) ထိုသမဝါယစသော သမယတို့တွင် သမဝါယဟု ဆိုအပ်သော သမယသည့် တပါးမက များစွာသော အကြောင်းကြောင့် ကုသိုလ်စသော ဓမ္မတို့၏ ဖြစ်ခြင်းကို ပြခြင်း ဟူသော အကျိုးစကားရပ်မှ တပါး ထိုမှ ဆက်လက်၍ ရအပ်သော အကျိုး ဟု ဆိုအပ်သော ပြကတော့ လျှင် အကြောင်းရှိသော ဝါဒကို တားမြစ်အပ်၏ ဟူသော အကျိုးတပါး လဒ္ဓဂုဏ်ကိုပြဆို၏။ထို့ကြောင့် လဒ္ဓဂုဏ်ကို ပြလို၍ 'တေန' သဒ္ဒါ ထားသည်။

'တေနေဝါဟ' ထားပုံ အဓိပ္ပါယ်။ ။'တေနဝါဟ ၊ဉာပက၊ 'တေနာဟ' ကား၊ ကျမ်းတပါး' ဟူသော ရှင်တိပိဋကနာဂနိယံ (၇၁) အရဉ်းပက သာဓကကို ပြလိုသော အရာ၌ဘန္ဒများ၌ 'တေနေဝါဟ' သဒ္ဒါထားကြသည်။

'တေနေဝါဟ' ဥဒါဟရဏ်။ ။တေနေဝါဟ 'ယာဝဉ္စိဒံ ဘိက္ခဝေ ဥပမာပိ နု သုကရာ၊ ယာဝ လဟုပရိဝတ္တံ စိတ္တ'န္တိ။ (နီ ဋ္ဌ။ ၁၀၃)။ ဤဥဒါဟရဏ်၌ 'ဣတိ တေသံ ကာလပရိတ္တာတာယ ဥပမာပိ နုတ္ထိ' ဟူသော ရှေးဒဋ္ဌိယ သာဓု၊ ဥပျ ဝါကျဖြင့် ဆိုအပ်ပြီးသော ထိုစိတ်တို့၏ ကာလ တိုတောင်းသည်၏ အဖြစ်၌ နိုင်းခိုင်းစရာ ဥပမာပင် မရှိ ဟူသော သက ဝစနကို ဒဋ္ဌိဂရဏ အာဂမ ဟူသော သာဓက ဥပကကို ပြလိုသော ကြောင့် 'တေနေဝါဟ'သဒ္ဒါ ထားသည်။

(၁) ဒဋ္ဌိဂရဏ, (၂)အာဂမ, (၃)သာဓက, (၄)ဥပကကို ပြလိုသော အရာများ၌ 'တေနေဝါဟ' ထားရိုးရှိသည်။

မှတ်ချက်။ ။'တေန ဝုစ္စတိ,တေန ဝုတ္တံ'တို့လည်းအတူတူပင်ဖွတ်အပ်၏။

'တေန ဝုစ္ဆတိ' ဥဒါဟရဏ်။ ။တေန ဝုစ္ဆတိ ဝိဂတထိနမိဒ္ဓါတိ။ (နိ၊ ဋ္ဌ။ ၄၁၂)။ ဤဥဒါဟာရ၌ ရှေးဖြစ်သောဒဋ္ဌိယ, သာဓု, ဉာပျ ဖြစ်သောသကဝစနကို ဇဋ္ဌိကရဏ, သာဓက, ဉာပကဖြစ်သော ပရဝစနဖြင့် ပြလိုသောကြောင့် 'တေနဝုစ္ဆတိ'သဒ္ဒါထားသည်။

'တေနဝုတ္ထံ'ဥဒါဟာရဏ်။ ။တေန ဝုတ္ထံ-တိကဋ္ဌ ပဋ္ဌာနဝဏ္ဏ ဒုကုတ္တမံး ပ။ ဆ ပစ္စနီယဒ္ဒိ နယာ သုဂမ္ဘီရာ။ (နိ၊ ဋ္ဌ။ ၁၀) ဤဥဒါဟရဏ်၌ ရှေ့၌အက္ခယ် ဆိုအပ်ပြီးသော တိကပဋ္ဌာန်း အစရှိသော ပစ္စနိကပဋ္ဌာန်း ၆-ကျမ်း ရှိသည်၏ အဖြစ်တို့ကို(၁)ဒဋ္ဌိကရဏ, (၂)အာဂမ, (၃)သာဓက, (၄)ဉာပကကို ပြလိုသောကြောင့် 'တေန ဝုတ္ထံ' သဒ္ဒါ ထားသည်။

'တေန ဝုတ္ထံ' ဥဒါဟာရ်တမျိုး။ ။ဝိဝိဓာ ဟိ ဇတ္ထ။ ပ။ 'ဝိနယော' တိ အာဇ္ဉာတော။ တေဒနတမေတဿ ဝစနတ္ထကောသလ္လတ္ထံ ဝုတ္တံ–'ဝိဝိဓဝိ သေသနယတ္တာ၊ ပ။ ဝိနယော ဝိနယောတိ အာဇ္ဉာတော'တိ။(နိ၊ ဋ္ဌ။ ၁၉) ဤဝါကျ၌ 'ဝိဝိဓာ ဟိ'အစချိသော စကားရပ်ဖြင့် အကျယ်အားဖြင့် ပြဆိုအပ်ပြီးသော 'ဝိနယ'သဒ္ဒါ၏ ဝစနတ္ထကို ပြဆိုတော်မူပြီး၍ ထိုဝါကျကို နိဂုံးအုပ် ပြလိုသောကြောင့်ဂုင်း, ထို၏ လဒ္ဓဂုဏ်ကို ပြလိုသောကြောင့် ဂုင်း 'တေန ဂုတ္ထံ' ထားသည်။

'ဂဟေတဗ္ဗာ, ဝတ္တဗ္ဗာ'စသည် ထားပုံ အဓိပ္ပါယ်။ ။ဂဟေတဗ္ဗာ၊ 'ဝတ္တဗ္ဗာ' နှင့်၊ 'သက္ကာ' လည်းပြု၊ သမညသည်။ ဌာနဝိသေ၊ ထည့်သင့်ပေလျ၊ အဘ္ဘယုတ္တိ၊ ကြံတွေးရှိ။ တွင်းကြီးနိယံ (၃၂)နှင့် အညီ သာမည အားဖြင့် ဖွင့်ဆိုရေးသားအပ်သော အဏဌာနများမှာ သာမညဖြစ်သော အနက်အဓိပ္ပါယ်မှ ဝိသေသဖြစ်သော အနက်အဓိပ္ပါယ်ကို ယူစေလိုသော ဌာနများ၌ အဓိကြောင်း အကျိုး,အာရုံ အာရမ္မဏိက သင့်တင့်ညီညွတ်၍ အတ္ထယုတ္တိရှိစေရန် 'ဂဟေတဗ္ဗာ'ဟူ၍ဂုင်း, 'ဝတ္တဗ္ဗာ'ဟူ၍ဂုင်း, 'အဓိပေတံ'ဟူ၍ဂုင်း, 'ကထိတံ'ဟူ၍ဂုင်း အဏအားလျော်စွာ ထားကြသည်။

'ဂဟေဘဗ္ဗာ'ဥဒါဟရဏ်။ ။သဗ္ဗေသံ ပန ဝါဒေသု ယုတ္တံ ဂဟေတဗ္ဗံ။ (နိ၊ ဋ္ဌ။ ၃၂၆) ဤဥဒါဟရဏ်၌ မထေရ် ၃-ပါးတို့၏ ဝါဒသာမညမှ ယုဘ္ဘဖြစ်၍ ယူအပ် ယူသင့် ယူဆိုက်သော ဝိသေသဝါဒကို ပြလိုသောကြောင့် 'ဂဟေတဗ္ဗံ'သဒ္ဒါ ထားသည်။

မှတ်ချက်။ ။ဂဟေတဗ္ဗံ,ဂဟေတဗ္ဗော,ဂဟေတဗ္ဗာ ထားပုံ အဓိပ္ပါယ် အတူတူဖြစ်သည် လိင်မျှသာ ကွဲ၏ဟု မှတ်အပ်၏။ 'ဝတ္တဗ္ဗံ, အဓိပေတံ, ကထိတံ' တို့၌လည်း နည်းတူသိအပ်၏။

'ဝတ္တမ္မာ' ဥဒါဟရဏ်။ ။'အာရမ္မဏော ပဝဋ္ဋနကစိတ္တာနိ နာမ ကတိ' တိ ဟိ ဝုတ္တော 'ဣမာနေဝ ဒွေ'တိ ဝတ္တမ္ပံ။ (နိ၊ ဋ္ဌ။ ၃၀၂) ဤဥဒါဟရဏ်၌ အာရုံ၌ လည်၍ဖြစ်တတ်သော စိတ်ဟုဆိုက အကုသိုလ်စိတ် ၁၂-ပါးလုံး ပဝဋ္ဋနကစိတ် မည်၏။ သို့သော်လည်း အကုသိုလ်စိတ် ၁၂-ပါးဟု ဆိုအပ်သော ပဝဋ္ဋနက သဘာမည အနက်မှ မောဟမူစိတ် ၂-ပါးဟု ဆိုအပ်သော ပဝဋ္ဋနက ဝိသေသအနက်ကိုသာ ဤအရာ၌ ယူရမည်ဟု ပြလိုသောကြောင့် 'ဝတ္တမ္ပံ'သဒ္ဒါ ထားသည်။

'အဓိပေါတံ' ဥဒါဟရဏ်။ ။ပထမဝါဒသို့ဥ သသဒ်ါရာသဒ်ါ ရဝိဓာနံ ပစ္စယဘေဒတော အဓိပေါတံ။ (နိ၊ ဋ္ဌ။ ၃၂၆)။ ဤဥဒါဟရဏ်၌ သာမည အနက်မှ ဝိသေသအနက်ကို ယူစေလိုသောကြောင့်၎င်း, စကားလုံးကို ပြလိုသောကြောင့်၎င်း 'အဓိပေါတံ'သဒ္ဒါ ထားသည်။

နိယံ။ ။'အဓိပေါတံ၊ နည်းထူကြံ၊ လုရန်စကားမှာ' (ရွှေရေးဆောင် နိယံ။ ၃၁၉)နှင့် အညီတည်း။

'ကထိတံ'ဥဒါဟရဏ်။ ။တေဟိ အသမ္ဘုဋ္ဌံ နိဋ္ဌဂ္ဂါကာသံ ကထိတံ။(နိ၊ ဋ္ဌ။ ၃၆၂) ဤဥဒါဟရဏ်၌ အာကာသသာမညအနက်မှ တပါး မတွဲထိကောင်းသော နိဋ္ဌဂ္ဂါကာသတည်းဟူသော အာကာသဝိသေသ အနက်ကို ယူစေလိုသောကြောင့်၎င်း, စကားလုံးကို ပြလိုသောကြောင့်၎င်း 'ကထိတံ'သဒ္ဒါ ထားသည်။

နိယံ။ ။(၁) 'သူကလိုင်မှု၊စကားလု၊ထားမှု ကထိတာ'။(၂)ဥပစာရ၊ အာသင်္၊ ထားကြ ရုံတခါ။ (ရွှေရေးဆောင်နိယံ။ ၃၁၆။ ၃၁၆)

'သမ္ဘဝတော' ထား၌ပုံ။ ။သမ္ဘဝတိ၊ စသည်ရှိက၊ ဗျဘိစာရော၊ သြဇတျ၊ အတ္ထဓရောက်ရာ၊ ကျမ်းတွင်လာ'ဟူသော တွင်းကြီးနိယံ(၃၃)နှင့် အညီ-(၁) ယုံမှားသင်္ကာရှိခြင်း- ဗျဘိစာရ, (၂) ယထာရုတပါဠိနှင့် သင့်တင့်ညီညွတ်ခြင်း-သြဇတျ, (၃) သဒ္ဒါအားဖြင့် တိုက်ရိုက်မူချ မပြော်သော်လည်း အနက်အားဖြင့် ရောက်သော အတ္ထာပန္နအရာတို့၌'သမ္ဘဝတိ' ဟူ၍၎င်း, 'သမ္ဘဝတော' ဟူ၍၎င်း စသည် ထားကြသည်။

'သမ္ဘဝတော'ဥဒါဟရဏ်။ ။တတော ပရံ ပဌမဒုကံ ဒုတိယတတိယေဟိ သဒ္ဒိံ ယောဇေတ္ဗာ တေသံ 'ဟေတူ နဟေတူ'တိအာဒိနံ ပဒါနံ ဝသေန ယထာသမ္ဘဝတော အပရေပိ တယော ဒုကာ ဝုတ္တာ။ တတ္ထ

ယထေဝ 'ဟေတူ ဧဝ ဓမ္မာ သဟေတုကာ စာ'တိ ဧတံ သမ္ဘဝတိ၊ တထာ'ဟေတူစေဝဓမ္မာအဟေတုကာ စာ'တိ ဣစ္ဆိမို။(နီ၊ ဋ္ဌ။ ၈၉)

အနက်အာဖြင့် အတ္ထာပန္နဖြစ်ပုံ။ ။ဤဓမ္မသင်္ဂဏိပါဠိတော်၌ ဟေတုဒုက်ကို 'မူ'ထား၍ သဟေတုကဒုက် ပဌမပုဒ်ဖြစ်သော သဟေတုကပုဒ်ကို မူလီသွင်း၍ 'ဟေတူ စေဝ ဓမ္မာ သဟေတုကာ စ၊ သဟေတုကာ ဧဝ ဓမ္မာ နု စ ဟေတူ'ဟူသော ဒုက်ဖြစ်သကဲ့သို့ ဒုတိယ, တတိယဒုက်တို့၏ ဒုတိယပုဒ်ကို ထည့်သွင်း၍ '(၁) ဟေတူ စေဝ ဓမ္မာ အဟေတုကာစ၊ အဓေဟတုကာစေဝဓမ္မာ နု စ ဟေတူ။ (၂)ဟေတူ စေဝ ဓမ္မာ ဟေတုဝိပ္ပယုတ္တာ စ၊ ဟေတုဝိပ္ပယုတ္တာ စေဝ ဓမ္မာ နုစဟေတူ'အစရှိသော ဒုက်ပွါးကို အတ္ထာပန္နပြလိုသောကြောင့် 'သမ္ဘဝတော, သမ္ဘဝတိ' ထားသည်။

ပုနရုတ္တိဒေါသစသောဂန္ထဒေါသများ

(က) ပုနရုတ္တိဒေါသ။ ။'ထပ်နိုးထင်စွာ၊ ရှိစပါ၍၊ နောက်မှာဝါကျ၊ ပုနရုတ္တိ၊ တင်ဘိဒေါသ၊ အကျယ်, သဒ်ပ၊ ဥဒ္ဒဿနှင့်၊ ဆင့်သည့်နိဒ္ဒေ၊ နိဂုမ်းနေမူ၊ ပုဗ္ဗဝါကျ၊ ဇရှးဌာနကို၊ ပုနရုတ္တိ၊ တင်ဘွယ်ရှိ၏' ဟူသော ရှစ်သောင်းလေးထောင်နိယံ အရ ဝိတ္ထာရ, သဒ်ပစသော အတူ အထပ်လက္ခဏာရှိသော ဝါကျများ, ဥဒ္ဒဿနှင့် နိဒ္ဒေသဝါကျ, နိဂမနိယနှင့် နိဂုမ်းဝါကျများ တို့လေပါက ရှ.ဖြစ်သော ဝါကျကို ပုနရုတ္တိဒေါသ တင်ဘွယ်ရှိ၏ဟု မှတ်ယူရမည်။

ဥဒါဟရဏ်။ ။တ္ထ ပန တိသု ပိဋကေသု တိဝိဓေါ ပရိယတ္တိဘေဒေါ ဒဋ္ဌဗ္ဗော။ တိဿော ဟိ ပရိယတ္တိယော အလဂဒ္ဒူပမာ, နိဿရဏတ္ထာ, ဘဏ္ဍာဂါရိကပရိယတ္တိတိ။ (နီ၊ ဋ္ဌ။ ၂၄)။ ဤဥဒါဟရဏ်၌ 'တ္ထ ပန' စသော သဒ်ပဝါကျနှင့် 'တိဿောဟိ'စသော ဝိတ္ထာရဝါကျတို့၏ အနက်အဓိပ္ပါယ်မှာ 'ပရိယတ္တိအပြား ၃-ပါးရှိ၏'ဟု အတူဖြစ်နေရကာ၊ 'တ္ထ ပန' ဝါကျ၌ ပုနရုတ္တိဒေါသတင်လေ။တိကွဗုဒ္ဓိပုဂ္ဂိုလ်တို့ အတွက် သဒ်ပ, မန္ဒဗုဒ္ဓိပုဂ္ဂိုလ်တို့ အတွက် ဝိတ္ထာရဝါကျ ရေးရိုးဖြစ်သောကြောင့် ပုနရုတ္တိဒေါသ မရောက်ဟူ၍ မှတ်။

(ခ)ကေတ္ထဒေါသ။ ။'သဒ္ဒါနှစ်ခု၊ နှစ်ခုအတ္ထ၊ တူလေက၊ ကေတ္ထဒေါသတင်' ဟူသည်နှင့် အညီ-(၁)သဒ္ဒါနှစ်ခုတူသော်ငင်း၊ (၂)အနက်နှစ်ခုတူသော်ငင်း၊ ဤသို့သော နေရာအနက်များ၌ ရှ.ဝါကျကို ကေတ္ထဒေါသ တင်လေ။

မှတ်ချက်။ ။သဒ္ဒါ,အနက် ၂-ပါးစုံ တူရာ၌လည်း တင်နိုင်၏ဟုမှတ်။ ၎င်းကေတ္ထဒေါသကို ပုနရုတ္တိဒေါသဟု ကျမ်းဆရာတို့ ဆိုတော်မူကြ၏။ အတူတူမှတ်လေ။

(၈) **အဗျာပိတဒေါသ**။ ။(၁) 'သမ္ဗုစ္စယ၊ ဖြေဝါကျ၊ 'ဧဝ'အတင်သွင်း'။ (ဖက်ပင်အိုင်နိယံ) (၂) 'စ, ပိ'သဒ္ဒါ၊ ရှိလေပါက၊ ဧဝါကျ၊ 'ဧဝ'အတင်ထုတ်။(နိယံသစ်)(၃)လက္ခဏာရုစိ၊ ဝါကျရှိ၊ အဗျာပိတလင်း။ (သစ်)(၄) 'စ' နှင့် နောက်တွင်၊ အဖြေမြင်သည့်၊ ဧဝါကျ၊ သူ့ဒေါသကို၊ 'ဧဝ' အာဘော်၊ မုချမျော်၍၊ ဖေါ်သည့်နောက်မှာ၊ အဗျာပိတ၊ တင်ကြစမြဲ၊ ဆိုမလွဲတည်း။ (ရှစ်သောင်းလေးထောင်နိယံ)။ ဤနိယံကဗျာများအရ သမ္ဗုစ္စယအနက်ရှိသော 'စ,ပိ' သဒ္ဒါတို့ဖြင့် နောက်ဝါကျထက်လာက ဧဝါကျကို အဗျာပိတဒေါသ တင်၍ တက်ရမည်။ နောက်ဝါကျဖြင့် ၎င်းအဗျာပိတဒေါသကိုပယ်သည်ဟု မှတ်အပ်၏။

အဗျာပိတတင်ရန် ဥဒါဟရုဏ်။ ။တဿ ပါဒေ နမဿိတွာ၊ သမ္ဗုဒ္ဓဿ သိရီမတော။ သဒ္ဓံမဉ္ဇုဿ ပူဇေတွာ၊ (နီ၊ ဋ္ဌ။ ၁)။ဤဥဒါဟရုဏ်၌ 'တဿ ပါဒေ နမဿိတွာ'ဝါကျကိုသာ ဆိုခဲ့ပါက တရား,သံဃာတို့ကို ရှိမခိုးဘုရားကိုသာ ရှိခိုး၏ ဟူသော အဓိပ္ပါယ် သက်ရောက်ရကား ရတနာ ၃-ပါး ရှိသည်တွင် တရား, သံဃာရတနာတို့၌ မနှံစပ်ခြင်း ဟူသော အဗျာပိသဒေါသ သင့်ရောက်ရာ၏။ ထို့ကြောင့် ထိုဒေါသကို ပယ်ရန် 'သဒ္ဓမဉ္ဇုဿ ပူဇေတွာ'ကို မိန့်ဆို၏။

(၈)**အတိဗျာပိတဒေါသ**။ ။'(၁)'ဧဝ'ဝါကျ၊ ဖြမြင်က၊ သမ္ဗုစ္စယနှင့်လင်း။ (ဖက်ပင်အိုင်) (၂) စောဒကလို့င်၊ 'ဧဝ'ထို့င်။ (ရှေ့ရေးဆောင်) (၃) များမဆက်ဆံ၊ ထူးဟန်ဖေါ်ပြ၊ ဝိသေသ၊ ဒေါသအတိဗျာပိလင်း။ (၄) တနည်းတနည်း၊ မှတ်ဘွယ်ဆည်းပိန့်၊ နောက်တည်းအဖြေ၊ 'ဧဝ'နေမူ၊ မသွေစလျှင်၊ အာဘော်ဆင်၍၊ တင်သည့် အတိ၊ ဗျာပိဒေါသ၊ ရှေဝါကျတည့်' စသော နိယံကဗျာများ အရ 'ဧဝ' သဒ္ဒါဖြင့် ပြအပ်သောဝါကျ တက်လာပါက ရှေဝါကျကို အတိဗျာပိတဒေါသတင်၍ တက်ရမည်။ နောက်ဝါကျဖြင့် အလွန်နှံသော အတိဗျာပိတဒေါသကို ပယ်သည်ဟု မှတ်အပ်၏။

အတိဗျာပိတတင်ရန် ဥဒါဟရုဏ်။ ။ဓမ္မသဒ္ဒါ ပနာယံ ပရိယတ္တိ ဟေတုဂုဏာ။လ။ နိဇ္ဇီဝတာယံ။ သုယမိဓာပိ နိဿတ္တနိဇ္ဇီဝတာယမေဝ ဝတ္တတိ။ (နီ၊ ဋ္ဌ။ ၈၁)။ ဤပြယုဂ်၌ 'ဓမ္မသဒ္ဒါ ပနာယံ'စသော ရှေသာမညဝါကျကိုသာ ဆိုခဲ့ပါက 'ကုသလာ ဓမ္မာ'၌ 'ဓမ္မ'သည် ပရိယတ္တိ,

ဟေတု, ဂုဏ စသည် အနက်မျှးခ္ဒ်လည်း ဖြစ်၏ ဟူသော အဓိပ္ပါယ် အပို အလွန် သက်ရောက်လေရကား နိဿတ္တနိဇ္ဇီဝအနက်ထက် ပိုလွန်၍ မလို အပ်သော အနက်တို့ခ္ဒ် အလွန်နှံစပ်ခြင်း အတိဗျာပိတဒေါသ ရောက်ရာ၏။ ထို့ကြောင့် ထိုဒေါသကို ပယ်ရန် 'သွာယမိဓာပိ' စသော စကားကို မိန့်သည်။

(၈) ဝိရောဓိဒေါသ။ ။'(၁) ရှေးအဆိုနှင့်၊ တစိုးတစိ၊ ဆန့်ဘွယ် ရှိ၍၊ မချိပန်းစွာ၊ ဤချင်းရာဖြင့်၊ ဤမှာဤလျှင်၊မဆန့်ကျဉ်ဟု၊နောက်တွင် စပ်ကာ၊ ပြဆိုလာမူ၊ မှတ်ရာခဲ့ဘိ၊ ဝိရောဓိတည့်၊ တင်ဘိထုတ်အပ်၊ သေချာ မှတ်လော့။(ရှစ်သောင်း လေးထောင်)(၂)ဒဋ္ဌိကရဏ-ယထာဟ, တေနာဟ, တေန ဝုတ္တံ,တေနဝက္ခတိ စသည်ရှိလည်း ဝိရောဓိဒေါသတင်' ဟူသည်နှင့် အညီ (၁) ရှေနောက် ဆန့်ကျင်သော အရာခ္ဒ်ရှင်း,၊ (၂) ဒဋ္ဌိကရဏ စသော ဝါကျမျှားခ္ဒ်ရှင်း ရှေ့ဝါကျခ္ဒ် ဝိရောဓိဒေါသ တင်ရမည်။

ဝိရောဓိတင်ရန် ဥဒါဟရဏ်။ ။တေနဝါဟ 'ယာဝဉ္စိဒံ ဘိက္ခဝေ ဥပမာပိ နု သုကရာ၊ ယာဝ လဟုပရိဝက္ကံ စိတ္တ'န္တိ။ (နိ၊ ဋ္ဌ။ ၁၀၃)။ ဤဥဒါဟရဏ်ခ္ဒ် ရှေး ဒဋ္ဌိယဝါကျကိုသာ ဆိုချေပါက ဒဋ္ဌိယ,ဒဋ္ဌိကရဏ ဆန့်ကျင်သော ဝါကျဝိရောဓိဒေါသ သင့်ရောက်ရာ၏။ ထို့ကြောင့် 'တေနေဝါဟ'မိန့်။ တေနေဝါဟ ဒဋ္ဌိကရဏဖြင့် ဝိရောဓိဒေါသကို ပယ်၏။

(စ) ဩစိတျဟိနဒေါသ။ ။'ယုတ္တိဒဋ္ဌိကရဏ၊ ယင်းဝါကျ၊ ဩစိတျဟိနတင်'ဟူသည်နှင့် အညီ ယုတ္တိဒဋ္ဌိကရဏဝါကျမျှားခ္ဒ်ဩစိတျဟိနဒေါသတင်၍ ထုတ်ရမည်။ ဝိရောဓိဒေါသနှင့် တူ၏။

---

(၄) နံပါတ် စည်းမျဉ်း အဖြေ

ဗျုပ္ပတ္တိစတုက္ကထုတ်ပုံ

'ဗျုပ္ပတ္တိစတုက္က'ဟူသည်။ ။ဗျုပ္ပတ္တိ, ဗျုပ္ပတ္တိနိမိတ်, ပဝတ္တိ, ဝတ္တိနိမိတ် ၄-ပါးကိုဆိုလိုသည်။ ထိုတွင် ဂစ္ဆတီတိ,ရညောပုရိသောတိ,ဟတ္ထော အဿ အတ္ထီတိ,ဒဏ္ဍော အဿ အတ္ထီတိ အာဒိကာယ ဗျုပ္ပတ္တိယာ အပေက္ခိတံ ဂမန သမ္ဗန္ဓာဒိကံ ဗျုပ္ပတ္တိနိမိတ္တံ။ ။ဟူသော ဘေဒစိန္တာဒီပနီ(၁၆၂)အလိုအား ဖြင့်(၁)ဝိဂ္ဂဟတ္ထဆဒ္ဒါဟူသော ဝစနတ္ထ ဝိဂ္ဂဟ ဝါကျ ဟူသမျှသည်'ဗျုပ္ပတ္တိ' မည်၏။ (၂) ဂုဏ်းကို ခဲ့သော ဂုဏ်း၏ ဒေကြောင်းဖြစ်သော ကိတ်ဝစနတ္ထ အရာခ္ဒ်သွားခြင်း ချက်ခြင်း စသော ကြိယာ, သမာသ် တဒ္ဓိတ် ဝစနတ္ထ အရာခ္ဒ်သမ္ဗန်စသည်သည် 'ဗျုပ္ပတ္တိနိမိတ်' မည်၏။(၃)ပုဒ်ပြီးအဖြစ်သို့ ရောက်

သော အဝိဂ္ဂဟတ္ထသဒ္ဒါဟု ဆိုအပ်သော နိပ္ဖန္နသဒ္ဒါသည် 'ပဝတ္တိ' မည်၏။ (၄) ထို၏ အကြောင်းဖြစ်သော ဇာတ်အစရှိသော အနက် ၅-ပါးသည် 'ပဝတ္တိနိမိတ်' မည်၏ဟု မှတ်အပ်၏။

ကိတ်ဝစနတ္ထ ဥဒါဟရဏ်။ ။သန္နိသိန္နော။ ။'သံ သောဘမာနော ဟုတ္ဝာ နိသီဒတိတိသန္နိသိန္နော'ပြု။ ။ဤ၌(၁)'သံ သောဘမာနော ဟုတ္ဝာ နိသီဒတိတိ'ဟူသော ဝိဂ္ဂဟဝါကျသည် 'ဗျုပ္ပတ္တိ' မည်၏။(၂) 'သံ'ဟူသော 'နိ'ဟူသော, 'သီ'ဟူသော, 'ဒ' ဟူသော, 'တိ' ဟူသော အစိတ်ပရမတ္ထသဒ္ဒါ၏အကြောင်းဖြစ်သော သံနိသီဒနကြိယာသည် 'ဗျုပ္ပတ္တိနိမိတ်'မည်၏။ (၃)'သန္နိသိန္နော'ဟူသော နိပ္ဖန္နသဒ္ဒါသည် 'ပဝတ္တိ'မည်၏။ (၄)'သန္နိသိန္နော'ဟူသော အပေါင်းပညတ္တိသဒ္ဒါ၏ အကြောင်းဖြစ်သော သံနိသီဒကြိယာသည် 'ပဝတ္တိနိမိတ်' မည်၏။

သမာသိဝစနတ္ထ ဥဒါဟရဏ်။ ။ပါရိဆတ္တကမူလံ။ ။'ပါရိဆတ္တကဿ မူလံ ပါရိဆတ္တကမူလံ'ပြု။ ။ဤ၌ (၁) 'ပါရိဆတ္တကဿ မူလံ' ဟူသော ဝိဂ္ဂဟဝါကျသာလျှင် 'ဗျုပ္ပတ္တိ' မည်၏။ (၂)ပင်လယ်ကသစ်ပင်ခြင်း၏ အနိုးဖြစ်သော အရပ်ခြင်းနှင့် သမီပီ,သမီပအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် 'ဗျုပ္ပတ္တိနိမိတ်' မည်၏။ (၃)'ပါရိဆတ္တကမူလံ'ဟူသော နိပ္ဖန္နသဒ္ဒါသည် 'ပဝတ္တိ' မည်၏။ (၄)ပင်လယ်ကသစ်ပင်၏ အနိုးဖြစ်သော အရပ်၏ တခုသည် တခုနှင့် တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် 'ပဝတ္တိနိမိတ်' မည်၏။

တဒ္ဓိတ်ဝစနတ္ထ ဥဒါဟရဏ်။ ။အာဒိစ္စော။ ။'အဒိတိယာ အပစ္စံ အာဒိစ္စော'ပြု။ ။ဤ၌(၁)'အဒိတိယာ အပစ္စံ'ဟူသော ဝိဂ္ဂဟဝါကျသည် 'ဗျုပ္ပတ္တိ' မည်၏။ (၂)အမိတိနတ်သမီးဖြစ်၏ သားဖြစ်နှင့် ဇနက, ဇည အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် 'ဗျုပ္ပတ္တိနိမိတ်'မည်၏။ (၃)'အာဒိစ္စော' ဟူသော နိပ္ဖန္နသဒ္ဒါသည်'ပဝတ္တိ'မည်၏။ (၄)နေဗိမာန်၏ တခုသည်တခုနှင့် တူသော အခြင်းအရာဟု ဆိုအပ်သောဇာတ်သည် 'ပဝတ္တိနိမိတ်'မည်၏။

မှတ်ချက်။ ။ရှေးဆရာတော်များ အလိုအားဖြင့် ကိတ်ပုဒ်, သမာသ်ပုဒ်, တဒ္ဓိတ်ပုဒ် ဤ ၃-မျိုးတို့၌သာ ဗျုပ္ပတ္တိစတုက္ကကို ခဲ့ဟော်မူကြသည်။

(တနည်း)ဗျုပ္ပတ္တိစတုက္ကထုတ်ပုံ။ ။တတြ ဝိသေသေဟိ ကြိယာပကတိပစ္စယာဒီဟိ ဥပဥ္ဇတိတိ ဗျုပ္ပတ္တိ၊ ဂါအာဒိသဒ္ဒသဏ္ဌပံ၊ တဿာ နိမိတ္တံ ဗျုပ္ပတ္တိနိမိတ္တံ၊ ကြိယာပကတိပစ္စယာဒယော။ ပဝတ္တယတိ တတ္ထ တတ္ထ အတ္ထေ ပယောဇယတီတိ ပဝတ္တိ၊ ဂါအာဒိကော သဒ္ဒေါ၊ တဿ နိမိတ္တံ ပဝတ္တိနိမိတ္တံ၊ ဇာတိကြိယာဂုဏဒဗ္ဗနာမာနိ။ ။ဟူသော အဘိဓာန်ဋီကာ

(၄၃၆)အလိုအားဖြင့်- (၁)'ဂဂါ' အစရှိသော အစိတ်ပရမတ္ထသဒ္ဒါသည် 'ဗျူပ္ပတ္တိ' မည်၏။ (၂)ကြိယာ, ပကတိ, ပစ္စည်း စသည်သည် 'ဗျူပ္ပတ္တိနိမိတ်' မည်၏။ (၃) 'ဂဂါ' အစရှိသော အပေါင်းပညတ္တိသဒ္ဒါသည် 'ပဝတ္တိ' မည်၏။ (၄)ဇာတ် အစရှိသော အနုက် ၅-ပါးသည် 'ပဝတ္တိနိမိတ်' မည်၏။

ကိတ်ဝစနတ္ထ ဥဒါဟရဏ်။ ။သန္နိသိန္နော။ ။'သံ သောဘမာနော ဟုတ္ဝာ နိသီဒတိတိ သန္နိသိန္နော'ပြု။ ။ဤ၌- (၁) 'သံ'ဟူသော, 'နိ' ဟူသော,'သိ''ဟူသော,'နော'ဟူသော အစိတ်ပရမတ္ထသဒ္ဒါသည်'ဗျူပ္ပတ္တိ' မည်၏။ (၂)'သံ'ပုဗ္ဗ 'နိ'ပုဗ္ဗ 'သဒ'ဓာတ်, 'တ'ပစ္စည်းသည်'ဗျူပ္ပတ္တိနိမိတ်' မည်၏။(၃)'သန္နိသိန္နော'ဟူသော အပေါင်းပညတ္တိသဒ္ဒါသည် 'ပဝတ္တိ'မည်၏။(၄)'သန္နိသိန္နော'ဟူသောအပေါင်းပညတ္တိသဒ္ဒါ၏အကြောင်းဖြစ်သော တင့်တယ်သပ္ပါယ်စွာ နေထိုင်ခြင်း ကြိယာသည် 'ပဝတ္တိနိမိတ်' မည်၏။

မှတ်ချက်။ ။သမာသ်, တဒ္ဓိတ်ဝစနတ္ထတို့၌လည်း ဤနည်းအတိုင်း ကောက်ယူလေ။

(၅)နံပါတ် စည်းမျဉ်း အဖြေ

လိင်္ဂ်။ ။ဣတ္ထိလိင်, ပုလ္လိင်, ဒ္ဝိလိင်, တိလိင်, အလိင်္ဂတို့ကို ဝေဘန်ရမည်။ ။ဂဏ။ ။မနောဂိုဏ်း, မနောဂဏာဒိဂိုဏ်း, 'ပု, ဂု, ပုမာ, ဂစ္ဆန္တာ၊ ရာဇာ, သတ္ထာဒိ၊ စိတ်, ရတ်, ကညာ, ဂိုဏ်းနဒါ။ ဂဟပတာဒိ (အမနော)' (၁၃)ပါး, 'ဘူ, ရူ, ဒိ, သွာ, ကီ, ဂဟာ, တနာ, စုရာဒိ' (ဂ)ပါးတို့ကို ဝေဘန်ရမည်။ ။ဂဏဝိမုတ်။ ။ဂိုဏ်းဖြင့် မရေတွက်ဘဲ ဂိုဏ်းမှ လွတ်သော အဗျယပုဒ်များ, ဥပသာရ, နိပါတ်။ ။အန္တ။ ။ကာရန္တ၊ အကာရန္တစသည်။ ။ပဒ။ ။နာမ်, အာချာတ်, ဥပသာရ,နိပါတ်။

ခွဲပုံ။ ။'ကရဏာ'ကား- လိင်အားဖြင့် ဣတ္ထိလိင်, ဂိုဏ်းအားဖြင့် ကညာဒိဂိုဏ်း, အန္တအားဖြင့် အာကာရန္တ, ပဒအားဖြင့်ကိတပဒ(တနည်း) ကိတန္တသမာသပဒ တည်း။ ။'ဝိယ' ကား-လိင်အားဖြင့် အလိင်, ဂိုဏ်းအားဖြင့်ဂဏဝိမုတ်,အန္တအားဖြင့်အကာရန္တ,ပဒအားဖြင့်နိပါတပဒတည်း။

(၆) နံပါတ် စည်းမျဉ်း အဖြေ

အာဘောဂနှင့်သံဝဏ္ဏနာ

ဥဒါဟရဏ်။ ။ကုစ္ဆိတေ ပါပကေ ဓမ္မေ သလယန္တိ စလယန္တိ ကမ္ပေန္တိ ဝိဒ္ဓံသေန္တိတိ ကုသလာ။ (နီ၊ ဋ္ဌ။ ဂ၁)

ဖေါ်ပုံ။ ။'ကုစ္ဆိတေ'ဟူသော သံဝဏ္ဏနာဖြင့် 'ကုသလာ'ဟူသော သံဝဏ္ဏေတပ္ပဗုဒ္ဓဝယ် 'ကု'သဒ္ဒါသည် မြေကြီးစသော အနက်၌လည်း ဖြစ်သောကြောင့် ဤအရာ၌ မြေကြီးစသော အနက်ကို မဟာ 'ကု' သဒ္ဒါ၏ ကုစ္ဆိတ (စက်ဆုတ်အပ်) အနက်ကိုသာ ဟောသည်၏ အဖြစ်ကို အဋ္ဌကထာဆရာ သိစေတော်မူ၏။ နိပါတလိင်္ဂတ္ထသံဝဏ္ဏနာ၊ ကုသဒ္ဒဿ ပထဝီအာဒီနမ္ပိ ဝါစကတ္တာ ဇုဓ ကုစ္ဆိတဗ္ဗတ္ထဝါစကော ကုသဒ္ဒါတိ ဉာပေတုံ ကုစ္ဆိတေတိ ဝုတ္တံ။ (ယောဇနာ။ ၆၁)။ 'ပါပကေ ဓမ္မေ'ဖြင့် ကုစ္ဆိတဗ္ဗမည်သည်လည်း အလိုမရှိအပ်သော အနိဋ္ဌရူပါရုံစသည်တို့၌လည်း ဖြစ်သောကြောင့် ဤအရာ၌ 'ကုစ္ဆိတ' သဒ္ဒါသည် အနိဋ္ဌရူပါရုံစသည်ကို မဟောမူ၍ အကုသလပါပဓမ္မကိုသာ ဟောသည်၏ အဖြစ်ကို သိစေသည်။ အဘိဓေယျတ္ထသံဝဏ္ဏနာ။ အနိဋ္ဌရူပါဒယောပိ ကုစ္ဆိတာ နာမ အတ္ထိ၊ တသ္မာ ပါပဓမ္မေတိ (ပါပကေဓမ္မေတိ) ဝုတ္တံ။ (ယောဇနာ။ ၆၁)'သလယန္တီ'ဖြင့် 'ကုသလာ'ပုဒ်ဝယ် 'သလာ'၌ 'သလ'ဓာတ်ယူ၍ 'သလယန္တီတိ သလာ'ဟု ဟေတုကတ္တုသာဓနဝစနတ္ထပြုရမည်ဟု သိစေ၏။ အဘိဓာ၊တ္ထ, ဒုတိယဓာတုပဒ, ဒုဘိယပစ္စယတ္ထသံဝဏ္ဏနာ။ 'စလယန္တီ'ဖြင့် 'သလ' ဓာတ်၏လည်း အာသုဂတိအနက်, ပဝတ္တနအနက်, ဝိန္ဒနအနက်တို့၌လည်း ဖြစ်သောကြောင့် ယင်းအနက်များကို မယူမူ၍ ဤအရာ၌ 'သလ'ဓာတ်၏ စလန (တုန်လှုပ်ခြင်း)အနက်ဟောဟု သိစေ၏။ ဓာတ္ဝတ္ထ, ပကတျတ္ထ, သဒ္ဒတ္ထသံဝဏ္ဏနာ။ 'ကမ္မန္ဓီ'ဖြင့် 'စလ' ဓာတ်၏လည်း ဘက္ခုအနက်၌ ဖြစ်သောကြောင့် ဘက္ခုနအနက်ကို မယူမူ၍ ဤအရာ၌ 'စလ'ဓာတ်၏ ကမ္မနအနက်ဟော၏ အဖြစ်ကို သိစေသည်။ ဓာတ္ဝတ္ထ, ပကတျတ္ထ, သဒ္ဒတ္ထ, သံဝဏ္ဏနာ။ 'ဝိဒ္ဒံသေန္တီ'ဖြင့် ဤအရာ၌ 'တုံလှုပ်စေသည်'ဟူသည် 'ဖျက်ဆီးခြင်း ဝိဒ္ဒံသနပင်တည်း' ဟုအဓိပ္ပါယ်ကို သိစေသည်။ ပကတျတ္ထ, သဒ္ဒတ္ထ, ဘာဝတ္ထသံဝဏ္ဏနာ။ ဤဓ ကမ္မနံ နဲ့ဝမ ဝိဒ္ဒံသနမေဝါတိ ဉာပေတုံ ဝိဒ္ဒံသေန္တီတိဝုတ္တံ။ (ယောဇနာ။ ၆၂)

---

(၇) နံပါတ် စည်းမျဉ်း အဖြေ

'ဧဝ' ၏ နိဝတ္တေတပ္ပစသော အနက်

(က) ဒြပ်ဟော သဒ္ဒါနောင် 'ဧဝ' ရှိက (၁) မိမိထိုင်ရာ ဒြပ်ကို ဂဟေတပ္ပတ္ထထုတ်၊ (၂) အခြား ဆန့်ကျင်ဘက် ဒြပ်ကို 'နိဝံဂ်တေတပ္ပတ္ထ' ထုတ်၊ (၃) ဒြပ်၌ ရကောင်းသော ဂုဏ်ကို 'အနုညာတတ္ထ' ထုတ်ရမည်။

(ခ) ဂုဏ်ဟော သဒ္ဒါနောင် '၈၀' ရှိက (၁) မိမိထိုင်ရာ ဂုဏ်ကို 'ဂဟေတမ္ဘတ္ထ' ထုတ်၊ (၂)အခြား ဆန့်ကျင်ဘက် ဂုဏ်ကို 'နိဝတ္တေတမ္ဘတ္ထ' ထုတ်၊ (၃) ဂဟေတမ္ဘဂုဏ်၏ တည်ရာ ဒြပ်ကို 'အနုညာတတ္ထ' ထုတ်ရမည်။

(ဂ) ကြိယာနောင် '၈၀' ရှိပါက (၁) မိမိထိုင်ရာ ကြိယာကို 'ဂဟေတမ္ဘတ္ထ' ထုတ်၊ (ရံခါ ကြိယာကား သန္နိဋ္ဌာနတ္ထ ဖြစ်၏။) (၂) အခြားဆန့်ကျင်ဘက် ကြိယာကို 'နိဝတ္တေတမ္ဘတ္ထ' ထုတ်၊ (၃) ဒြပ်, ဂုဏ်များကို 'အနုညာတတ္ထ' ထုတ်ရမည်။

(က) ဥဒါဟရုဏ်။ ။သမ္ဘညုတညာဏေနဝ သက္ကာ ဇာနိတုံ။ (နီ၊ ဋ္ဌ။ ၁၃)။ (၁) သမ္ဘညုတဉာဏ်တော် ဒြပ်သည် 'ဂဟေတမ္ဘတ္ထ' မည်၏။ (၂) ပဒေသဉာဏ်တော် ဒြပ်သည် 'နိဝတ္တေတမ္ဘတ္ထ' မည်၏။ (၃) သမ္ဘညုတဉာဏ်တော်၏ သာဂရ ၃-ပါးမှ တပါး အခြားသော တရားဥဿုံအလုံးစုံကို သိခြင်းငှါ စွမ်းနိုင်ခြင်း ဟူသော ဂုဏ်တော်သည် 'အနုညာတတ္ထ' မည်၏။

နိယံ။ ။ဒြပ်နောင်ပေ၊'၈၀'နေ၊ကန့်လေ ဒြပ်ခြင်း။(တောင်တွင်း၊၁၃၂) နိဝတ္တေတမ္ဘ၊ဒြပ်ပြ၊အနုညာတ ဂုဏ်ကိုထုတ်မြဲ။(ဘုရားကြီး။၉၄) တနည်းဥဒါဟရုဏ်။ ။ဣမဉ္စိ သမ္ဘညုဗုဒ္ဓါဝ ပဋိဝိဇ္ဈန္တိ။(နီ၊ ဋ္ဌ။၁၃)။ (၁) သမ္ဘညုတဘုရားရှင် ဒြပ်သည် 'ဂဟေတမ္ဘတ္ထ' မည်၏။ (၂) ပစ္စေကဗုဒ္ဓါသာဝကဒြပ်သည် 'နိဝတ္တေတမ္ဘတ္ထ' မည်၏။ (၃) သမ္ဘညုတဘုရားရှင်၏ ပဋိဝေဓဉာဏ်မှ တပါး ပစ္စေကဗုဒ္ဓာဉာဏ်တော်စသော ဂုဏ်သည် 'အနုညာတတ္ထ' မည်၏။

(ခ) ဥဒါဟရုဏ်။ ။ဧစံ ပဝေဒိတတ္ထာ ပန ့်တနဝါကာရေန ပစ္စုပဋ္ဌာတိတိ သန္နိပါတပစ္စုပဋ္ဌာနေဘာတိ ဝုတ္တော (နီ၊ ဋ္ဌ။ ၁၅၂)။ (၁) ဖဿစေတသိက်၏ ဖုသနာကာရအားဖြင့် ဖြစ်ခြင်း့ဟူသော ဂုဏ်သည် 'ဂဟေတမ္ဘတ္ထ' မည်၏။(၂) ဖဿစေသိက်၏ ဝေဒနုပဂါဒါကာရအားဖြင့် ဖြစ်ခြင်း့ဟူသော ဂုဏ်သည် 'နိဝတ္တေတမ္ဘတ္ထ' မည်၏။ (၃) တိဏ္ဏံသန္နိပါတာကာရအားဖြင့် ဖြစ်သော သညာစသော အခြားသော စေတသိက်ဒြပ်သည် 'အနုညာတတ္ထ' မည်၏။

နိယံ။ ။ဂုဏ်၏နောက်မှာ၊ '၈၀' ပါ၊ ကန့်ရာ ဂုဏ်ချင်းချင်း။(တောင်တွင်း။၁၃၃)နိဝတ္တေတမ္ဘ၊ ဂုဏ်ဖြစ်ကာဒဗ္ဗ အနုညာတထုတ်မြဲ။ (ဘုရားကြီး။ ၉၅။)

(ဂ) ဥဒါဟရုဏ်။ ။ဥပါဒိယန္တေဝ ဘူတာနိ။ (နီ၊ ဋ္ဌ။ ၉၂)။(၁) စွဲမှီဖြစ်ခြင်းကြိယာသည် 'ဂဟေတမ္ဘတ္ထ' မည်၏။ (၂) မစွဲမှီဘဲ မဖြစ်နိုင်

ခြင်း ကြိယာသည် 'နိဝတ္တတဗ္ဗတ္ထ' မည်၏။ (၃) ဥပါဒါရုပ်တို့၏ နိဿိတဘောဂုဏ်သည် 'အနုညာတတ္ထ' မည်၏။

နိယံ။ ။ကြိယာနောင်ပေ၊ 'ဝေ'နေ့၊ ကန့်လေ ကြိယာခြင်း။ ကြိယာနောက်၊ 'ဝေ' ရောက်၊ ချင့်ထောက် ယူလေလျှင်း။ (တောင်တွင်း။ ၁၃၄) နိဝတ္တတဗ္ဗ၊ ကြိယာပြု၊ ဒဗ္ဗ,ဂုဏ်ကို အနုညာတထုတ်မြဲ။ (ဘုရားကြီး။၉၆)

'ယ, တ' စသည်တို့၏ အနက်ကိုမေးခြင်း' ဟူရာ၌- 'ယ' သဒ္ဒါ၏ စွဲအပ်သောအနက်ကိုဂျင်း, 'တ' သဒ္ဒါ၏

'ပက္ကန္တဝိသယောစေဝ၊ ပသိဒ္ဓဝိသယော တထာ။

အနုဘူတဝိသယောစေတိ၊ တသဒ္ဒေါ ယံ နု ပေက္ခတေ' ဟုဇာလိနီ (၂၀၁)၌ ဆိုအပ်သော ၃-ပါးသော ပက္ကန္တဝိသယ, ပသဒ္ဓဝိသယ, အနုဘူတဝိသယ တ'သဒ္ဒါတို့၏ အဖြစ်ကိုဂျင်း,ထိုသဒ္ဒါတို့၏ စွဲရာ အနက်ကိုဂျင်း,

နိယံ။ ။'ဟိတ်တွင်၍သာ၊ သုံးသပ်ရာ၊'တသ္မာ' အကြောင်းပြု။ ဟိတ်၏ ဖိုလ်သာ၊ သုံးသပ်ရာ၊ 'တသ္မာ' ဂုဏ်လဒ္ဓ။ ဟိတ်ဖိုလ်နှစ်ရပ်၊ သုံးသပ်က၊ 'တသ္မာ' နိဂုမ်းပြ' (သမ္မန္ဓစိန္တာဂဏ္ဌိသစ်။ နှာ-၈၂) ဟူသည်နှင့် အညီ ကာရဏ,လဒ္ဓဂုဏ် နိဂုမ်း 'တ' သဒ္ဒါတို့၏ အစွဲကိုဂျင်း,'ယောတံ ဥဒ္ဒေသောသောတိ နိဒ္ဒေသော' ဟူသည်နှင့်အညီ 'ယ, တ' သဒ္ဒါတို့၏ အကျဉ်း, အကျယ် အနက်ဖြစ်ပုံ အဓိပ္ပါယ်ကိုဂျင်း, အနိယတ် 'ယ'၊ စွဲသမျှနှင့်၊ ထို 'ယ' ကြိယာ၊ ယင်းနှစ်ဖြာကို၊ ဆောင်ကာစွဲ၍။'တ'သဒ္ဒ၊ မှတ်ကြ နိယမာ' သမ္မန္ဓစိန္တာဂဏ္ဌိသစ်။ နှာ-၉၆) ဟူသည်နှင့် အညီ 'ယ, တ' တို့၏ အစွဲအထူးကိုဂျင်း မေးနိုင်သည်။

(ဂ) နံပါတ် စဉ်းမျဉ်း အဖြေ

ကြိယာ ၅-တန် ထုတ်နည်း။ ။'ကြိယာ ၅-တန်'ဟူသည်၊ ။ဒဿနတ္ထ, ဒီပကတ္ထ, ပကာသနတ္ထ, ဝိဘာဝတ္ထ, အနုဘာဝတ္ထ ဤအနက် ၅-ပါး ပင်တည်း။ ၊ဂျင်းကို ကြိယာ ၅-တန်ဟူ၍ဂျင်း, ကတ္တား ၅-တန်ဟူ၍ဂျင်း ခေါ်ဝေါ်သုံးနှုန်းကြ၏။ ။အဋ္ဌကထာ, ဋီကာများ၌-(၁)ထူးထွေဆန်းပြားသော အနက်အဓိပ္ပါယ် ရှိရာဌာန၌ဂျင်း, (၂)တိုက်ရိုက်မဟုတ်သွယ်ဝိုက်၍ ယူစေလိုရာ၌ဂျင်း, (၃)ထိုပုဒ်၏ ဂုဏ်တွင် ပဋိစ္ဆန္န ဖြစ်ရာမျိုး၌ဂျင်း ကြိယာ ၅-တန်, သို့မဟုတ် ကတ္တား ၅-တန် ထုတ်ကြသည်။

နိယံ။ ။ထူးဆန်းတဝ၊ ဝက်တချက်၊ ပုဒ်နက်ဝုတ်က၊ ပဒတ္ထ၊ ထုတ်ပြင်းအဘွာ။ (ရွှေရေးဆောင်။ ၁၈၃)

အကြောင်း ၁-မျိုး အကျိုး ၃-မျိုး ယူ၍ ထုတ်နည်း

ဥဒါဟရုက်။ ။ကရုဏာ ဝိယ သဓေတ္တာသု၊ ပညာ ယာသ မဟေသိနော။
ဥယျဓမ္မေသု သတ္တော်သု၊ ပဝတ္တိတ္ထ ယထာရုစိ။ (နိ၊ ဋ္ဌ။
၁) ဤ၌ (၁)'ပဝတ္တိတ္ထ'၌ 'ပ'ရှေးရှိသော 'ဝတု'ဓာတ်အရ ပဋိဝေဓ ဉာဏ်, ပဗ္ဗဝေကွဏာဉာဏ်လျှင် ရှေ့သွားရှိသော ဒေသနာဉာဏ်တော်၏ ဖြစ်ခြင်းသည် (မုချအားဖြင့် ပြအပ်သော) 'ဒဿနတ္ထကြိယာ' မည်၏။ (၂)ထို့ဒေသနာဉာဏ်၏ အကြောင်းဖြစ်သော ရှေးရှေးဘဝ၌ လေ့ကျင့်ဆည်းပူးတော်မူအပ်သော မဟာကရုဏာတော်နှင့် ကောင်းစွာယှဉ်ခြင်း, အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်၏ အဆောက်အဦးဖြစ်သော ပါရမီ ၃၀, စွန့်ခြင်းကြီး ၅-ပါး, စရိယ ၃-ပါး အစရှိသော အကျင့်တော်သည် (ဖလူပစာရတ္ထအားဖြင့် ပြအပ်သော) 'ဒီပကတ္ထကြိယာ' မည်၏။ (၃) ထို့ဒေသနာဉာဏ်၏ အကျိုးဖြစ်သော အတ္တဟိတ, ပရဟိတ ပယောဇနသမ္ပတ္တိသည် (ပဌမကာရကူပစာရအားဖြင့် ပြအပ်သော) 'ပကာသနတ္ထကြိယာ'မည်၏။ (၄)ထို့၏ အကျိုးဖြစ်သော အတ္တဟိတပဋိပန္နစသော ပုဂ္ဂိုလ် ၄-ယောက်တို့တွင် မြတ်စွာဘုရား၏ ၄-ယောက်မြောက်ဖြစ်သော အတ္တဟိတ, ပရဟိတပဋိပန္နပုဂ္ဂိုလ်၏ အဖြစ်သည် (ဒုတိယကာရကူပစာရတ္ထအားဖြင့် ပြအပ်သော) 'ဝိဘာဝတ္ထကြိယာ' မည်၏။ (၅)ထို့၏ အကျိုးဖြစ်သော မြတ်စွာဘုရား၌ဝင်၏ အနုတ္တရဒက္ခိဏေယျ ပုဂ္ဂိုလ်၏ အဖြစ်, နိရာဘိသယ, ပဏ်ဍာမရဟ ပုဂ္ဂိုလ်၏ အဖြစ်, မိမိကဲ့ဆိုအပ်သော အဋ္ဌကထာဆရာ၏ ရှိခိုးခြင်းကြိယာ၏ အရာရောက်သည်၏ အဖြစ်သည်(တတိယကာရကူပစာရတ္ထအားဖြင့် ပြအပ်သော) 'အနုဘာဝတ္ထကြိယာ' မည်၏။

တနည်းဥဒါဟရုက်၊ ။တဿ ပါဒေ နမသိတ္ဝာ။ (နိ၊ ဋ္ဌ။ ၁) ဤ၌ (၁) ဂုဏ်တ္ထဖြစ်သော 'နမသိတ္ဝာ'၌ နမဿနကြိယာအရ အဋ္ဌကထာဆရာ၏ သန္တာန်၌ ဖြစ်သော မြတ်စွာဘုရားအား ရှိခိုးကြောင်းဖြစ်သော ပဏ်ဍာမစေတနာသည် (မုချအားဖြင့် ပြအပ်သော) 'ဒဿနတ္ထကြိယာ' မည်၏။ (၂)ထို့ပဏ်ဍာမစေတနာ၏ အကြောင်းဖြစ်သော ယောနိသောမနသိကာရ, သဒ္ဓါ,မေတ္တာ ပြဓာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်သည် (ဖလူပစာရတ္ထအားဖြင့် ပြအပ်သော) 'ဒီပကတ္ထကြိယာ'မည်၏။ (၃)ပဏ်ဍာမစေတနာ၏ အကျိုးဖြစ်သော အနန္တရာယ်ကင်းခြင်း, ကျမ်းပြီးခြင်းသည် (ပဌမကာရကူပစာရတ္ထအားဖြင့် ပြအပ်သော) 'ပကာသနတ္ထ ကြိယာ' မည်၏၊ (၄)ထို့အနန္တရာယ်ကင်းခြင်း, ကျမ်းပြီးခြင်း၏ အကျိုးဖြစ်သော

သောတုဇနတို့၏ အဋ္ဌကထာကို သင်ယူ လေ့ကျက် ဆောင်ရွက် မှတ်သား နာကြားရခြင်းသည် (ဒုဘိယကာရကူပစာရတ္ထအားဖြင့် ပြအပ်သော) 'စိဘာဝတ္ထုကြိယာ' မည်၏။ (၅)ထိုသင်ယူ လေ့ကျက် ဆောင်ရွက် မှတ်သား နာကြားခြင်း၏ အကျိုးဖြစ်သော အဘိဓမ္မာ၏ သရုပ်သဘောကို ထိုးထွင်း၍ သိမြင်ခြင်း, သိသဖြင့် ကျင့်ခြင်း, ကျင့်သဖြင့်ဝမ်းမြောက်ခြင်း ပါမောဇ္ဇ, ပီတိ, ပဿဒ္ဓိ, သုခ, သမာဓိ, ယထာဘူတဉာဏ်, နိဗ္ဗိဒါဉာဏ်, ဝိမုတ္တိဉာဏ်, ဝိမုတ္တိဉာဏဒဿနဉာဏ်, အနုပါဒိသေသနိဗ္ဗာန် တိုင်အောင်သော အကျိုးအမျိုးမျိုးသည် (တတိယကာရကူပစာရတ္ထအားဖြင့် ပြအပ်သော) 'အနုဘာဝတ္ထကြိယာ' မည်၏။

အကြောင်း ၂-မျိုး အကျိုး ၂-မျိုး ယူ၍ ထုတ်နည်း

ဥဒါဟရဏ်။ ။တဿ ပါဒေ နမဿိတ္ဝာ။ ။ဤ၌ (၁) နမဿနကြိယာအရ အဋ္ဌကထာဆရာ၏ သန္တိဝန်၌ ဖြစ်သော ဗုဒ္ဓပဏာမစေတနာသည် (မုချအားဖြင့် ပြအပ်သော)'ဒဿနတ္ထ'မည်၏။ (၂)ထို၏အကြောင်းဖြစ်သော ယောနိသောမနသိကာရ,သဒ္ဓါ,မေတ္တာ ပြဋ္ဌာန်းသော ကုသိုလ်စိတ်ဥပ္ပါဒ်သည် (ဖလူပစာရတ္ထအားဖြင့် ပြအပ်သော) 'ဒိပကတ္ထ'မည်၏။ (၃) ထိုပဏာမစေတနာ၏ အကျိုးဖြစ်သော အန္တရာယ်ကင်းခြင်း, ကျမ်းပြီးခြင်း အကျိုးသည် (ကာရကူပစာရတ္ထအားဖြင့်ပြအပ်သော) 'ပကာသနတ္ထ' မည်၏။ (၄)ထို ၃-ပါးတို့၏ အဓိကြောင်းဖြစ်သောသမ္မုဒ္ဓပဏာမာရဟဘောဂုဏ်, ခေတ္တင်္ဂတဘောဂုဏ်သည်(ဒုတိယဖလူပစာရတ္ထအားဖြင့် ပြအပ်သော) 'ဝိဘာဝတ္ထ' မည်၏။ (၅) ထို၏အကျိုးဆက်ဖြစ်သော အဋ္ဌကထာကို သင်ယူ လေ့ကျက် ဆောင်ရွက် မှတ်သားခြင်း, အဘိဓမ္မာသရုပ်သဘောကို ထိုးထွင်း၍ သိခြင်း, သိသဖြင့် ပါမောဇ္ဇ, ပီတိအစ အနုပါဒိသေသနိဗ္ဗာန်သို့ ရောက်ခြင်း စသော အကျိုး အမျိုးမျိုးသည် (ဒုတိယကာရကူပစာရတ္ထအားဖြင့် ပြအပ်သော 'အနုဘာဝတ္ထ' မည်၏။

ဤကား။ ။ဆတ်ဆတ်မုချ၊ တိုက်ရိုက်ပြက၊ ဒဿနဆို။ အကြောင်းကိုပြ၊ ဒိပကမျိုး၊ ကျိုးပကာသန။ မူလကြောင်းမှာ၊ ဝိဘာဝမှန်၊ကျိုးပရမပွာ၊ နုဘာဝ။။ကြိယာငါးတန် ထုတ်နည်းတည်း။ ။ဟူသော နိယံအရ ထုတ်ခြင်းတည်း။

ဝိဇ္ဇမာနဘဒ္ဒါဠ္ဍ လက္ခဏာဒိနှင့် ဒဿနာဒိ တွဲပုံ

'ဒဿန မူ၊ ယူ လက္ခဏ၊ ဒိပက ပဒဋ္ဌာန်၊ ပကာသန် ကိစ္စ၊ ဝိဘာဝသမ္ပတ္တိ၊ ယူဘိ အာကာရ၊ နုဘာဝ ဖလံ၊ ပစ္စုပဋ္ဌာန်၊ မှတ်ရန် ဝိဇ္ဇမာန၊

ကတ္တားငါးတန်ပြ' ဟူ၍ဂုင်း, 'ဒဿဲနာ လက္ခဏ၊ ဒီပကပဒဋ္ဌာန်၊ ပကာသနကိစ္စံ၊ ရဿံကို ယှဉ်တွဲ၊ ဝိဘာဝသမ္ပတ္တာ၊ အာကာရာထုတ်ရ အမြဲ၊ အနုဘာ ဖလာစွဲလို့၊ ဆရာနဲ့ မှတ်ကြ မသွေ' ဟူ၍ဂုင်း ဆိုသော လက်ာ များအရ ဝိဇ္ဇမာနသဒ္ဒါ၌-

(၁) လက္ခဏာကို ဒဿနံတ္ထကြိယာကောက်။ (၂) ပဒဋ္ဌာန်ကို ဒီပကတ္ထကြိယာ ကောက်။ (၃) ကိစ္စရဿကို ပကာသနတ္ထကြိယာကောက်။ (၄) သမ္ပတ္တိရဿနှင့် အာကာရပစ္စုပဋ္ဌာန်ကို ဝိဘာဝတ္ထကြိယာ ကောက်။ (၅) ဖလပစ္စုပဋ္ဌာန်ကို အနုဘာဝတ္ထကြိယာ ကောက်။

(တနည်း) ဝိဇ္ဇမာနသဒ္ဒါ၌ လက္ခဏာဒိနှင့် ဒဿနာဒိ တွဲပုံ

'လက္ခဏံ ဒဿန၊ ဒီပက ပဒဋ္ဌာန်၊ ရဿံသမ္ပတ္တိ၊ ထုတ်ဘို့ ပကာသန်၊ ကိစ္စံရဿ၊ ဝိဘာဝတည်း၊ အနုဘဲ့ဝ ပစ္စုပဋ္ဌာန်၊ ထုတ်ကြောင်းပြန်သည်၊ ကြိယာငါးတန် ထုတ်နည်း တနည်းတည်း' ဟူသည်နှင့်အညီ ဝိဇ္ဇမာနသဒ္ဒါ၌-

(၁) လက္ခဏာကို ဒဿနကြိယာ ကောက်။ (၂)ပဒဋ္ဌာန်ကို ဒီပကတ္ထကြိယာကောက်။ (၃) သမ္ပတ္တိရဿကို ပကာသနတ္ထကြိယာ ကောက်။ (၄) ကိစ္စရဿကို ဝိဘာဝတ္ထကြိယာ ကောက်။ (၅) ပစ္စုပဋ္ဌာန်ကို အနုဘာဝတ္ထကြိယာကောက်။

သဲအင်းဆရာတော် အလိုအားဖြင့်- (၁) သဘောကို လက္ခဏာ။ (၂) ဝုတ်, ပေါ် သတ္တိ ၂-မျိုးကို ရဿ။ (၃) အာကာရပစ္စုပဋ္ဌာန်, ဖလပစ္စုပဋ္ဌာန် ၂-မျိုးကို ပစ္စုပဋ္ဌာန်။ ထိုတွင် ရဿသည် အကြောင်း ဖြစ်ရမည်။ ပစ္စုပဋ္ဌာန် ၂-မျိုးတွင် အာကာရပစ္စုပဋ္ဌာန်သည် အကြောင်း ဖြစ်ရမည်၊ ဖလပစ္စုပဋ္ဌာန်သည် အကျိုး ဖြစ်ရမည်ဟု မိန့်ဆိုတော်မူ၏။ မဏိမဉ္ဇူဆရာတော် အလိုအားဖြင့်--ကိစ္စရဿကို ကြိယာကောက်, သမ္ပတ္တိရဿကို ဂုဏ်ကောက်ဟု မိန့်တော်မူ၏။

ဥဒါဟရဏ်။ ။ကုသလံ။ ။(၁) အနဝဇ္ဇသုခဝိပါကလက္ခဏာသည် 'ဒဿနတ္ထကြိယာ' မည်၏။ (၂) ယောနိသောမနသိကာရပဒဋ္ဌာန်သည် 'ဒီပကတ္ထကြိယာ' မည်၏။ (၃) အကုသလဝိဒ္ဒံသနကိစ္စရဿသည် 'ပကာသနတ္ထကြိယာ' မည်၏။ (၄) ဝေဒနာဘာဝသမ္ပတ္တိရဿသည် 'ဝိဘာဝတ္ထ' မည်၏။ (၅)ကုဋ္ဌဝိပါကပစ္စုပဋ္ဌာန်သည် 'အနုဘာဝတ္ထကြိယာ' မည်၏။

ကြိယာ ၅-တန် ထုတ်နည်း ပြီး၏။

'ဒဠ္ဍပ်ံ, ဝေဒိတပ်ံ, သိဒ္ဓံ' ထားပုံ

'ဒဠ္ဍပ်ံ'ကား သန္နိဋ္ဌာန်၊'ဝေဒိတပ်ံ'ကား သံသယ၊'သိဒ္ဓံ'ရှိက စကားကျ။ (ရှင်တိပိဋကနာဂ။ ဂ၄) ဟူသည်နှင့် အညီ–(၁) သန္နိဋ္ဌာန်ကျ မုချတ္ထ, နိတတ္ထ, ဥဇုကတ္ထ, ကေန္တ အား‌ဖြင့် ယူရမည့်အနက်အဓိပ္ပါယ်ကို ပြလိုရာ၌ 'ဒဠ္ဍပ်ံ' ထားသည်။ (၂) မုချအား‌ဖြင့် မယူရဘဲ နှစ်လုံးနှစ်ခု သံသယ ဖြစ်လျက် ဥပစာရတ္ထ, နေယျတ္ထ, ဝက်တ္ထ, အနေကန္တ အား‌ဖြင့် ရသင့်ရာ ယူရမည်ဟု ပြလိုရာ၌ 'ဝေဒိတပ်ံ' ထား‌ကြသည်။ (၃) အတ္ထာပန္နဿ,သဒ္ဒါ ပန္နဿ, သာမတ္ထိယ အား‌ဖြင့် စကားကျ စကား‌ရောက်ကို ပြလိုရာ၌ 'သိဒ္ဓံ' ထား‌ကြသည်။

'ဒဠ္ဍပ်ံ' ဥဒါဟရဏ်။ ။စေတသော အဝူပသမေ အယောနိသောမန သိကာရပဒဋ္ဌာနံ၊ စိတ္တဝိက္ခေပေါတိ ဒဠ္ဍပ်ံ။(နိ၊ ဋ္ဌ။ ၂၉၂)။ ။ဤဥဒါဟ ရဏ်၌ ဥဒ္ဒစ္စစေတသိက်၏ သဘောကား 'စိတ်၏ ပြန့်လွင့်ခြင်းပင်တည်း' ဟု သန္နိဋ္ဌာန်ကျ, မုချတ္ထ, ဥဇုကတ္ထ, ကေန္တအား‌ဖြင့် ယူရမည်ဟု ပြလို၍ 'ဒဠ္ဍပ်ံ'ထား‌သည်။

'ဝေဒိတပ်ံ'ဥဒါဟရဏ်။ ။သဟဇာတဝေမ္မသု အကမ္မနဗ္ဗနေဝ ဝိရိယ ဗလံ ဝေဒိတပ်ံ။ (နိ၊ ဋ္ဌ။ ၂၉၇)။ ။ဤဥဒါဟရဏ်၌ ဝိရိယစေတသိက် သည် မိမိနှင့် သဟဇာတ်ဖြစ်သော တရား‌တို့၌ မတုန်လှုပ်ခြင်း‌ဟူသော အနက်‌ကြောင့်သာလျှင်'ဝိရိယဗိုလ်မည်၏'ဟု ဥပစာရတ္ထ, နေယျတ္ထ, ဝက်တ္ထ, အနေကန္တ အား‌ဖြင့် ဟူရမည်ဟု ပြလို၍ 'ဝေဒိတပ်ံ' ထား‌သည်။

'သိဒ္ဓံ' ဥဒါဟရဏ်။ ။ကာယကမ္မံ ပန ကာယဒ္ဓါရမ္မိဏေဝ ဗဟုလံ ပဝတ္တတိ၊ အပ်ံ ဝစီဒ္ဓါရေ။ တသ္မာ ကာယဒ္ဓါရေ ဗဟုလံ ပဝတ္တိတော နေတဿ ကာယကမ္မဘာဝေါ သိဒ္ဓေါ၊ ဝနစရကထုလ္လကုမာရိကာဒီနေါ စရုနံ ဝနစရကာဒီဘာဝေါ ဝိယ။ (နိ၊ ဋ္ဌ။ ၁၂၇)။ ဤဥဒါဟရဏ်၌ ကာယကံ, ဝစီကံ, မနောကံ ၃–ပါး‌တို့တွင် ကာယဒ္ဓါရ၌ ဖြစ်သော ကံသည် ကာယကံ မည်၏၊ ဝစီဒ္ဓါရ၌ ဖြစ်သော ကံသည် ဝစီကံ မည်၏၊ မနောဒ္ဓါရ၌ ဖြစ်သော ကံသည် မနောကံ မည်၏ဟု ပြဆို‌ရာ ကာယကံသည် အနည်းငယ်အား‌ဖြင့် ဝစီဒ္ဓါရ၌ ဖြစ်သော‌ကြောင့် ဝစီကံ မည်သင့်သော်လည်း ဝနစရက (တောမုဆိုး), ထုလ္လကုမာရိကဒေါစရ(အပျိုဟိုင်း မအိမ်၌ ဆုမ်းခံသော ရဟန်း)ဆိုသော စကား၌ မုဆိုး၏ အနည်းငယ် တခါတရံ မြို့တွင်း လှည့်လည်သွား‌လာ‌ရာ အခါ,ထိုရဟန်း၏ အခြား‌သော အိမ်၌ ဆွမ်းခံလှည့်လည်သွား‌လာ‌ရာ အခါတို့၌လည်း 'ဝနစရက, ထုလ္လ

ကုဗ္ဗာရိကဂေါစရ' အမည်ရသကဲ့သို့ ကာယဒ္ဒါရဠ္ဍသာ အများအားဖြင့် ဖြစ်ခဲသောကြောင့် 'ကာယကမ္မ'ဟူသော အမည်သာ ရသည်ဟု ပြလိုသောကြောင့် 'သိဒ္ဓါ' ထားသည်။ ။သိဒ္ဓံ, သိဒ္ဓါ, သိဒ္ဓါ'အတူတူပင်။

'ဒဋ္ဌဗ္ဗံ, ဓေဒိတဗ္ဗံ, သိဒ္ဓံ'ထားပုံပြီး၏။

သိဒ္ဓိအဓိပ္ပါယ်

သိဒ္ဓိသည် အကျဉ်းအားဖြင့်- (၁) 'ပစ္စက္ခသိဒ္ဓိ, (၂) အနုမာနသိဒ္ဓိ, (၃) ပရိကပ္ပသိဒ္ဓိ, (၄) သိဒ္ဓေယျသိဒ္ဓ'ဟု ၄-မျိုး ရှိ၏။ ၎င်းပြင် သဒ္ဒသိဒ္ဓိ, အတ္ထသိဒ္ဓိ, သဒ္ဒတ္ထသိဒ္ဓိ, အ်ာကပ္ပသိဒ္ဓိ, အတ္ထာပန္နအတ္ထာပတ္တိတို့လည်း ရှိခဲသး်၏။ ၎င်းတို့ကား အကျဉ်း ၄-ပါးတွင် အကျုံးဝင်နိုင်၏။

(၁) အာရုံအားဖြင့် အာရမ္မဏိကကိုဌင်း, အကြောင်း ဟေတုဖြင့် အကျိုး ဖလကိုဌင်း တိုက်ရိုက်မှုချအားဖြင့် မျက်မှောက်ဆတ်ဆတ် သိမြင်ရခြင်းသည် 'ပစ္စက္ခသိဒ္ဓိ' မည်၏။ ရုပ်နာမ်ဓမ္မတို့၏ သဘာဝအလျောက် ဖြစ်ခြင်းကို သိခြင်းသည်လည်း 'ပစ္စက္ခသိဒ္ဓိ' မည်၏။ (၂) အာရမ္မဏိကဖြင့် အာရုံကိုဌင်း, အကျိုး ဖလဖြင့် အကြောင်း ဟေတုကိုဌင်း, အာရုံအကြောင်းဖြင့် အာရမ္မဏိက အကျိုးကိုဌင်း, အကြောင်းဖြင့် အကျိုးကိုဌင်း ကြံဆ၍ သိရခြင်းသည် 'အနုမာနသိဒ္ဓိ' မည်၏။ (၃)အာရုံဖြင့် အာရမ္မဏိကကိုဌင်း, အကြောင်းဖြင့် အကျိုးကိုဌင်း ကြံဆ၍ သိရခြင်းသည် 'ပရိကပ္ပသိဒ္ဓိ'မည်၏။ (၄)အာဂုမ်, ဉာပကဟိတ်, သာဓကပါဠိ, ယုတ္တိဒဋ္ဌကရဏ, သဒ္ဒန္တရိတ်, သန္နိဿယဘာသိတ, အတ္ထာပကရဏလိင်္ဂစသော အရာတို့ဖြင့် ပြီးစေကြောင်း သိကြောင်းသည် 'သိဒ္ဓေယျသိဒ္ဓိ' မည်၏။

၎င်းပြင်။ ။(၁)အနက်အားဖြင့် မသိရဘဲ သဒ္ဒါအားဖြင့်သာ သိရခြင်းသည် 'သဒ္ဒသိဒ္ဓိ' မည်၏၊ (၂)သဒ္ဒါအားဖြင့် မသိရဘဲ အနက်အားဖြင့်သာ သိရခြင်းသည် 'အတ္ထသိဒ္ဓိ' မည်၏။ (၃)သဒ္ဒါ,အနက် ၂-ပါးစုံဖြင့် သိရခြင်းသည် 'သဒ္ဒတ္ထသိဒ္ဓိ' မည်၏။ (၄)နတ်ရွာ, နိဗ္ဗာန်ကိုကြံဆ၍ သိရခြင်းသည် 'အာဂမပ္ပသိဒ္ဓိ' မည်၏။ (၅) ဗျတိရေကဆိုက အန္ဒယကို သိရခြင်း, အန္ဒယဆိုက ဗျတိရေကကို သိရခြင်းသည် 'အတ္ထာပန္န, အတ္ထာပတ္တိ' မည်၏။

(၁) ပစ္စက္ခသိဒ္ဓိ ဥဒါဟရဏ်။ ။နိဗ္ဗာနံ ပန လောကုတ္တရသဒ်ါတံ စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ။ (သင်္ဂဟ ရုပ်ပိုင်း)။ ။ဤဥဒါဟရဏ်၌ လောကုတ္တရာဟု ဆိုအပ်သော နိဗ္ဗာန်ကို မဂ်ဉာဏ်ရသော အရိယာပုဂ္ဂိုလ်

တို့သည်သာ မိမိတို့၏ အသိုးအသိုးသော မဂ်ဉာဏ်ဖြင့် တိုက်ရိုက်မုချ အား ဖြင့်မျက်မှောက်ပြု၍ဟု မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်မြင်ခြင်းကို 'ပစ္စက္ခသိဒ္ဓိ' ဟု ဆိုသည်။

သာဓက။ ။'စတုမဟာဘူတိကာဒေနသစ္ဆိကာတဗ္ဗ'န္တိ ဣမိနာ နိဗ္ဗာနသာ တံ တံ အရိယပုဂ္ဂလာနံ ပစ္စက္ခသိဒ္ဓတံ ဒဿေတိ။ (ဋီကာကျော်။ ၂၁၆)

(၂) **အနုမာနသိဒ္ဓိဉဒါဟရဏ်**။ ။**မဟဂ္ဂတာ**ရမ္မဏာ **ဓမ္မာ**။ (ပါဠိတော်။ ၂)။ ဤဉဒါဟရဏ်၌ 'မဟဂ္ဂတာရမ္မဏာ ဓမ္မာ'ဟူသော တိကမာတိကာပဒ၌ 'မဟဂ္ဂတာရမ္မဏာ' ဟု သာမညအားဖြင့် ဆိုလျှင်ပင် ထို၏ အာရုံဖြစ်သော အာကာသနဉ္စာယတနမဟဂ္ဂုတ်စိတ်, အာကိဉ္စညာယတန မဟဂ္ဂုတ်စိတ် ၄-ခုတို့ကြောင့် အာရမ္မဏိကဖြစ်သော ဝိညာနဉ္စာယတန, နေဝသညာနာသညာယတနစိတ်များကို ဉာဏ်ဖြင့် မှန်းဆ၍ သိရ၏။ ထို့ကြောင့် 'အနုမာနသိဒ္ဓိ'မည်၏။

(၃) **ပရိကပ္ပသိဒ္ဓိဉဒါဟရဏ်**။ ။ကုဒါနိ ယထာ နိက္ခိတ္တာယ **မာ**တိကာယ သင်္ဂဟိတေ ခန္ဓမု ပဘေဒတော ဒဿေတုံ 'ကတမေ ဓမ္မာ ကုသလာ'တိ ဣဒံ ပဒဘာဇနီယံ အာရဒ္ဓံ။ (နိ၊ဋ္ဌ။၉၇)။ ဤ၌ မြတ်စွာဘုရားရှင်၏ 'ကတ**မေ** ဓမ္မာ ကုသလာ' စသော ပဒဘာဇနီပါဠိတော်ကို ဟောကြောင်းဖြစ်သော ဝိရိယပြဓာန်းသော ဒေသနာဉာဏ်တော်တည်း ဟူသော အကြောင်းကို **ပြ**သဖြင့် ထို၏ **အ**ကျိုးဖြစ်သော ဓမ္မပဋိဂ္ဂါဟက တို့၏ သန္တာန်၌ သဒ္ဓါပသန္နကုသိုလ်စိတ္တုပ္ပါဒ်, နောင်လာနောက်သား တို့၏ **အ**ဘိဓမ္မာကို သင်ယူခြင်း, တတ်သိနားလည်ခြင်း, ရုပ်နာမ်ဓမ္မကို သိ၍ စျာန်မဂ်ဖိုလ်ရခြင်း စသော မိမိသူတပါး နှစ်ဦးသားတို့၏ လောကီ လောကုတ္တရာအကျိုးများကိုလည်း ဥပစာအားဖြင့် ကြံဆ၍ သိအပ်သော ကြောင့် 'ပရိကပ္ပသိဒ္ဓိ' မည်၏။

(၄) **သိဒ္ဓေယျသိဒ္ဓိဉဒါဟရဏ်**။ ။ယထာဟ 'တင်္ဂ တဿာရုပံ ကထံ မဒ္ဒန္တိ'တိ။ (နိ၊ဋ္ဌ။၁၀၃)၊ ဤဉဒါဟရဏ်၌ 'တင်္ဂ' သဒ္ဒါ၏ တဿာ ရုပ်အနက်၌ ဖြစ်၏ ဟူသော အဓိပ္ပာယ်ကို 'တင်္ဂ တဿာရုပ်ံ ကထံ မဒ္ဒန္တိ' ဟူသော ပါဠိတော်သာကဖြင့် ထောက်ဆ၍ ယုံကြည်စေအပ် ပြီးစေ အပ်သောကြောင့် 'သိဒ္ဓေယျသိဒ္ဓိ(၀၊)သဒ္ဒေယျသိဒ္ဓိ' မည်၏။

မှတ်ချက်။ ။တွင်းကြီးနိယံနှင့် ၎င်းအဖြာကျမ်းတို့၌ မိန့်ဆိုအပ်သော 'သိဒ္ဓေယျသိဒ္ဓိ'ကို 'သဒ္ဒေယျသိဒ္ဓိ' ဟူ၍ရှိ၏, 'ပရိကပ္ပသိဒ္ဓိ'နှင့် 'အာဂမ ပ္ပသိဒ္ဓိ'တို့ကိုလည်း 'ကြားနာသိဒ္ဓိ'သို့ သွင်း၍ဖြင်း မူလပဏ္ဏာသဋ္ဌီကာ၌ အရှင် ဓမ္မပါလထေရ် မိန့်တော်မူသည်။

သာဝက။ ။တိဝိဓော ဟိ အတ္တာ၊ ကောစိ ပစ္စက္ခသိဒ္ဓေါ့ယော ရူပါဒိဓမ္မာနံ ပစ္စတ္တဝေဒနိယော အနိဒ္ဒိသိတဗ္ဗာကာရော။ ကောစိ အနုမာနသိဒ္ဓေါ့ယော ဃဋ္ဋာဒိသု ပသိဒ္ဓေန ပစ္စယာယတ္တဘာဝေန သာဓိယမာနော သဒ္ဒါဒိနံ အနိစ္စကာဒိအာကာရော။ ကော်စိ သြကပ္ပသိဒ္ဓေါ့ယော ပစုရဇနဿ အစ္ဆန္ဒမဓိဋ္ဌော သဒ္ဓါဝိသယော ပရလောကနိဗ္ဗာနာဒိ။ တတ္ထ ယဿ အတ္တာနော ဝစနံ ပစ္စက္ခသိဒ္ဓေ အနုမာနသိဒ္ဓေ စ အတ္ထေ နာ ဝိသံဝါဒေတိ အဝိပရိတပဗ်ဝတ္တိယာ၊ တဿ ဝစနေန သဒ္ဒေယျတ္ထသိဒ္ဓိ,သဒ္ဒေယျရူပါ ဧဝ စ ယောဘုယျေန သတ္ထုဂုကာ အစ္ဆန္တီ သမ္ဘဝတော။ (မူလပဏ္ဏာသဋီကာ၊ ၂။၃၀၃)

---

(၉) နံပါတ် စည်းပျဉ်းအဖြေ

သဘောအဓိပ္ပာယ်မေးပုံ။ ။'မဟာဘုတ် ၄-ပါး'တို့၏ မဟာဘူတသာမညဖြစ်ပုံ သဘောအဓိပ္ပာယ်ကို ဥပမာအားဖြင့် ရှင်းခဲ့ပါ'ဟူ၍ဤမျက်လှည့်အတတ်ကိုတတ်သော မျက်လှည့်ဆရာသည် ပတ္တမြားမဟုတ်သော ဝေကို ပတ္တမြားလုပ်၍ပြ၏။ ဤ မဟုတ်သော ခဲစသည်ကိုဤလုပ်၍ ပြ၏။ မိမိကိုယ်တိုင် ဘီလူးမဟုတ်ဘဲလျက် ဘီလူးအဖြစ်ကိုလည်းပြ၏။မိမိကိုယ်တိုင် ငှက် မဟုတ်ဘဲလျက် ငှက်အဖြစ်ကိုလည်း ပြတတ်၏။ ဤအတူပင် ပထဝီ, အာပေါ, တေဇော, ဝါယော, ရုပ် ၄-ခု တို့သည်လည်း အညို မဟုတ်ဘဲ အညို, အဝါမဟုတ်ဘဲ အဝါ, အနီမဟုတ်ဘဲ အနီ, အဖြူမဟုတ်ဘဲ အဖြူ၏ အဖြစ်ကိုပြတတ်ကုန်၏။ ထို့ကြောင့် မဟာဘုတ်တို့သည်မဟာဘူတသာမညယာမကာရမဟာဘူတနှင့် တူကုန်၏ဟု မှတ်အပ်၏။

မဟာဘူတသာမညတော့ ဇတာနိ ဟိ ယထာ မာယာကာရော အမ်ိဳယော ဥဒကံ မဟိ်ံ ကတ္ဝာ ဒဿေတိ၊ အာသုဝဏ္ဏော လေဋ္ဌုံ သုဝဏ္ဏံ ကတ္ဝာ ဒဿေတိ၊ ယထာ စ သယံ နော ယဒေဝါ နု ပကာ်ိ သမာနော ယက္ခဘာဝမ်ိဳ ပက္ခိဘာဝမ်ိဳ ဒဿေတိ၊ ဧဝမေဝ သယံ အနိ်လာနော ဟုတ္ဝာ နီလံ ဥပါဒါရူပံ ဒဿေန္တီ။ အပိတာနိ၊ အလောဟိတာနိ၊ အနောဒါတာနော ဟုတ္ဝာ သြဒါတံ ဥပါဒါရူပံ ဒဿေန္တီတိ မာယာကာရမဟာဘူတသာမညတော မဟာဘူတာနိ။ (နိ၊ ဋ္ဌ။ ၃၃၈)

လက္ခဏာဒိစတုက္ကကိုမေးရာ၌။ ။လက္ခဏာဒိသုဟိ တေသံ တေသံဓမ္မာနံ သဘာဝေါ ဝါ သာမညံ ဝါ လက္ခဏံ နာမ၊ ကိစ္စံ ဝါ သမ္ပတ္တိ ဝါ ရသော နာမ၊ ဥပဋ္ဌာနာကာရော ဝါ ဖလံ ဝါ ပစ္စုပဋ္ဌာနံ နာမ၊ အာသန္နကာရဏံ ပဒဋ္ဌာနံ နာမ။ ဤအဋ္ဌသာလိနီ(ဋ္ဌ။ ၁၀၅)ညွှန်ကြားချက်နှင့် အညီ မေးနိုင်သည်။

ပရမတ္ထအဆုံးအဖြတ်မေးပုံ။ ။'ဝေဒနာစေတသိက်ကဲ့သို့ ကြွင်းသော ဖဿစသော သမ္မယုတ်တရားတို့သည်လည်း အာရုံ၏ အရသာကို ခံစားရသည် ဖြစ်ပါကုန်လျက် ဝေဒနာစေတသိက်ကိုသာ အနုဘဝနရသဆို၍ ကြွင်းတရားတို့ကို အနုဘဝနရသ မဆိုရကား၌ အဋ္ဌကထာဆရာ အာဘော် ကျ ဆုံးဖြတ်ပါ'ဟူရာ၌-

ဝေဒနာစေတသိက်သည် အာရုံ၏ အရသာကို ခံစားခွင့် ကုံကာ စင်စစ် အားဖြင့် အစိုးတရ အရှင်သခင်ကဲ့သို့ အကြွင်းမဲ့ ပြည့်ပြည့်ဝဝ အာရုံ၏ အရသာကို ခံစား၏။ ဖဿစသော ကြွင်းသော သမ္မယုတ်တရားတို့ကား မိုးထို အာရုံကို တဝိတ်တဘို့မျှအားဖြင့်သာ ခံစားတတ်ကြ၏။ထို့ကြောင့် ဝေဒနာကိုသာ အနုဘဝနရသဟုဆို၏။ဖဿစသော သမ္မယုတ်တရားတို့ကိုအနုဘဝနရသ မဆိုအပ်ကုန်။ ဥပမာအားဖြင့် ရှင်ဘုရင်အထံပွဲတော်အုပ်ဆက်သသော စားဖိုသည်ယောကျ်ားသည်ပွဲတော်စာအနည်းငယ်ကိုသာ ခံတားသုံးဆောင်ရလျက် ရှင်ဘုရင်ကသာ အလိုရှိသလောက် အစိုးတရ ပိုင်နိုင်စွာ အကုန် ခံစားသုံးဆောင်ရသကဲ့သို့ မှတ်အပ်၏။ (နိ၊ ဋ္ဌ။ ၁၅၃)

ပရမတ္ထတရားတို့၏ဖြစ်ပုံမေးခြင်း။ ။'သဒ္ဓမ္မဥ္ဆသ ပဋေတ္ဝာ (နိ၊ ဋ္ဌ။ ၁)'၌- (၁) 'သဒ္ဓမ္မ'ပါဠိဖြင့် မဂ် ၄-ပါး, ဖိုလ် ၄-ပါး, နိဗ္ဗာန်, ပရိယတ္တိအားဖြင့် ၁၀-ပါးသော တရားတော်ဟု ဆိုအပ်သော ပရမတ္ထတရားတို့ကို အာရုံ၏ အဖြစ်ဖြင့် အဋ္ဌကထာဆရာသန္တာန်၌ ဖြစ်ပုံကို ပြတော်မူ၏။ (၂) 'အဿ'ပါဠိဖြင့် ဓမ္မိဿရဓမ္မသာမိ ဖြစ်တော်မူသော မြတ်စွာဘုရား၏ ခန္ဓာ ၅-ပါး ပရမတ္ထတရားကို ပြတော်မူ၏။(၃)'ပဋေတ္ဝာ'ပါဠိဖြင့် အာမိသပူဇာ, ဓမ္မပူဇာအားဖြင့် ဖြစ်သော ဒါနမယ, သီလမယ, ဘာဝနာမယ ကုသိုလ်စေတနာ ပြခန်းသော စိတ္တဇပုဂ္ဂိုလ်၏ အဋ္ဌကထာဆရာသန္တာန်၌ ဖြစ်ပုံကို ပြတော်မူ၏၊

ဝိဆိုဖြစ်ပုံအဓိပ္ပါယ်မေးခြင်း။ ။'သဒ္ဓမ္မဥ္ဆသ ပဋေတ္ဝာ'ဟူသော ပါဠိ၌ တရားတော် ၁၀-ပါးကို ပူဇော်တော်မူသော အဋ္ဌကထာဆရာသန္တာန်၌ တရားတော် ၁၀-ပါးဟူသော ဓမ္မာရုံကို အာရုံပြု၍ မနောဒွါရဝီထိဖြစ်၏။

ဖြစ်ပုံ။ ။ဓမ္မာရုံကို အာရုံပြု၍ အဘိဘာဘွင်, ဘဝင်စလန, ဘဝင်ုပဇ္ဇဒ, မနောဒွါရာဝဇ္ဇန်, မဟာကုသိုလ်ဉာဏသမ္ပယုတ်ဇော ၄-ကြိမ်, ထို့နောင် သွင်ဖြစ်ထိုက်သမျှ ဖြစ်၍ ချုပ်၏။

---

(၁၀) နံပါတ် စည်းမျဉ်း အဖြေ

ပဋ္ဌာန်းစပ်နည်း။ ။'အဓမ္မောနိရယံနေတိ'၌စပ်ပုံ'အဓမ္မော'ကား 'နေတိ'၌ သဟဇာတပစ္စည်း၊'နေဘိ'ကား သဟဇာတပစ္စယုပ္ပန်အဖြစ်ဖြင့်စပ်အပ်၏။

ပစ္စည်း, ပစ္စယုပ္ပန် ဖြစ်ပုံနှင့် ပြိုင်ပုံ။ ။အဘယ်သို့ ပစ္စည်း, ပစ္စယုပ္ပန် ဖြစ်သနည်းဟုမူကား- 'အဓမ္မော' အရ အကုသိုလ်ဒွါဒသင်္ခါရိသော်လော, ဒေါသ, မောဟစေတသိက်တို့ကို ပစ္စည်းယူ၍ 'နေတော်' အရ အကုသိုလ် ဒွါဒသ ဟိတ် ၃-ပါး ကြဉ်သော စေတသိက် စတုဝီသ သမ္ပယုတ္တနာမက္ခန္ဓာ, သဟိတ် စိတ္တဇရုပ်တို့ကို ပစ္စယုပ္ပန်အဖြစ်ဖြင့် ယူ၍ အကုသိုလ်ဒွါဒသ ဒ္ဒိ ရှိသော လော်, ဒေါသ, မောဟပစ္စည်းတရား၊ အကုသိုလ် ဒွါဒသ အကုသိုလ် ဟိတ် ၃-ပါး ကြဉ်သော စေတသိက်စတုဝီသ သမ္ပယုတ္တနာမက္ခန္ဓာ ၄-ပါး, သဟိတ်စိတ္တဇရုပ် ပစ္စယုပ္ပန် တရားကို အား (၁)ဟေတု (၂)အာသေဝန (၃)အညမည (၄)နိဿယ (၅)သမ္ပယုတ္တ (၆)ဝိပ္ပယုတ္တ (၇)အတ္ထိ (၈)နတ္ထိ အဝိဂတ။ ဤ ၈-ပစ္စယသတ္တိတို့ဖြင့် ယာဝဇရဟ ကျေးဇူးပြု၏။

ပဋ္ဌာန်းပစ္စည်း စပ်နည်း နှင့် ပတ်သက်၍ မှတ်ချက်။ ။ကတ္တား နှင့် ကြိယာ၊ စပ်ပါကြ သ,နန်,ပူ၊ ကြိယာက် စပ်ဟန်ရှိ၊ မျိုးအာဂုံဟူ၊ အဇ္ဈတ်, ဗာဟျတ်နှင့်၊ နှစ်ရပ်တဲ့ကရိုက်ဲးမူ၊ ကတ္တားတူ သုံးမျိုး၊ သပ္ပဒါန် အာရုံမျိုး ရုံခါ၁၊ အကြောင်းမှာတိဒေသ၊ ဥပတဲ့မျိုး။ ။ဟူသော ဂျေး ဆရာတော်တို့၏ အချိုးက ဗျာအရ-

ကတ္တားနှင့် ကြိယာ စပ်သော အခါ သဟဇာတ, အနန္တရ, ပူရေဇာတ မျိုး စပ်ရမည်။ ကံနှင့် ကြိယာ စပ်သော အခါ အာရုံမျိုး စပ်ရမည်။ အဇ္ဈတ္တိက, ဗာဟိရကရိုက်းနှင့် ကြိယာ စပ်သောအခါ ကတ္တားကဲ့သို့ သဟဇာတ, အနန္တရ, ပုရေဇာတ ၃-မျိုး စပ်ရမည်။ သမ္ပဒါန်နှင့် ကြိယာ စပ်သောအခါ အာရုံမျိုး စပ်ရမည်၊ ထိုမှ တစ်ပါး ကျန်သော အပါဒါန်, သြကာသ ကာရကနှင့် ကြိယာ စပ်သောအခါ၌ ရင်း သမ္ပန်, အာလုပ် ဟော်, လက္ခဏဆိုသော အာဝဇ္ဇန်နှင့် စပ်သော အခါ၌ ရင်း ပကတူပနိဿယမျိုး စပ်ရမည်ဟု မှတ်အပ်၏။

ဓမ္မသင်္ဂဏီ ဒုတိယနေ့ ဝည်းမျဉ်းအဖြေ ပြီး၏။

ကျပ်းရင်း (၃)ကျမ်း မေးခွန်းထုတ် ဝည်းမျဉ်းအဖြေ ပြီး၏။

[စက္ကူခဲမှုန်းချက်မကိုက်ခဲ့၍ နောက်မပေးဦင်သဖြင့် ဂုဏ်တူးစည်းမျဉ်း အဖြေနှင့် ပါဠိဂုဏ်ကားစံပြ ဖြေခဲ့ရခြင်း, နိဒါန်း, ကျမ်းညွှန်း, မာတိကာကျိုခဲ့ချီးခြင်း အခန်းကာကား ခေါင်းစဉ်းခြင်း, 'စည်းမျဉ်းအဖြေ' ခု ထားနေ အကားခေါင်းခြင်း, ဘိဓမ္မပိဋကတ် မကြုံစဖူးခေါင်းစဉ် ဂုဏ်ကားအိုက်စက္ကူ (၁၁-ချိုး)ကြီး ကိုင်ရခက်ခဲမျှပြီးမျှပြီးခြင်း ကြီးကြီးမားမား ဖြစ်ရပါသည်၊ စာပြု, စာရှုအပြု ဖြတ်မျှင်း ဥာဏ်ကြီးမားပါရန် ။ သောဌေးမြင့်]